Bibliography

ဓိပညာအလင်းကို

မဟာပညာဗလ ပါဠိပါဠေဝေတ္တ
ဆရာညာဏ်

ဟံသာဝတီ

စိပသာနာ အာလင်းပြ

မဟာပညာဗလ ပါဠိပါမောက္ခ
ဆရာညာဏ်

All Rights Reserved
မူပိုင်ရှင်-ဒေါ်ဖွားမြင့်

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၆

H 349—A [ဟံသာဝတီ]

နိဒါန်း

၅၂ ဝိပဿနာအလင်းပြကျမ်းကို ရေးသားရခြင်းကား-သမ္ဘတ္ကြီစက်လေးပါးတို့နှင့် ကြုံကြိုက်လျက် ရှိကြကုန်သော အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့အား တွေ့ဆုံကြုံကြိုက်ဆဲဖြစ်သော ယခုဘဝမှာပင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်၏ အခြေခံတရားများကို အလွယ်တကူသိရှိနားလည်ရန်နှင့် နောင်ဘဝအဆက်ဆက်တွင်လည်း ပါရမီအထုံပါကာ အဆင့်ဆင့်တိုးတက်ပွါးများ၍ တရားထူးများကို ရရှိကြပါစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ရေးသားရခြင်းဖြစ်ပါသည်။

၅၂သို့ အဓိကရည်ရွယ်ရင်း နှလုံးသွင်းအတိုင်းပင်လျှင် ရုပ်နာမ်ခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ် ပဋ္ဌာန်းပစ္စည်းစသော နက်နဲခက်ခဲသော တရားများနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ပါဠိ,အဋ္ဌကထာ,ဋီကာများမှ ကောင်းနိုးရာရာ ထုတ်နုတ်၍ ရှင်းလင်းသေချာစွာ ဖော်ပြထားပါသည်။

၅၂ကျမ်းခ္ဍ ဖော်ပြထားသော အချက်အလက်တို့ခ္ဍ ဉာဏ်မျက်စိပွင့်မည်ဆိုပါက ယခုကြုံကြိုက်လျက်ရှိသော ဒုလ္လဘခေတ်အခါ သာသနာတွင်းမှာပင် အန္တပုထုဇနအဆင့်အတန်းမှလွန်မြောက်၍ ကလျာဏပုထုဇနအဆင့်အတန်းဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်၏ အခြေခံစခန်းသို့ ဆိုက်ရောက်နိုင်မည်ဖြစ်ပါသည်၊ ရှေးရှေးဘဝက ဖြည့်ကျင့်ဆည်းပူးခဲ့သော ပါရမီအဆက်ရှိသူဖြစ်လျှင်မူကား-ယခုဘဝတွင်ပင် မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရောက်နိုင်ရန်အကြောင်းမရှိ-ဟု မဆိုနိုင်ပါ။

သို့ဖြစ်၍ ၃၁-ဘုံအတွင်းခ္ဍ နေရခြင်းကို ခြသေ့,သစ်,ကျား,သားရဲများပေါများသည့် မဟာဂနိုင် စုံမြှိုင်ရစ်ဆီး တောအုပ်ကြီးခ္ဍ နေရသည့်ပမာ ကြောက်ရွံ့ကြကုန်လျက် ၃၁-ဘုံဟူသော ဝဋ္ဋအတွင်းမှ လွတ်ကင်းထွက်မြောက် လိုကြကုန်သော အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့သည် ၅၂ကျမ်းစာခ္ဍ ပြဆိုထားသော နက်နဲခက်ခဲလှသည့် ဝိပဿနာတရားအချက်တို့ကို နိဗ္ဗိန္ဒဉာဏ် အရင်းခံလျက် အားသန်ရှေးရှု သေချာစွာ နှလုံးသွင်းမှု,လေ့လာမှုများကို ပြုလုပ်သင့်ကြပေသည်။

(၁)

နိဒါန်း

သို့မှသာလျှင် ကိလေသာအပူတရားများ ကုန်ခန်းပြီး ချမ်းသာတ ကာတို့နှင့်မတူ အလွန်တရာအေးမြချမ်းသာသော မိမိတို့နေ့စဉ်နေ့တိုင်း တောင့်တနေသည့် မဂ်,ဖိုလ်,နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်မည် ဖြစ်ပါ သည်။

သို့ဖြစ်၍ ယခုရဆဲဖြစ်သော ဤဘဝမှာပင် ကလျာဏပုထုဇဉ်ခေါ် စူဠသောတာပန်ရာထူးကိုရင်း၊ ထို့ထက်အလွန် တတ်နိုင်ပါမူ မဟာ သောတာပန်ရာထူးစသည်တို့ကိုရင်း-ဆွတ်ခူးလှမ်းယူလိုသော သူတော် ကောင်း အမျိုးသား, အမျိုးသမီးအပေါင်းတို့သည် ရုပ်, နာမ်,ခန္ဓာ စသည်များကို အချက်ကျကျ ဖော်ပြထားသော ဤကျမ်းစာကို သေ ချာစွာ ဖတ်ရှုလေ့လာကြပါရန် တိုက်တွန်းအပ်ပါသတည်း။

၁၃၁၀-ခု
တန်ဆောင်မုန်းလပြည့်ကျော်
၅-ရက်

ဆရာဥာဏ်
(မဟာပညာဗလ-ပါဠိပါမောက္ခ)

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁။	ကျမ်းဦးပဏာမ	၁
၂။	တိုက်တွန်းခြင်း	၂
၃။	သတိပေးခြင်း	၃
၄။	သံသရာမှ မထွက်နိုင်ပုံ	၇
၅။	သံသရာမှ ထွက်နိုင်ပုံ	၁၁
၆။	ပရိညာသုံးပါး	၁၄
၇။	ဉာတပရိညာ-နာမရူပပရိစ္ဆေဒဉာဏ်	၁၅
၈။	အထူးမှတ်သားရန်	၁၇
၉။	နာမ်ရူပ်ဥပမာ	၁၈
၁၀။	ဝိပဿနာစီးဖြန်းရန်	၁၉
၁၁။	နာမ်ရူပ်ကို တမျိုးပြောင်း	၂၀
၁၂။	ခန္ဓာငါးပါး	၂၀
၁၃။	ရူပက္ခန္ဓာ	၂၁
၁၄။	ရူပ်ကလာပ်များ	၃၅
၁၅။	ရူပ်ကလာပ်တခု၏ ပမာဏ	၄၀
၁၆။	ဝေဒနာက္ခန္ဓာ	၄၁
၁၇။	သညာက္ခန္ဓာ	၄၃
၁၈။	သင်္ခါရက္ခန္ဓာ	၄၄
၁၉။	ဝိညာဏက္ခန္ဓာ	၅၁
၂၀။	မြင်မှုစသည်တို့မှာ ခန္ဓာဖွဲ့စည်းပုံ	၆၆
၂၁။	ခန္ဓာငါးပါး ဥပမာ	၆၈
၂၂။	အာယတန ၁၂-ပါး	၆၈
၂၃။	အစ္ဆတ္တိကာယတန, ဗာဟိရာယတန	၇၀
၂၄။	မြင်မှုစသည်တို့မှာ အာယတနဖွဲ့စည်းပုံ	၇၀
၂၅။	အာယတန ၁၂-ပါး ဥပမာ	၇၂
၂၆။	ဓာတ် ၁၈-ပါး	၇၄

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၂၇။	ဓာတ် ၁၈-ပါးကို သုံးပါးစီတွဲပုံ	....	၇၆
၂၈။	မြင်မှုစသည်တို့မှာ ဓာတ်ဖွဲ့စည်းပုံ	....	၇၇
၂၉။	ဓာတ် ၁၈-ပါး ဥပမာ	....	၇၈
၃၀။	ပစ္စယပရိဂ္ဂဟဉ္ဇာဏ်	....	၇၉
၃၁။	ပဋိစ္စသမုပ္ပါဒ် ပါဠိ, အနက်	....	၈၀
၃၂။	အဝိဇ္ဇာပစ္စယာ သင်္ခါရာ-အဓိပ္ပါယ်	....	၈၂
၃၃။	သင်္ခါရပစ္စယာ ဝိညာဏံ-အဓိပ္ပါယ်	....	၈၅
၃၄။	ဝိညာဏပစ္စယာ နာမရူပံ-အဓိပ္ပါယ်	....	၈၆
၃၅။	နာမရူပပစ္စယာ သဠာယတနံ-အဓိပ္ပါယ်	....	၉၄
၃၆။	သဠာယတနပစ္စယာ ဖဿော-အဓိပ္ပါယ်	....	၉၆
၃၇။	ဖဿပစ္စယာ ဝေဒနာ-အဓိပ္ပါယ်	....	၉၆
၃၈။	ဝေဒနာပစ္စယာ တဏှာ-အဓိပ္ပါယ်	....	၉၇
၃၉။	တဏှာပစ္စယာ ဥပါဒါနံ-အဓိပ္ပါယ်	....	၉၉
၄၀။	ဥပါဒါနပစ္စယာ ဘဝေါ-အဓိပ္ပါယ်	....	၁၀၀
၄၁။	ဘဝပစ္စယာ ဇာတိ-အဓိပ္ပါယ်	....	၁၀၂
၄၂။	ဇာတိပစ္စယာ ဇရာမရဏာ စသည်အဓိပ္ပါယ်	....	၁၀၂
၄၃။	ပဋိစ္စသမုပ္ပါဒ်၌ ကာလ,အင်္ဂါစသည်	....	၁၀၈
၄၄။	နည်းလေးပါး	....	၁၁၅
၄၅။	နိယတမိစ္ဆာဒိဋ္ဌိအယူများ	....	၁၁၇
၄၆။	ပဋိစ္စသမုပ္ပါဒ်ဖြင့် ဒိဋ္ဌိကွာပုံ	....	၁၁၉
၄၇။	ပဋိစ္စသမုပ္ပါဒ် ဥပမာ	....	၁၂၀
၄၈။	သံသရာစက် ချုပ်ငြိမ်းပုံ	....	၁၂၂
၄၉။	ပဋိစ္စသမုပ္ပါဒ် မသိရခြင်း၏အပြစ်	....	၁၂၅
၅၀။	ပဋိစ္စသမုပ္ပါဒ် သိရခြင်း၏အကျိုး	....	၁၂၆
၅၁။	ပဋ္ဌာန်း ၂၄-ပစ္စည်း	....	၁၂၇
၅၂။	ယုံမှားခြင်း ၁၆-ပါး	....	၁၃၇
၅၃။	စူဠသောတာပန်	....	၁၃၉
၅၄။	တီရဏာပရိညာ-သမ္မသနဉာဏ်	....	၁၄၀

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၅၅။	ရွတ်ဘတ်သရဇ္ဈာယ်မှူ	....	၁၄၂
၅၆။	ရွတ်ဘတ်သရဇ္ဈာယ်ရန် ပါဠိ	....	၁၄၃
၅၇။	စဉ်းစားဆင်ခြင်ရန်	....	၁၅၄
၅၈။	ဥဒယဗ္ဗယဉာဏ်	....	၁၅၆
၅၉။	ပဟာနပရိညာ-ဘင်ဉာဏ်	....	၁၆၀
၆၀။	ဘယဉာဏ်	....	၁၆၂
၆၁။	အာဒီနဝဉာဏ်	....	၁၆၃
၆၂။	နိဗ္ဗိန္ဒဉာဏ်	....	၁၆၄
၆၃။	မုဉ္စိတုကမျတာဉာဏ်	....	၁၆၆
၆၄။	ပဋိသင်္ခါဉာဏ်	....	၁၆၆
၆၅။	သင်္ခါရုပေက္ခာဉာဏ်	....	၁၆၆
၆၆။	အနုလောမဉာဏ်	....	၁၆၇
၆၇။	ဂေါတြဘူဉာဏ်	....	၁၇၃
၆၈။	သောတာပတ္တိ မဂ်ဖိုလ်	....	၁၇၃
၆၉။	သကဒါဂါမိ မဂ်ဖိုလ်	....	၁၇၇
၇၀။	အနာဂါမိ မဂ်ဖိုလ်	....	၁၇၈
၇၁။	အရဟတ္တမဂ်ဖိုလ်	....	၁၇၉
၇၂။	နိဗ္ဗာန်	....	၁၈၁
၇၃။	နိဂုံး	....	၁၉၂

ဓိပဿနာ အာလင်းပြ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုद္ဓဿ။

၁။ ကျမ်းဦးပဏာမ

နမော တေ သဗ္ဗဒဿာဝိ၊
နမော တေ ကရုဏာဝကရ။
ယဿ တေ ဓမ္မမညာယ၊
ဒုက္ခာ မုစ္စတိ ဇန္တေဝေါ။

သဗ္ဗဒဿာဝိ၊ မကြွင်းဥဿုံ အလုံးစုံကို အကုန်အစင် သိမြင်တော်မူသော မြတ်စွာဘုရား။ တေ၊ ရှင်တော်မြတ်ဘုရားအား။ နမော၊ ဂုဏ်တော်ကျေးဇူး အထူးထူးကို ရည်စူးရှင်ပျ ဂါရဝဖြင့် ညွှတ်ခရိုကျိုး ဦးနှိမ်လျှိုး၍ ရှိခိုးပါ၏ဘုရား။

ကရုဏာဝကရ၊ သတ္တဝါများ ရင်ဝယ်သားသို့ သနားကြင်နာ ကရုဏာရှင် ဖြစ်တော်မူသော မြတ်စွာဘုရား။ တေ၊ ရှင်တော်မြတ်ဘုရားအား။ နမော၊ ဂုဏ်တော်ကျေးဇူး အထူးထူးကို ရည်စူးရှင်ပျ ဂါရဝဖြင့် ညွှတ်ခရိုကျိုး ဦးနှိမ်လျှိုး၍ ရှိခိုးပါ၏ဘုရား။

ယဿ တေ၊ သစ္စာလေးဖြာ မြှိုက်ရသာကို ဆရာမကူ သယမ္ဘူဖြင့် မိမိအလိုလို ကိုယ်တော်တိုင်သိတော်မူသော အကြင်ရှင်တော်မြတ်ဘုရား၏။ ဓမ္မံ၊ မဂ္ဂဖလ နိဗ္ဗာနဓာတ် ပရိယတ်ဟူ ဆယ်ဆူသောတရားတော်မြတ်ကို။ အညာယ၊ လေ့လာဆည်းပူး ဉာဏ်ရည်ထူးဖြင့် ဆွတ်ခူးပိုင်ပိုင် သိစွမ်းနိုင်ကြကုန်၍။ ဇနွေ ဝေါ၊ လူရော နတ်ပါ ဗြဟ္မာမကြွင်း ခပင်းမျှားစွာ ဝေနေယျသတ္တဝါတို့သည်။ ဒုက္ခာ၊ ဘေးဒဏ်မျိုးစုံ ဝဋ်ဆင်းရဲအဖုံဖုံမှ။ မုစ္စန္တိ၊ မုချမှန်စွာ လွတ်မြောက်ကြပါကုန်၏ဘုရား။

၂။ တိုက်တွန်းခြင်း

ရာဂ,ဒေါသ,မောဟ,ဇာတိ,ဇရာ,မရဏ,သောက, ပရိဒေဝ,ဒုက္ခ, ဒေါမနဿ,ဥပါယာသ-ဟု ဆိုအပ်သောတဆယ့်တပါးသောမီးတို့ဖြင့် တည်းညီး တပြောင်ပြောင် တောက်လောင်အပ်သည်ဖြစ်၍ မျက်စိတမှိတ် လျှပ်တပြက်ခန့်ကာလမျှ သက်သာရာမရဘဲ ဝဋ်ဆင်းရဲ၌ ကျင်လည်ရကြကုန်သော သတ္တဝါအပေါင်းတို့အား မောဟမှောင်မိုက်သည့်အတွက် ဆင်းရဲအမှန်ကိုလည်း, ဆင်းရဲဖြစ်ကြောင်းအမှန်ကိုလည်း, ချမ်းသာအမှန်ကိုလည်း,ချမ်းသာဖြစ်ကြောင်းအမှန်ကိုလည်း မသိနိုင်ဖြစ်လေသည်။

ထိုအမှန်လေးပါးကိုမသိသမျှကာလပတ်လုံး ပိုးပရုံတို့သည် မီးမှမကြောက်မလန့်ဘဲ မီးကိုသာတိုးဝင်ကြသကဲ့သို့ မိမိတို့ဒုက္ခကို မိမိတို့ရှာကြ၍ ဒုက္ခရှိရာသို့ နှစ်နှစ်ခြိုက်ခြိုက်တိုးဝင်ကြလျက် ထပ်ကာ ထပ်ကာ ပျက်စီးကြမြဲအမှန်ဖြစ်လေသည်၊ ဉာဏ်တည်းဟူသော ဆိမီးအလင်းရောက်လျှင် မောဟတည်းဟူသော မှောင်မိုက် ပျောက်ကင်းလေတော့သည်၊ ဉာဏ်တည်းဟူသော ဆိမီးအလင်းမှတပါးလည်း ထိုမောဟမှောင်မိုက်ကို ပျောက်ကင်းစေနိုင်သော တစုံတခုသော အရာဝတ္ထုဟူ၍ လောကဌ် မရှိချေ၊ ယင်းသို့ဖြစ်၍ မောဟတည်း ဟူသော ကြီးလှစွာသော မှောင်တိုက်၏ အတွင်းဌ် တရှင်ရှင်တပြီးပြီးနှင့် နှလုံးအေး၍ မနေကြဘဲ ဉာဏ်တည်းဟူသော ဆိမီးအလင်းကို ရှာမှီးကြရမည်။

ကော နု ဟာသော ကိမာနန္ဒော၊
နိစ္စံ ပဇ္ဇလိတေ သတိ။
အန္ဓကာရေန သြနဒ္ဓါ၊
ပဒီပံ နု ဂဝေသထ။
[ဓမ္မပဒပါဠိတော်။]

နိစ္စံ၊ အမြဲမပြတ်။ ပဇ္ဇလိတေ၊ တည်းညီးတပြောင်ပြောင် တောက်လောင်၍နေသည်။ သတိ၊ ဖြစ်ပါလျက်။ ဟာသော၊ ရယ်ရွှင်စရာသည်။ အာနန္ဒော၊ ဝမ်းမြောက်စရာသည်။ ကောနု၊ အဘယ်ပါနည်း။ အန္ဓကာရေန၊ မောဟတည်းဟူသော မှောင်တိုက်ကြီးသည်။ သြနဒ္ဓါ၊ ပိတ်လှောင်မြေးရှက်အပ်ကုန်လျက်။ ပဒီပံ၊ ဉာဏ်တည်းဟူသော ဆီမီးအလင်းကို။ ကိုံ နဂဝေသထ၊ အဘယ့်ကြောင့် မရှာမှီးဘဲ နေကြရကုန်သနည်း။

၃။ သတိပေးခြင်း

ဉာဏ်တည်းဟူသော ဆီမီးအလင်းဟူ၍ ဆိုလိုက်သောစကား၌ "ဉာဏ်"ဆိုသည်မှာ လောကဘဝအဟုတ်ရှိ, တကယ်ရှိဖြစ်သောတရားကို ပိုင်နိုင်စွာသိမြင်နိုင်သော ဝိပဿနာဉာဏ်ကိုဆိုသည်၊ အဟုတ်ရှိ, တကယ်ရှိဖြစ်သော တရားဆိုသည်မှာနာမ်,ရူပ်နှစ်ပါးကိုဆိုသည်။

နာမရူပတော အညော ပုဂ္ဂလော ဝါ သတ္တော ဝါ ဇုတ္ထိ
ဝါ ပုရိသော ဝါ ဒေဝေါ ဝါ ဗြဟ္မာ ဝါ နတ္ထိ။

နာမရူပတော၊ နာမ်,ရူပ် နှစ်ပါးမှ။ အညော၊ တပါးသော။ ပုဂ္ဂ-လောဝါ၊ ပုဂ္ဂိုလ်သည်ရင်း။ သတ္တောဝါ၊ သတ္တဝါသည်ရင်း။ ဇုတ္ထိဝါ၊ မိန်းမသည်ရင်း။ပုရိသောဝါ၊ ယောကျ်ားသည်ရင်း။ ဒေဝေါဝါ၊ နတ်သည်ရင်း။ ဗြဟ္မာဝါ၊ ဗြဟ္မာသည်ရင်း။နတ္ထိ၊ သက်သက်မရှိတော့လေပြီ။ ။ဟူသောအဌကထာတို့နှင့်အညီ တလောကလုံး၌ နာမ်-ရူပ်နှစ်ပါးအပြင် ပုဂ္ဂိုလ်, သတ္တဝါ,ယောကျ်း, မိန်းမ, လူ, နတ်, ဗြဟ္မာဟူ၍ ဘာတခုမျှမရှိချေ၊ အဟုတ်ရှိ, တကယ်ရှိဖြစ်သော ယင်း နာမ်ရူပ်နှစ်ပါးကို ပိုင်နိုင်စွာမသိသမျှကာလပတ်လုံး သံသရာဝဋ် ကျော့ကွင်းညွှတ်မှ လွတ်ထွက်နိုင်ကြမည်မဟုတ်ချေ။

နာမ်ရုပ်နှစ်ပါးကို ပိုင်နိုင်စွာမသိကြကုန်သော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ဘုံတကာတို့၏အထက်ဆုံးဖြစ်၍ ''ဘဝဂ်'' ဟုဆိုအပ်သော နေဝသညာနာသညာယတန ဘုံကြီးသို့ရောက်၍ နေကြကုန်သော်လည်း စိတ်ချ, လက်ချ စိတ်အေး, လက်အေး နေနိုင်ကြကုန်သည်မဟုတ်၊ အပါယ်ဘေး တန်းလန်းနှင့်သာ နေကြရကုန်၏၊ အနမတဂ္ဂသံသရာ၌ သူသူ,ငါငါ သတ္တဝါတို့သည် အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့နှင့်သာ သက်ဆိုင်သော သုဒ္ဓါဝါသ ငါးဘုံကိုချန်လှပ်၍ ကြွင်းနှစ်ဆယ့်ခြောက်ဘုံ၌ ဖြစ်ဘူးကြကုန်သည်ဟူ၍သာ မှတ်ရမည်၊ အပါယ်လေးဘုံ၌ ရှိနေကြကုန်သော သတ္တဝါတို့သည်လည်း ဘဝဂ်ဘုံကြီးသို့ ရောက်ဘူးကြသည်ဖြစ်ကုန်လျက်၊ နာမ်, ရုပ် နှစ်ပါးကိုပိုင်နိုင်စွာ မသိရလေသော ကြောင့် အောက်,အောက် ဘုံသို့ရောက်၍ အပါယ်လေးဘုံသို့ တိုင်အောင် ကျလာကြကုန်၏၊ နာမ်,ရုပ် နှစ်ပါးကို ပိုင်နိုင်စွာ သိရှိကသုဂတိဘုံတို့၏ အောက်ဆုံးဖြစ်သော လူ့ပြည်မှာပင် နေကြကုန်သော်လည်း အပါယ်နှင့် အမွှေကင်းပြတ်၍ ကိုယ့်အနားတွင်ထင်ရှားရှိသော ဒုက္ခခပ်သိမ်း ကင်းငြိမ်းချုပ်ပျောက်ရာ ကေန်စင်စစ်မှန်သော နိဗ္ဗာန်တရားတော်မြတ်ကို အာရုံပြုနိုင်ကြကုန်၏။

ယံ နဒ္ဒီ ပုရာဏောဟိ၊
တိတ္ထိကာစရိယေဟိပိ။
တံပဒံ သုကုမာရိဟိ၊
သတ္တဝဿာဟိ ဝေဒိတံ။

[ထေရီအပဒါန်ပါဠိတော်။]

ပုရာဏောဟိ၊ ရှေးဦးဖြစ်ကုန်ပြီးသော။ တိတ္ထိကာစရိယေဟိပိ၊ ဂိုဏ်းဆရာကြီးပြုလုပ်ထူထောင်ကာ ဂုဏ်သတင်းပြောင်ကြကုန်သော ပုဂ္ဂိုလ်တို့သည်သော်လည်း။ ယံပဒံ၊ အကြင်နိဗ္ဗာန်တရားတော်မြတ်ကို။ နဒိဋ္ဌံ၊မမြင်အပ်။ တံပဒံ၊ ထိုနိဗ္ဗာန်တရားတော်မြတ်ကို။ သတ္တဝဿ-ဟိ၊ ခုနစ်နှစ်ရှယ်သာ ရှိကုန်သေးသော။ သုဂုမာရိဟိ၊ အလွန်နုနယ်မိန်းမငယ်တို့သည်ပင်လည်း။ ဝေဒိတံ၊ ဘုရားသာသနာတော်နှင့် ကြုံကြိုက်ကြ၍ သိအပ်ရပေ၏။

လောကဋ္ဌ ဘုရားသာသနာတော်မြတ်ကြီးကို အလွန်ကြုံကြိုက်ရခဲ၏၊ ဘုရားရှင်တို့မပွင့်သော သုညကမ္ဘာတွေသာများ၏၊ ရံဘန်ရံဘန် မဟာကမ္ဘာကြီးပေါင်း အသင်္ချေတို့သည် ဘုရားသုဉ်းသော သုညကမ္ဘာတွေသာဖြစ်ကုန်၏၊ မဟာကမ္ဘာကြီးပေါင်း အသင်္ချေဆိုရာ၌ မဟာကမ္ဘာကြီးဆိုသည်ကား အလျားတယူဇနာ, အနံတယူဇနာ, အစောက်တယူဇနာရှိသော ကျောက်တောင်ကို သိမ်မွေ့စွာသော ကာသိကရာဇ်ပုဆိုးဖြင့် အနှစ်တရာ, အနှစ်တရာလွန်မှ တကြိမ်တကြိမ်သာပွတ်၍ ထိုကျောက်တောင်ကြီး ကုန်သော်လည်း ကုန်ရာ၏၊ တခု,တခုသောမဟာကမ္ဘာကြီး၏ နှစ်ကာလသည် မကုန်နိုင်ရာသေး၊ အလျား,အနံ,စောက်တယူဇနာစီရှိသောမုန်ညင်းစေ့ အစုထဲမှ အနှစ်တရာ, အနှစ်တရာလွန်မှ တစေ့တစေ့ကိုသာ ထုတ်ယူ၍ မုန်ညင်းစေ့ကုန်သော်လည်းကုန်ရာ၏၊တခု,တခုသောမဟာကမ္ဘာကြီး၏နှစ်ကာလသည် မကုန်နိုင်ရာသေး၊ တခု,တခုသော မဟာကမ္ဘာကြီးသည် ဤမျှလောက်ရှည်ကြာကြောင်းကို နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌ ဟောတော်မူအပ်၏။

အသင်္ချေဆိုသည်ကား- ဂဏန်းဝေါဟာရအားဖြင့် မရေတွက်နိုင်သော ကာလကိုဆိုသည်။ ။သင်္ခါတုံ နသက္ကာတိ အသင်္ချေယျာ၊ ဂဏနာတိက္ကန္တာတိ အတ္ထော။ [စရိယာပိဋကအဋ္ဌကထာ]။ ။သင်္ခါတုံ၊ ရေတွက်ခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ ဣတိတသ္မာ၊ထို့ကြောင့်။ အသင်္ချေယျာ၊ အသင်္ချေမည်၏။ ဂဏနာတိက္ကန္တာ၊ ရေတွက်ခြင်းဂဏန်းသင်္ချာကိုလွန်၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

ဤသို့ အလွန်ဖြစ်ပေါ်နိုင်ခဲသော သာသနာတော်မြတ်ကြီးသည် ရုံဘန်, ရုံဘန် လောကဌ ဖြစ်ပေါ်လာသော်လည်း ဤစကြဝဠာဌ သာဖြစ်ပေါ်လာ၏၊ တပါးသော အနန္တစကြဝဠာတို့ဌ ဘုရားပွင့်ရိုး ဓမ္မတာမရှိ၊ သတ္တဝါတို့မှာမူကား "ငါသည် ဤစကြဝဠာဌသာအမြဲဖြစ်မည်"ဟူ၍ မိမိအလိုအတိုင်းဖြစ်နိုင်ကြကုန်သည်မဟုတ်ချေ၊ထိုမှတပါးလည်း အနုမတဂ္ဂသံသရာဌ ကျင်လည်ရကြကုန်သောသတ္တဝါတို့အား ပဋိသန္ဓေအကြိမ်အားဖြင့် ဗြဟ္မာ့ဘုံတို့ထက် ကာမဘုံတို့ဌ သာ၍အဖြစ်များ၏၊ ကာမဘုံတို့တွင်လည်း ပဋိသန္ဓေအဖြစ်များသော ဘုံကား အပါယ်လေးဘုံတည်း၊ လူ့ဘုံ, နတ်ဘုံတို့သို့ ကုသိုလ်ကံတို့၏ အဟုန်ကြောင့် ရုံဘန်, ရုံဘန်သာရောက်ကြကုန်သော်လည်း စုတေမနေ သေလွန်ကြကုန်သော သတ္တဝါအပေါင်းတို့တွင် အနည်းငယ်မျှသောသူတို့သည်သာ သုဂတိဘုံဌ ထပ်၍ဖြစ်နိုင်ကြကုန်သည်၊ များလှစွာကုန်သောသတ္တဝါတို့သည် အပါယ်ဘုံသို့သာ ကျပြန်ကြကုန်၏။ ။ထိုစကားမှန်၏-တနေ့သဌ လူသုံးပါးတို့၏ အထွတ်အထိပ်ဖြစ်တော်မူသော ဘုရားရှင်တော်သည် လက်သည်းတော်ဖျားပေါ်ဌ အနည်းငယ်မျှသောမြေမှုန့်တို့ကို တင်ထားတော်မူ၍"ချစ်သားရဟန်းတို့..ငါ၏လက်သည်းတော်ဖျားပေါ်ဌ တင်ထားအပ်သော မြေမှုန့်နှင့် နှစ်သိန်း လေးသောင်းအထုရှိသော ဤမဟာပထဝီမြေကြီးသည် အဘယ်က သာလွန်၍များသနည်း"ဟု မေးတော်မူရာ မဟာပထဝီမြေကြီးက သာ၍များပြားကြောင်းကို ရဟန်းများကလျှောက်ထားသော အခါ "ချစ်သားရဟန်းတို့..တနေ့,တနေ့မှာ စုတေမနေ သေလွန်ကြကုန်သောသတ္တဝါတို့တွင် သုဂတိဘုံသို့ ရောက်ကြကုန်သောသတ္တဝါတို့သည် ငါ၏လက်သည်းတော်ဖျားပေါ်ဌ ရှိသောမြေမှုန့်အလားအလွန်နည်းပါးလှကုန်၏၊ ဒုဂ္ဂတိဘုံသို့ရောက်ကြကုန်သော သတ္တဝါတို့သည်ကား နှစ်သိန်း လေးသောင်း အထုရှိသောမဟာပထဝီ ဤမြေကြီးပမာ အလွန်တရာများပြားကုန်၏"ဟူ၍မိန့်တော်မူချက်ရှိလေ၏။

ဤသို့စသောအချက်များကိုထောက်ထား၍ ကမ္ဘာများစွာလွန်မှ ရုံဘန်,ရုံဘန်လောကဌ ဘုရားသာသနာတော်မြတ်ကြီးဖြစ်ထွန်းပေါ်

ပေါက်၍လာသော်လည်း သူသူ,ငါငါ-သတ္တဝါတိုင်း ထိုသာသနာတော်မြတ်ကြီးကို တွေ့ကြုံနိုင်ကြကုန်သည်မဟုတ်-ဟူ၍ မှတ်ရမည်။

ယင်းသို့ အလွန်တရာတွေ့ကြုံရနိုင်ခဲသော သာသနာတော်မြတ်ကြီးကို ယခုခေတ်အခါ ဗုဒ္ဓဘာသာ အမျိုးသား, အမျိုးသမီး ဟူသမျှတို့အား တွေ့ကြုံဆိုက်ရောက်၍နေ၏၊ ရပ်ပြစ်ရှစ်ပါးမှလွတ်၍ ဗုဒ္ဓုပ္ပါဒခဏကောင်းကြီးနှင့် တွေ့ကြုံပါလျက် အမှုမဲ့, အမှတ်မဲ့ ကျော်လွန်၍ သွားသောသူတို့သည် အပါယ်ဘေး တန်းလန်းနှင့် သံသရာ၌ တစ်ဝဲလည်လည် ကျင်လည်ကြရပေဦးမည်၊ယင်းသို့ဖြစ်၍ မြတ်စွာဘုရား သာသနာတော်မြတ်ကြီးနှင့် ကြုံကြိုက်သော အခွင့်ကောင်း, အခါကောင်း၌ လူ၏အဖြစ်ကို ကောင်းစွာရခိုက် နာမ်,ရူပ်နှစ်ပါးကို ပိုင်နိုင်စွာ သိအောင် အားထုတ်ရမည်။

မာ ဝေါ ခဏံ ဝိရာဓေထ၊
ခဏာတီတာ ဟိ သောစရေ၊
သဒ္ဓေ ဝါယမေယျာထ၊
ခဏော ဝေါ ပဋိပါဒိတော။
[ထေရအပဒါန်ပါဠိတော်။]

ဝေါ၊ သင်တို့သည်။ ခဏံ၊ဗုဒ္ဓုပ္ပါဒခဏကောင်းကြီးကို။မာဝိရာဓေ-ထ၊ မချွတ်မယွင်းကြစေကုန်လင့်။ ဟိ၊တိုက်တွန်းသင့်စွ၊။ ခဏာတီတာ၊ နာမ်,ရူပ်ကိုသိနိုင်, မဂ်,ဖိုလ်ကို ရနိုင်သော ဗုဒ္ဓုပ္ပါဒခဏကောင်းကြီးကိုလွန်ကုန်သော သူတို့သည်။ သောစရေ၊နောင်တတဘန် ပူပန်စိုးရိမ်ကြရကုန်၏။ သဒ္ဓေ၊ ကိုယ့်ကျိုး, ကိုယ့်စီးပွါး၌။ ဝါယမေယျာထ၊ ကောင်းစွာ ကြိုးကုတ် အားထုတ် ကြကုန်လော့။ ခဏော၊ ကိုယ့်ကျိုး, ကိုယ့်စီးပွါးကို အားထုတ်၍ ပြုလုပ်ချိန်ကာလ ဗုဒ္ဓုပ္ပါဒခဏကောင်းကြီးကို။ ဝေါ၊ သင်တို့အား။ ပဋိပါဒိတော၊ ရှေ့ရှုမျက်မှောက်ဆိုက်ရောက်၍နေပြီ။

သံသရာမှ မထွက်နိုင်ပုံ

နာမ်,ရူပ်ကို ပိုင်နိုင်စွာမသိသမျှကာလပတ်လုံး သံသရာဝဋ် ကျော့ကွင်းညွှတ်မှ လွတ်ထွက်နိုင်ကြမည် မဟုတ်-ဟူ၍ ပြဆိုလိုက်သော စကားကို ထင်ရှားစေဦးအုံ့။ ॥နာမ်,ရူပ်ကိုပိုင်နိုင်စွာ မသိကြကုန်

သော သတ္တဝါတို့၏ သန္တာန်၌ ပညတ်ကို အမှီပြု၍ဖြစ်သော ဝိပလ္လာသ တရားသုံးပါးရှိ၏၊ဝိပလ္လာသတရားသုံးပါးဆိုသည်မှာ–

၁။ သညာဝိပလ္လာသ
၂။ စိတ္တဝိပလ္လာသ
၃။ ဒိဋ္ဌိဝိပလ္လာသ
} ၍သုံးပါးပင်ဖြစ်ပေသည်။

၍၌ "ဝိပလ္လာသ" ဆိုသည်မှာ- ဖောက်ပြန် မှားယွင်းသည်ကို ဆိုသည်။ ။ဝိပရီတတော အသန္တိ-ဥပဂစ္ဆန္တိတိ ဝိပလ္လာသာ။ ။ဝိပ-ရီတတော၊ ဖောက်ပြန်မှားယွင်းသောအားဖြင့်။ အသန္တိ-ဥပဂစ္ဆန္တိ၊ ကပ်ရောက်တတ်ကုန်၏။ဤတိတသ္မာ၊ ထို့ကြောင့်။ ဝိပလ္လာသာ၊ ဝိပလ္လာသတို့မည်ကုန်၏။

ထို ဝိပလ္လာသ တရားသုံးပါးတို့တွင်–

၁။ သညာ ဝိပလ္လာသ-ဆိုသည်မှာ အမှတ်အထင်ဖောက်ပြန် မှားယွင်းခြင်းကို ဆိုသည်။

အမှတ်အထင် ဖောက်ပြန်မှားယွင်းခြင်းဆိုသည်မှာ အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ်သော နာမ်-ရူပ်ကို နိစ္စ, သုခ, အတ္တဖြစ်သော ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်း, မိန်းမ, လူ, နတ်, ဗြဟ္မာဟူ၍ မှတ်ထင်ခြင်းကို ဆိုသည်။

၂။ စိတ္တဝိပလ္လာသ- ဆိုသည်မှာ အသိ အကြံ ·ဖောက်ပြန် မှားယွင်းခြင်းကို ဆိုသည်။

အသိ အကြံ ဖောက်ပြန်မှားယွင်းခြင်း ဆိုသည်မှာ အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ်သော နာမ်-ရူပ်ကို နိစ္စ, သုခ, အတ္တဖြစ်သော ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်း, မိန်းမ, လူ,နတ်, ဗြဟ္မာဟူ၍ သိခြင်း ကြံခြင်းကို ဆိုသည်။

၃။ ဒိဋ္ဌိဝိပလ္လာသ- ဆိုသည်မှာ အယူ အမြင် ဖောက်ပြန် မှားယွင်းခြင်းကို ဆိုသည်။

အယူ အမြင် ဖောက်ပြန် မှားယွင်းခြင်းဆိုသည်မှာ အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ်သော နာမ်-ရူပ်ကို နိစ္စ, သုခ, အတ္တဖြစ်သော ပုဂ္ဂိုလ်, သတ္တဝါ,ယောကျ်း, မိန်းမ, လူ, နတ်, ဗြဟ္မာဟူ၍ ယူခြင်း မြင်ခြင်းကို ဆိုသည်။

အနိစ္စ,ဒုက္ခ, အနတ္တ တခု တခု၌ ဝိပလ္လာသ တရားသုံးခုစီ ရှိရကား ဝိပလ္လာသတရား ကိုးပါးဖြစ်၏၊ အသုဘကို သုဘဟု ဖောက်ပြန် မှားယွင်းသော သညာ,စိတ္တ,ဒိဋ္ဌိ ဝိပလ္လာသ တရားသုံးပါးကိုလည်း ထည့်၍ ဝိပလ္လာသ တရား တဆယ့်နှစ်ပါး ဟူ၍လည်း ကျမ်းဂန်တို့၌ မိန့်ဆိုသေး၏၊ သတ္တဝါတို့၏သန္တာန်၌ရှိသော ဤဝိပလ္လာသတရားတို့ကြောင့် နာမ်ရုပ်အစစ်ကို မမြင်နိုင်၊ နာမ်ရုပ်အစစ်ကို မမြင်နိုင်သည့်အတွက် ယင်းနာမ်ရုပ်တို့၏ မမြဲသော အနိစ္စသဘောအစစ်, ဆင်းရဲသော ဒုက္ခသဘောအစစ်,အစိုးမရသော အနတ္တသဘောအစစ်ကို မမြင်နိုင်။

*နာမ်ရုပ်မမြင်-အနိစ္စမထင်၊ နာမ်ရုပ်မြင်မှ အနိစ္စ ထင်နိုင်သည်ဟုမှတ်။

*နာမ်ရုပ်မမြင်- ဒုက္ခမထင်၊ နာမ်ရုပ်မြင်မှ ဒုက္ခ ထင်နိုင်သည်ဟုမှတ်။

*နာမ်ရုပ်မမြင်-အနတ္တမထင်၊ နာမ်ရုပ်မြင်မှ အနတ္တ ထင်နိုင်သည်ဟုမှတ်။

ဤပြဆိုခဲ့ပြီးသော ဝိပလ္လာသတရား သုံးပါးတို့ မကင်းသမျှလည်း ယင်း ဝိပလ္လာသတရား သုံးပါးကြောင့်ဖြစ်ရသော မညနာ တရားသုံးပါးလည်း ကင်းပြတ်မည်မဟုတ်၊ မညနာ တရားသုံးပါး ဆိုသည်မှာ—

၁။ တဏှာမညနာ
၂။ မာနမညနာ
၃။ ဒိဋ္ဌိမညနာ
} ဤသုံးပါးတို့ပင်ဖြစ်သည်။

ဤ၌ မညနာ—ဆိုသည်မှာ မှားသောအားဖြင့် မှတ်ထင်,စွဲလမ်းခြင်းကိုဆိုသည်။ ။မညန္တီတိ မညနာ။ ။မညန္တိ၊ ယူမှား,ထင်မှား, မြင်မှား စွဲလမ်းကြကုန်၏။ဣတိတသ္မာ၊ထို့ကြောင့်။ မညနာ၊ မညနာတို့ မည်ကုန်၏။ ထို မညနာ တရားသုံးပါးတို့တွင် တဏှာ-ဆိုသည်မှာ အတွင်း,အပဖြစ်သော အာရုံတို့ကို သာယာနှစ်သက်,တပ်မက်,စွဲလမ်းခြင်း သဘောကို ဆိုသည်၊ မာန-ဆိုသည်မှာ ငါမည်သူဘဲ - စသည်ဖြင့် တက်ကြွခြင်းသဘောကို ဆိုသည်၊ ဒိဋ္ဌိ-ဆိုသည်မှာ ပုဂ္ဂိုလ်စသည်

မဟုတ်ဘဲလျက် ပုဂ္ဂိုလ်စသည်ဖြင့် အယူ,အမြင် မှားယွင်းခြင်းသဘော ကို ဆိုသည်။

ယင်း တရား သုံးပါးကိုပင် အခိုင်အမြဲတွယ်တာ စွဲလမ်းတတ်သော ကြောင့် ''ဂါဟ''တရား သုံးပါးဟူ၍လည်း ဆိုရသည်။

၁။ တဏှာဂါဟ
၂။ မာနဂါဟ } ဂါဟ တရား သုံးပါးမှတ်ရန်။
၃။ ဒိဋ္ဌိဂါဟ

ဂဏှန္တိ ဥပါဒိယန္တိတိ ဂါဟာ။ ။ဂဏှန္တိ ဥပါဒိယန္တိ၊ အခိုင်အမြဲ တွယ်တာစွဲလမ်းတတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဂါဟာ၊ ဂါဟတို့မည်ကုန်၏။ ။ယင်း တရားသုံးပါးကိုပင် သံသရာကို ချဲ့ထွင်တတ်သောကြောင့် "ပပဉ္စ" တရားသုံးပါးဟူ၍လည်း ဆိုရသည်။

၁။ တဏှာပပဉ္စ
၂။ မာနပပဉ္စ } ပပဉ္စ တရား သုံးပါးမှတ်ရန်။
၃။ ဒိဋ္ဌိပပဉ္စ

ပပဉ္စေန္တိ သံသာရံ ဝိတ္ထာရေန္တိတိ ပပဉ္စာ။ ။သံသာရံ၊ သံသရာကို။ ပပဉ္စေန္တိ-ဝိတ္ထာရေန္တိ၊ ချဲ့ထွင်တတ်ကုန်၏။ဣတိတသ္မာ၊ထို့ကြောင့်။ ပပဉ္စာ၊ ပပဉ္စတို့ မည်ကုန်၏။ ။သံသရာစက်ကို ချဲ့ထွင်ရစ်ပတ် လည်စေတတ်သော သမုဒယ သစ္စာ အပင်းအသင်းသား၊ယင်း ပပဉ္စတ ရားသုံးပါးတို့ မကင်းသမျှ သံသရာဝဋ် ကျော့ကွင်းညှပ်တမ္ဘ လွတ်ထွက်နိုင်ကြမည် မဟုတ်သည်သာ ကေန်ဖြစ်ပေသည်။

ယော ပပဉ္စမနုယုဇ္ဇော၊
ပပဉ္စာဘိရတော မဂေါ။
ဝိရာဓယီ သော နိဗ္ဗာနံ၊
ယောဂက္ခေမံ အနုတ္တရံ။
[အဂ်တ္တိုရ် ပါဠိတော် ဆက္ကနိပါတ်။]

မဂေါ၊ အသိအလိမ်မာ ဉာဏ်ပညာ ကင်းသည်ဖြစ်၍ တောဌ္ဌပျော်ရွှင် သားသမင်နှင့် ပမာတူသော။ ယော၊ အကြင်သူသည်။ ပပဉ္စမနုယုဇ္ဇော၊ ပပဉ္စ တရားသုံးပါးနှင့် စပ်သော အလုပ်များကို အားထုတ်ကြိုးစား၏။ ပပဉ္စာဘိရတော၊ ပပဉ္စ တရားသုံးပါးနှင့် စပ်သော

အလုပ်၌ လွန်မင်းစွာပျော်ပိုက် နှစ်ခြိုက်မွေ့လျော်၏။ သော၊ ထိုသူသည်။ ယောဂကွေမံ၊ ယောဂလေးပါးတို့၏ ကုန်ရာဖြစ်သော။ အနုတ္တရံ၊ မိမိထက်လွန်မြတ်သော တစုံတခုသောတရားမရှိသော။နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဝိရာဓယိ၊ ချွတ်ချော် တိမ်းစောင်း၍ သွားရပြန်လေ၏။

၅။ သံသရာမှ ထွက်နိုင်ပုံ

နာမ်ရုပ် နှစ်ပါးကို ပိုင်နိုင်စွာသိလျှင်လည်း ဆိုခဲ့ပြီးသော တဏှာ, မာန, ဒိဋ္ဌိတည်းဟူသော ပပဉ္စတရားသုံးပါး ကင်းပြတ်လေတော့သည်၊ ပပဉ္စတရား သုံးပါးကင်းပြတ်ကလည်း လောကုတ္တရာဘက်သို့ ရောက်လေတော့သည်၊ လောကုတ္တရာဘက် အသိဉာဏ်အဆုံးသို့ ရောက်ကလည်း နောင်ဆင်းရဲကင်းဘို့,ချမ်းသာဘို့-ဟူ၍ ဘာတခုမျှ ပြုလုပ်ဘွယ်မရှိ၊ တချမ်းသာထဲ ချမ်းသာကြရ, တအေးထဲအေးကြရ, တငြိမ်းထဲ ငြိမ်းကြရမည်ဖြစ်တော့သည်။

ယော ဓ ပပဉ္စံ ဟိတ္ဝာန၊
နိပ္ပပဉ္စပဒေ ရတော။
အာရာဓယိ သော နိဗ္ဗာနံ၊
ယောဂကွေမံ အနုတ္တရံ။ ။
[အဂ်ုတ္တိရ်ပါဠိတော် ဆက္ကနိပါတ်။]

ဤမ၊ ဤလောကဌ။ ယော၊ အသိအလိမ်မာ ဉာဏ်ပညာနှင့် ပြည့်စုံသော အကြင်သူသည်။ ပပဉ္စံ၊ ပပဉ္စတရားသုံးပါးကို။ ဟိတ္ဝာန၊ ပယ်စွန့်၍။ နိပ္ပပဉ္စပဒေ၊ ပပဉ္စ တရားမရှိသောနိဗ္ဗာန်၌။ ရတော၊ နှလုံးနှစ်ခြိုက် ပျော်ပိုက်မွေ့လျော်သည်ဖြစ်၏။ သော၊ ထိုသူသည်။ ယောဂကွေမံ၊ ယောဂလေးပါးတို့၏ကုန်ရာဖြစ်သော။ အနုတ္တရံ၊ မိမိထက်လွန်မြတ်သော တစုံတခုသော တရားမရှိသော။နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာရာဓယိ၊ ပြီးစေပြီ။ ဝါ၊ ရလေပြီ။

နာမ်ရုပ်နှစ်ပါးကို ပိုင်နိုင်စွာသိအောင် အားထုတ်သည် ဖြစ်ပါလျက် ပဋိသန္ဓေဉာဏ်တုံးသောကြောင့် ယခုဘဝ၌ မသိနိုင်သည်ဖြစ်၍ လောကုတ္တရာဘက်သို့ မရောက်နိုင်သော်လည်း ကျင်လည်လေသမျှ အနမတဂ္ဂသံသရာ၌ အလွန်တရာဖြစ်နိုင်ခဲ့သော သံသရာခပင်း

ဝင့်တသင်းမှ လွတ်ကင်း ထွက်မြောက်နိုင်ကြောင်း ပါရမီကောင်း ကုသိုလ်စင်စစ်ဖြစ်သည်ဟု မှတ်ရမည်။

ယခုဘဝ၌တရားကို လေ့ကျက်ပါလျက် မဂ်,ဖိုလ်ကိုမရမှု၍ စုတေမနေ သေလွန်၍ သွားသောသူတို့အား လွယ်ကူစွာနှင့် တရားထူး ရနိုင်ကြောင်းကို စတုက္ကအင်္ဂုတ္တရပါဠိတော်၌ လေးဌာနပြု၍ ဟောတော်မူချက်ရှိလေ၏၊ လေးဌာနဆိုသည်မှာ—

(၁) ပရိယတ္တိဓမ္မကို အားထုတ်လေ့ကျက်သော ပုဂ္ဂိုလ်သည် လူ့ပြည်မှ စုတေသည်ရှိသော် တစုံတခုသော နတ်ပြည်သို့ မဖွဲ့တ်ကေန်ရောက်ရာ လူ့ပြည်က အားထုတ်လေ့ကျက်ခဲ့ဘူးသော တရားဟောင်းတို့သည် ထိုသူ၏ ဉာဏ်၌လွယ်ကူစွာ ပေါ်ပေါက်လာ၍ တရားထူးကိုရရှိနိုင်၏။

(၂) ထိုသို့မိမိအလိုအလျောက် တရားထူးကို မရသည်ရှိသော် တန်ခိုးဇုဒ္ဓိပါဒ် ကြီးမားသော ဘုရားတပည့်သာဝက ရဟန်းတို့သည် နတ်ပြည်သို့တက်၍ တရားဟောပြုတော်မူသည်ရှိသော် ထိုတရားကိုကြားနာသည်နှင့်တပြိုင်နက် လူ့ပြည်က အားထုတ်လေ့ကျက်ခဲ့ဘူးသော တရားဟောင်းတို့သည် ထိုသူ၏ ဉာဏ်၌ လွယ်ကူစွာ ပေါ်ပေါက်လာ၍ တရားထူးကို ရရှိနိုင်၏။ ။[ဤဒုတိယ အကျိုးကား အရှင်မောဂ္ဂလန်စသော တန်ခိုးဇုဒ္ဓိပါဒ် ကြီးမားသော ရဟန်းတော်များ လက်ထက်ကသာ ရနိုင်သော အကျိုးတည်း။]

(၃) ထိုသို့မရသည်ရှိသော် သုဓမ္မာသဘင်သို့ တရားနာပါသော အခါ၌ ဓမ္မကထိက နတ်သားတို့ ဟောကြားသော တရားကို ကြားနာရသည်ရှိသော် လူ့ပြည်က အားထုတ်လေ့ကျက်ခဲ့ဘူးသောတရားဟောင်းတို့သည် ထိုသူ၏ဉာဏ်၌ လွယ်ကူစွာ ပေါ်ပေါက်လာ၍ တရားထူးကိုရရှိနိုင်၏။

(၄) ထိုသို့မရသည်ရှိသော် အတူနေ အပေါင်းအဘော်ဖြစ်သော အရိယာနတ်တို့က သတိရစေ၏၊ ထိုအခါ လူ့ပြည်က အားထုတ်လေ့ကျက်ခဲ့ဘူးသော တရားဟောင်းတို့သည် ထိုသူ၏

ဉာဏ်ဌာလွယ်ကူစွာ ပေါ်ပေါက်လာ၍ တရားထူးကို ရရှိနိုင်၏။

တဿ တတ္တ သုခိနော ဓမ္မပဒါနိ ပလဝန္တိ၊ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ၊ အထခေါ သော သတ္တော ခိပ္ပမေဝ ဝိသေသဘာဂီ ဟောတိ။

[အဂ်ိတ္တိ၊ရ်ပါဠိတော် စတုက္ကနိပါတ်။]

တတ္တ၊ ထိုနတ်ပြည်၌။ တဿ၊ ထိုလူ့ဘဝက ပရိယတ္တိဓမ္မကို အားထုတ်လေ့ကျက်ခဲ့ဘူးသောသူအား။ သုခိနော၊ လွယ်ကူချမ်းသာသည်ဖြစ်၍။ ဓမ္မပဒါနိ၊ လူ့ဘဝကလေ့ကျက်ခဲ့ဘူးသော တရားအစုတို့သည်။ ပလဝန္တိ၊တဖွားဖွားပေါ်လာကုန်၏။ဘိက္ခဝေ၊ ရဟန်းတို့။သတုပ္ပါဒေါ၊ ရှေးတရားဟောင်းကို အောက်မေ့ခြင်းသတိဖြစ်မှုသည်။ ဒန္ဓော၊ နှုံ့နှေးသေး၏။ အထခေါ၊ စင်စစ်သော်ကား။ သောသတ္တော၊ ထိုနတ်ဘဝသို့ရောက်လေသော သတ္တဝါသည်။ ခိပ္ပမေဝ၊ လျင်စွာသာလျင်။ ဝိသေသဘာဂီ၊ မဂ်,ဖိုလ်,နိဗ္ဗာန် တရားမွန်-တရားထူးကို ရခြင်းအဘို့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ထိုမှတပါးလည်း ယခုဘဝက တရားများကိုပွါးများလေ့လာ အားထုတ်ခဲ့ရသော အာစိဏ္ဏကံသည် နောင်အနာဂတ် ဘုရားရှင်တို့လက်ထက်တော်သို့ရောက်ရှိက မှည့်ပြီးသော အိုင်းအမာသည် ဆူးအလာကိုလင့်သကဲ့သို့၎င်း, ရင့်ရော်ပြီးသော ပဒုမာ ကြာဖူးငုံသည် နေအရောင်ကိုလင့်သကဲ့သို့၎င်း, သိကြားမင်းလက်နက် မိုယ်းကြိုးစက်သည် တခဲနက်သော ကျောက်တောင်ကို ကုန်အောင်ချေဖျက်သကဲ့သို့၎င်း, ထိုအတူ မိတ်ဆွေကောင်းနှင့်ပေါင်းမိ၍ ဆံချစဉ်အခါကပင် သင်ဓုန်း၏ အဆုံး၌ ကိလေသာအပေါင်းကို ဖျက်ဆီးစေနိုင်သော အရဟတ္တမဂ်ဉာဏ်သို့ ဆိုက်ရောက်သဖြင့် ရဟန္တာဖြစ်လျက် ဒုက္ခခပ်သိမ်း ကင်းငြိမ်းချုပ်ပျောက်ရာ ရွှေပြည်နိဗ္ဗာန် ဝင်စံနိုင်ခြင်း အကျိုး ရှိကြောင်းကို အဋ္ဌကထာတို့၌ မိန့်ဆိုသေး၏။

သစေ ဟိ သော ပုဗ္ဗေ မဒ္ဒိတသန်ါရော ဟောတိ၊ ဘာဝိ-တဘာဝနော ကဏ္ဌကဝေဓဝေပေက္ခော ဝိယ ပရိပက္ကဂဏ္ဍော၊ သူရိယုဂ္ဂမနာပေက္ခံ ဝိယ စ ပရိဏာတပဒုမံ၊အထ သ အာရဒ္ဓ-

မတ္တော ကမ္မဋ္ဌာနမနသိကာရေ ဇုန္ဒာသနီ ဝိယ စ ပဗ္ဗတေ ကိလေသပဗ္ဗတေ စုဏ္ဏယမာနံယေဝ ဥဏ္ဍံ ပဝတ္တတိ၊ ခုရဂ္ဂေ-ယေဝ. အရဟတ္တံ ပါပုဏာတိ။

[ဝိနည်းမဟာဝါအဋ္ဌကထာ။]

ဟိ-သစ္စံ၊ မှန်၏။ သော၊ ထိုသူသည်။ မုဗ္ဗေ၊ ရှေးဘုရားတို့လက်ထက်တော်၌။ မဒ္ဒိတသဒ္ဓါရော၊ သုံးသပ်အပ်ပြီးသော သဒ္ဓါရတရားရှိသည်။ ဘာဝိတဘာဝနော၊ ပွါးများအပ်ပြီးသော ဘာဝနာတရားရှိသည်။ သစေဟောတိ၊ အကယ်၍ဖြစ်အံ့။ ကဏ္ဋကဝေဓောပေက္ခော၊ ဆူးထိုးခြင်းကိုငဲ့သော။ ပရိပက္ကဂလ္လောဝိယစ၊ မှည့်ပြီးသော အိုင်းအမာကဲ့သို့ဌင်း။သူရိယုဂ္ဂမနောပေက္ခံ၊ နေအရောင်ကိုလင့်သော။ ပရိဏာတပဒုမံ-ဝိယစ၊ ရင့်ပြီးသော ပဒုမာကြာဝံကဲ့သို့ဌင်း။ ဟောတိ၊ ဖြစ်၏။ အထ၊ ထိုအခါ၌။ အသ၊ ထိုသူ၏။ ကမ္ဋဌာနမနသိကာရေ၊ ကမ္မဋ္ဌာန်း၌နှလုံးသွင်းခြင်းကို။ အာရဒ္ဓမတ္တော၊ အားထုတ်ကာမျှ၌။ ဇုန္ဒာသနီ၊ သိကြားမိုဃ်းကြိုးသည်။ ပဗ္ဗတေ၊ တောင်တို့ကို။ စုဏ္ဏယမာနာဝိယ၊ မှုန့်မှုန့်ညက်ညက် ချေဖျက်သကဲ့သို့။ ကိလေသပဗ္ဗတေ၊ ကိလေသာတည်းဟူသော တောင်တို့ကို။ စုဏ္ဏယမာနံယေဝ၊ မှုန့်မှုန့် ညက်ညက်ချေဖျက်၍သာလျှင်။ ဥဏ္ဍံ၊ ဥဏ်သည်။ ပဝတ္တတိ၊ ဖြစ်၏။ ခုရဂ္ဂေယေဝ၊ သင်ဓနုန်း၏အဆုံး၌သာလျှင်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏာတိ၊ ဆိုက်ရောက်၏။

၆။ ပရိညာ ၃-ပါး

နာမ်ရုပ်နှစ်ပါးကို ပိုင်နိုင်စွာသိ-ဆိုသည်မှာ ပရိညာသုံးပါးဖြင့်သိသည်ကိုဆိုသည်၊ ပရိညာသုံးပါးဆိုသည်မှာ—

၁။ ဉာတပရိညာ
၂။ တီရဏပရိညာ } ၌သုံးပါးပင်ဖြစ်သည်။
၃။ ပဟာနပရိညာ

ထိုသုံးပါးတို့တွင်—

၁။ ဉာတ ပရိညာ-ဆိုသည်မှာ အကြောင်းနှင့်တကွ နာမ်ရုပ်ကို ဟုတ်မှန်တိုင်း သိမြင်နိုင်သော ဉာဏ်ကိုဆိုသည်၊

၂။ တီရဏပရိညာ-ဆိုသည်မှာ ယင်းနာမ်ရူပ်တို့၏မမြဲသောအနိစ္စ သဘော, ဆင်းရဲသော ဒုက္ခသဘော, အစိုးမရသော အနတ္တ သဘောကို ဟုတ်မှန်တိုင်းသိမြင်နိုင်သော ဉာဏ်ကိုဆိုသည်။

၃။ ပဟာနပရိညာ-ဆိုသည်မှာ ယင်းနာမ်ရူပ်တို့၌ သာယာ တွယ်တာသောတဏှာ,မာန,ဒိဋ္ဌိ-ဟုဆိုအပ်သော ပဝတ္တိတရား သုံးပါးကို ပယ်စွမ်းနိုင်သော ဉာဏ်ကိုဆိုသည်။

အကျဉ်းချုပ်မှတ်ရန်။ ။နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟ ဉာဏ်- ၅၂ဉာဏ်နှစ်ပါးကို ဉာတပရိညာဟူ၍ရင်း၊ သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်-၅၂ ဉာဏ်နှစ်ပါးကို နာမ်ရူပ်တရားတို့ကို လက္ခဏာ ရေးသုံးပါးသို့တင်၍ သာမညသုံးသပ်အပ်သည်၏အဖြစ်ကြောင့် တီရ ဏပရိညာ ဟူ၍ရင်း၊ ဘင်ဉာဏ်, ဘယဉာဏ်,အာဒီနဝဉာဏ်, နိဗ္ဗိဒါ ဉာဏ်, မုဉ္စိတုကမျှတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်- ၅၂ဉာဏ်ရှစ်ပါးတို့ကို နာမ်ရူပ်တရားတို့၏ အနိစ္စ သဘောအစရှိသည်ကို ပယ်သောအားဖြင့် ရှေးဉာဏ်တို့ထက် လွန်စွာ သော အာရုံရှိသောကြောင့် ပဟာနပရိညာ ဟူ၍ရင်း- မှတ်အပ် ၏၊ ၅၂အကြောင်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ဆို၏။

မူလပဏ္ဏာသအဋ္ဌကထာ၌ကား- ဝိပဿနာဉာဏ် ဆယ်ပါးကို တီ ရဏပရိညာဏ်ဟူ၍ရင်း၊ မဂ်ဉာဏ်လေးပါးကို ပဟာနပရိညာဏ် ဟူ၍ရင်း မိန့်ဆို၏။

၇။ ဥာတပရိညာ-နာမရူပပရိစ္ဆေဒဉာဏ်

ထိုပရိညာ သုံးပါးတို့တွင် ဉာတပရိညာ၌ နာမရူပပရိစ္ဆေဒ ဉာဏ်ဆိုသည်မှာ နာမ်ရူပ်နှစ်ပါးကိုပိုင်းခြား၍ သိမြင်နိုင်သောဉာဏ် ကိုဆိုသည်။

နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် နာမ်ရူပ်နှစ်ပါးပိုင်းခြား၍ သိမ်းဆည်း ပုံကို အတန်ငယ်ပြဆိုပေအုံ့။ ။၅၂ခန္ဓာကိုယ်၌ ရောက်တတ်ရာရာ ကြီတတ်,သိတတ်သောသဘောကို နာမ်ဟူ၍ရင်း၊ တစုံတရာ ဘယ်ဟာ ကိုမျှမသိတတ်သော ဖောက်ပြန်တတ်သော သဘောရှိသော ၅၂ကိုယ် ကောင်ကြီးကိုရူပ်ဟူ၍ရင်း-ရှေးဦးစွာ ပိုင်းခြားမှတ်သားရမည်။

ထိုသို့မှတ်သားပြီးလျှင် သွားသော်, ရပ်သော်, ထိုင်သော်, အိပ်သော် သွားတတ်, ရပ်တတ်, ထိုင်တတ်, အိပ်တတ်သောပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမဟူ၍မရှိ၊သွားလို, ရပ်လို, ထိုင်လို, အိပ်လိုသောစိတ်ဖြစ်သည့်အခါ ယင်းစိတ်ကြောင့် ဖြစ်သောဝါယောဓာတ်၏ သတ္တိကြောင့် ရူပကာယ၏သွားသော အမူအရာ, ရပ်သောအမူအရာ,ထိုင်သောအမူအရာ, အိပ်သောအမူအရာဖြစ်သည်ကိုပင် ငါ, သူတပါး, ယောကျ်ား, မိန်းမသွား၏၊ ထိုင်၏၊ အိပ်၏- ဟုခေါ်ဝေါ်ပညတ်ခြင်းမျှသာ ဖြစ်သည်၊ စင်စစ်အားဖြင့် ငါ,သူတပါး, ယောကျ်ား, မိန်းမဟူ၍ရင်း၊ သွားခြင်း,ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်းဟူ၍ရင်း-ထင်ရှားမရှိ။

ဤသို့စသည်ဖြင့် ငါ, သူတပါး, ယောကျ်ား, မိန်းမသည်ပျောက်ကင်းအောင် အဘန်ဘန်စဉ်းစားဆင်ခြင်ရမည်၊ သွားလို, ရပ်လို, ထိုင်လို, အိပ်လိုသောစိတ်သည်ရင်း၊ ယင်းစိတ်နှင့်အတူတကွ ဖြစ်ဘက်ခံစားခြင်းသဘော ရှိသောဝေဒနာ, မှတ်သားခြင်း သဘောရှိသောသညာ, ပြုပြင်ခြင်းသဘောရှိသောစေတနာ သင်္ခါရတို့သည်ရင်း၊ အာရုံသို့ညွှတ်တတ်သော "နမနလက္ခဏာ" သဘောရှိသောကြောင့် နာမ်တရားဟု ပိုင်းခြား မှတ်သားရမည်၊ စိတ္တဇဝါယောဓာတ်နှင့်တကွ မဟာဘုတ်, ဥပါဒါယရူပ်တို့၏ ပေါင်းစု လုံးထွေး အစုအဝေးဖြစ်သော တစုံတရာဘယ်ဟာတခုကိုမျှ မသိတတ်သော လုံးလုံးလျောင်းလျောင်းသော အကောင်အထည်သည်ကား ဖောက်ပြန်တတ်သော"ရူပနလက္ခဏာ" သဘောရှိသောကြောင့် ရူပ်တရားဟု ပိုင်းခြားမှတ်သားရသည်။

ထိုနာမ် ရူပ်နှစ်ပါး အကျဉ်းချုပ်မှတ်ရန်။ "ဤခန္ဓာကိုယ်ကြီးရှိ၌ ခြေက်ပါး၌ အာရုံခြောက်ပါး ထိခိုက်သော**အခါ** ထိခိုက်ရာ၌ရှိရှိ အသစ်ဖြစ်ပေါ်လာသောခံစားမှု စသောအသင်းအပင်းနှင့်တကွသော သိမှုကိုနာမ်-ဟူ၍ မှတ်ပါ၊ လေ၊အချမ်း,အပူ စသည်တို့နှင့် တွေ့ကြုံလျှင် ထင်ထင်ရှားရှား ဖောက်ပြန်တတ်သော သဘောတရားရှိသော နာမ်

ခြောက်ခုနှင့်တကွသော တစုံတရာ ဘယ်ဟာတခုကိုမျှ မသိတတ်သော ဤကိုယ်ကောင်ကြီးဟူ၍ သမုတ်အပ်သောခက်မာခြင်းစသော သဘောစုကိုရုပ်ဟူ၍မှတ်လေ။

၈။ အထူးမှတ်သားရန်

နာမ်ရုပ် နှစ်ပါးကို ပိုင်းခြား၍ သိလွယ်စိမ့်သောဌာ ဝတ္ထုခြောက်ပါး, ဒွါရခြောက်ပါး, အာရုံခြောက်ပါး တို့ကို အထူးမှတ်သားရသည်။

ဝတ္ထုခြောက်ပါးဆိုသည်မှာ—

(၁) စက္ခုဝတ္ထု၊ စက္ခုပသာဒ ရုပ်ဟူသော မျက်စိအိမ်။
(၂) သောတဝတ္ထု၊ သောတပသာဒ ရုပ်ဟူသော နားအိမ်။
(၃) ဃာနဝတ္ထု၊ ဃာနပသာဒ ရုပ်ဟူသော နှာခေါင်းအိမ်။
(၄) ဇိဝှါဝတ္ထု၊ ဇိဝှါပသာဒ ရုပ်ဟူသော လျှာအိမ်။
(၅) ကာယဝတ္ထု၊ ကာယပသာဒ ရုပ်ဟူသော ကိုယ်အိမ်။
(၆) ဟဒယဝတ္ထု၊ ဟဒယဝတ္ထု ရုပ်ဟူသော နှလုံးအိမ်။

ဤခြောက်ပါးတည်း။ ။စိတ်,စေတသိက်ဖြစ်ကုန်သော နာမ်တရားတို့၏ ဖြစ်ရာဖြစ်၍ ဤခြောက်ပါးကို ဝတ္ထု-ဟူ၍ခေါ်သည်။ ။ဝသန္တိ ပဝတ္တန္တိ ဇဋ္ဌာတိ ဝတ္ထု။ ။ထွေ၊ဤရုပ်ခြောက်ပါး၌။စိတ္တစေတသိကာ၊ စိတ်,စေတသိက် ဖြစ်ကုန်သော နာမ်တရားတို့သည်။ ဝသန္တိ-ပဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ဇုတိတသ္မာ၊ ထို့ကြောင့်။ဝတ္ထု၊ ဝတ္ထုမည်၏။

ဒွါရခြောက်ပါး ဆိုသည်မှာ—

(၁) စက္ခုဒွါရ၊ စက္ခုပသာဒ ရုပ်ဟူသော မျက်စိအပေါက်။
(၂) သောတဒွါရ၊ သောတပသာဒ ရုပ်ဟူသော နားပေါက်။
(၃) ဃာနဒွါရ၊ ဃာနပသာဒ ရုပ်ဟူသော နှာခေါင်းပေါက်။
(၄) ဇိဝှါဒွါရ၊ ဇိဝှါပသာဒ ရုပ်ဟူသော လျှာပေါက်။
(၅) ကာယဒွါရ၊ ကာယပသာဒ ရုပ်ဟူသော ကိုယ်ပေါက်။
(၆) မနောဒွါရ၊ဟဒယ ဝတ္ထု၌ တည်သော ဘဝင်စိတ်ဟူသော မနောအပေါက်။

ဤခြောက်ပါးတည်း။ ။စိတ်, စေတသိက် ဖြစ်ကုန်သော နာမ်တရားတို့နှင့် အာရုံတရားတို့၏ ဆိုက်ရောက် ဝင်, ထွက်ရာဖြစ်၍ ဤခြောက်ပါးကို ဒွါရ-ဟု၍ ခေါ်သည်၊လောကဌ် တံခါးပေါက်ကို ဒွါရ-ဟုခေါ်၏။ ။ဒွါရံ ဝိယာ တိ ဒွါရံ။ ၊ဒွါရံဝိယ၊တံခါးပေါက်နှင့်တူ၏။ ဣတိတသ္မာ၊ထို့ကြောင့်။ ဒွါရံ၊ဒွါရမည်၏။

အာရုံခြောက်ပါး ဆိုသည်မှာ–

(၁) ရူပါရုံ၊ အဆင်းအမျိုးမျိုး။
(၂) သဒ္ဒါရုံ၊ အသံအမျိုးမျိုး။
(၃) ဂန္ဓာရုံ၊ အနံ့အမျိုးမျိုး။
(၄) ရသာရုံ၊ အရသာအမျိုးမျိုး။
(၅) ဖောဋ္ဌဗ္ဗာရုံ၊ အတွေ့အထိ အမျိုးမျိုး။
(၆) ဓမ္မာရုံ၊ ဆိုခဲ့ပြီးသော အာရုံငါးပါးမှ ကျွင်းသမျှတရားစု။

ဤခြောက်ပါးတည်း။ ။စိတ်, စေတသိက် ဖြစ်ကုန်သော နာမ်တရားတို့၏ မျှော်လျှောရာဖြစ်၍ ဤခြောက်ပါးကို အာရုံ-ဟု၍ ခေါ်သည်။ ။အာရမန္ဒိ ဣတိ အာရမ္မဏံ။ ။ဣ၊ဤအာရုံ ခြောက်ပါး၌။ စိတ္တစေတသိကာ၊ စိတ်,စေတသိက်ဖြစ်ကုန်သော နာမ်တရားတို့သည်။ အာရမန္ဒိ၊ မျှော်လျှော် ပျော်ပါးကြကုန်၏။ ဣတိတသ္မာ၊ထို့ကြောင့်။အာရမ္မဏံ၊ အာရမ္မဏမည်၏။

၉။ နာမ်ရูပ် ဥပမာ

ထို နာမ်ရูပ်နှစ်ပါးကို ဥပမာဖြင့် ထင်ရှားစေဦးအုံ့။ ။ခြေကျိုးသောသူနှင့် မျက်စိကန်းသော သူနှစ်ဦးတို့သည် တခုသောအရပ်၌နေကြ၍ မျက်စိကန်းသောသူက ခြေကျိုးသောသူအား''အသင်ချစ်ဆွေ··တပါးသော အရပ်တို့၌ စားသောက်ရန် ပေါများပါလျက် အဘယ့်ကြောင့် ဤအရပ်၌သာနေပါသနည်း''ဟုမေးလျှင် ခြေကျိုးသောသူက တဘန်ပြန်၍''အို မိတ်ဆွေ····သင်သည်လည်း သွားကောင်းရာလျက် အဘယ့်ကြောင့် မသွားပါသနည်း'' ဟုမေးရာ ''ငါ့မှာမျက်စိမမြင်၍ မသွားနိုင်၊ငါ့မှာလည်းခြေမစွမ်း,,ဟုပြော၍ နှစ်ယောက်လျှင်အစပ်ပြု

၍ မျက်စိကန်းသောသူ၏ ကျောက်ကုန်းဌီးမှ ခြေမစွမ်းသော သူ၏ မျက်လုံးဖြင့် အလိုရှိရာသွားမှ အလုံးစုံကိစ္စကိုပြီးစေကြသကဲ့သို့ ခြေကျိုးသောသူနှင့် တူသောနာမကွန္ဓာ, မျက်စိကန်းသောသူနှင့် တူသော ရူပကွန္ဓာ၊ ဤသို့နာမ်ရုပ်တို့သည် မဆိုသော်လည်း ဆိုသကဲ့သို့ အချင်းချင်းကျေးဇူးပြု၍ အလိုရှိရာကိစ္စကိုပြီးစေနိုင်သည်။

ဤဌီးခြေကျိုးသောသူနှင့် မျက်စိကန်းသောသူ တခြားစီဖြစ်သကဲ့သို့ နာမ်တရားတခြား,ရုပ်တရားတခြား ကွဲပြားလေအောင် ဉာဏ်ဖြင့်ပိုင်းခြားရလေသည်။

၁၀။ ဝိပဿနာစီးဖြန်းရန်

သံသရာဝင့် ကျေ့ကွင်းညွှတ်မှ လွတ်ထွက်လိုသောအမျိုးကောင်းသား, သမီးတို့အကျိုးငှါ အကျဉ်းအားဖြင့် ယင်းနာမ်ရုပ်နှစ်ပါးကို ဝိပဿနာစီးဖြန်းရန်ပြဆိုပေအုံ့။

ဣမသ္မိံ သရီရေ ယံကိဉ္စိ နမနလက္ခဏံ နာမံ၊ ယံကိဉ္စိ ရူပနလက္ခဏံ ရူပံ၊ ဣဒဉ္စနာမံ ဣဒဉ္စရူပံ ဣဒံ ဝုစ္စတိ နာမ-ရူပံ။

ဣမသ္မိံသရီရေ၊ ဤကိုယ်၌။ ယံကိဉ္စိ၊ အလုံးစုံသော။ နမနလက္ခဏံ၊ အာရုံသို့ညွှတ်ခြင်း လက္ခဏာရှိသော။ နာမံ၊ အကောင်,အခဲမဟုတ်သော ဝတ္ထုရုပ်ခြောက်ခုတို့မှဖြစ်သော ရောက်တတ်ရာရာ ကြံတတ်သိတတ်သော အသိနာမ်တရားသည်ဂုဏ်း။ ယံကိဉ္စိ၊ အလုံးစုံသော။ ရူပနလက္ခဏံ၊ ထင်ထင်ရှားရှား ဖောက်ပြန်ခြင်း လက္ခဏာရှိသော။ ရူပဉ္စ။ အကောင်မဟုတ်ဘဲ အကောင်ကဲ့သို့ထင်ရသော တစုံတရာ ဘယ်ဟာတခုကိုမျှ မသိတတ်သော ဤကိုယ်ကောင်ကြီး-ဟု ဆိုအပ်သော ရုပ်တရားသည်ဂုဏ်း။ အတ္ထိ၊ ရှိ၏။ ဣဒဉ္စနာမံ၊ ဤနမနလက္ခဏာရှိသော နာမ်ကိုဂုဏ်း။ ဣဒဉ္စရူပံ၊ ဤရူပနလက္ခဏာရှိသောရုပ်ကိုဂုဏ်း။ နာမရူပံ၊ နာမ်ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

[ဤအတိုင်း ပါဠိ,အနက် နှုတ်တက်ရွတ်ရ ရအောင်ကျက်၍ အထပ်ထပ် ရွတ်ဘတ်စဉ်းစားဆင်ခြင်ပါလေ။]

၁၁။ နာမ်ရုပ်ကိုတမျိုးပြခက်း

ထိုနာမ် ရုပ်နှစ်ပါးကို ခန္ဓာ, အာယတန, ဓာတ်တို့ဖြင့်လည်း ပြဆိုအပ်၏၊ နာမ်တရားဌ တွေ့ဝေကြသော ဉာဏ်ပညာလည်းထက်သော အကျင့်ကြိုက်ပုဂ္ဂိုလ်တို့အတွက် ခန္ဓာငါးပါးဖြင့်ပြအပ်၏၊ ရုပ်တရားဌ တွေ့ဝေကြသော ဉာဏ်ပညာအလတ်စားရှိကြသူ မကျင့်,မကျယ်ကြိုက် ပုဂ္ဂိုလ်တို့အတွက် အာယတနတဆယ့်နှစ်ပါးဖြင့် ပြအပ်၏၊ နာမ် ရုပ် နှစ်ပါးဌပင် တွေ့ဝေသော ဉာဏ်လည်းနုသော အကျယ်ကြိုက် ပုဂ္ဂိုလ်တို့အတွက် ဓာတ်တဆယ့်ရှစ်ပါးဖြင့် ပြအပ်၏။

၁၂။ ခန္ဓာ ၅-ပါး

ခန္ဓာငါးပါးဆိုသည်မှာ—

၁။ ရူပက္ခန္ဓာ
၂။ ဝေဒနာက္ခန္ဓာ
၃။ သညာက္ခန္ဓာ
၄။ သင်္ခါရက္ခန္ဓာ
၅။ ဝိညာဏက္ခန္ဓာ

ဤငါးပါးတို့ပင်ဖြစ်သည်။

ထိုငါးပါးတို့တွင် ရူပက္ခန္ဓာ ဆိုသည်မှာ ယောက်ျား,မိန်းမစသော ပညတ်နှင့်ရင်း,ဝေဒနာစသော ခန္ဓာတပါးနှင့်ရင်း မရောမယှက်သက်သက် အချမ်း,အပူစသည်တို့ကြောင့် ထင်ထင်ရှားရှား ဖောက်ပြန်တတ်သောတစု,တပုံ,တသီးတခြားဖြစ်သော တရားကိုဆိုသည်၊ထိုအတူ အာရုံ၏ အရသာကိုခံစားတတ်သော တစု,တပုံ,တသီး တခြားဖြစ်သော တရားစုကိုဝေဒနာက္ခန္ဓာ,မှတ်သိတတ်သော တစု,တပုံ,တသီးတခြားဖြစ်သောတရားစုကို သညာက္ခန္ဓာ, အပင်းအသင်းနှင့် တကွ စေ့ဆော်တတ်သောတစု,တပုံ,တသီးတခြားဖြစ်သောတရားစုကို သင်္ခါရက္ခန္ဓာ, အာရုံကိုသိတတ်သော တစု,တပုံ,တသီးတခြားဖြစ်သော တရားစုကို ဝိညာဏက္ခန္ဓာ ဟူ၍ မှတ်ရမည်ဖြစ်ပေသည်၊ ဉာဏ်ဖြင့်သိမ်းဆည်းမှ ယင်းခန္ဓာငါးပါးကိုငါးစု,ငါးပုံ,ငါးမျိုး,တသီးတခြားအားဖြင့် မြင်နိုင်မည် ဖြစ်ပေသည်။

၁၃။ ရူပက္ခန္ဓာ

ထိုခန္ဓာငါးပါးတို့တွင် ရူပက္ခန္ဓာ၌ ရုပ်-ဆိုသည်မှာ အချမ်း, အပူ စသည်တို့ကြောင့် အထင်အရှား ဖောက်ပြန်တတ်သော သဘောတရားကိုဆိုသည်။

ရုပ္ပတီတိ ခေါ် ဘိက္ခဝေ တသ္မာ ရူပန္တိ ဝုစ္စတိ။ ။[ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မာ၊ အကြင်ကြောင့်။ ရုပ္ပတိ၊ အထင်အရှားဖောက်ပြန်တတ်၏။ ဣတိတသ္မာခေါ်၊ ထို့ကြောင့်လျှင်။ ရူပန္တိ၊ ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ခန္ဓာဆိုသည်မှာ-တစု,တပုံ,တသီးတခြားကိုဆိုသည်၊ ဖောက်ပြန်ခြင်းလက္ခဏာတခု၌ တစု,တပုံ,တသီးတခြားပြု၍ ဥာဏ်ဖြင့် သိမ်းဆည်းအပ်သောတရားစုကို ရူပက္ခန္ဓာ-ခေါ်သည်ဟုမှတ်။

ရူပက္ခန္ဓောတိ ရူပရာသိ၊ ရူပကောဋ္ဌာသော။ ။ [သမ္မောဟဝိနောဒနီ။]

ရူပက္ခန္ဓောတိ၊ ရူပက္ခန္ဓာ ဆိုသည်ကား။ ရူပရာသိ၊ ရုပ်စု ရုပ်ပုံတည်း။ ရူပကောဋ္ဌာသော၊ ရုပ်တသီးတခြားတည်း။

ထိုရူပက္ခန္ဓာ၌ ရုပ်တို့သည် နှစ်ဆယ့်ရှစ်ပါးအပြားရှိကုန်၏၊ နှစ်ဆယ့် ရှစ်ပါးဆိုသည်မှာ—

(က) မဟာဘုတ်လေးပါး
(ခ) ဥပါဒါယရုပ်နှစ်ဆယ့်လေးပါး } ဤနှစ်ဆယ့်ရှစ်ပါးတည်း။

(က) မဟာဘုတ်လေးပါးဆိုသည်မှာ—

(၁) ပထဝီ၊ ခက်မာခြင်းသဘောမျှဖြစ်သော မြေဓာတ်၊ နူးညံ့ရာ၌လည်း ပထဝီဓာတ်ပင်ဖြစ်သည်။ ။ပထဝီ-ဆိုသည်မှာ ပါဠိဘာသာအခေါ်,မြေ ဆိုသည်မှာ-မြန်မာဘာသာအခေါ်ဟူ၍မှတ်၊ ဤ၌မြေဟူဆိုအပ်သော်လည်း အများလူတို့ခေါ်ဝေါ်ကြသော ဝေါဟာရပညတ် မြေမျိုးဟူ၍ မမှတ်လင့်၊ ဝေါဟာရပညတ်မြေ၌ ပထဝီဓာတ်လွန်ကဲ

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်

သည်ဟူ၍သာမှတ်ရမည်၊ အစစ်ကား- ထိုထိုဝတ္ထုဒ္ဒါရှိသော ခက်မာခြင်းသဘောမျှပင်တည်း၊ နူးညံ့သောပထဝီသည် ထိုထက်နူးညံ့သော ပထဝီနှင့် ထောက်စာလျှင် ခက်မာသော ပထဝီဟူ၍ပင် ဆိုရပြန်၏၊ ထိုမှတပါးလည်း ကြွင်းသောမဟာဘုတ်သုံးခုနှင့် ထောက်စာပြန်လျှင် ပထဝီဓာတ်ဟူသမျှ ခက်မာခြင်းသဘောသာဖြစ်ပြန်၏၊ ယင်းသို့ဖြစ်၍ ခက်မာခြင်းသဘောကိုသာပထဝီဓာတ်အရာ၌ ပဓာနပြု၍ပြဆိုရသည်၊

ယော ဣမသ္မိं ကာယေ ထဒ္ဓဘာဝေါ ဝါ ခရဘာဝေါ ဝါ၊ အယံ ပထဝီဓာတု။ ။[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။]

ဣမသ္မိံကာယေ၊ ဤကိုယ်၌။ ယောထဒ္ဓဘာဝေါ ဝါ၊ အကြင်ခိုင်မာခြင်းသဘောလက္ခဏာသည်ရင်း။ ယောခရဘာဝေါ ဝါ၊ အကြင်ကြမ်းတန်းသော အခြင်းအရာကိစ္စသည်ရင်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤခိုင်မာကြမ်းတန်းခြင်းသဘောသည်။ ပထဝီဓာတု၊ ပထဝီဓာတ်တည်း။

ဤပထဝီဓာတ်ကိုပကတိမျက်စိဖြင့်ကြည့်၍မမြင်ကောင်း၊ဖောဌဗ္ဗာရုံမျိုးဖြစ်၍ ကာယဒွါရဖြင့်စမ်းသပ်၍သိရသည်၊မနောဒွါရဖြင့် စဉ်းစားဆင်ခြင်၍လည်း သိနိုင်လေသည်။

(၂) အာပေါ၊ဖွဲ့စေး, ယိုစီးခြင်းသဘောမျှဖြစ်သော ရေဓာတ်ပင်ဖြစ်သည်။ ။အာပေါ-ဆိုသည်မှာ ပါဠိဘာသာအခေါ်,ရေဆိုသည်မှာ မြန်မာဘာသာအခေါ်ဟူ၍မှတ်၊ ဤ၌ရေဟုဆိုသော်လည်းအများလူတို့ခေါ်ဝေါ်ကြသော ဝေါဟာရပညတ် ရေမျိုးဟူ၍မမှတ်လင့်၊ ဝေါဟာရပညတ်ရေ၌ အာပေါဓာတ်လွန်ကဲသည်ဟူ၍သာမှတ်ရမည်၊ အစစ်ကား-ထိုထိုဝတ္ထုဒ္ဒါရှိသော ဖွဲ့စေးခြင်း, ယိုစီးခြင်းသဘောမျှပင်တည်း။

ယော အာဗန္ဓနဘာဝေါ ဝါ ဒြဝဘာဝေါ ဝါ၊ အယံ အာ-ပေါဓာတု။ ။[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။]

ယောအာဗန္ဓနဘာဝေါ ဝါ၊ အကြင်စေးဖွဲ့သော အခြင်းအရာကိစ္စသည်ရင်း။ ယောဒြဝ ဘာဝေါ ဝါ၊အကြင်ယိုတွဲ ရိုခ္ခဲ ပြောင်းအိသော သဘောလက္ခဏာသည်ရင်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤစေးဖွဲ့ယိုတွဲရိုခ္ခဲ ပြောင်းအိခြင်းသဘောသည်။ အာပေါဓာတု၊ အာပေါဓာတ်တည်း။

ဤ အာပေါဓာတ်ကိုလည်း ပကတိမျက်စိဖြင့်ကြည့်၍ မမြင်ကောင်း၊ ဖောဌဗ္ဗာရုံမဟုတ်၍ ကာယဒွါရဖြင့် စမ်းသပ်၍လည်း မသိစကောင်း၊ မနောဒွါရဖြင့် စဉ်းစားဆင်ခြင်၍သာ သိရသည်-ဟု သေချာစွာမှတ်အပ်သည်။

ဝေါဟာရပညတ် ရေကို စမ်းသပ်ရာ၌ စိုစွတ်သည်-ဟူ၍ အရည်အားဖြင့် တွေ့ခြင်းကို ပထဝီကိုတွေ့ထိသည်-ဟု မှတ်၊ အေးသည်, ပူသည် ဟု တွေ့ခြင်းကို တေဇောကိုတွေ့ထိသည်-ဟု မှတ်၊ ထောက်ကန်သည်, လှုပ်ရှားသည် ဟု တွေ့ခြင်းကို ဝါယောကိုတွေ့ထိသည်ဟုမှတ်၊ အာပေါကို တွေ့ထိသည်-ဟု မမှတ်လင့်။

(၃) တေဇော၊ ပူ,အေးခြင်းသဘောမျှဖြစ်သော မီးဓာတ်ပင်ဖြစ်သတည်း။ ။တေဇော-ဆိုသည်မှာ ပါဠိဘာသာအခေါ်,မီးဆိုသည်မှာ မြန်မာဘာသာအခေါ်ဟူ၍မှတ်၊ဤ၌ မီးဟုဆိုသော်လည်း မီးတောက်, မီးလျှံအထည်,သဏ္ဌာန် ရကောင်းသောအများလူတို့ခေါ်ဝေါ်ကြသော ဝေါဟာရပညတ် မီးမျိုးဟူ၍ မမှတ်လင့်၊ ဝေါဟာရပညတ်မီး၌ တေဇောဓာတ် လွန်ကဲသည်ဟူ၍သာမှတ်၊ အစစ်ကား-ထိုထိုဝတ္ထု၌ရှိသော ပထဝီအစရှိသော ရူပ်များကို ရင့်ကျက်စေခြင်း,ပူ-အေးခြင်းသဘောမျှပင်တည်း။

ယော ပရိပါစနဘာဝေါ ဝါ ဥဏှဘာဝေါ ဝါ၊အယံ တေ-ဇောဓာတု။ ။ [ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။]

ယောပရိပါစန ဘာဝေါဝါ၊ အကြင်လှပတင့်တယ်, အရွယ်အိုမင်းအရေတွန့်လိပ်ခြင်း စသည်ဖြင့် ရင့်ကျက်စေခြင်း ကိစ္စသည်ရင်း။ ယောဥဏှဘာဝေါဝါ၊ အကြင်ခိုးရှိန် ပူ,အေးခြင်း သဘောလက္ခဏာသည်ရင်း။ အတ္ထိ၊ရှိ၏။အယံ၊ ဤရင့်ကျက်စေတတ်သောခိုးရှိန် ပူ,အေးသော သဘောသည်။ တေဇောဓာတု၊ တေဇောဓာတ်တည်း။

ဥဏှဘာဝေါ ၌ ဥဏှ-သဒ္ဒါသည် အပူ၌သာထင်ရှား၏၊ ယင်းသို့ဖြစ်သော်လည်း အအေးကိုလည်း ဥဏှ-သဒ္ဒါဖြင့်ယူရသည်၊ ထိုစကားမှန်၏၊ အေးမှုကိုလည်း တေဇောဓာတ်ဟူ၍သာ မှတ်ရမည်။

တေဇော ဝေ ဟိ သိတံ၊ဟိမပါတသမယာဒိသု သိတသ
ပရိပါစကတာ ဒဿနတော။ ။[မူလဋီကာ။]

ဟိသစ္စံ၊ မှန်၏။ သိတံ၊ အေးမှုသည်။ တေဇောဝေ၊ တေဇောပင်
တည်း။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဟိမပါတ သမယာ-
ဒိသု၊ ဆီးနှင်းကျသောအခါ စသည်တို့၌။ သိတသ၊ အေးမှု၏။ပရိပါ-
စကတာ ဒဿနတော၊ရင့်ကျက်စေတတ်သည်၏ အဖြစ်ကို မြင်ရသော
ကြောင့်တည်း။

ဤ တေဇောသည် ရုပ်တို့ကို ရင့်ကျက်စေခြင်းမျှသာ မဟုတ်ချေ၊
အသစ်,အသစ်သော ရုပ်တို့ကိုလည်း ဖြစ်ပွါးစေတတ်၏၊ထိုကြောင့်ပင်
ဤတေဇောကို ဥတု-ဟူ၍လည်းခေါ်သည်။

ဥတု စတုသမုဋ္ဌာနိကရူပါနံ ပဝတ္တိယာစ ဝိနာသသဿစ
ပစ္စယော ဟောတိ။ ။[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။]

ဥတု၊ ဥတုမည်သော တေဇောခေတ်သည်။စတုသမုဋ္ဌာနိကရူပါနံ၊
အကြောင်းလေးပါးတို့ကြောင့် ဖြစ်ကုန်သော ရုပ်တို့၏။ ပဝတ္တိယာစ၊
ဖြစ်ပွါးခြင်း၏ရင်း။ ဝိနာသသဿစ၊ ဆုတ်ယုတ်ပျက်စီးခြင်း၏ရင်း။
ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤတေဇောဥတုသည် နိယာမတရား ငါးပါးတို့တွင် တပါးအပါ
အဝင်ဖြစ်သည့်အပြင် အဏုတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်၌ ရှိရှိသမျှ
သော အလုံးစုံသော ရုပ်တရားတို့၏ အကြီးအမှူးဖြစ်၍ အနာရောဂါ
ကင်းခြင်း, အသက်ရှည်ခြင်း, အဖျားအနာမျှားခြင်း, သေကြေပျက်
စီးရခြင်း, ကမ္ဘာတည်ခြင်း, ကမ္ဘာပျက်ခြင်း စသည်တို့ကို ပြုပြင်နိုင်
သည်ဖြစ်၍ လွန်စွာ အစွမ်းသတ္တိနှင့် ပြည့်စုံသောခေတ်ကြီးတပါး ဖြစ်
လေသည်၊ ဤတေဇောခေတ်ကိုလည်း ပကတိမျက်စိဖြင့် ကြည့်၍မမြင်
ကောင်း၊ဖောဌဗ္ဗာရုံမျိုးဖြစ်၍ ကာယဒွါရဖြင့် စမ်းသပ်၍ သိရသည်၊
မနောဒွါရဖြင့် စဉ်းစားဆင်ခြင်၍ လည်းသိနိုင်လေသည်။

(၄) ဝါယော၊ ထောက်ကန်, လှုပ်ရှားခြင်း သဘောမျှဖြစ်သော
လေခေတ်။ ။ဝါယော-ဆိုသည်မှာ ပါဠိဘာသာ အခေါ်, လေဆို
သည်မှာ မြန်မာဘာသာအခေါ်ဟူ၍မှတ်၊ဤ၌ လေဟုဆိုသော်လည်း

ပထဝီ,အာပေါ,တေဇော,ဝါယော-ဟူသောခေတ် ၄-ပါး အပေါင်း အစုဖြစ်သော လေညှင်း,လေပြင်း အနေနှင့် အများလူတို့ခေါ်ဝေါ်ကြ သော ဝေါဟာရပညတ်လေမျိုးဟူ၍ မမှတ်လင့်၊ ဝေါဟာရပညတ် လေ၌ ဝါယောခေတ်လွန်ကဲသည်ဟူ၍သာမှတ်လေ။

အစစ်ကား–ထိုထိုဝတ္ထု၌ ရှိသော ထောက်ကန်ခြင်း,လှုပ်ရှားခြင်း သဘောမျှပင်တည်း။

ယော ဝိတ္ထမ္ဘနဘာဝေါ ဝါ သမုဒီရဏဘာဝေါ ဝါ၊ အယံ ဝါယောခေါတု။ ။[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။]

ယောဝိတ္ထမ္ဘန ဘာဝေါဝါ၊ အကြင်သွား, ရပ်, ထိုင်, လျောင်း ခြင်းစသည်၌ တောင့်တင်း, ခိုင်ခဲ့, ထောက်ပံ့ခြင်း သဘောလက္ခဏာ သည်ရင်း။ ယောသမုဒီရဏ ဘာဝေါ ဝါ၊ အကြင် ရွှေ့တွား လှုပ်ရှား ခြင်းကိစ္စသည်ရင်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤတောင့်တင်း,ခိုင်ခဲ့,ထောက် ပံ့,ရွှေ့တွား,လှုပ်ရှားခြင်းသဘောသည်။ ဝါ!ယောခေါတု၊ ဝါယောခေါတ် တည်း။

ဤဝါယောခေါတ်ကို တေဇောခေါတ်၏ အဟုန်အရှိန်ဟူ၍မှတ်၊ ဤ ခေါတ်ကိုလည်း ပကတိမျက်စိဖြင့် ကြည့်၍မမြင်ကောင်း၊ဖောဋ္ဌဗ္ဗာရုံမျိုး ဖြစ်၍ ကာယဒွါရဖြင့် စမ်းသပ်၍ သိရသည်၊ မနောဒွါရဖြင့် စဉ်းစား ဆင်ခြင်၍လည်းသိနိုင်လေသည်။

ဆိုအပ်ခဲ့ပြီးသော ပထဝီ, အာပေါ, တေဇော, ဝါယော-ဟူသော လေးပါးသော ရူပ်တို့သည်"မဟန္တာ ဟုတ္တာ ပါတုဘူတာ တိ မဟာ-ဘူတာ"ဟူသော ဝစနတ္ထကြောင့် မဟာဘုတ်မည်ကုန်၏။ ။မဟန္တာ၊ ကြီးကုန်သည်။ ဟုတ္တာ၊ ဖြစ်၍။ ပါတုဘူတာ၊ ထင်ရှားဖြစ်ကုန်၏။ ဇုတိတသ္မာ၊ထို့ကြောင့်။ မဟာဘူတာ၊ မဟာဘုတ်မည်ကုန်၏။

[ဤကားမဟာဘုတ် လေးပါးတည်း။]

(ခ) ဥပါဒါယရူပ် နှစ်ဆယ့်လေးပါးဆိုသည်မှာ–

(၁) စက္ခု၊ မျက်စိ၌ အကြည်ရူပ်။ ။ဤ၌ စက္ခု-ဆိုသည်မှာ မျက်ဖြူဖြင့် ဝန်းဝိုင်းအပ်သောမျက်နက်ဝန်း၏အလယ် သန်းဦးခေါင်း ပမာဏရှိသော အရပ်၌ ဂွမ်းလွှာခုနစ်ထပ်တို့၌ လောင်းအပ်သော

ဆိသည် စိမ့်ဝင်ပြန့်နှံ့၍ တည်သကဲ့သို့ မျက်လွှာခုနစ်ထပ်၌ ပြန့်နှံ့လျက် တည်သော ကြည်လင်ခြင်း သဘောတမျိုးကိုဆိုသည်ဟုမှတ်။

(၂) သောတ၊ နား၌အကြည်ရှိ၏။ ။ဤ၌ သောတ-ဆိုသည်မှာ နား၏အတွင်း နူးညံ့သိမ်ဖျဲ့မှုသော အမွေးနိုကလေးတို့ပေါက်ရောက်၍ နေသော ကြေးနီ လက်စွပ်ကွင်းသဏ္ဌာန်ရှိသော အရပ်၌ ပြန့်နှံ့လျက် တည်သော ကြည်လင်ခြင်းသဘောတမျိုးကိုဆိုသည်ဟုမှတ်။

(၃) ဃာန၊ နှာခေါင်း၌ အကြည်ရှိ၏။ ။ဤ၌ ဃာန-ဆိုသည်မှာ နှာခေါင်းပေါက်၏အတွင်း ဆိတ်ခွာသဏ္ဌာန်ရှိသော အရပ်၌ ပြန့်နှံ့လျက် တည်သော ကြည်လင်ခြင်းသဘောတမျိုးကို ဆိုသည်ဟုမှတ်။

(၄) ဇိဝှါ၊ လျှာ၌အကြည်ရှိ၏။ ။ဤ၌ ဇိဝှါ-ဆိုသည်မှာ လျှာ၏ အထက်အပြင်၌ အလယ်၌ ပြတ်သောကြာရွက်ဖျား သဏ္ဌာန်ရှိသော အရပ်၌ ပြန့်နှံ့၍တည်သော ကြည်လင်ခြင်း သဘောတမျိုးကို ဆိုသည်ဟုမှတ်။

(၅) ကာယ၊တကိုယ်လုံး၌အကြည်ရှိ၏။ ။ဤ၌ ကာယ-ဆိုသည်မှာ ဆံပင်ဖျား, မွေးညှင်းဖျား, ခြေသည်းဖျား, လက်သည်းဖျား ခြောက် သွေ့သောအသားအရေတို့ကို ချန်လှပ်၍ ဝါဂွမ်းစုဝယ် လောင်းအပ် သော ဆီသည်ပြန့်နှံ့ စိမ့်ဝင်၍တည်သကဲ့သို့တကိုယ်လုံးကို ပြန့်နှံ့၍တည် သော ကြည်လင်ခြင်းသဘောတမျိုးကို ဆိုသည်ဟုမှတ်။

လောက၌ မှန်ပြင်,ကြေးမုံပြင်,ရေပြင် အကြည်များ၌ ထိုထိုဝတ္ထု တို့၏ အရိပ်ထင်ကြကုန်ဘိသကဲ့သို့ ဤအကြည်ငါးပါး၌လည်း အာရုံ ငါးပါးအရိပ်ထင်ကြကုန်၏၊ ထိုသို့ထင်ကြကုန်သော်လည်း တခုနှင့်တခု အကြည်ခြင်းမတူကြရကား ရူပါရုံသည် စက္ခုအကြည်၌ရင်း, သဒ္ဒါရုံ သည် သောတ အကြည်၌ရင်း, ဂန္ဓာရုံသည် ဃာန အကြည်၌ရင်း, ရသာရုံသည် ဇိဝှါအကြည်၌ရင်း, ဖောဋ္ဌဗ္ဗာရုံသည် ကာယအကြည်၌ ရင်း အသီးအသီးသာ ထင်နိုင်ကြကုန်သည်ဟုမှတ်။

[ဤကားအကြည် ပဿာဒရှိပ် ငါးပါးတည်း။]

(၁) ရူပ၊ အဆင်းရှိ၏။ ။ဤ၌ ရူပ-ဆိုသည်မှာ အဆင်းရှိပ်ဟု ဆိုသော်လည်း စင်စစ်အားဖြင့်ကား ရူပါရုံပင်တည်း၊ ထိုရူပါရုံသည်

စက္ခု၊အကြည်၏အာရုံမျိုးပေတည်း၊ သို့ဖြစ်၍ အဆင်း, သဒ္ဒာန်, အမိုက်,အလင်း, အရိပ်, အရောင်, မြှုမှုန်, အခိုးမှစ၍ မျက်စိဖြင့် မြင်ကောင်းသမျှအလုံးစုံးကို ဤ၌ရူပချည်းဟူ၍ မှတ်ရမည်၊ထိုအကြောင်းကို "ကတမန္ဆိ ရူပံ ရူပါယတနံ"အစရှိသော ဓမ္မသင်္ဂဏိပါဠိတော်ဖြင့် သိအပ်၏။

(၂) သဒ္ဒ၊ အသံရုပ်။ ။ဤ၌ သဒ္ဒ-ဆိုသည်မှာ သဒ္ဒါရုံဟုဆိုအပ်သော အသံပင်တည်း၊စိတ္တဇဖြစ်သော အသက်ရှိသော သတ္တဝါ၏ခံတွင်းမှ ဖြစ်သောအသံ, ဥတုဇဖြစ်သော ဝမ်းရုတ်သံ, မိုးယံးခြိမ်းသံ၊ ဤသို့စသော အသံဟူသမျှကို ဤ၌ သဒ္ဒဟူ၍မှတ်ရမည်။

(၃) ဂန္ဓ၊ အနံ့ရုပ်။ ။ဤ၌ ဂန္ဓာရုံ-ဟု ဆိုအပ်သော အနံ့ပင်တည်း၊အမြစ်အနံ့,အနှစ်အနံ့, အခေါက်အနံ့, အရွက်အနံ့, အပွင့်အနံ့စသောအကောင်း-အဆိုး အနံ့ဟူသမျှကို ဤ၌ ဂန္ဓဟူ၍မှတ်ရမည်။

(၄) ရသ၊ အရသာရုပ်။ ။ဤ၌ ရသ-ဆိုသည်မှာ ရသာရုံဟုဆိုအပ်သော အရသာပင်တည်း၊ အမြစ်အရသာ, ပင်စည်အရသာ, အခေါက်အရသာ, အရွက်အရသာ, အပွင့်အရသာစသော အရသာဟူသမျှကို ဤ၌ ရသဟူ၍မှတ်ရမည်၊ အချို,အချဉ်, အစပ်, အငန်, အဖန်, အခါး-ဟူ၍ ရသသည် ခြောက်မျိုးရှိ၏။

(၅) ဖောဋ္ဌဗ္ဗ၊အတွေ့ရုပ်။|။ဤ၌ ဖောဋ္ဌဗ္ဗ-ဆိုသည်မှာဖောဋ္ဌဗ္ဗာရုံဟု ဆိုသော တွေ့အပ်, ထိအပ်သော သဘောပင်တည်း၊ တရားကိုယ်အားဖြင့် ပထဝီ,တေဇော,ဝါယော-ဟုဆိုအပ်သော ခေါတ်သုံးပါးပင်တည်း၊ ခက်မာသော အတွေ့အထိ,နူးညံ့သော အတွေ့အထိကို ပထဝီဖောဋ္ဌဗ္ဗ-ဟူ၍ရင်း၊အေးသောအတွေ့အထိ,ပူသောအတွေ့အထိကို တေဇောဖောဋ္ဌဗ္ဗ-ဟူ၍ရင်း၊ထောက်ကန်သောအတွေ့အထိ,လွှပ်ရှားသော အတွေ့အထိကို ဝါယောဖောဋ္ဌဗ္ဗ-ဟူ၍ရင်း မှတ်ရမည်။

[ဤကား အာရုံဂေါစရရုပ်ငါးပါးတည်း။]

(၁) ဣတ္ထိဘာဝ၊မိန်းမရုပ်။ ။ဤ၌ ဣတ္ထိဘာဝရုပ်-ဆိုသည်မှာ ဤသူကားမိန်းမဘဲ-ဟု သိစေတတ်သောမိန်းတို့၏ တကိုယ်လုံးကိုပြန့်နှံ့၍ တည်သောသိမ်မွေ့သော အမူအရာသဘောတမျိုးကိုပင် ဆိုသည်ဟု မှတ်။

ဤဇာတ်တိုဘာဝရပ်ကြောင့်သာလျှင် ဇာတ်လိုက်, ဇာတ်နိမိတ်, ဇာတ်ကုတ်,ဇာတ်အာကပ-ဟုဆိုအပ်သော မိန်းမပုံသဏ္ဌာန်ဟန်ပန်တို့သည် ဖြစ်ကုန်၏။

ယထာ ဟိ ဗီဇေ သတိ ဗီဇံ ပဋိစ္စ ဗီဇပစ္စယာ ရုက္ခော ဝမှိတ္တာ သာခါဝိဋပသမ္ပန္နော ဟုတ္တာ အာကာသံ ပူရေတ္တာ တိဋ္ဌတိ၊ ဧवमेव ဇာတ်တိုဘာဝသင်္ခါတေ ဇာတ်တိုနှိုယေ သတိ ဇာတ်လိုက်ဒိနိ ဟောန္တိ။ ။[အဋ္ဌသာလိနီအဋ္ဌကထာ။]

ဟိ၊ ထိုစကားကို ဥပမာဖြင့် ထင်ရှားစေဦးအုံ့။ ဗီဇေ၊မျိုးစေ့သည်။ သတိ၊ ရှိသော်။ ဗီဇံ၊ မျိုးစေ့ကို။ ပဋိစ္စ၊စွဲ၍။ ဗီဇပစ္စယာ၊ မျိုးစေ့ဟူသော အကြောင်းကြောင့်။ ရုက္ခော၊ သစ်ပင်သည်။ ဝမှိတ္တာ၊ ကြီးပွါး၍။ သာခါဝိဋပသမ္ပန္နော၊ အခက်အခွန့်ပြည့်စုံသည်။ ဟုတ္တာ၊ ဖြစ်၍။ အာကာသံ၊ကောင်းကင်ကို။ ပူရေတ္တာ၊ ပြည့်စေ၍။ တိဋ္ဌတိ၊ယထာ၊တည်သကဲ့သို့။ ဧवमेव၊ ဤအတူလျှင်။ ဇာတ်တိုဘာဝသင်္ခါတေ၊ ဇာတ်တိုဘာဝရပ်ဟု ဆိုအပ်သော။ ဇာတ်တိုနှိုယေ၊ ဇာတ်တိုနှိုသည်။ သတိ၊ ရှိသော်။ ဇာတ်-လိုက်ဒိနိ၊ ဇာတ်လိုင်စသည်တို့သည်။ ဝါ၊ ဇာတ်လိုက်, ဇာတ်နိမိတ်, ဇာတ်ကုတ်,ဇာတ်အာကပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

က။ မိန်းမတို့၏ လက်,ခြေ အစရှိသော သဏ္ဌာန်သည် ဇာတ်လိုက်မည်၏။

ခ။ မိန်းမတို့၏ ပြိုးခြင်း,ရယ်ခြင်းစသော အမူအရာသည် ဇာတ်နိမိတ်မည်၏။

ဂ။ မိန်းမတို့၏ ကစားမှုအမျိုးမျိုးတို့ဖြင့် ကစားခြင်း, ရှင်မြူးခြင်း, တင့်တင့်တယ်တယ်ပြုခြင်းစသော အမူအရာသည် ဇာတ်ကုတ်မည်၏။

ဃ။ မိန်းမတို့၏ ယိမ်းနွဲ့သဏ္ဌာန် ဟန်ပန်ယူ၍ သွားခြင်းစသော အမူအရာသည် ဇာတ်အာကပ်မည်၏။

လိင်ံ ဟတ္ထာဒိသဏ္ဌာနံ၊
နိမိတ္တံ မိဟိတာဒိကံ။
ကုတ္တံ သုပ္ပါဒိနာ ကီဠာ၊
အာကပ္ပေါ ဂမနာဒိကံ။
[အဋ္ဌသာလိနီ အဋ္ဌကထာ။]

ဟတ္ထာဒိ သဏ္ဌာန်၊ လက်,ခြေစသည်တို့၏အကြီး,အငယ်သဏ္ဌာန်သည်။ လိင်္ဂ၊ အသွင်မည်၏။ မိဟိတာဒိကံ၊ ပြုံးရယ်ခြင်းစသည်သည်။ နိမိတ္တံ၊ နိမိတ်မည်၏။သုပ္ပါဒိနာ၊ ဗန်း,ဆန်ကောလမ်စသည်ဖြင့်။ကိဠာ၊ ကစားရွှင်မြူးခြင်းသည်။ ကုတ္တံ၊ အပြုအမူမည်၏။ ဂမနာဒိကံ၊ ယိမ်းနွဲ့သဏ္ဌာန် ဟန်ပန်ယူ၍ သွားခြင်းစသော အမူအရာသည်။ အာဂတေါ၊ အသွင်အပြင်မည်၏။

ဇုတ္ထိဘာဝရုပ်၏ အကျိုးဖြစ်သော ဆိုခဲ့ပြီးသော ဇုတ္ထိလိင် အစရှိသော မိန်းမတို့၏ပုံသဏ္ဌာန် ဟန်ပန်အမူအရာကိုထောက်၍ ဇုတ္ထိဘာဝရုပ်ကိုသိရသည်။

(၂) ပုမ္ဘာဝ–ယောက်ျားရုပ်။ ။ဤ၌ ပုမ္ဘာဝရုပ်-ဆိုသည်မှာ ဤသူကား ယောက်ျားဘဲ-ဟု သိစေတတ်သော ယောက်ျားတို့၏တကိုယ်လုံးကိုပြန့်နှံ့၍တည်သော သိမ်မွေ့သောအမူအရာ သဘောတမျိုးကိုပင် ဆိုသည်ဟုမှတ်၊ဤပုမ္ဘာဝရုပ်ကြောင့်သာလျှင် ပုရိသလိင်္ဂ,ပုရိသနိမိတ္တ, ပုရိသကုတ္တ, ပုရိသအာဂတပဋ-ဟု ဆိုအပ်သော ယောက်ျားပုံသဏ္ဌာန် ဟန်ပန်တို့သည် ဖြစ်ကုန်၏။

က။ ယောက်ျားတို့၏ လက်,ခြေအစရှိသော သဏ္ဌာန်သည် ပုရိသလိင်္ဂမည်၏။
ခ။ ယောက်ျားတို့၏ပြုံးရယ်ခြင်းစသော အမူအရာသည် ပုရိသနိမိတ္တမည်၏။
ဂ။ ယောက်ျားတို့၏ ကစားမှုအမျိုးမျိုးတို့ဖြင့် ကစားခြင်း,ရွှင်မြူးခြင်း, အကြီးအကျယ် ပြုလုပ်ခြင်းစသော အမူအရာသည် ပုရိသကုတ္တမည်၏။
ဃ။ ယောက်ျား တို့၏ သွားခြင်းစသောအမူအရာသည် ပုရိသအာဂတပဋမည်၏။

ပုမ္ဘာဝရုပ်၏ အကျိုးဖြစ်သော ဆိုခဲ့ပြီးသော ပုရိသလိင်အစရှိသော ယောက်ျားတို့၏ ပုံသဏ္ဌာန် ဟန်ပန်အမူအရာကို ထောက်၍ ပုမ္ဘာဝရုပ်ကိုသိရသည်။

[ဤကားဘာဝရုပ်နှစ်ပါးတည်း။]

(၁) ဟဒယဝတ္ထု–ရင်လယ်၌ ဟဒယရုပ်။ ။ဤ၌ ဟဒယရုပ်-ဆိုသည်မှာ သားမြတ်နှစ်ခုတို့၏ အကြား၌တည်သော နှလုံးအိမ်၌ တလက်ခုပ် ထက်ဝက်မျှလောက်သော သွေးသည် ရှိ၏၊ ထိုနှလုံးသွေးကို ပြန့်နှံ့လျက်တည်သော ရုပ်အထူးကိုဆိုသည်-ဟု မှတ်၊ ဤဟဒယရုပ်သည် မနောဓာတ်,မနောဝိညာဏဓာတ်ဟုခေါ်သောနာမ်တရားတို့၏ မှီရာဖြစ်၏၊ စိတ်,စေတသိက်ဖြစ်ကုန်သော ယင်းနာမ်တရားတို့၏အစွမ်းကြောင့် နှလုံးသွေးသည် အဆင်းအမျိုးမျိုး ဖြစ်၏၊ ရာဂဖြစ်ပေါ်လာသောအခါ-နီ၏၊ ဒေါသဖြစ်ပေါ်လာသောအခါ-နက်၏၊ မောဟဖြစ်ပေါ်လာသောအခါ-သားဆေးရည်အဆင်း ရှိ၏၊ သဒ္ဓါဖြစ်ပေါ်လာသောအခါ-မဟာလှေကားပွင့်အဆင်းရှိ၏၊ ပညာဖြစ်ပေါ်လာသောအခါ-အလွန်ကြည်လင်၏၊ စင်ကြယ်၏၊ အရောင်တောက်၏။

[ဤကား-ဟဒယရုပ်တည်း။]

(၁) ဇီဝိတိန္ဒြေ၊ ကိုယ်စောင့် ဇီဝိတရုပ်။ ။ဤ၌ ဇီဝိတရုပ်- ဆိုသည်မှာ ကမ္မဇရုပ်တို့၏ အသက်ပင်တည်း၊ တကိုယ်လုံး၌ရှိသော ကမ္မဇရုပ်တို့ကို စုတိကမ္မဇရုပ်ချုပ်သည့်တိုင်အောင် မပျက်စီးစေဘဲ စောင့်ရှောက်တတ်သော ရုပ်အထူးကို ဇီဝိတ ရုပ် ဆိုသည်-ဟု မှတ်၊ ※ ထင်ရှားစေဦးအုံ့-စိတ္တဇ,ဥတုဇ,အာဟာရဇ ရုပ်တို့သည် မိမိတို့ကို ဖြစ်စေသော စိတ်, ဥတု,အာဟာရ ထင်ရှားရှိလျက်ဖြစ်၍ အမိသည် မိမိသားကို မိမိထိန်းသိမ်း စောင့်ရှောက်သကဲ့သို့ စောင့်ရှောက်ကြကုန်၏။

ကမ္မဇရုပ်တို့ကို ဖြစ်စေသော ကံသည်ကား ရှေးရှေးဘဝ၌ ချုပ်လေပြီးဖြစ်သောကြောင့် အမိသေသောသားကို အထိန်းစောင့်ရှောက်သကဲ့သို့ ဤဇီဝိတရုပ်သည် ထိုကမ္မဇရုပ်တို့ကို မပျက်စီးရအောင် စောင့်ရှောက်ရလေသည်။

[ဤကား-ဇီဝိတ ရုပ်တည်း။]

(၁) အာဟာရ၊ကဗဠိကာရအာဟာရရုပ်။ ။ဤ၌ အာဟာရရုပ်-ဟူသည် မဟာဘုတ်လေးပါး၌ မှီ၍တည်ရှိသော ရုပ်အနှစ်,ရုပ်အ

ဆိ,ဓာတ်အနှစ်,ဓာတ်အဆိကိုဆိုသည်၊※ထင်ရှားစေဦးအုံ-သတ္တဝါတို့စားသောက်သမျှသောအရည်,အဖတ်တို့ကို အစာသစ်အိမ်၌ ဝမ်းမီးချက်ရာ အရည်, အဖတ်, အဆိ သုံးမျိုးကွဲသည်တွင် အဖတ်သည် ဆာလောင်ခြင်းကိုဖျောက်၏၊ အရည်သည် မွတ်သိပ်ခြင်းကို ဖျောက်၏၊ အဆိ,အစေးသည် အသွေး, အသားတို့ကို ပွါးစေ၏၊ ထို အဖတ်, အရည်, အဆိတို့၏ ငါးပုံ,တပုံသည် ရသမည်၏၊ ဤရသဓာတ်၌ပါရှိသော ရသဓာတ်၏ အနှစ်ဖြစ်သော ရသကြောကို အစဉ်လျှောက်၍ ကိုယ်အလုံးကို ပြန့်နှံ့တတ်သောထောက်ပံ့မှု,အားရှိမှုကိုပြုတတ်သော မဟာဘုတ်ကိုမှီ၍တည်သော တခုသောရုပ်အထူးသည် ဩဇာမည်၏၊ ထိုဩဇာကိုပင် ကဗဠိကာရ အာဟာရရုပ် ဟူ၍ဆိုရသည်။

ဩဇာ လက္ခဏောတိ ဇ္ဇော အဂ်မဂ်ါနုသာရိနော ရသဿ သာရော ဥပတ္ထမ္ဘ ဗလဝကရော ဘူတနိဿိတော ဧကော ဝိသေသော ဩဇာ။ ။[မူလဋီကာ။]

ဩဇာလက္ခဏောတိ၊ ဩဇာလက္ခဏော-ဟူသည်ကား။ ဇ္ဇော၊ ဤရသဓာတ်၌။ အဂ်မဂ်ါနုသာရိနော၊ အဂ်ါကြီး,ငယ်တို့သို့ အစဉ်လျှောက်၍နေသော။ ရသဿ၊ ရသဓာတ်ရည်၏။ သာရော၊ အဆိအနှစ်ဖြစ်သော။ ဥပတ္ထမ္ဘ ဗလဝကရော၊ထောက်ပံ့မှု, အားရှိမှုကိုပြုတတ်သော။ ဘူတနိဿိတော၊ မဟာဘုတ်ကိုမှီသော။ ဧကော၊ တခုသော။ ဝိသေသော၊ ရုပ်အထူးသည်။ ဩဇာ၊ ဩဇာမည်၏။

[ဤကား-အာဟာရ ရုပ်တည်း။]

ဤသို့ပြအပ်ပြီးသော မဟာဘုတ်လေးခု,ပသာဒရုပ် ငါးခု, [ဖောဋ္ဌဗ္ဗရုပ် ဟူသည် ပထဝီ, တေဇော, ဝါယောမျှသာ ဖြစ်သောကြောင့် ၎င်းဖောဋ္ဌဗ္ဗကိုချန်၍] ဂေါစရရုပ် လေးခု, ဘာဝရုပ် နှစ်ခု, ဟဒယရုပ် တခု, ဇီဝိတရုပ် တခု, ကဗဠိကာရ အာဟာရ ရုပ် တခု၊ ဤတဆယ့်ရှစ်ခုသော ရုပ်တို့ကို ကံ, စိတ်, ဥတု, အာဟာရ-တည်းဟူသော အကြောင်းတရားလေးပါးတို့ကြောင့် ဖြစ်ပေါ်မှုဟူသော ဇာတိသဘောသည် ထင်ရှားရှိကြသည်ဖြစ်၍ သဘောလက္ခဏာအသီးသီးနှင့် ပြီးစီးကြသောကြောင့် နိပ္ဖန္နရုပ်-ဟူ၍ ခေါ်သည်ဟုမှတ်။

[ဤကား-နိပ္ဖန္နရုပ် တဆယ့်ရှစ်ခုတည်း။]

(၁) အာကာသ၊ ရုပ်ကလာပ်တို့၏ အကြား ကန့်ခြားတတ်သောပရိစ္ဆေဒရုပ်။ ။ဤ၌ အာကာသရုပ်–ဆိုသည်မှာ ရုပ်ကလာပ်တို့ကို တခုနှင့်တခု မရော,မနှော,မထိ,မစပ်အောင် ခြားရှိထားသော အကြား အပေါက်ကို ဆိုသည်၊ ကလာပ်တခု၌တည်သော ရုပ်တို့နှင့် ကလာပ်တခု၌တည်သော ရုပ်တို့၏ မရော, မယှက် သီးခြားဖြစ်စေရန် ပိုင်းခြား တတ်သောကြောင့် ပရိစ္ဆေဒ ရုပ်ဟူ၍လည်း ဆိုရသည်ဟု မှတ်။

[ဤကား ပရိစ္ဆေဒရုပ်တည်း။]

(၁) ကာယဝိညတ်၊ ကိုယ်အမူအရာရုပ်။ ။ဤ၌ ကာယဝိညတ်ရုပ်–ဆိုသည်မှာ မိမိအလိုကို သူတပါးတို့ သိစေတတ်သောလက်ပြခြင်း,ခေါင်းညိတ်ခြင်း အစရှိသောကိုယ်အမူအရာ အထူးကိုဆိုသည်၊ ※ထင်ရှားစေဦးအုံ့– တစုံတခုသောကိုယ်အမူအရာကို ပြုသောသူ၏ စိတ်အစွမ်းအားဖြင့် ထိုထိုအင်္ဂါကြီး,ငယ်တို့ကိုထောက်ပံ့ထမ်းဆောင်၍ လှုပ်ရှားစေတတ်ကုန်သော ဝါယောဓာတ်လွန်ကဲသော စိတ္တဇကလာပ်တို့သည် ထိုထိုအင်္ဂါကြီး, ငယ်တို့၌ ခဏခြင်းအပြည့် ဖြစ်ပေါ်ကြကုန်၏၊ ထိုစိတ္တဇကလာပ်တို့မှာ ကလာပ်တိုင်း,ကလာပ်တိုင်း၌ ကလာပ်၏အရင်း,အရင်းမှာ ပုဂ္ဂိုလ်အလိုရှိရာသို့ ကလာပ်တို့ကို ရှေ့ရှု ကိုင်းရှိုင်းခြင်းကိုဖြစ်စေခြင်းငှါ စွမ်းနိုင်သော တခုသောအမူအရာအထူးသည်ရှိ၏၊ ထိုအမူအရာသဘောကို ကာယဝိညတ်ဟူ၍မှတ်။

(၂) ဝစီဝိညတ်၊ နှုတ်အမူအရာရုပ်။ ။ဤ၌ ဝစီဝိညတ်ရုပ်–ဆိုသည်မှာ ရှုတ်ဆိုသောပုဂ္ဂိုလ်၏ စကားသံ၌ပါရှိသော အမူအရာ အထူးဟူသော အသံထားကိုဆိုသည်၊ ※ထင်ရှားစေဦးအုံ့- တစုံတခုသောစကားကို ပြောဆိုအုံ့-ဟု ကြံစည်သောပုဂ္ဂိုလ်၏ စိတ်သည် အဋ္ဌကလာပ်ရုပ်ကို ဖြစ်စေ၏၊ ထိုစိတ္တဇ အဋ္ဌကလာပ်ရုပ်၌ ပါသော စိတ္တဇပထဝီဓာတ်သည် လည်ချောင်း, အာစောက်, လျှာထိပ်,သွား, နှုတ်ခမ်း-တည်းဟူသော ငါးဌာနတို့၌ ရှိသော ကမ္မဇပထဝီဓာတ်တို့ကို ထိခိုက်သည်နှင့်တပြိုင်နက် စိတ္တဇသဒ္ဒ-ဟုဆိုအပ်သော စကားသံ

ဖြစ်ပေါ်လာ၏၊ ထိုစကားသံကလာပ်တို့ကို ပုဂ္ဂိုလ်အလိုရှိရာ ထိန်းချုပ်ပဲ့ပြင်၍ပေးတတ်သောအမှုအရာအထူးကို ဝစီဝိညတ်ဟူ၍မှတ်။
[ဤကား ဝိညတ်ရှပ်နှစ်ပါးတည်း။]

(၁) လဟုတာ၊ ပေါ့သောအမှုအရာရှိ၏။ ။ဤ၌ လဟုတာ-ဆိုသည်မှာ စိတ္တဇ, ဥတုဇ, အာဟာရဇ-ဟုဆိုအပ်သော တိဇရူပ်တို့၏ ပေါ့ပါးမှုကို ဆိုသည်။ ။အရောဂိနောဝိယ ရူပါနံလဟုဘာဝေါ။ [အဋ္ဌသာလိနီ အဋ္ဌကထာ]။ ။အရောဂိနော၊ အနာရောဂါကင်းသောသူ၏။ လဟုဘာဝေါဝိယ၊ ပေါ့ပါးသည်၏ အဖြစ်ကဲ့သို့။ ရူပါနံ၊ ရူပ်တရားတို့၏။ လဟုဘာဝေါ၊ ပေါ့ပါးသည်၏အဖြစ်သည်။ ရူပဿ-လဟုတာ၊ ရူပဿလဟုတာမည်၏။

(၂) မုဒုတာ၊ နူးညံ့သောအမှုအရာရှိ၏။ ။ဤ၌ မုဒုတာ-ဆိုသည်မှာ စိတ္တဇ,ဥတုဇ,အာဟာရဇ-ဟုဆိုအပ်သော တိဇရူပ်တို့၏နူးညံ့မှုကို ဆိုသည်။

သုပရိမဒ္ဒိတ စမ္မဿေဝ ရူပါနံ မုဒုဘာဝေါ သဇ္ဇကြိယာ-ဝိသေသေသု ဝသဝတ္တန ဘာဝမဒ္ဒဝပ္ပကာရော။
[အဋ္ဌသာလိနီ အဋ္ဌကထာ။]

သုပရိမဒ္ဒိတစမ္မဿ၊ ကောင်းမွန်စွာနယ်အပ်သော သားရေ၏။ မုဒုဘာဝေါ=ဝ၊ နူးညံ့ပြေပြစ်သည်၏ အဖြစ်ကဲ့သို့။ ရူပါနံ၊ ရူပ်တရားတို့၏။ မုဒုဘာဝေါ၊ နူးညံ့မှုဟုဆိုအပ်သော။ သဇ္ဇကြိယာဝိသေသေသု၊ အလုံးစုံသော ကိစ္စအထူးတို့၌။ ဝသဝတ္တန ဘာဝမဒ္ဒဝပ္ပကာရော၊ အလိုသို့လိုက်သည်၏အဖြစ်, နူးညံ့ပြေပြစ်သည်၏အဖြစ် ဟူသော အထူးအပြားသည်။ ရူပဿမုဒုတာ၊ ရူပဿမုဒုတာမည်၏။

(၃) ကမ္မညတာ၊ ခန့်ကျန်းသောအမှုအရာရှိ၏။ ။ဤ၌ ကမ္မညတာ-ဆိုသည်မှာစိတ္တဇ, ဥတုဇ, အာဟာရဇ-ဟုဆိုအပ်သော တိဇရူပ်တို့၏ အမှုခ်ဋ်ကောင်းခြင်း, ခန့်ကျန်းခြင်းသဘောကိုဆိုသည်။

ယော ပန သုဓန္တ သုဝဏ္ဏသေဝ ရူပါနံ ကမ္မညဘာဝေါ။
[အဋ္ဌသာလိနီအဋ္ဌကထာ။]

ပန၊ ထိုမှတပါး။ သုဓန္ဓသုဝဏ္ဏာသ၊ ကောင်းစွာလှော်ပြီး, ဦးပြီး သောရွှေစင်၏။ ကမ္မညဘာဝေါဇ္ဈဝ၊ တန်းဆာကြီး,ငယ် ပြုအံ့သော ဌါ ခံ့သည်၏အဖြစ်ကဲ့သို့။ ရူပါနံ၊ ရူပ်တရားတို့၏။ ယောကမ္မညဘာ-ဝေါ၊ အကြင်အမှု၌ခံ့သည်၏အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤအမှု၌ ခံ့သည်၏အဖြစ်သည်။ ရူပဿကမ္မညတာ၊ ရူပဿကမ္မညတာမည်၏။

[ဤကား ဝိကာရရူပ် သုံးပါးတည်း။]

(၁) ဥပစယ၊ ရူပ်တို့၏ ရှေးဦးစွာဖြစ်စ,ပေါ်စအခြင်းအရာ။ ။ ဤ၌ ဥပစယ-ဆိုသည်မှာ ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေအခါမှစ၍ နိပ္ဖန္နရူပ်တို့၏ ရှေးဦးစွာစ၍ပေါ်ခြင်း,ဖြစ်ခြင်းကိုဆိုသည်။

(၂) သန္တတိ၊နောက်ထပ် ရူပ်တို့၏ဖြစ်စ,ပေါ်စ အခြင်းအရာ။ ။ ဤ၌ သန္တတိ-ဆိုသည်မှာ ပဋိသန္ဓေအခါ ဦးစွာအပြည့်အစုံဖြစ်ပြီး နောက် ရှေးဖြစ်သည့်အတိုင်း နိပ္ဖန္နရူပ်တို့၏ထပ်ကာ ထပ်ကာ အဆက်မပြတ်ဆက်လက်၍ ဖြစ်ခြင်းကို ဆိုသည်။

[ဥပစယရူပ်ကို သောင်ပြင်တွင် တူးအပ်သော လက်ယက်တွင်း၌ရှေးဦးစွာရေထွက်၍ တွင်းပြည့်ခြင်းကဲ့သို့၎င်း, သန္တတိရူပ်ကို အဆင့်ဆင့် ရေထွက်ပြန်သောကြောင့် တွင်းလျှံ၍ ရေစီးသွားခြင်းကဲ့သို့၎င်း မှတ်အပ်၏၊ဤဥပမာကို အဋ္ဌသာလိနီ အဋ္ဌကထာမှာဆို၏၊ ဥပစယနှင့်သန္တတိသည် နိပ္ဖန္နရူပ် တဆယ့်နှစ်ခုတို့၏ဖြစ်ပေါ်မှု-ဟု ဆိုအပ်သော ဇာတိရူပ် တခုသာတည်း၊ သတ္တဝါတို့၏ အဇ္ဈာသယအားဖြင့်၎င်း,အခြင်းအရာမတူသော အားဖြင့်၎င်း နှစ်ပါးခွဲ၍ဟောတော်မူလေသည်ဟုမှတ်အပ်၏။]

(၃) ဇရတာ၊ ရူပ်တို့၏ ရင့်ရော်, ဟောင်းနွမ်းဆွေးမြေ့သော အခြင်းအရာ။ ။ဤ၌ ဇရတာ-ဆိုသည်မှာ နိပ္ဖန္နရူပ်တို့၏အိုခြင်း,မှည့်ခြင်း,ကျက်ခြင်း,ရင့်ရော်ခြင်း,ဟောင်းနွမ်းဆွေးမြေ့ခြင်း အခြင်းအရာ ဖြစ်သော ဇရာတရားကိုဆိုသည်။

(၄) အနိစ္စတာ၊ ရူပ်တို့၏ ချုပ်ပျက်,ကွယ်ပျောက်သော အခြင်းအရာ။ ။ဤ၌ အနိစ္စတာ-ဆိုသည်မှာ နိပ္ဖန္နရူပ်တို့၏ ချုပ်ပျက် ကွယ်ပျောက်ခြင်း,ကုန်ခန်းပျက်စီးခြင်း,သေခြင်းကိုဆိုသည်။

[ဤကား လက္ခဏာရူပ် လေးပါးတည်း။]

အာကာသရူပ်တခု,ဝိညတ်ရူပ်နှစ်ခု,ဝိကာရရူပ်သုံးခု, လက္ခဏာရူပ်လေးခု၊ ဤရူပ်တဆယ်တို့ကို သဘောလက္ခဏာ အသီးသီးနှင့် အသီးအခြားပြီးစေအပ်သည် မဟုတ်သောကြောင့် အနိပ္ဖန္နရူပ်-ဟူ၍ခေါ်သည်ဟုမှတ်အပ်၏။

မဟာဘုတ်လေးပါးမှ တပါးသော နှစ်ဆယ့်လေးပါးသောရူပ်တို့သည် မဟာဘုတ်တို့ကိုမှီ၍ ဖြစ်တတ်သောကြောင့် "ဥပါဒါယ ပဝတ္တံ ရူပံ ဥပါဒါယ ရူပံ" ဟူသော ဝစနတ္ထကြောင့် ဥပါဒါယရူပ်တို့မည်ကုန်၏။ ။ဥပါဒါယ၊ မဟာဘုတ်တို့ကိုစွဲမှီ၍။ပဝတ္တံ၊ ဖြစ်သော။ ရူပံ၊ ရူပ်တည်း။ ဇုတိ တသ္မာ၊ ထို့ကြောင့်။ ဥပါဒါယရူပံ၊ ဥပါဒါယရူပ်မည်၏။

[ဤကား ဥပါဒါယရူပ် နှစ်ဆယ့်လေးပါးတည်း။]

မဟာဘုတ်လေးပါး,ဥပါဒါယရူပ်နှစ်ဆယ့်လေးပါး၊နှစ်ခုစပ်သော် ရူပ်နှစ်ဆယ့်ရှစ်ပါးဖြစ်၏။

၁၄-ရူပ်ကလာပ်များ

ဤသို့ပြဆိုအပ်ခဲ့ပြီးသော ရူပ်တို့သည် ထိုထိုဝတ္ထု,တို့၌ ဖြစ်ကြသည်အခါ အသီးအသီး တခုစီဖြစ်ကြသည်မဟုတ်၊ အပေါင်းအစုဖြစ်၍သာ ဖြစ်ကြကုန်သည်၊ ထိုသို့ဖြစ်ကြကုန်သော ရူပ်တို့၏ အပေါင်းအစုကို ရူပကလာပ(ရူပ်ကလာပ်)ဟူ၍ ခေါ်၏။ ထိုရူပ်ကလာပ်တို့သည် နှစ်ဆယ့်တစည်းရှိကြကုန်၏၊ နှစ်ဆယ့်တစည်းဆိုသည်မှာ ကမ္မဇကလာပ်ကိုးစည်း,စိတ္တဇကလာပ် ခြောက်စည်း, ဥတုဇကလာပ် လေးစည်း, အာဟာရဇကလာပ်နှစ်စည်း၊ဤနှစ်ဆယ့်တစည်းကိုဆိုသည်ဟုမှတ်ပါ၊ ကံကြောင့်ဖြစ်သောကလာပ်ကို ကမ္မဇကလာပ်-ဟူ၍ဝင်း,စိတ်ကြောင့်ဖြစ်သော ကလာပ်ကို စိတ္တဇကလာပ်-ဟူ၍ဝင်း, ဥတုကြောင့်ဖြစ်သော ကလာပ်ကို ဥတုဇ ကလာပ်-ဟူ၍ဝင်း, အာဟာရကြောင့် ဖြစ်သော ကလာပ်ကို အာဟာရဇ ကလာပ်-ဟူ၍ဝင်း မှတ်လေ။

ကမ္မဇကလာပ်ကိုးစည်းကိုပြဆိုပေအုံ–

(၁) စက္ခုဒသက-ကလာပ်။ ။ဤ၌မဟာဘုတ်လေးပါး,ဝဏ္ဏ, ဂန္ဓ,ရသ,ဩဇာ၊ ဤရူပ်ရှစ်ခုကို အသီးသီးခွဲခြမ်း၍ မရကောင်း

သောကြောင့် အဝိနိဗ္ဘောဂရုပ်ဆိုသည်ဟု ရှေးဦးစွာမှတ်ပါ၊လောကဌ ရှိသမျှဝတ္ထုတို့ဌ ဤရုပ်ရှစ်ခုရှိကုန်သည်ချည်းသာတည်း၊ဤအဝိနိဗ္ဘောဂ ရုပ်ရှစ်ခုနှင့်ဇီဝိတ,စက္ခုပသာဒ-ပေါင်းရုပ်ဆယ်ခု အပေါင်းကို စက္ခု သဒ္ဒါဖြင့်မှတ်၍ စက္ခုဒသက ကလာပ်-ဟု ခေါ်သည်။ ။စက္ခုနှာ ဥပလက္ခိတံ ဒသကံ စက္ခုဒသကံ။ ။စက္ခုနှာ၊ စက္ခုဖြင့်။ဥပလက္ခိတံ၊ မှတ်အပ်သော။ဒသကံ၊ရုပ်ဆယ်ခုတို့၏ အပေါင်းတည်း။စက္ခုဒသကံ၊ စက္ခုဖြင့် မှတ်အပ်သော ရုပ်ဆယ်ခုတို့၏အပေါင်း။ ။သောတဒသက ကလာပ်စသည်တို့ဌလည်း နည်းတူသိလေ၊ ဤကလာပ်ကိုမျက်စိအင်္ဂါ ဌ ရအပ်၏ဟူ၍မှတ်။

(၂) သောတဒသက-ကလာပ်။ ။ဤဌ အဝိနိဗ္ဘောဂ, ဇီဝိတ, သောတပသာဒ၊ဤရုပ်ဆယ်ခုအပေါင်းကို သောတဒသကကလာပ်-ဟု ခေါ်သည်၊ ဤကလာပ်ကို နားအင်္ဂါဌရအပ်၏ဟူ၍မှတ်။

(၃) ဃာနဒသက-ကလာပ်။ ။ဤဌ အဝိနိဗ္ဘောဂ, ဇီဝိတ, ဃာနပသာဒ၊ ဤရုပ်ဆယ်ခုအပေါင်းကို ဃာနဒသက ကလာပ်-ဟု ခေါ်သည်၊ ဤကလာပ်ကို နှာခေါင်းအင်္ဂါဌ ရအပ်၏ဟူ၍မှတ်။

(၄) ဇိဝှါဒသက-ကလာပ်။ ။ဤဌ အဝိနိဗ္ဘောဂ,ဇီဝိတ,ဇိဝှါ ပသာဒ၊ဤရုပ်ဆယ်ခုအပေါင်းကို ဇိဝှါဒသကကလာပ်-ဟု ခေါ်သည်၊ ဤဇိဝှါဒသက ကလာပ်ကို လျှာအင်္ဂါဌရအပ်၏ ဟူ၍မှတ်။

(၅) ကာယဒသက-ကလာပ်။ ။ဤဌ အဝိနိဗ္ဘော,ဇီဝိတ, ကာ ယပသာဒ၊ဤရုပ်ဆယ်ခုအပေါင်းကို ကာယဒသက ကလာပ်-ဟု ခေါ် သည်၊ဤကာယဒသက ကလာပ်ကို တကိုယ်လုံးဌ ရအပ်၏ ဟူ၍မှတ်။

(၆) ဣတ္ထိဘာဝဒသက-ကလာပ်။ ။ဤဌ အဝိနိဗ္ဘောဂ,ဇီဝိတ, ဣတ္ထိဘာဝ၊ ဤရုပ်ဆယ်ခုအပေါင်းကို ဣတ္ထိဘာဝဒသက ကလာပ်-ဟု ခေါ်သည်၊ ဤဣတ္ထိဘာဝဒသကကလာပ်ကို မိန်းမတို့၏သန္တာန်ဌသာ ရအပ်၏ ဟူ၍မှတ်။

(၇) ပုမ္ဘာဝဒသက-ကလာပ်။ ။ဤဌ အဝိနိဗ္ဘောဂ, ဇီဝိတ, ပုမ္ဘာဝ၊ဤရုပ်ဆယ်ခုအပေါင်းကိုပုမ္ဘာဝဒသကကလာပ်-ဟုခေါ်သည်၊ ဤပုမ္ဘာဝဒသက ကလာပ်ကို ယောကျ်ားတို့၏ သန္တာန်ဌသာ ရအပ် ၏ ဟူ၍မှတ်။

(၈) ဝတ္ထုဒသက-ကလာပ်။ ။ဤ၌ အဝိနိဗ္ဘောဂ,ဇီဝိတ,ဟဒယဝတ္ထု၊ဤရုပ်ဆယ်ခုအပေါင်းကို ဝတ္ထုဒသကကလာပ်-ဟုခေါ်သည်၊ ဤဝတ္ထု ဒသကကလာပ်ကို နှလုံးအင်္ဂါ၌ရအပ်၏ ဟူ၍မှတ်။

(၉) ဇီဝိတနဝက-ကလာပ်။ ။ဤ၌ အဝိနိဗ္ဘောဂ,ဇီဝိတ၊ဤရုပ်ကိုးခုအပေါင်းကို ဇီဝိတနဝက ကလာပ်-ဟု ခေါ်သည်၊ဤဇီဝိတနဝက ကလာပ်ကို ကာမဘုံသားတို့၏ သန္တာန်၌ ဝမ်းမီး-ဟုဆိုအပ်သော ပါစကဓာတ်မီး၌ ရအပ်ကြောင်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာစသည်၌ မိန့်ဆို၏။

ပါစက ဓာတ်မီး၌ရလျှင် ယင်းပါစကဓာတ်မီး၏ အစီးအပွါးဖြစ်သော ဥသ္မာ-ခေါ်သော ကိုယ်စောင့် ဓာတ်မီး၌လည်း ရသင့်သည် ပင်တည်း။

အရှင်အနုရုဒ္ဓါ ဆရာတော်မူကား-ဇီဝိတနဝကံ နာမ ရူပလောကေ ဝိသုံ သိယာ။ ။ဇီဝိတနဝကံ နာမ၊ဇီဝိတနဝက ကလာပ်မည်သည်။ ရူပလောကေ၊ရူပဘုံ၌။ ဝိသုံ၊ အသီးအခြား။ သိယာ၊ဖြစ်ရာ၏။ ။ဟူ၍ ဇီဝိတနဝက ကလာပ်ကို ရူပဘုံ၌ သာရ အပ်ကြောင်းကိုဆို၏။

[ဤကား ကမ္မဇ ကလာပ် ကိုးစည်းတည်း။]

စိတ္တဇ ကလာပ် ခြောက်စည်းကိုပြဆိုအံ့–

(၁) သဒ္ဒဒွက-ကလာပ်။ ။ဤ၌ အဝိနိဗ္ဘောဂ ရုပ်ရှစ်ခုကို သုဒ္ဒဒွက ကလာပ်-ဟုခေါ်သည်၊ ဤသုဒ္ဒဒွက ကလာပ်ကို ဝိညတ်တို့နှင့်မရော၊ လဟုတာ,မုဒုတာ, ကမ္မညတာ တည်းဟူသော လဟုတာဒိ သုံးခုတို့မပါ၊ အိပ်သောအခါ, မိန်းမောတွေဝေသောအခါ, နှလုံးမသာယာသောအခါ စိတ်ကြောင့်ဖြစ်သော ညှိုးနွမ်းသောရုပ်၌သာ ရအပ်၏။

(၂) ကာယဝိညတ္တိနဝက ကလာပ်။ ။ဤ၌ အဝိနိဗ္ဘောဂ, ကာယဝိညတ်၊ ဤရုပ်ကိုးခုအပေါင်းကို ကာယဝိညတ္တိ နဝက ကလာပ်-ဟုခေါ်သည်၊ ဤကာယ ဝိညတ္တိနဝက ကလာပ်ကို နှလုံးမသာယာသောအခါ ရှေသို့တက်ခြင်း,နောက်သို့ဆုတ်ခြင်း စသည်ဖြင့် ကိုယ်အင်္ဂါလှုပ်ရှားသော ညှိုးနွမ်းသောရုပ်၌ ရအပ်၏။

(၃) ဝစီဝိညတ္တိသဒ္ဒဒသက- ကလာပ်။ ။ဤ၌ အဝိနိဗ္ဘောဂ, ဝစီဝိညတ်, သဒ္ဒ၊ ဤရူပ်ဆယ်ခုအပေါင်းကို ဝစီဝိညတ္တိသဒ္ဒဒသက ကလာပ်-ဟု ခေါ်သည်၊ ဤကလာပ်ကို နှလုံးမသာယာသောအခါ စကားပြောဆိုမှု၌ ရအာပ်၏။

(၄) လဟုတာဒေကာဒသက-ကလာပ်။ ။ဤ၌ အဝိနိဗ္ဘောဂ, လဟုတာဒိ သုံးခု၊ဤရူပ်တဆယ့်တခုအပေါင်းကို လဟုတာဒေကာဒသက ကလာပ်-ဟု ခေါ်သည်၊ဤကလာပ်ကို အနာကင်းရှင်း ကျန်းမာခြင်းရှိသောအခါ ရှင်လန်းသော ရူပ်တို့၌ရအာပ်၏။

(၅) ကာယဝိညတ္တိလဟုတာဒိဒ္ဒါဒသက- ကလာပ်။ ။ဤ၌ အဝိနိဗ္ဘောဂ,ကာယဝိညတ်,လဟုတာဒိ သုံးခု၊ ဤရူပ်တဆယ့်နှစ်ခု အပေါင်းကို ကာယဝိညတ္တိလဟုတာဒိ ဒ္ဒါဒသက ကလာပ်-ဟုခေါ်သည်၊ ဤကလာပ်ကို အနာကင်းရှင်း ကျန်းမာခြင်းရှိသောအခါ ရှေ့သို့တက်ခြင်း, နောက်သို့ဆုတ်ခြင်းစသည်ဖြင့် ကိုယ်အင်္ဂါလှုပ်ရှားသော ရှင်လန်းသောရူပ်တို့၌ ရအာပ်၏။

(၆) ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ တေရသက-ကလာပ်။ ။ဤ၌ အဝိနိဗ္ဘောဂ, ဝစီဝိညတ်, သဒ္ဒလဟုတာဒိ သုံးခု၊ ဤရူပ်တဆယ့်သုံးခု အပေါင်းကို ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိတေရသက ကလာပ်-ဟု ခေါ်သည်၊ ဤကလာပ်ကို အနာကင်းရှင်း ကျန်းမာခြင်းရှိသောအခါ ရှင်လန်းသောရူပ်ဖြင့် စကားပြောဆိုမှု၌ ရအာပ်၏။

(၁) ရူသံ, ရိုက်သံတို့၌ ရအာပ်သော သဒ္ဒနဝကကလာပ်တစည်း ကိုလည်း ကျမ်းဂန်တို့၌ ဆိုသေး၏။

စိတ္တေ အဃာသပဃာသ ကောဋ္ဌာသေပိ ဩဇဋ္ဌမ-ကမ္ဘော သဒ္ဒေါစာတိ နဝ။ ။[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။]

စိတ္တေ၊စိတ်ကြောင့်ဖြစ်သော။အဃာသ ပဃာသကော-ဋ္ဌာသေပိ၊ထွက်သက်,ဝင်သက် လေ-ဟုဆိုအပ်သော ကောဋ္ဌာသ အစု အဝေးဌာလည်း။ ဩဇာဋ္ဌမကမ္ဘော၊ ဩဇာလျှင် ရှစ်ခုမြောက်ဖြစ်သော ရူပ်ရင်း။ သဒ္ဒေါစ၊ သဒ္ဒရူပ်ရင်း။ ဣတိ၊ ဤသို့။ နဝ၊ ကိုးပါးသောရူပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

စကားသံ မဟုတ်ကုန်သော စိတ်ကြောင့်ဖြစ်သော ရယ်မောသံ,နှာခေါင်းချေသံ, နှပ်ညှစ်သံ, ချောင်းဆိုးသံ, ချောင်းဟန့်သံ, အော့သံ, အန်သံ စသည်တို့၌လည်း ဤသဒ္ဒနဝက ကလာပ်ပင်ဖြစ်၏။

(၂) အနာကင်းရှင်း ကျမ်းမာခြင်း ရှိသောအခါ ဤသဒ္ဒ နဝက ကလာပ်အရာ၌ လဟုတာဒိ သုံးခုနှင့်တကွ ဖြစ်သင့်သောကြောင့် သဒ္ဒလဟုတာဒိဒွါဒသက ကလာပ်တခုကိုလည်း ရသင့်ပေသည်၊ အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်း၌ စိတ္တဇကလာပ် ခြောက်စည်းသာ လာသောကြောင့် ဤကျမ်း၌လည်း ၎င်းခြောက်စည်းကိုပဓာပြု၍ ပြဆိုလိုက်သည်။ ။[ဤကား အမှာ။]

[ဤကား စိတ္တဇကလာပ် ခြောက်စည်းတည်း။]

ဥတုဇကလာပ်လေးစည်းကို ပြဆိုပေအုံ–

(၁) သုဒ္ဓဋ္ဌက-ကလာပ်။ ။ဤ၌ အဝိနိဗ္ဘောဂရုပ်ရှစ်ခုကို သုဒ္ဓဋ္ဌက ကလာပ်-ဟု ခေါ်သည်၊ ဤကလာပ်ကို သက်မဲ့ဖြစ်သော ဗဟိဒ္ဓဝတ္ထုတို့မှာ လဟုတာဒိသုံးခုကို မရကောင်းသောကြောင့် အဋ္ဌကလာပ် သက်သက်ဖြစ်၍ ထင်ရှားသိသာ၏။

သက်ရှိဖြစ်သော အဗျတ္တိကသန္တာန်တို့မှာမူကား အသပ္ပါယဥတု စသည်နှင့်ဖက်ကြုံရ၍ ဓာတ်လေးပါးတို့ လွှပ်ရှားဘောက်ပြန် မမှန်မတော်၍ နေသောအခါ ရအပ်၏။

(၂) သဒ္ဒနဝက-ကလာပ်။ ။ဤ၌ အဝိနိဗ္ဘောဂ,သဒ္ဒ၊ ဤရုပ်ကိုးခုအပေါင်းကို သဒ္ဒနဝက ကလာပ်-ဟု ခေါ်သည်၊ ဤကလာပ်ကို သက်မဲ့ဖြစ်သော ဗဟိဒ္ဓဝတ္ထုတို့မှာ လေသံ,ရေသံ,မိုးယိုးခြိမ်းသံ,မိုးယိုးကြိုးသံစသည်တို့၌ ရအပ်၏၊ သက်ရှိဖြစ်သော အဗျတ္တိကသန္တာန်တို့မှာ ဖောက်ပြန်သော ဥတုကြောင့်ဖြစ်သော ဝမ်းမြည်သံ, ဝမ်းရုတ်သံ, ကြွေထိုးသံ,လေထိုးသံ စသည်တို့၌ ရအပ်၏။

(၃) လဟုတာဒေကာဒသက-ကလာပ်။ ။ဤ၌ အဝိနိဗ္ဘောဂ, လဟုတာဒိသုံးခု၊ ဤရုပ်တဆယ့်တခုအပေါင်းကို လဟုတာဒေကာ

ဒသက ကလာပ်-ဟု ခေါ်သည်၊ ဤကလာပ်ကို သက်ရှိဖြစ်သော အဋ္ဌတ္တိကသန္တာန်မှာသင့်တင့်သောဥတုကြောင့်ဖြစ်သော ခန့်ခန့်ကျန်း ကျန်းသောရုပ်တို့၌ ရအပ်၏။

(၄) သဒ္ဒလဟုတာဒိဒ္ဓါဒသက-ကလာပ်။ ။ဤ၌အဝိနိဗ္ဘောဂ, သဒ္ဒ,လဟုတာဒိသုံးခု၊ဤရုပ် တဆယ့်နှစ်ခုအပေါင်းကို သဒ္ဒ လဟုတာ ဒိ ဒ္ဓါဒသက ကလာပ်-ဟု ခေါ်သည်၊ ဤကလာပ်ကို သက်ရှိဖြစ်သော အဋ္ဌတ္တိက သန္တာန်မှာ သင့်တင့်သော ဥတုကြောင့်ဖြစ်သော ဝမ်းမြည်သံ,ဝမ်းရတ်သံ,ကြွေထိုးသံ,လေထိုးသံ စသည်တို့၌ ရအပ်၏။

[ဤကား ဥတုဇကလာပ် လေးစည်းတည်း။]

အာဟာရဇကလာပ်နှစ်စည်းကို ပြဆိုပေအုံ့—

(၁) သုဒ္ဓဋ္ဌက-ကလာပ်။ ။ဤ၌ အဝိနိဗ္ဘောဂရုပ်ရှစ်ခု အပေါင်းကို သုဒ္ဓဋ္ဌက ကလာပ်-ဟု ခေါ်သည်၊ ဤကလာပ်ကို မသင့်တင့်သောအစာကို စားသောအခါ ရအပ်၏။

(၂) လဟုတာဒေကာဒသက-ကလာပ်။ ။ဤ၌ အဝိနိဗ္ဘောဂ, လဟုတာဒိသုံးခု၊ ဤရုပ်တဆယ့်တခု အပေါင်းကို လဟုတာဒေကာဒသကကလာပ်-ဟု ခေါ်သည်၊ ဤကလာပ်ကို သင့်တင့်သောအစာကို စားသောအခါ ရအပ်၏။

[ဤကား အာဟာရဇကလာပ် နှစ်စည်းတည်း။]

ကမ္မဇကလာပ်ကိုးစည်း, စိတ္တဇကလာပ် ခြောက်စည်း, ဥတုဇ ကလာပ် လေးစည်း,အာဟာရဇ ကလာပ်နှစ်စည်း၊ ဤသို့ ရုပ်ကလာပ် နှစ်ဆယ့်တစည်းဖြစ်၏။

၁၅။ ရုပ်ကလာပ်တခု၏ ပမာဏ

ဤသို့ ပြဆိုအပ်သောရုပ်ကလာပ်တို့တွင်တခု,တခုသောရုပ်ကလာပ်၏ပမာဏကိုမှန်းဆရန်ပြဆိုပေအုံ့။ ။နံရံပေါက်မှဝင်သောနေရောင်အတွင်း၌ထင်မြင်ရသောအမှုန့်နုကလေးကိုအဏုမြူဟုမှတ်၊ဤအဏုမြူတလုံးကို သုံးဆယ့်ခြောက်စိတ် စိတ်၍ တစိတ်ကို ပရမာဏုမြူဟုမှတ်။

[ဤပရမာဏုမြူကို လူတို့၏ ပကတိမျက်စိဖြင့် မမြင်ကောင်းပြီ၊ နတ်တို့၏ မျက်စိဖြင့်သာ မြင်ကောင်း၏၊ တခု,တခုသော

ရုပ်ကလာပ်သည်၊ ဤပရမာဏုမြူ တခုမျှလောက်ရှိသည်-ဟု ကျမ်းဂန်တို့၌ မိန့်ဆိုကြကုန်၏၊ ပရမာဏုမြူအောက်သေးငယ်သော ဝတ္ထုဟူ၍ လောကဌ်မရှိကောင်းသောကြောင့်သာ ထိုကဲ့သို့ ဆိုကြကုန်သည်၊ စင်စစ်အားဖြစ်သော်ကား-ပရမာဏုမြူ ထက်ပင် လွန်စွာသိမ်မွေ့သော ပရမတ္ထရုပ်ကလာပ် တခုကို ပကတိမျက်စိနှင့် ဘယ်သူမှ ကြည့်၍ မမြင်ကောင်းပြီ၊ အလွန်ကြည်လွှာသော ဉာဏ်မျက်စိ၏အရာသာဖြစ်သည်၊ သို့သော်လည်း ဉာဏ်နိုင်ရုံမျှ တခု,တခုသော ရုပ်ကလာပ်ကို ပရမာဏုမြူလောက်ရှိ၏-ဟုမှတ်လေ။]

၁၆။ ဝေဒနာကွန္ဒာ

ဝေဒနာကွန္ဒာ၌ ဝေဒနာ-ဆိုသည်မှာ ခံစားတတ်သော သဘောတရားကိုဆိုသည်။

ဝေဒယတိ တိ ခေါ် ဘိက္ခဝေ တသ္မာ ဝေဒနာတိ ဝုစ္စတိ။
[ခန္ဓဝဂ္ဂသံယုဇ်ပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မာ၊ အကြင့်ကြောင့်။ ဝေဒယတိ၊ ခံစားတတ်၏။ ဣတိတသ္မာခေါ်၊ ထို့ကြောင့်လျှင်။ ဝေဒနာတိ၊ ဝေဒနာဟူ၍။ ဝုစ္စတိ၊ ခေါ်အပ်၏။ ။ခံစားခြင်း လက္ခဏာတခု၌ တစု,တပုံ,တသီး တခြားပြု၍ ဉာဏ်ဖြင့် သိမ်းဆည်းအပ်သော တရားစုကို ဝေဒနာကွန္ဒာ ခေါ်သည်ဟုမှတ်။

ထိုဝေဒနာကွန္ဒာ၌ ဝေဒနာသည် ခံစားမှု အနုဘဝနလက္ခဏာအားဖြင့်သုံးပါးရှိ၏၊သုံးပါးဆိုသည်မှာ—

၁။ သုခဝေဒနာ,
၂။ ဒုက္ခဝေဒနာ,
၃။ ဥပေက္ခာဝေဒနာ,
ဤသုံးပါးကိုဆိုသည်။

ဇုန်ခြေအပြားအားဖြင့် ငါးပါးဖြစ်၏ငါးပါးဆိုသည်မှာ–

၁။ သုခဝေဒနာ,
၂။ ဒုက္ခဝေဒနာ,
၃။ သောမနဿဝေဒနာ,
၄။ ဒေါမနဿဝေဒနာ,
၅။ ဥပေက္ခာဝေဒနာ,

၍ငါးပါးကိုဆိုသည်။

၁။ ခံသာသည်ကို သုခဝေဒနာ,
၂။ မခံသာသည်ကို ဒုက္ခဝေဒနာ,
၃။ စိတ်၌ ခံသာသည်ကို သောမနဿဝေဒနာ,
၄။ စိတ်၌မခံသာသည်ကို ဒေါမနဿဝေဒနာ,
၅။ စိတ်၌ခံသာသည်လည်း မဟုတ်-မခံသာသည်လည်းမဟုတ် လျစ်လျူ၊ရှုသည်ကို ဥပေက္ခာဝေဒနာ–

ဟူ၍မှတ်အပ်၏။

ထိုဝေဒနာသည် ဒွါရအပြားအားဖြင့် ခြောက်မျိုးဖြစ်၏။

ခြောက်မျိုးဆိုသည်မှာ–

(၁) စက္ခုသမ္ဖဿဇာ ဝေဒနာ၊ စက္ခု အကြည်၌ မှီသော ဖဿတရားကြောင့် ဖြစ်သော ဝေဒနာ။ ။[မျက်စိအရသာ ခံစားမှုကို စက္ခုသမ္ဖဿဇာဝေဒနာ-ခေါ်သည်ဟုမှတ်]။

(၂) သောတသမ္ဖဿဇာ ဝေဒနာ၊ သောတ အကြည်၌ မှီသော ဖဿတရားကြောင့်ဖြစ်သော ဝေဒနာ။ ။[နားအရသာ ခံစားမှုကို သောတသမ္ဖဿဇာ ဝေဒနာ- ခေါ်သည်ဟုမှတ်။]

(၃) ဃာနသမ္ဖဿဇာ ဝေဒနာ၊ ဃာန အကြည်၌မှီသော ဖဿတရားကြောင့်ဖြစ်သော ဝေဒနာ။ ။[နှာခေါင်းအရသာ ခံစားမှုကို ဃာနသမ္ဖဿဇာဝေဒနာ-ခေါ်သည်ဟုမှတ်။]

(၄) ဇိဝှါသမ္ဖဿဇာ ဝေဒနာ၊ ဇိဝှါ အကြည်၌ မှီသော ဖဿတရားကြောင့်ဖြစ်သော ဝေဒနာ။ ။[လျှာအရသာ ခံစားမှုကို ဇိဝှါသမ္ဖဿဇာ ဝေဒနာ-ခေါ်သည်ဟုမှတ်။]

(၅) ကာယ သမ္ဖဿဇာ ဝေဒနာ၊ ကာယ အကြည်ဌ မှီသော ဖဿတရားကြောင့် ဖြစ်သော ဝေဒနာ။ ။[ကိုယ်အင်္ဂါ အရသာခံစားမှုကို ကာယသမ္ဖဿဇာဝေဒနာ-ခေါ်သည်ဟုမှတ်။]

(၆) မနောသမ္ဖဿဇာဝေဒနာ၊ မနောအကြည်ဌမှီသော ဖဿတရားကြောင့်ဖြစ်သော ဝေဒနာ။ ။[စိတ်မနော အရသာခံစားမှုကို မနောသမ္ဖဿဇာဝေဒနာ-ခေါ်သည်ဟုမှတ်။]

၁၇။ သညာကွန္ဒာ

သညာကွန္ဒာဌ သညာ-ဆိုသည်မှာ မှတ်သား တတ်သော သဘောတရားကိုဆိုသည်။

သဠာနာတိ သဠာနာတိ တိ ခေါ ဘိက္ခဝေ တသ္မာ သညာတိ ဝုစ္စတိ။ ။[ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။သဠာနာတိ သဠာနတိ၊ မှတ်၍,မှတ်၍သိတတ်၏။ ဣတိတသ္မာခေါ၊ ထို့ကြောင့်လျှင်။ သညာတိ၊ သညာ-ဟူ၍ ဝုစ္စတိ၊ဆိုအပ်၏။ ။မှတ်သားခြင်းလက္ခဏာတခုဌတစု,တပုံ,တသီးတခြားပြု၍ ဉာဏ်ဖြင့်သိမ်းဆည်းအပ်သော တရားစုကို သညာကွန္ဒာခေါ်သည်ဟုမှတ်။

ထိုသညာကွန္ဒာဌ သညာသည် အာရုံအပြားအားဖြင့် ခြောက်မျိုးဖြစ်၏၊ ခြောက်မျိုးဆိုသည်မှာ–

(၁) ရူပသညာ၊ အဆင်းကိုမှတ်သားမှု။
(၂) သဒ္ဒသညာ၊ အသံကိုမှတ်သားမှု။
(၃) ဂန္ဓသညာ၊ အနံ့ကိုမှတ်သားမှု။
(၄) ရသသညာ၊ အရသာကိုမှတ်သားမှု။
(၅) ဖောဋ္ဌဗ္ဗသညာ၊ ကိုယ်အင်္ဂါဌ အတွေ့အထိကို မှတ်သားမှု။ ။[ပထဝီ, တေဇော, ဝါယော၊ဤမဟာဘုတ်သုံးပါးကို ဖောဋ္ဌဗ္ဗ-ခေါ်သည်။]

(၆) ဓမ္မသညာ၊ဓမ္မာရုံကိုမှတ်သားမှု။ ။[ရူပသညာစသည်ဖြင့်ဆို ခဲ့ပြီးသော ငါးပါးတို့မှကြွင်းသောကုသိုလ်, အကုသိုလ်, အ ဗျာကတ ဓမ္မတို့ကို မှတ်သားမှုကို ဓမ္မသညာခေါ်သည်။]

၁၈။ သင်္ခါရက္ခန္ဓာ

သင်္ခါရက္ခန္ဓာ၌ သင်္ခါရ– ဆိုသည်မှာ အထူးထူးအထွေ ထွေ စီရင်တတ်သောသဘောတရားကိုဆိုသည်။

သင်္ခတံ အဘိသင်္ခရောန္တိ တိ ခေါ် ဘိက္ခဝေ တသ္မာ သင်္ခါ-ရာတိ ဝုစ္စန္တိ။ ။[ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ သင်္ခတံ၊ စီရင်ပြုလုပ်ဘွယ်ဟူသမျှကို။ အဘိ-သင်္ခရောန္တိ၊ စီရင်ပြုလုပ်တတ်ကုန်၏။ ဣတိ တသ္မာခေါ်၊ ထို့ကြောင့် လျှင်။ သင်္ခါရာတိ၊ သင်္ခါရတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

အထူးထူး အထွေထွေစီရင်ခြင်းလက္ခဏာတခု၌တစု,တပုံ, တသီး တခြားပြု၍ ဉာဏ်ဖြင့်သိမ်းဆည်းအပ်သော တရားစုကို သင်္ခါရက္ခန္ဓာ ခေါ်သည်ဟုမှတ်။

ထိုသင်္ခါရက္ခန္ဓာ၌ အပါအဝင်ဖြစ်သောတရားတို့သည် အဘိဓမ္မာ နည်းအားဖြင့် ငါးဆယ်ရှိကုန်၏၊ သုတ္တန်နည်းအားဖြင့် စေတနာ စေ တသိက်တခုကိုသာ ပဓာနပြု၍ သင်္ခါရက္ခန္ဓာ-ဟု ခေါ်၏၊ ထိုစေတနာ သင်္ခါရသည် အာရုံအပြားအားဖြင့် ခြောက်မျိုးဖြစ်၏၊ ခြောက်မျိုးဆို သည်မှာ–

(၁) ရူပသဒ္ဓေတနာ၊ရူပါရုံအတွက်နှင့် စေ့ဆော်မှု။ ။[အဆင်း မြင်မှု၌ စေ့ဆော်သောစေတနာကို ရူပသဒ္ဓေတနာ-ခေါ် သည်ဟုမှတ်။]

(၂) သဒ္ဒသဒ္ဓေတနာ၊ သဒ္ဒါရုံအတွက်နှင့် စေ့ဆော်မှု။ ။[အသံ ကိုကြားမှု၌ စေ့ဆော်သောစေတနာကို သဒ္ဒသဒ္ဓေတနာ-ခေါ်သည်ဟုမှတ်။]

(၃) ဂန္ဓသဠေတနာ၊ ဂန္ဓာရုံအတွက်နှင့် စေ့ဆော်မှု။ ။[အနံ့ကို နံမှု၌စေ့ဆော်သော စေတနာကို ဂန္ဓသဠေတနာ-ခေါ်သည်ဟုမှတ်။]

(၄) ရသသဠေတနာ၊ ရသာရုံအတွက်နှင့် စေ့ဆော်မှု။ ။[အရသာကိုလျက်မှု၌ စေ့ဆော်သော စေတနာကို ရသသဠေတနာ-ခေါ်သည်ဟုမှတ်။]

(၅) ဖောဋ္ဌဗ္ဗသဠေတနာ၊ ဖောဋ္ဌဗ္ဗာရုံအတွက်နှင့် စေ့ဆော်မှု။ ။[ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိမှု၌ စေ့ဆော်သော စေတနာကို ဖောဋ္ဌဗ္ဗသဠေတနာ-ခေါ်သည်ဟုမှတ်။]

(၆) ဓမ္မသဠေတနာ၊ ဓမ္မာရုံအတွက်နှင့် စေ့ဆော်မှု။ ။[ဓမ္မာရုံကိုအထင်အရှားသိမှု၌ စေ့ဆော်သော စေတနာကို ဓမ္မသဠေတနာ-ခေါ်သည်ဟုမှတ်။]

အကျယ်အားဖြင့် သင်္ခါရကွန္ဓာ အပါအဝင်ဖြစ်သော တရားတို့ကို သိလိုသောသူတို့၏အကျိုးငှါ အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်း၌ လာရှိသည်အတိုင်း ပြဆိုပေအုံ့။ ။အဘိဓမ္မာနည်းအားဖြင့် သင်္ခါရကွန္ဓာ အပါအဝင်ဖြစ်သော တရားငါးဆယ်ဆိုသည်မှာ- ဖဿ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ, ဝိတက်,ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိ, ဆန္ဒ, မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, လောဘ, ဒိဋ္ဌိ, မာန,ဒေါသ,ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ,ထိန,မိဒ္ဓ,ဝိစိကိစ္ဆာ, သဒ္ဓါ, သတိ,ဟိရိ,သြတ္တပ္ပ,အလောဘ, အဒေါသ, တတ္တြမဇ္ဈတ္တတာ, ကာယပဿဒ္ဓိ,စိတ္တပဿဒ္ဓိ,ကာယလဟုတာ,စိတ္တလဟုတာ, ကာယမုဒုတာ, စိတ္တမုဒုတာ,ကာယကမ္မညတာ, စိတ္တကမ္မညတာ, ကာယပါဂုညတာ, စိတ္တပါဂုညတာ, ကာယုဇုကတာ, စိတ္တုဇုကတာ, သမ္မဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ,ကရုဏာ,မုဒိတာ, ပညာ-ဤစေတသိက်ငါးဆယ်ကိုဆိုသည်၊ ထိုငါးဆယ်တို့တွင်—

ဖဿ-ဆိုသည်မှာ အာရုံကို တွေ့ထိခြင်း သဘောမျှကို ဆိုသည်။

စေတနာ-ဆိုသည်မှာ မိမိနှင့်အတူတကွဖြစ်ကုန်သော နာမ်တရားတို့ကို အာရုံ၌ဖြစ်အောင် စေ့ဆော်ပြုလုပ်ခြင်း သဘောမျှကိုဆိုသည်။

ကေဂ္ဂတာ-ဆိုသည်မှာ တခုတည်းသော အာရုံကိုသာယူ၍ မပြန့် မလွင့်တည်ကြည်ခြင်း သဘောမျှကိုဆိုသည်။

ဇီဝိတိန္ဒြေ-ဆိုသည်မှာ မိမိနှင့်အတူတကွဖြစ်ကုန်သော နာမ်တရား တို့ကို စောင့်ရှောက်ခြင်း အစိုးရခြင်းသဘောမျှကိုဆိုသည်။

မနသိကာရ-ဆိုသည်မှာ အာရုံကို နှလုံးသွင်းခြင်း သဘောမျှကို ဆိုသည်။

အထူးမှတ်ချက်။ ။[ဝေဒနာကွန္ဓာ၌ ဝေဒနာစေတသိက်,သညာကွန္ဓာ၌ သညာစေတသိက်နှင့် ဤစေတသိက် ငါးပါး ပေါင်းသော် စေတသိက်ခုနစ်ပါးဖြစ်၏၊ ယင်းစေတသိက်ခုနစ်ပါးကို အလုံးစုံ သောစိတ်တို့နှင့် ဆက်ဆံသည်၏ အဖြစ်ကြောင့် သဗ္ဗစိတ္တသာ ဓာရဏာ စေတသိက် ခေါ်သည်ဟုမှတ်။]

ဝိတက်-ဆိုသည်မှာ မိမိနှင့်အတူတကွ ဖြစ်ကုန်သော နာမ်တရား တို့ကို အာရုံသို့ရောက်အောင် ရှေးရှုတင်ဆောင်ခြင်း သဘောမျှကို ဆိုသည်။

ဝိစာရ-ဆိုသည်မှာ မိမိနှင့်အတူတကွ ဖြစ်ကုန်သော နာမ်တရား တို့ကိုအာရုံ၌ အဘန်တလဲလဲသုံးသပ်ခြင်း သဘောမျှကိုဆိုသည်။ ။ [ဝိတက်နှင့်ဝိစာရအထူးကို ဤသို့မှတ်အပ်၏။ ။ဝိတက်သည် ရုံ့ရင်းကြမ်းတန်း၏၊ ဝိစာရသည် နူးညံ့သိမ်မွေ့၏၊ ဝိတက်သည်ရှေသွားဖြစ်၏၊ ဝိစာရသည် နောက်လိုက်သမား ဖြစ်၏၊ ဝိတက်သည် တခုခုသော အာရုံ၌ စိတ်၏ ရှေးဦးစွာ ရပ်နားကျရောက်မှုဖြစ်၏၊ ဝိစာရသည် အာရုံထဲ၌ စိတ်ကို ဖွဲ့နှောင်၍ထားတတ်၏၊ဝိတက်သည် ငှက်၏ကောင်းကင်ထက်သို့ ပျံတက်မှုနှင့်တူ၏၊ ဝိစာရသည် ကောင်းကင်သို့ တက်ရောက်သော ငှက်၏ ကောင်းကင်မှာဝဲ၍နေမှုနှင့် တူ၏၊ ဝိတက်သည် ခေါင်းလောင်း၏ ပဌမ တီးခတ်သော အသံနှင့်တူ၏၊ ဝိစာရသည် ခေါင်းလောင်း၏ အဆင့်ဆင့်ငြိုးငြူ ရင့်ယူမြည်ဟီး၍ နေမှုနှင့်တူ၏။ ။ဤကား ဝိဟက်,ဝိစာရအထူးတည်း။]

အဓိမောက္ခ-ဆိုသည်မှာ အာရုံကို အဟုတ် အဟတ် ဆုံးဖြတ်ခြင်း သဘောမျှကိုဆိုသည်။

ဝိရိယ-ဆိုသည်မှာ မိမိနှင့် အတူတကွဖြစ်ကုန်သော နာမ်တရားတို့ကို ထောက်ပံ့ခိုင်ခံ့စေခြင်းသဘောမျှကိုဆိုသည်။

ပီတိ-ဆိုသည်မှာ အာရုံကို နှစ်သက်ခြင်း သဘောမျှကိုဆိုသည်။

ဆန္ဒ-ဆိုသည်မှာ ကောင်းမှု, မကောင်းမှု စသည်ကို ပြုလုပ်လိုကာမတ္တသဘောမျှကိုဆိုသည်။

[ဤစေတသိက်ခြောက်ပါးကို ကောင်းမြတ်သော သောဘနစိတ်, ယုတ်နိမ့်သော အသောဘနစိက်တို့၌ ပြိုးပြွမ်းယှဉ်လေသောကြောင့် ပကိဏ်းစေတသိက်-ခေါ်သည်ဟုမှတ်။]

သဗ္ဗစိတ္တသာဓारณ စေတသိက် ခုနစ်ခု, ပကိဏ်းစေတသိက်ခြောက်ခု၊ နှစ်ရပ်ကိုပေါင်းသော် တဆယ့်သုံးခုဖြစ်၏၊ ဤတဆယ့်သုံးပါးကုန်သော စေတသိက်တို့သည် ကုသိုလ်, အကုသိုလ်ပြုရာ၌ရင်း, အဗျာကတ တရားစုတို့၌ရင်း ဆက်ဆံ၍ ဖြစ်ကြကုန်သည်! သို့သော်လည်း ကုသိုလ်နှင့်ဆက်ဆံခိုက် ကုသိုလ်အဘို့သာဖြစ်၏၊ အကုသိုလ်နှင့်ဆက်ဆံခိုက် အကုသိုလ် အဘို့သာဖြစ်၏၊ အဗျာကတနှင့် ဆက်ဆံခိုက် အဗျာကတ အဘို့သာဖြစ်၏-ဟု သိလေ၊ ဤတဆယ့်သုံးပါးသော စေတသိက်တို့ကို အညသမာန်း စေတသိက်ခေါ်သည်-ဟုမှတ်။

မောဟ-ဆိုသည်မှာ အာရုံ၏သဘောကို ဖုံးလွှမ်းတွေဝေ မသိနိုင်ခြင်းသဘောမျှကို ဆိုသည်။

အဟိရိက-ဆိုသည်မှာ ကိုယ်,နှုတ်စသည်ဖြင့် ဒုစရိုက်တို့ကို ပြုကျင့်ရာ၌ မရှက်ခြင်းသဘောမျှကို ဆိုသည်။

အနောတ္တပ္ပ-ဆိုသည်မှာ ကိုယ်,နှုတ်စသည်ဖြင့် ဒုစရိုက်တို့ကို ပြုကျင့်ရာ၌ မထိတ်လန့်ခြင်းသဘောမျှကို ဆိုသည်။

ဥဒ္ဓစ္စ-ဆိုသည်မှာ စိတ်၏ မငြိမ်မသက် ပျံ့လွင့်ခြင်းသဘောမျှကို ဆိုသည်။

[ဤမောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ- စေတသိက်လေးခု သဘောတရားတို့ကို လောဘမှု,ဒေါသမှု, မောဟမှု-ဖြစ်ပွါးရာ အကုသိုလ်တိုင်း၌ပင် ပါဝင်ကြလေ၍ အကုသိုလ်စိတ် တဆယ့်နှစ်ပါးတို့နှင့် ယှဉ်ဘက်ဖြစ်ကြလေသောကြောင့် သဗ္ဗကုသလ သာဓारณ စေတသိက်-ခေါ်သည်ဟုမှတ်။]

လောဘ-ဆိုသည်မှာ အာရုံ၌ ငြိတွယ်သောအားဖြင့် တပ်ခြင်းသဘောမျှကို ဆိုသည်။

ဒိဋ္ဌိ-ဆိုသည်မှာ မှားမှားယွင်းယွင်း နှလုံးသွင်းခြင်း သဘောမျှကို ဆိုသည်။

မာန-ဆိုသည်မှာ ငါသာလျှင် မြတ်သည်, ငါသာလျှင် တတ်သည် စသည်ဖြင့် ထောင်လွှားခြင်းသဘောမျှကို ဆိုသည်။ ။[ဤလောဘ, ဒိဋ္ဌိ, မာန စေတသိက်သုံးခု သဘောတရားတို့သည် လောဘမူစိတ်တို့နှင့်သာ ဆက်ဆံကြလေသည်-ဟုမှတ်။]

ဒေါသ-ဆိုသည်မှာ ကြမ်းတန်းသောအားဖြင့် ပြစ်မှားခြင်းသဘောမျှကို ဆိုသည်။

ဣဿာ-ဆိုသည်မှာ ငြူ။စူ စောင်းမြောင်းခြင်း သဘောမျှကို ဆိုသည်။

မစ္ဆရိယ-ဆိုသည်မှာ မိမိနှင့်ဆက်ဆံသောဝတ္ထု၊စသည်တို့ကို သူတပါးနှင့် ဆက်ဆံမည်ကိုစိုး၍ လျှို့ဝှက်ထားခြင်း သဘောမျှကို ဆိုသည်။

ကုက္ကုစ္စ-ဆိုသည်မှာ ပြုအပ်ပြီးသော ဒုစရိုက်,မပြုအပ်သေးသော သုစရိုက်စသည်တို့၌ အဘန်တလဲလဲ စိုးရိမ်ခြင်း သဘောမျှကို ဆိုသည်။ ။[ဤဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ-စေတသိက် လေးခု သဘောတရားတို့သည် ဒေါသမူစိတ်တို့နှင့်သာ ဆက်ဆံကြလေသည် ဟုမှတ်။]

ထိန-ဆိုသည်မှာ စိတ်၏ မခံ့ခြင်း, ပျင်းရိခြင်း သဘောမျှကို ဆိုသည်။

မိဒ္ဓ-ဆိုသည်မှာ စေတသိက်၏ မခံ့ခြင်း,ငိုက်မျည်းခြင်းသဘောမျှကို ဆိုသည်။ ။[ဤ ထိန, မိဒ္ဓ စေတသိက်နှစ်ခု သဘောတရားတို့သည် လောဘမူ, ဒေါသမူ သသင်္ခါရိက စိတ်တို့နှင့်သာ ဆက်ဆံကြလေသည်။]

ဝိစိကိစ္ဆာ-ဆိုသည်မှာ အာရုံကို မဆုံးဖြတ်နိုင်ခြင်း, သို့လော သို့လော-ဟု တွေးတောခြင်းသဘောမျှကိုဆိုသည်။ ။[ဤ ဝိစိကိစ္ဆာစေတသိက်သည် မောဟမူ ဝိစိကိစ္ဆာ စိတ်တခုနှင့်သာ ဆက်ဆံသည်။]

[ဤဆိုခဲ့ပြီးသော မောဟ-အစရှိသော စေတသိက်တဆယ့်လေးပါးကို အကုသိုလ်စိတ်တို့နှင့်သာ ယှဉ်သည်၏ အဖြစ်ကြောင့် အကုသိုလ်စေတသိက်-ခေါ်သည် ဟုမှတ်။]

သဒ္ဓါ-ဆိုသည်မှာ ဘုရားအစရှိသော ကောင်းသောအာရုံကို ယုံကြည်ခြင်းသဘောမျှကိုဆိုသည်။

သတိ-ဆိုသည်မှာ ဘုရားအစရှိသော ကောင်းသောအာရုံကို အောက်မေ့ခြင်းသဘောမျှကိုဆိုသည်။

ဟိရိ-ဆိုသည်မှာ ကာယဒုစရိုက်စသော မကောင်းမှုမှ ရှက်ခြင်းသဘောမျှကို ဆိုသည်။

ဩတ္တပ္ပ-ဆိုသည်မှာ ကာယဒုစရိုက်စသော မကောင်းမှုမှ ထိတ်လန့်ခြင်းသဘောမျှကိုဆိုသည်။

အလောဘ-ဆိုသည်မှာ အာရုံ၌ ငြိသောအားဖြင့် မတပ်ခြင်းသဘောမျှကိုဆိုသည်။

အဒေါသ-ဆိုသည်မှာ အာရုံ၌ ကြမ်းတန်းသောအားဖြင့် မပြစ်မှားခြင်းသဘောမျှကိုဆိုသည်။

တတြမဇ္ဈတ္တတာ-ဆိုသည်မှာ ထိုထိုသို့သော အာရုံတို့၌ စိတ်ကို လျစ်လျူရှုစေခြင်း, အညီအမျှဖြစ်စေခြင်းသဘောမျှကို ဆိုသည်။

ကာယပဿဒ္ဓိ-ဆိုသည်မှာ ကုသိုလ်မှု၌ စေတသိက်တို့၏ ငြိမ်းချမ်းသက်သာစေခြင်းသဘောမျှကို ဆိုသည်။

စိတ္တပဿဒ္ဓိ-ဆိုသည်မှာ ကုသိုလ်မှု၌ စိတ်တို့၏ ငြိမ်းချမ်းသက်သာစေခြင်းသဘောမျှကို ဆိုသည်။

ကာယလဟုတာ-ဆိုသည်မှာ ကုသိုလ်မှု၌ စေတသိက်တို့၏ မနှောင့်မနှေး ဝန်မလေးမှု၍ပေါ့ပေါ့ပါးပါး ဖြစ်စေခြင်းသဘောမျှကိုဆိုသည်။

စိတ္တလဟုတာ-ဆိုသည်မှာ ကုသိုလ်မှု၌ စိတ်တို့၏ မနှောင့်မနှေး ဝန်မလေးမှု၍ ပေါ့ပေါ့ပါးပါး ဖြစ်စေခြင်းသဘောမျှကိုဆိုသည်။

ကာယမုဒုတာ-ဆိုသည်မှာ ကုသိုလ်မှု၌ စေတသိက်တို့၏ ကြမ်းတန်းခက်ထန်ခြင်းမရှိဘဲ နူးညံ့သိမ်မွေ့ခြင်းသဘောမျှကို ဆိုသည်။

စိတ္တမုဒုတာ-ဆိုသည်မှာ ကုသိုလ်မှု၌ စိတ်တို့၏ကြမ်းတန်းခက်ထန်ခြင်းမရှိဘဲ နူးညံ့သိမ်မွေ့ခြင်းသဘောမျှကို ဆိုသည်။

ကာယကမ္မညတာ-ဆိုသည်မှာ ကုသိုလ်ရေး ကောင်းမှုရေးတို့၌ စေတသိက်တို့၏ ခံ့ခြင်းသဘောမျှကိုဆိုသည်။

စိတ္တကမ္မညတာ-ဆိုသည်မှာ ကုသိုလ်ရေး ကောင်းမှုရေးတို့၌ စိတ်တို့၏ခံ့ခြင်းသဘောမျှကို ဆိုသည်။

ကာယပါဂုညတာ-ဆိုသည်မှာ ကုသိုလ်ရေး ကောင်းမှုရေးတို့၌ စေတသိက်တို့၏ကျင်လည် နပ်နောမှုကိုဆိုသည်။

စိတ္တပါဂုညတာ-ဆိုသည်မှာ ကုသိုလ်ရေး ကောင်းမှုရေးတို့၌ စိတ်တို့၏ ကျင်လည်နပ်နောမှုကိုဆိုသည်။

ကာယုဇုကတာ-ဆိုသည်မှာ ကုသိုလ်ရေး ကောင်းမှုရေးတို့၌ စေတသိက်တို့၏ ကောက်ကောက်ကွေ့ကွေ့ မရှိ ပကတိ ဖြောင့်မတ်ခြင်းသဘောမျှကို ဆိုသည်။

စိတ္တုဇုကတာ-ဆိုသည်မှာ ကုသိုလ်ရေး ကောင်းမှုရေးတို့၌ စိတ်တို့၏ ကောက်ကောက် ကွေ့ကွေ့မရှိ ပကတိဖြောင့်မတ်ခြင်းသဘောမျှကိုဆိုသည်။

[ဤဆိုအပ်ခဲ့ပြီးသော သဒ္ဓါ-အစရှိသော စေတသိက်တဆယ့်ကိုးပါးတို့ကို အလုံးစုံသော သောဘနစိတ်တို့နှင့် ဆက်ဆံသည်၏အဖြစ်ကြောင့် သောဘန သာဓာရဏစေတသိက်-ခေါ်သည်ဟုမှတ်။]

သမ္မာဝါစာ-ဆိုသည်မှာ အသက်မွေးခြင်း အကြောင်းမရှိသော မုသာဝါဒ,ဝိသုဏ္ဏဝါစာ,သမ္ဖပ္ပလာပ-တည်းဟူသော ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်းသဘောမျှကို ဆိုသည်။

သမ္မာကမ္မန္တ-ဆိုသည်မှာ အသက်မွေးခြင်း အကြောင်းမရှိသော ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ-တည်းဟူသော ကာယ ဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်ခြင်းသဘောမျှကို ဆိုသည်။

သမ္မာအာဇီဝ-ဆိုသည်မှာ အသက်မွေးခြင်း အကြောင်းရှိသော ယင်းကာယဒုစရုက်သုံးပါး, ဝစီဒုစရိုက်လေးပါးတို့မှ ရှောင်ကြဉ်ခြင်းသဘောမျှကို ဆိုသည်။ ။[ဤစေတသိက်သုံးပါးကို ဝိရမိတဗ္ဗဝတ္ထုမှ ကြဉ်တတ်သည်၏အဖြစ်ကြောင့် ဝိရတိစေတသိက်-ခေါ်သည်ဟုမှတ်။]

ကရုဏာ-ဆိုသည်မှာ ဆင်းရဲသော ဒုက္ခိတသတ္တဝါကို အာရုံပြု၍ ဖြစ်သော သနားခြင်းသဘောမျှကိုဆိုသည်။

မုဒိတာ-ဆိုသည်မှာ ချမ်းသာသော သုခိတသတ္တဝါကို အာရုံပြု၍ ဖြစ်သော ဝမ်းမြောက်ခြင်းသဘောမျှကို ဆိုသည်။ ။[ဤစေတသိက်နှစ်ပါးကို အပိုင်းအခြားမရှိ အနန္တသတ္တဝါတို့ကို အာရုံပြုသည်အဖြစ်ကြောင့် အပ္ပမညာစေတသိက်-ခေါ်သည်ဟုမှတ်။]

ပညာ-ဆိုသည်မှာ ရုပ်နာမ်ဓမ္မတို့၏ သဘာဝလက္ခဏာ, အနိစ္စစသော သာမညလက္ခဏာတို့ကို အပြားအားဖြင့် သိခြင်းသဘောမျှကိုဆိုသည်။

[ဤဆိုအပ်ခဲ့ပြီးသော သဒ္ဓါအစ, ပညာ အဆုံးရှိသော နှစ်ဆယ့် ၇ါးပါးသော စေတသိက်တို့သည် ကုသိုလ်တည်းဟူသော ကောင်းသောအမှုတို့၌ရင်း, ကောင်းသောအကျိုးဆက်တို့၌ရင်း ဆိုင်ရာဆိုင်ရာစုပေါင်း၍ ဖြစ်ကြပေကုန်သည်၊ ဤနှစ်ဆယ့် ၇ါးပါးသော စေတသိက်တို့ကို သောဘနစိတ်တို့နှင့်သာ ယှဉ်သည်၏ အဖြစ်ကြောင့် သောဘန စေတသိက်-ခေါ်သည်ဟုမှတ်။]

ဤကားအဘိဓမ္မာနည်းအားဖြင့် သင်္ခါရကွန္ဒာအပါအဝင်ဖြစ်သော စေတသိက် ၇ါးဆယ်တည်း။

၁၉။ ဝိညာဏကွန္ဒာ

ဝိညာဏကွန္ဒာ၌ ဝိညာဉ်-ဆိုသည်မှာ သိတတ်သော သဘောကို ဆိုသည်။

ဝိဇာနာတိ တိ ခေါ် ဘိက္ခဝေ တသ္မာ ဝိညာဏန္တိ ဝုစ္စတိ။ ။
[ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ ဝိဇာနာတိ၊ အထူးသိတတ်၏။ ဣတိတသ္မာ-ခေါ်၊ ထို့ကြောင့်လျင်။ ဝိညာဏန္တိ၊ ဝိညာဉ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ထိုဝိညာဉ်ကိုပင် စိတ်-ဟူ၍လည်း ခေါ်သည်။

သိခြင်းလက္ခဏာတခု၌ တစု,တပုံ, တသီး တခြားပြု၍ ဉာဏ်ဖြင့် သိမ်းဆည်းအပ်သောတရားစုကို ဝိညာဏကွန္ဒာခေါ်သည် ဟုမှတ်။

ဝိညာဏကွန်ရှာ၌ ဝိညာဉ်သည်အကျဉ်းအားဖြင့် ခြောက်ပါးအပြား ရှိ၏၊ အဘိဓမ္မာနည်းအားဖြင့် စိတ်ဝိညာဉ်သည် တခုယုတ်ကိုးဆယ်, အကျယ်-တရာ့နှစ်ဆယ့်တပါးရှိ၏၊ အကျဉ်းအားဖြင့် ခြောက်ပါးဆို သည်မှာ–

(၁) စက္ခုဝိညာဉ်၊ မြင်မှုခေါ်သော သိမှု။
(၂) သောတဝိညာဉ်၊ ကြားမှုခေါ်သော သိမှု။
(၃) ဃာနဝိညာဉ်၊ နံမှုခေါ်သော သိမှု။
(၄) ဇိဝှါဝိညာဉ်၊ လျက်မှုခေါ်သော သိမှု။
(၅) ကာယဝိညာဉ်၊ တွေ့ထိမှုခေါ်သော သိမှု။
(၆) မနောဝိညာဉ်၊ နှလုံး၌သိလင်းကြိုစည်မှု ခေါ်သော သိမှု အချုပ်။ ။ဤခြောက်ပါးတည်း။

အဘိဓမ္မာနည်းအားဖြင့် စိတ်ဝိညာဉ်ကိုသိလိုသောသူတို့၏ အကျိုး ၄၁ အဘိဓမ္မတ္ထ သင်္ဂြိဟ်ကျမ်း၌ လာရှိသည့်အတိုင်း ထည့်သွင်းပြဆို ပေအုံ့။ ။ထိုစိတ်သည် ဘူမိဘေဒ-ဘုံအပြားအားဖြင့် လေးပါးရှိ၏၊ လေးပါးဆိုသည်မှာ–

၁။ ကာမာဝစရစိတ်
၂။ ရူပါဝစရစိတ်
၃။ အရူပါဝစရစိတ်
၄။ လောကုတ္တရစိတ်

ဤလေးပါးတို့ပင်ဖြစ်သည်။

ထိုလေးပါးတို့တွင်–

၁။ ကာမာဝစရစိတ်-ဆိုသည်မှာ ကာမတဏှာ အုပ်စိုးလျက်ရှိ သော ကာမဘုံ၌မျှားသောအားဖြင့် ကျင်လည်သောစိတ်ကို ဆိုသည်။

၂။ ရူပါဝစရစိတ်-ဆိုသည်မှာ ရူပတဏှာအုပ်စိုးလျက်ရှိသော ရူပ ဘုံ၌ မျှားသောအားဖြင့် ကျင်လည်သောစိတ်ကို ဆိုသည်။

၃။ အရူပါဝစရစိတ်-ဆိုသည်မှာ အရူပတဏှာ အုပ်စိုးလျက်ရှိ သော အရူပဘုံ၌ မျှားသောအားဖြင့် ကျင်လည်သောစိတ်ကို ဆိုသည်။

၄။ လောကုတ္တရာစိတ်-ဆိုသည်မှာ ထိုဆိုခဲ့သော တဏှာသုံးပါး၏ အုပ်စိုးခြင်းမှကင်းလွတ်၍ ဝဋ်ဆင်းရဲအပေါင်းမှ ထွက်မြောက်သော စိတ်ကို ဆိုသည်။

ထိုလေးပါးတို့တွင် - ကာမာဝစရစိတ်သည် ငါးဆယ့်လေးပါး အပြားရှိ၏၊ ငါးဆယ့်လေးပါးဆိုသည်မှာ–

အသောဘနစိတ် – ၃၀ }
ကာမသောဘနစိတ်–၂၄ } ၅၄ငါးဆယ့်လေးပါးတို့ပင်ဖြစ်သည်

ထိုငါးဆယ့်လေးပါးတို့တွင် အသောဘန စိတ် ၃၀-ဆိုသည်ကား–

အကုသိုလ်စိတ်–၁၂ }
အဟိတ်စိတ် – ၁၈ } ၅သုံးဆယ်တည်း။

ထိုအသောဘနစိတ်သုံးဆယ်တို့တွင် အကုသိုလ်စိတ် ၁၂–ခုဆိုသည်မှာ–

လောဘမူစိတ်–၈ }
ဒေါသမူစိတ် –၂ } ၅တဆယ့်နှစ်ပါးကိုဆိုသည်။
မောဟမူစိတ် –၂ }

လောဘမူစိတ်ရှစ်ခုဆိုသည်မှာ–

(၁) သောမနဿသဟဂုတ်- ဒိဋ္ဌိဂတသမ္ပယုတ်- အသङ်္ခါရိကစိတ်တခု။
(၂) သောမနဿသဟဂုတ်- ဒိဋ္ဌိဂတသမ္ပယုတ်- သသङ်္ခါရိကစိတ်တခု။
(၃) သောမနဿသဟဂုတ်-ဒိဋ္ဌိဂတဝိပ္ပယုတ်– အသङ်္ခါရိကစိတ်တခု။
(၄) သောမနဿသဟဂုတ်- ဒိဋ္ဌိဂတဝိပ္ပယုတ်- သသङ်္ခါရိကစိတ်တခု။
(၅) ဥပေက္ခာသဟဂုတ်- ဒိဋ္ဌိဂတ သမ္ပယုတ်-အသङ်္ခါရိက စိတ်တခု။
(၆) ဥပေက္ခာသဟဂုတ်- ဒိဋ္ဌိဂတသမ္ပယုတ်-သသङ်္ခါရိက စိတ်တခု။
(၇) ဥပေက္ခာသဟဂုတ်- ဒိဋ္ဌိဂတဝိပ္ပယုတ်- အသङ်္ခါရိကစိတ်တခု။

(၈) ဥပေက္ခာ သဟဂုတ်-ဒိဋ္ဌိဂတ ဝိပ္ပယုတ်-သသင်္ခါရိက စိတ် တခု။ ။ဤရှစ်ပါးကိုဆိုသည်၊

[သဘောအဓိပ္ပါယ်မှာ။ ။သောမနဿဝေဒနာနှင့် တကွဖြစ်သောစိတ်ကို သောမနဿ သဟဂုတ်ဆိုသည်၊ မကောင်းမှုကို ပြုရာ၌ အပြစ်မရှိဟု ယူသော မိစ္ဆာဒိဋ္ဌိနှင့်ယှဉ်သော စိတ်ကို ဒိဋ္ဌိဂတသမ္ပယုတ် ဆိုသည်၊ မိစ္ဆာဒိဋ္ဌိနှင့် မယှဉ်သော စိတ်ကို ဒိဋ္ဌိဂတဝိပ္ပယုတ် ဆိုသည်၊ တိုက်တွန်းမှု သင်္ခါရ ပယောဂ မဘက် သက်သက်ဖြစ်ပေါ်သော စိတ်ကို အသင်္ခါရိက ဆိုသည်၊ တိုက်တွန်းမှုသင်္ခါရ ပယောဂ ကူပါမှ ဖြစ်ပေါ်သော စိတ်ကို သသင်္ခါရိကဆိုသည်၊ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သောစိတ်ကို ဥပေက္ခာ သဟဂုတ်ဆိုသည်။]

လောဘမူစိတ် ရှစ်ခုပြီး၏။

ဒေါသမူစိတ် နှစ်ခုဆိုသည်မှာ–

(၁) ဒေါမနဿ သဟဂုတ်-ပဋိဃသမ္ပယုတ်-အသင်္ခါရိက စိတ် တခု။

(၂) ဒေါမနဿ သဟဂုတ်-ပဋိဃသမ္ပယုတ်-သသင်္ခါရိက စိတ် တခု။ ။ဤနှစ်ခုကိုဆိုသည်။

[သဘောအဓိပ္ပါယ်မှာ။ ။ဒေါမနဿဝေဒနာနှင့်တကွ ဖြစ်သော စိတ်ကို ဒေါမနဿ သဟဂုတ်ဆိုသည်၊ ပဋိဃဆိုသည်မှာ ဒေါသကို ဆိုသည်၊ ကြမ်းတန်းခြင်း လက္ခဏာရှိသော ထိုဒေါသနှင့် ယှဉ်သည်ကို ပဋိဃသမ္ပယုတ်ဆိုသည်၊ အသင်္ခါရိက, သသင်္ခါရိကတို့၏ အဓိပ္ပါယ်များကို လောဘမူ၌ ပြခဲ့သည့်အတိုင်းမှတ်။]

ဒေါသမူစိတ် နှစ်ခုပြီး၏။

မောဟမူစိတ် နှစ်ခုဆိုသည်မှာ–

(၁) ဥပေက္ခာသဟဂုတ်-ဝိစိကိစ္ဆာသမ္ပယုတ်စိတ်တခု။

(၂) ဥပေက္ခာသဟဂုတ်-ဥဒ္ဓစ္စသမ္ပယုတ်စိတ်တခု။

ဤနှစ်ခုကိုဆိုသည်။

[သဘောအဓိပ္ပါယ်မှာ။ ။ဥပေက္ခာသဟဂတ်ကို လောဘမူ၌ ပြုခဲ့သည့်အတိုင်းမှတ်၊ ဝတ္ထုရှစ်ပါး၌ ယုံမှားသည်၏ အစွမ်းအားဖြင့် ဖြစ်သော ဝိစိကိစ္ဆာစေတသိက်နှင့် ယှဉ်သောစိတ်ကို ဝိစိကိစ္ဆာသမ္ပယုတ်ဆိုသည်၊ ※ဝတ္ထုရှစ်ပါးဆိုသည်မှာ–(၁)ဘုရား,(၂)တရား,(၃)သံဃာ,(၄)အကျင့်သိက္ခာ,(၅)သံသရာရှေးအတိတ်အစွန်း,(၆)သံသရာနောင်အနာဂတ်အစွန်း,(၇)သံသရာ ရှေး,နောက်နှစ်ရပ် အတိတ်, အနာဂတ် တည်းဟူသော အစွန်း,(၈)ဤအကြောင်းကြောင့် အကျိုးဖြစ်လေ့ရှိသည်ဟု ပြသော ပဋိစ္စသမุပ္ပါဒ်တရားတော်၊ ဤရှစ်ပါးကိုဆိုသည်။ ။ပြန့်လွင့်သော သဘောတရားဖြစ်သော ဥဒ္ဓစ္စစေတသိက်နှင့် ယှဉ်သောစိတ်ကို ဥဒ္ဓစ္စသမ္ပယုတ်ဆိုသည်။]

မောဟမူစိတ်နှစ်ခုပြီး၏။
အကုသိုလ်စိတ်တဆယ့်နှစ်ခုပြီး၏။

အဟိတ်စိတ် ၁၈-ခုဆိုသည်မှာ–

အကုသလဝိပါက်စိတ်-၇
အဟိတ်ကုသလဝိပါက်စိတ်-၈
အဟိတ်ကြိယာစိတ်-၃
}ဤ ၁၈-ခုကိုဆိုသည်။

အကုသလဝိပါက်စိတ်ခုနစ်ခုဆိုသည်မှာ–

(၁) ဥပေက္ခာသဟဂတ်-စက္ခုဝိညာဉ်စိတ်တခု။
(၂) ဥပေက္ခာသဟဂတ်-သောတဝိညာဉ်စိတ်တခု။
(၃) ဥပေက္ခာသဟဂတ်-ဃာနဝိညာဉ်စိတ်တခု။
(၄) ဥပေက္ခာသဟဂတ်-ဇိဝှါဝိညာဉ်စိတ်တခု။
(၅) ဒုက္ခသဟဂတ်-ကာယဝိညာဉ်စိတ်တခု။
(၆) ဥပေက္ခာသဟဂတ်-သမ္ပဋိစ္ဆိုင်းစိတ်တခု။
(၇) ဥပေက္ခာသဟဂတ်-သန္တီရဏစိတ်တခု။
ဤခုနှစ်ခုကိုဆိုသည်။

[သဘောအဓိပ္ပါယ်မှာ။ ။စက္ခုပသာဒကိုမှီ၍ဖြစ်သောမြင်မှု-ဟုဆိုအပ်သော သိမှုကို စက္ခုဝိညာဉ်-ဟုခေါ်သည်၊ သောတပသာဒကိုမှီ၍ဖြစ်သောကြားမှု-ဟုဆိုအပ်သောသိမှုကို သောတဝိညာဉ်-ဟု ခေါ်

သည်၊ ဤသို့စသည်ဖြင့် ဃာနဝိညာဉ်,ဇိဝှါဝိညာဉ်,ကာယဝိညာဉ် တို့ကိုလည်း သိလေ၊ ပဋ္ဌဝိညာဉ်တို့၏အာရုံကို ထိုပဋ္ဌဝိညာဉ်တို့ ချုပ်ဆုံးကြသည့်နောက် မပျောက် မပျက် ရအောင် ဆက်လက်၍ လက်ခံသိမ်းပိုက်သောစိတ်ကို သမ္ပဋိစ္ဆိုင်း-ဟုခေါ်သည်၊ သမ္ပဋိစ္ဆိုင်း လက်ခံသိမ်းပိုက်၍ ထားသော အာရုံကို ထိုသမ္ပဋိစ္ဆိုင်း၏ အခြားမဲ့၌ ဖြစ်၍ ဇုဋ္ဌ, အနိဋ္ဌသိသာရအောင် စိစစ်စုံစမ်းသော စိတ်ကို သန္တီရဏာ ဟု ခေါ်သည်။]

အကုသလဝိပါက်စိတ်ခုနစ်ခုပြီး၏။

အဟိတ်ကုသလဝိပါက်စိတ်ရှစ်ခုဆိုသည်မှာ—

(၁) ဥပေက္ခာသဟဂုတ်-စက္ခုဝိညာဉ်စိတ်တခု။
(၂) ဥပေက္ခာသဟဂုတ်-သောတဝိညာဉ်စိတ်တခု။
(၃) ဥပေက္ခာသဟဂုတ်-ဃာနဝိညာဉ်စိတ်တခု။
(၄) ဥပေက္ခာသဟဂုတ်-ဇိဝှါဝိညာဉ်စိတ်တခု။
(၅) သုခသဟဂုတ်-ကာယဝိညာဉ်စိတ်တခု။
(၆) ဥပေက္ခာသဟဂုတ်-သမ္ပဋိစ္ဆိုင်းစိတ်တခု။
(၇) သောမနဿသဟဂုတ်-သန္တီရဏစိတ်တခု။
(၈) ဥပေက္ခာသဟဂုတ်-သန္တီရဏစိတ်တခု။

ဤရှစ်ခုကို ဆိုသည်။

[သဘောအဓိပ္ပါယ်မှာ။ ။အကုသလဝိပါက်၌ ပြဆိုခဲ့ပြီးသောအတိုင်းမှတ်၊ သောမနဿသဟဂုတ်သန္တီရဏစိတ်တခုပိုလွန်၏။]

အဟိတ်ကုသလဝိပါက်စိတ် ရှစ်ခုပြီး၏။

ကြိယာစိတ်သုံးခုဆိုသည်မှာ—

(၁) ဥပေက္ခာသဟဂုတ်-ပဋ္ဌဒ္ဓါရာဝဇ္ဇန်းစိတ်တခု။
(၂) ဥပေက္ခာသဟဂုတ်-မနောဒ္ဓါရဝဇ္ဇန်းစိတ်တခု။
(၃) သောမနဿသဟဂုတ်-ဟသိတုပ္ပါဒ်စိတ်တခု။

ဤသုံးခုကိုဆိုသည်။

[သဘောအဓိပ္ပါယ်မှာ။ ။စက္ခုစသောဒွါရငါးပါး၌ အသစ်ထင်လာ,ထိုခိုက်လာသော ရူပါရုံစသောအာရုံငါးပါးကိုရှေးဦးပဌမအာရုံပြုလျက် ဆင်ခြင်သောအားဖြင့်ဖြစ်သောစိတ်ကို ပဉ္စဒွါရာဝဇ္ဇနး-ဟုဆိုသည်၊ ဘဝင်အယဉ်ဟုဆိုအပ်သော မနောဒွါရ၌ ထင်လာ, ထိုခိုက်လာသော အာရုံခြောက်ပါးကို ရှေးဦးပဌမအာရုံပြုလျက် ဆင်ခြင်သောအားဖြင့်ဖြစ်သောစိတ်ကို မနောဒွါရာဝဇ္ဇနး-ဟုဆိုသည်၊ပြီးခြင်းကိစ္စကိုဖြစ်စေတတ်သောစိတ်တခုကို ဟသိတုပ္ပါဒ်-ဟု ဆိုသည်၊ဤဟသိတုပ္ပါဒ်စိတ်သည် ဘုရား,ရဟန္တာတို့၏ သန္တာန်မှာသာဖြစ်သည်-ဟူ၍မှတ်။ ။ဘုရားကိုယ်တော်မြတ်မှာ ဟသိတုပ္ပါဒ်စိတ်တခု,မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်နှစ်ခု- ၎င်းသုံးခုသောစိတ်တို့ဖြင့် ပြီးရယ်တော် မူ၏၊ ရဟန္တာပုဂ္ဂိုလ်တို့သည် ဟသိတုပ္ပါဒ်စိတ်တခု, မဟာကြိယာ သောမနဿ လေးခု- ၎င်းငါးခုသောစိတ်တို့ဖြင့် ပြီးရယ်တော်မူကြကုန်၏၊ သောတာပန်,သကဒါဂါမ်,အနာဂါမ်ပုဂ္ဂိုလ်တို့သည် လောဘမူသောမနဿ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်နှစ်ခု, မဟာကုသိုလ်သောမနဿလေးခု- ၎င်းခြောက်ခုသောစိတ်တို့ဖြင့် ရယ်ရွှင်ကြကုန်၏၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့မှာ လောဘမူ သောမနဿလေးခု, မဟာကုသိုလ်သောမနဿ လေးခု- ၎င်းရှစ်ခုသောစိတ်တို့ဖြင့် ရယ်ရွှင်ကြကုန်၏။]

အဟိတ်ကြိယာစိတ် သုံးခုပြီး၏။
အဟိတ်စိတ် တဆယ့်ရှစ်ခုပြီး၏။

ကာမသောဘနစိတ် ၂၄-ခု ဆိုသည်မှာ–

မဟာကုသိုလ်စိတ် ၈-ခု မဟာဝိပါက်စိတ် ၈-ခု မဟာကြိယာစိတ် ၈-ခု	၎င်းနှစ်ဆယ့်လေးခုကိုဆိုသည်။

မဟာကုသိုလ်စိတ် ၈-ခုဆိုသည်မှာ–

(၁) သောမနဿသဟဂတ်-ဉာဏသမ္ပယုတ်- အသင်္ခါရိက စိတ်တခု။

(၂) သောမနဿသဟဂတ်- ဉာဏသမ္ပယုတ်-သသင်္ခါရိက စိတ်တခု။

(၃) သောမနဿသဟဂတ်- ဉာဏဝိပ္ပယုတ်- အသင်္ခါရိက စိတ်တခု။
(၄) သောမနဿသဟဂတ်- ဉာဏဝိပ္ပယုတ်- သသင်္ခါရိက စိတ်တခု။
(၅) ဥပေက္ခာသဟဂတ်-ဉာဏသမ္ပယုတ်-အသင်္ခါရိက စိတ်တခု။
(၆) ဥပေက္ခာ သဟဂတ်- ဉာဏသမ္ပယုတ်- သသင်္ခါရိက စိတ်တခု။
(၇) ဥပေက္ခာသဟဂတ်-ဉာဏဝိပ္ပယုတ်-အသင်္ခါရိက စိတ်တခု။
(၈) ဥပေက္ခာသဟဂတ်-ဉာဏဝိပ္ပယုတ်-သသင်္ခါရိက စိတ်တခု။
၅၂ရစ်ခုကိုဆိုသည်။

[သဘောအဓိပ္ပါယ်မှာ။ ။ဉာဏ်နှင့်ယှဉ်သည်ကို ဉာဏသမ္ပယုတ်ဆိုသည်၊ ဉာဏ်နှင့်မယှဉ်သည်ကို ဉာဏဝိပ္ပယုတ်ဆိုသည်။ [အကြွင်းသိသာပြီ]။ ။မဟာဝိပါက်စိတ်ရှစ်ခု,မဟာကြိယာစိတ်ရှစ်ခုတို့ကို မဟာကုသိုလ်အတိုင်း သောမနဿ သဟဂတ်-ဉာဏသမ္ပယုတ်-အသင်္ခါရိကစိတ်တခု စသည်ဖြင့်သိလေ။[အထူးမရှိပြီ]။ ။မဟာကုသိုလ်၏အကျိုးကို မဟာဝိပါက်ဆိုသည်၊ ဘုရား, ရဟန္တာတို့၏ သန္တာန်၌ဖြစ်သော ယင်းကုသိုလ်ဇောစိတ်ကိုပင် အကျိုးပေးခြင်းကိစ္စမရှိဘဲ ပြုကာ,ဖြစ်ကာမျှဖြစ်၍ ကြိယာ–ခေါ်ရလေသည်ဟုမှတ်။]

ကာမသောဘနစိတ် ၂၄-ပြီး၏။

ရူပစိတ် ၁၅-ခုဆိုသည်မှာ–

ရူပကုသိုလ်စိတ် ၅-ခု
ရူပဝိပါက်စိတ် ၅-ခု } ၅၂တဆယ့်ငါးခုကိုဆိုသည်။
ရူပကြိယာစိတ် ၅-ခု

ရူပကုသိုလ်စိတ် ၅-ခုဆိုသည်မှာ–

(၁) ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ- တည်းဟူသော ဈာန်အင်္ဂါငါးပါးနှင့်တကွဖြစ်သော ပဌမဈာန်စိတ်တခု။
(၂) ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ-တည်းဟူသော ဈာန်အင်္ဂါလေးပါးနှင့်တကွဖြစ်သော ဒုတိယဈာန်စိတ်တခု။

(၃) ဝိတိ, သုခ, ကေဋ္ဌတာ-တည်းဟူသော ဈာန်အင်္ဂါသုံးပါး နှင့်တကွဖြစ်သော တတိယဈာန်စိတ်တခု။

(၄) သုခ, ကေဋ္ဌတာ-တည်းဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့် တကွဖြစ်သော စတုတ္ထဈာန်စိတ်တခု။

(၅) ဥပေက္ခာ, ကေဋ္ဌတာ- တည်းဟူသော ဈာန်အင်္ဂါနှစ်ပါး နှင့်တကွဖြစ်သော ပဉ္စမဈာန်စိတ်တခု။ ။ဤငါးခုကိုဆိုသည်။

[သဘောအဓိပ္ပါယ်မှာ။ ။ဝိတက်, ဝိစာရ,ဝိတိ, သုခ,ကေဋ္ဌတာ တည်းဟူသော ဤငါးပါးအပေါင်းကို အာရုံခြောက်ပါး၌ ပြေးသွား လွင့်ပါး၍နေသော စိတ်ကို တခုတည်းသော အာရုံ၌ နှစ်နှစ်ခြိုက်ခြိုက် အမြစ်စိုက်၍နေအောင် ဆောင်ရွက်စီမံကြသော တရားစုဖြစ်၍ ဈာန် ဟုခေါ်သည်၊ အစိတ်, အစိတ်သောအခါ ဈာန်မမည်၊အစိတ်,အစိတ် သောအခါကား ဈာန်ဖြစ်မှု၏ အကြောင်းအင်္ဂါမျှဖြစ်၍ ဈာနင်္ဂ(ဈာန် အင်္ဂါ)ဟူ၍သာ ခေါ်ဝေါ်ရ၏၊ လှည်း-ဟုခေါ်ဝေါ်ရာ၌ လှည်းအိမ်, လှည်းဘီး, ဝင်ရိုး, ထမ်းပိုး အစရှိသည်တို့နှင့် ပေါင်းမိမှသာလျှင် ခေါ် ဝေါ်ရ၏၊လှည်းအိမ်စသည်တို့ မပေါင်းမိဘဲ အစိတ်,အစိတ်တခုစီထား လျှင် လှည်း၏အင်္ဂါမျှဟူ၍သာ ခေါ်ဝေါ်ရ၏။]

ဆိုအပ်ခဲ့ပြီးသော ဈာန်အင်္ဂါ ငါးပါးတို့၏ ကိစ္စအသီးအသီး တို့ကား–

(၁) ဝိတက်-သည် အာရုံသို့ရောက်အောင် တင်ပေးခြင်းကိစ္စ။
(၂) ဝိစာရ-သည်အာရုံ၌ ဘွဲ့နှောင်ခြင်းကိစ္စ။
(၃) ဝိတိ-သည် စိတ်ကိုအားရနှစ်လို, ပျို့စေခြင်းကိစ္စ။
(၄) သုခ-သည် စိတ်ကိုပွားစေခြင်းကိစ္စ။
(၅) ကေဋ္ဌတာ-သည်စိတ်ကိုခိုင်ခံ့စွာ ထားခြင်း ကိစ္စ-ဟူသော ဤငါးပါးတို့တည်း။

တနည်းအားဖြင့် ဆန့်ကျင်ဘက်ဖြစ်သော တရားစုကို အမြစ်မပါ ဘဲ လောင်မြိုက်ကင်းရှင်းစေတတ်သောကြောင့် ဝိတက်စသော ငါးပါး. အပေါင်းကို ဈာန်- ခေါ်သည်ဟုမှတ်။

※ထင်ရှားစေဦးအံ့- စိတ်ကို အာရုံသို့တင်ပို့တတ်သော ဝိတက်သည် တွန့်တိုပျင်းရိစေတတ်သော ထိန,မိဒ္ဓကို လောင်မြိုက် ကင်းရှင်းစေသည်။

အာရုံ၌ စိတ်ကို ဖွဲ့ချည်တတ်သော ဝိစာရသည် စိတ်ကို နှစ်ခွပြု၍ နောက်ကျုံ့စေတတ်သော ဝိစိကိစ္ဆာကို လောင်မြိုက် ကင်းရှင်းစေသည်။

အာရုံ၌ နှစ်မြိုက်စေတတ်သော ပီတိသည် စိတ်ကို ငြီးငွေ့ခြောက်သွေ့ စေတတ်သော ဗျာပါဒကို လောင်မြိုက်ကင်းရှင်း စေသည်။

အာရုံ၌ ချမ်းမြေ့စေတတ်သော သုခသည် မအေးမချမ်း စေတတ်သော ဥဒ္ဓစ္စ,ကုက္ကုစ္စတို့ကို လောင်မြိုက်ကင်းရှင်းစေ သည်။

အာရုံ၌ ခိုင်ခံ့စွာ တည်ငြိမ်စေတတ်သော ဧကဂ္ဂတာသည် ထကြွလှုပ်ရှားစေတတ်သော ကာမစ္ဆန္ဒကို လောင်မြိုက် ကင်း ရှင်းစေတတ်သည်။

[ဝိပါက်စိတ်,ကြိယာ စိတ်တို့ကို ကုသိုလ် အတိုင်း သိလေ၊ ဝိပါက်,ကြိယာခေါ်ရခြင်း၏ အကြောင်းကို ကာမ သောဘန စိတ်၌ဆိုခဲ့ပြီ။]

ရူပစိတ်တဆယ့်ငါးခုပြီး၏။

အရူပစိတ် ၁၂–ခုဆိုသည်မှာ–

အရူပကုသိုလ်စိတ်-၄-ခု
အရူပဝိပါက်စိတ်-၄-ခု } ၅ါတဆယ့်နှစ်ခုကိုဆိုသည်။
အရူပကြိယာစိတ်-၄-ခု

အရူပကုသိုလ်စိတ်လေးခုဆိုသည်မှာ–

(၁) အာကာသာနဉ္စာယတနစျာန်စိတ်တခု။
(၂) ဝိညာဏဉ္စာယတနစျာန်စိတ်တခု။
(၃) အာကိဉ္စညာယတနစျာန်စိတ်တခု။
(၄) နေဝသညာနာသညာယတနစျာန်စိတ်တခု။ ။၅ါလေးခုကို ဆိုသည်။

[သဘောအဓိပ္ပါယ်မှာ။ ။အာကာသကသိုဏ်းမှတပါး ကသိုဏ်းကိုးပါးတို့တွင် တပါးပါးကို နှလုံးမသွင်းဘဲ ဘာဝနာဖြင့် ခွာ၍ ယင်းကသိုဏ်းနေရာ၌ ထင်လာသော ဟင်းလင်းအပြင် ကောင်းကင်ပညတ်လျှင် တည်ရာအာရုံရှိသော စျာန်စိတ်ကို အာကာသာနဉ္စာယတနစျာန်-ဟုဆိုသည်၊ထိုအာကာသာနဉ္စာယတနစျာန်တည်းဟူသော ပဌမအရူပဝိညာဉ်လျှင် တည်ရာအာရုံရှိသော စျာန်စိတ်ကို ဝိညာဏဉ္စာယတနစျာန်-ဟုဆိုသည်၊ ထိုပဌမအရူပဝိညာဉ် တည်းဟူသော အာရုံကို လွှတ်ပြန်၍ ထိုပဌမအရူပဝိညာဉ်၏ သာလျှင် အနည်းငယ်မျှ အကြွင်းအကျန် မရှိသော နတ္ထိဘော ပညတ်လျှင် တည်ရာအာရုံရှိသော စျာန်စိတ်ကို အာကိဉ္စညာယတနစျာန်-ဟု ဆိုသည်၊ ထို နတ္ထိဘော ပညတ်တည်းဟူသော အာရုံကိုလွှတ်ပြန်၍ ထိုအာကိဉ္စညာယတနစျာန်တည်းဟူသော တတိယအရူပ ဝိညာဉ်လျှင်တည်ရာ အာရုံရှိသော စျာန်စိတ်ကို နေဝသညာနာသညာယတနစျာန်-ဟုဆိုသည်။ ။ဝိပါက်စိတ်, ကြိယာစိတ်တို့ကို ကုသိုလ်အတိုင်းသိလေ၊ ဝိပါက်,ကြိယာမည်ကြောင်းကို အောက်၌ပြခဲ့ပြီ။]

အရူပစိတ်တဆယ့်နှစ်ခုပြီး၏။

ပြဆိုခဲ့ပြီးသော စိတ်ရှစ်ဆယ့်တခုကို လောကီစိတ်-ဟု ခေါ်သည်။

လောကုတ္တရာ စိတ်သည် အကျဉ်း,အကျယ်နှစ်မျိုးရှိ၏၊ အကျဉ်းအားဖြင့် ရှစ်ခုတည်း၊ ရှစ်ခုဆိုသည်မှာ–

ကုသိုလ်စိတ်လေးခု
ဝိပါက်စိတ်လေးခု } ၍ရှစ်ခုကိုဆိုသည်။

ကုသိုလ်စိတ်–လေးခုဆိုသည်မှာ မဂ်စိတ်လေးခုကို ဆိုသည်။

မဂ်စိတ်-လေးခုဆိုသည်မှာ–

(၁) သောတာပတ္တိမဂ်စိတ်တခု။
(၂) သကဒါဂါမိမဂ်စိတ်တခု။
(၃) အနာဂါမိမဂ်စိတ်တခု။
(၄) အရဟတ္တမဂ်စိတ်တခု။ ။၍လေးခုကိုဆိုသည်။

[သဘောအဓိပ္ပါယ်မှာ။ ။သောတာပတ္တိမဂ်-ဆိုသည်မှာ နိဗ္ဗာန်သို့တဖြောင့်တည်းသွားသော လမ်းစဉ်းသို့ရောက်သော ပုဂ္ဂိုလ်၏ မဂ္ဂင်ရှစ်ပါးအပေါင်းကိုဆိုသည်၊ မဂ္ဂင်ရှစ်ပါးဆိုသည်မှာ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ,သမ္မာဝါစာ, သမ္မာကမ္မန္တ,သမ္မာအာဇီဝ, သမ္မာဝါယာမ,သမ္မာသတိ,သမ္မာသမာဓိ။ ။ဤရှစ်ပါးကို ဆိုသည်။

သမ္မာဒိဋ္ဌိ-ဆိုသည်မှာ သစ္စာလေးပါးတရားတို့ကိုကောင်းစွာသိမြင်သော ပညာစေတသိက်ကို ဆိုသည်။

သမ္မာသင်္ကပ္ပ-ဆိုသည်မှာ သမ္မာဒိဋ္ဌိပညာဖြင့် ဆုံးဖြတ်ဘို့ ထွေထွေလာလာ ကြံစည်၍ ပေးတတ်သော ဝိတက်-စေတသိက်ကို ဆိုသည်။

ဤသမ္မာသင်္ကပ္ပကို သမ္မာဒိဋ္ဌိ၏ အဘော်သဟဇာတဖြစ်၍ သမ္မာဒိဋ္ဌိပညာနှင့် သဘောတူသောကြောင့် ပညာကွန်ရှဉ် သဂြိဟ်အပ်၏။

ဤ၃ ခန္ဓ-သဒ္ဒါသည် အဘို့အစုဟူသောအနက်ကို ဟောသည်ဖြစ်၍ ပညာအဘို့အစု-ဟုဆိုလိုသည်။ ။ဥပမာအားဖြင့်ကား-ကောက်ပင်ကို ရိတ်ဖြတ်လိုသော လယ်ရိတ်သမားသည် လက်တဘက်ဖြင့် ကောက်ပင်ကို စုရုံးဆုပ်ထားပြီးမှ လက်တဘက်၌ ကိုင်သော တံစဉ်ဖြင့် ကောက်ပင်ကို ရိတ်သကဲ့သို့ ဝိတက်ဖြင့် ကြံပြီးမှ ပညာဖြင့် ဆုံးဖြတ်ရသည်ကို သိလေ။

သမ္မာဝါစာ-ဆိုသည်မှာ အသက်မွေးမြူမှုတို့ကို မငဲ့ဘဲ အသက်မွေးကြောင်းနှင့် မစပ်မရှက်ဘဲဖြစ်သော မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ,သမ္ဖပ္ပလာပ-တည်းဟူသော ဝစီဒုစရိုက်လေးပါးတို့ကို ပယ်စွန့်သည်၏ အစွမ်းအားဖြင့် ဖြစ်သော ဝစီဒွါရစင်ကြယ်မှုကိုဆိုသည်။

သမ္မာကမ္မန္တ-ဆိုသည်မှာ အသက်မွေးမြူမှုတို့ကို မငဲ့ဘဲ အသက်မွေးကြောင်းနှင့် မစပ်မရှက်ဘဲဖြစ်သော ပါဏာတိပါတ,အဒိန္နာဒါန်, ကာမေသုမိစ္ဆာစာရ-တည်းဟူသော ကာယဒုစရိုက်သုံးပါးမှ စင်ကြယ်မှုကိုဆိုသည်။

သမ္မာအာဇီဝ-ဆိုသည်မှာ အသက်မွေးမြူလိုမှုကို ငဲ့၍ အသက်မွေးကြောင်းနှင့် စပ်ရှက်သော ယင်းကာယဒုစရိုက် သုံးပါး, ဝစီဒုစရိုက်လေးပါး-တည်းသော ဒုစရိုက် ၇-ပါးလုံးမှ ကြဉ်ရှောင်မှုကိုဆိုသည်၊

ဒုစရိုက်ခုနစ်ပါးကို အသက်မွေးကြောင်း,အသက်သေမည့်အကြောင်း ကြောင့်လည်း မပြုမကျင့် ကြဉ်ရှောင်မှု-ဟုဆိုလိုသည်၊ ဤသမ္မာဝါစာ, သမ္မာ ကမ္မန္တ, သမ္မာအာဇီဝ-ဟူသော မဂ္ဂင်သုံးပါးသည် ဝိရတိသီလ မျိုးဖြစ်သောကြောင့် သဘောတူပေါင်း၍ သီလကွန္ဓ ၌ သင်္ဂြိဟ်အပ်၏၊ သီလအာဘိုအစု-ဟု ဆိုလိုသည်။

သမ္မာဝါယာမ-ဆိုသည်မှာ သစ္စာလေးပါးတရားတို့ကို အဖန် တလဲလဲ ရှုမြင်ကြံဆနိုင်အောင် ကောင်းစွာအားထုတ်ခြင်းတည်းဟူသော ဝိရိယစေတသိက်ကိုဆိုလိုသည်၊ သမ္မာသတိ-ဆိုသည်မှာ သစ္စာလေး ပါးတရားတို့ကို အဖန်တလဲလဲ အောက်မေ့ခြင်းတည်းဟူသောသတိစေ တသိက်ကိုဆိုသည်။

သမ္မာသမာဓိ- ဆိုသည်မှာ သစ္စာလေးပါး တရားတို့ကို အဖန် တလဲလဲ အာရုံပြု၍တည်နေခြင်းဈာန်းဟူသော ဧကဂ္ဂတာစေတသိက် ကိုဆိုသည်။ ။သမာဓိ ဖြစ်လိုသောသူသည် လုံ့လဝီရိယ ထုတ်ပြီး လျှင် အာရုံတခုခုကိုယူမှ သမာဓိဖြစ်နိုင်သည်၊ ထိုသမာဓိကိုလည်း သတိနှင့်စောင့်ရှောက်မှ ကာမဝိတက်-စသော သမာဓိဘေးရန်ကင်း၍ ရပ်တည်နိုင်လေသည်၊ ဤသို့သမ္မာဝါယာမနှင့် သမ္မာသတိကို သမ္မာ သမာဓိ၏ အဘော်သဟဇာတဖြစ်၍ သမာဓိနှင့် သဘောတူသောကြောင့် သမာဓိကွန္ဓ ၌ သင်္ဂြိဟ်အပ်၏၊ သမာဓိ၏ အဘိုအစု-ဟုဆိုလိုသည်။

ဥပမာအားဖြင့် ကား-ပန်းပင်၌ ပွင့်သောပန်းကို ခူး၍ ပန်ဆင်လို သော အဆွေခင်ပွန်းသုံးယောက်တို့သည် လက်ဖြင့်လှမ်း၍ ဆွတ်ယူရာ မမှီနိုင်သည်ဖြစ်၍လူသုံးယောက်တို့အနက် တယောက်ကကုန်း၍ခံသည်၊ တယောက်က ကျောပေါ်သို့တက်၍ ပန်းကို ခူးယူမည်ပြုသော အခါ ကျောပေါ်၌ မြဲမြဲမရပ်နိုင် တုန်တုန်လှုပ်လှုပ်ရှိသောကြောင့် မတုန် လှုပ်ဘဲ မြဲရအောင် တယောက်ကပခုံးဖြင့် ဝင်၍အကိုင်ခံသဖြင့် မြဲစွာရပ် ၍ အလိုရှိသောပန်းတို့ကို ရွေးယူဆွတ်ခူးပန်ဆင်ရသကဲ့သို့ ဝိရိယသည် ချီးမြှောက်အပ်သည်ဖြစ်၍ သတိသည် ထိုထိုအာရုံသို့မသွားရအောင် စောင့်ရှောက်မှ အာရုံတခုခု၌ ရပ်တည်၍ သမာဓိကိစ္စကို ပြီးစေနိုင် သည်-ဟုသိပါလေ။

သကဒါဂါမိမဂ်-ဆိုသည်မှာ ကာမဘုံ၌ ပဋိသန္ဓေတဘန်ပြန်ခွင့်ကျန်ရှိသေးသောပုဂ္ဂိုလ်၏ မဂ္ဂင်ရှစ်ပါးအပေါင်းကိုဆိုသည်။

အနာဂါမိမဂ်-ဆိုသည်မှာ ကာမဘုံ၌ ပဋိသန္ဓေတဘန် ပြန်ခွင့်မရှိသောပုဂ္ဂိုလ်၏ မဂ္ဂင်ရှစ်ပါးအပေါင်းကိုဆိုသည်။

အရဟတ္တမဂ်-ဆိုသည်မှာ ကိလေသာ ကင်းပြတ်သဖြင့် မြတ်သော အလွှာကိုခံထိုက်သောပုဂ္ဂိုလ်၏ မဂ္ဂင်ရှစ်ပါးအပေါင်းကို ဆိုသည်။]

ဖိုလ်စိတ်လေးခုဆိုသည်မှာ–

(၁) သောတာပတ္တိဖိုလ်စိတ်တခု။
(၂) သကဒါဂါမိဖိုလ်စိတ်တခု။
(၃) အနာဂါမိဖိုလ်စိတ်တခု။
(၄) အရဟတ္တဖိုလ်စိတ်တခု။ ။ဤလေးခုကိုဆိုသည်။

[သဘောအဓိပ္ပါယ်မှာ။ ။ဖိုလ်-ဆိုသည်မှာ မဂ်၏အကျိုးဖြစ်သော စိတ်,စေတသိက် အပေါင်းကိုဆိုသည်၊ မဂ်ကဖြတ်သော ကိလေသာသာတို့ကို အင္ဂေအသက်မှမကျန်ရအောင် ထပ်မံ၍ ငြိမ်းစေတတ်သော စိတ္တုပ္ပါဒ်တို့ပေတည်း။]

လောကုတ္တရာစိတ်အကျဉ်းရှစ်ခုပြီး၏။

လောကီစိတ်ရှစ်ဆယ့်တစ်,လောကုတ္တရာစိတ်ရှစ် ပေါင်းလျှင် အကျဉ်းစိတ် တခုယုတ်ကိုးဆယ်(၈၉)ဖြစ်၏။

လောကုတ္တရာစိတ် အကျယ်လေးဆယ်ဆိုသည်မှာ–

(၁) သောတာပတ္တိမဂ်စိတ် ၅-ခု။
(၂) သကဒါဂါမိမဂ်စိတ် ၅-ခု။
(၃) အနာဂါမိမဂ်စိတ် ၅-ခု။
(၄) အရဟတ္တမဂ်စိတ် ၅-ခု။
(၅) သောတာပတ္တိဖိုလ်စိတ်၅-ခု။
(၆) သကဒါဂါမိဖိုလ်စိတ် ၅-ခု။
(၇) အနာဂါမိဖိုလ်စိတ် ၅-ခု။
(၈) အရဟတ္တဖိုလ်စိတ် ၅-ခု။ ။ဤလေးဆယ်ကိုဆိုသည်။

ထို လေးဆယ်တို့တွင် သောတာပတ္တိမဂ်စိတ် ၅-ခု ဆိုသည်မှာ–
က။ ပဌမဈာန် သောတာပတ္တိမဂ်စိတ်တခု။
ခ။ ဒုတိယဈာန် သောတာပတ္တိမဂ်စိတ်တခု။
ဂ။ တတိယဈာန် သောတာပတ္တိမဂ်စိတ်တခု။
ဃ။ စတုတ္ထဈာန် သောတာပတ္တိမဂ်စိတ်တခု။
င။ ပဉ္စမဈာန် သောတာပတ္တိမဂ်စိတ်တခု။

၅၂ ၅-ခုကိုဆိုသည်။ ။သကဒါဂါမိမဂ်စသည်တို့၌လည်း ၅၂ အတိုင်း အကျယ်ငါးခု,ငါးခုစီဖြစ်ပုံကိုနည်းယူ၍သိလေ။

[သဘောအမိပ္ပါယ်မှာ။ ။၅၂အကျယ်လေးဆယ်သောနည်းလမ်းသည် ဈာန်ရပြီးမှ ဈာန်ကို အရင်းခံလုပ်၍ မဂ်၏ဥပစာဖြစ်သော ဥဒ္ဒေသနဂါမိနိုဝိပဿနာကိုစီးဖြန်းပြီးလျှင် မဂ်ရသော သမထယာနိကပုဂ္ဂိုလ်တို့၏နည်းလမ်းပေတည်း။]

ဈာန်ကိုအရင်းခံလုပ်၍-ဟု ဆိုလိုက်သောစကား၌ ဈာန်သည် သုံးမျိုးဖြစ်၏၊ သုံးမျိုးဆိုသည်မှာ ပါဒကဈာန်,သမ္မသိတဈာန်, ပုဂ္ဂလဇ္ဈာသယဈာန်-၅၂ သုံးမျိုးကိုဆိုသည်။

ဈာန်ရပုဂ္ဂိုလ်သည် ပဌမဈာန်စသည်တို့တွင် တစုံတခုသော ဈာန်ကိုဝင်စား၍ ထိုဈာန်မှထ၍ ဝုဋ္ဌာနဂါမိနိုဝိပဿနာစီးဖြန်းသဖြင့်မဂ်ကိုရသည် ဖြစ်အံ့-ထိုဝင်စားအပ်သောဈာန်ကို ဝုဋ္ဌာနဂါမိနိုဝိပဿနာ၏ အခြေပါဒက ဖြစ်သောကြောင့် ပါဒကဈာန်-ဟူ၍မှတ်လေ၊ထိုပါဒကဈာန်သည် ပဌမဈာန်ဖြစ်အံ့-မဂ်လည်းပဌမဈာန်မဂ်ဖြစ်ရ၏၊ ဒုတိယဈာန်ဖြစ်အံ့-မဂ်လည်း ဒုတိယဈာန်မဂ်ဖြစ်ရ၏၊စသည်ဖြင့်သိလေ။ ။ ၅၂ကားပါဒကဈာန်တည်း။

ထိုပါဒကဈာန်ကိုသော်၎င်း, ထိုမှတပါးသော ဈာန်ကိုသော်၎င်း ဝုဋ္ဌာနဂါမိနိုဝိပဿနာသည် အနိစ္စစသည်ဖြင့် သုံးသပ်ဆင်ခြင်အပ်သည်ဖြစ်အံ့-ထိုဈာန်ကို သုံးသပ်ဆင်ခြင်အပ်သောကြောင့် သမ္မသိတဈာန်ဟူ၍မှတ်၊ ထိုသုံးသပ်အပ်သောဈာန်သည် ပဌမဈာန်ဖြစ်အံ့-မဂ်လည်း ပဌမဈာန်မဂ်ဖြစ်၏၊ ဒုတိယဈာန်စသည်ဖြစ်အံ့-ဒုတိယဈာန်မဂ်စသည်ဖြစ်၏-ဟု သိပါလေ။ ။၅၂ကား–သမ္မသိတဈာန်တည်း။

အကြင်ပုဂ္ဂိုလ်သည် ပဌမစျာန် စသည်တို့တွင် တပါးပါးကို ဝင်စား၍ ဒုတိယစျာန်စသည်တို့တွင် တပါးပါးကို သုံးသပ်ဆင်ခြင်၏၊ ထိုပုဂ္ဂိုလ်၏ အဗျာသယအားလျော်စွာ ဝင်စား၍ အခြေပြုအပ်သော ပါဒကစျာန်နှင့်သော်၎င်း,သုံးသပ်ဆင်ခြင်အပ်သောသမ္မသိတစျာန်နှင့် သော်၎င်း တူစွာဖြစ်၏၊ ထိုစျာန်ကို ပုဂ္ဂိုလ်၏ အဗျာသယအားလျော်စွာဖြစ်ရသောကြောင့် ပုဂ္ဂလဗျာသယစျာန်-ဟူ၍မှတ်လေ၊ထိုပုဂ္ဂိုလ်၏ အဗျာသယအထူးမရှိသည်ဖြစ်အံ့-အောက်အောက်စျာန်ထက် အထက်အထက်စျာန်သည် ဗလဝဖြစ်သောကြောင့် အထက်စျာန်နှင့်တူစွာသော မဂ်ကိုရအပ်၏။

၅၂ဝါဒသုံးခုကိုအဌသာလိနီအဌကထာ စသည်တို့၌ အကျယ်ပြဆိုအပ်၏၊ ဝါဒသုံးခုလုံးပင် မဆန့်ကျင်သဖြင့် သင့်မြတ်၏-ဟူ၍လည်း မိန့်ဆို၏။

အကြောင်းမဂ်နှင့်တူစွာအကျိုးဖြစ်သော ဖိုလ်သည်လည်း ငါးပါးပြားသည်၊ထို့ကြောင့် တခု,တခုသော လောကုတ္တရာစိတ်သည် ငါးပါး, ငါးပါးစီပြားသောကြောင့် အလုံးစုံကို ပေါင်းသော် လောကုတ္တရာစိတ် ၄ဝ-အရေအတွက်ဖြစ်၏။

လောကုတ္တရာအကျယ် ၄ဝ-ပြီး၏။

လောကီစိတ်ရှစ်ဆယ့်တစု, လောကုတ္တရာစိတ်လေးဆယ်-ပေါင်းသော် စိတ်အကျယ်တရာ့နှစ်ဆယ့်တခုဖြစ်၏။

၂ဝ။ မြင်မှုစသည်တို့မှာခန္ဓာဖွဲ့စည်းပုံ

မျက်စိ၌ကြည်လင်မှု-ဟူသော စက္ခုပသာဒ, အဆင်းအမျိုးမျိုး ဟူသော ရူပါရုံ-၅၂နှစ်ပါးကို ရူပက္ခန္ဓာ၊ ထိုမျက်စိအကြည်မှာ ရူပါရုံထိခိုက်လာသောအခါ ဖြစ်ပေါ်၍နေသော မြင်မှုသက်သက်ကို ဝိညာဏက္ခန္ဓာ၊ ထိုမြင်မှုနှင့် အတူတကွဖြစ်ပေါ်လာသောအာရုံ၏အရသာ ခံစားမှုကို ဝေဒနာက္ခန္ဓာ၊ အာရုံကိုမှတ်သားမှုကို သညာက္ခန္ဓာ၊ ထိုဝေဒနာက္ခန္ဓာ,သညာက္ခန္ဓာမှကြွင်းသောတွေ့ထိမှု-ဟူသောဖဿ,တိုက်တွန်းနှိုးဆော်မှု ဟူသောစေတနာ စသည်ဖြင့်အာရုံအားလျော်စွာ ဖြစ်ပေါ်လာသော စေတသိက်စုကို သင်္ခါရက္ခန္ဓာ-ဟူ၍မှတ်။

ဤသို့ ခန္ဓာငါးပါးတို့ထင်ရှားပေါင်းဆုံမိကြမှ မြင်မှု-ဟူ၍ ပရမတ္တ တရားတို့၏ သဘောအားလျော်စွာ ဖြစ်ပေါ်လာနိုင်လေသည်၊ ကြည့်ရှု တတ်သော ပုဂ္ဂိုလ်,သတ္တဝါ,ယောက်ျား,မိန်းမ,လူ, နတ်, ဗြဟ္မာ ရှိ၍ ဖြစ်ပေါ်လာသည်မဟုတ်-ဟူ၍ မှတ်ရမည်။

ဣတ္ထ ဟိ စက္ခု စေဝ ရူပါနိ စ ရူပက္ခန္ဓော၊ ဒဿနံ ဝိညာဏက္ခန္ဓော၊ တံသမ္ပယုတ္တာ ဝေဒနာ ဝေဒနာက္ခန္ဓော၊ သညာ သညာက္ခန္ဓော၊ ဖဿာဒိကော သင်္ခါရက္ခန္ဓော၊ ဝေ-မေတေသံ ပဋ္ဌန်ံ ခန္ဓာနံ သမဝါယေ အာလောကနဝိ-လောကနံ ပညာယတိ၊ တတ္ထ ကော ကေါ အာလောကေတိ ကော ဝိလောကေတိ။

[သမ္မောဟဇ္ဈာနကထာ။]

ဟိ-သစ္စံ၊ မှန်၏။ ဣတ္ထ၊ဤမြင်မှု၌။စက္ခု၊စေဝ၊စက္ခုပသာဒရုပ်သည်ရင်း။ရူပါနိစ၊ရူပါရုံတို့သည်ရင့်။ရူပက္ခန္ဓော၊ရူပက္ခန္ဓာမည်၏။ ဒဿနံ၊ မြင်သော စက္ခုဝိညာဉ်စိတ်သည်။ ဝါ၊ မြင်မှုသက်သက်သည်။ ဝိညာ-ဏက္ခန္ဓော၊ ဝိညာဏက္ခန္ဓာမည်၏။ တံ သမ္ပယုတ္တာ၊ထိုဝိညာဏက္ခန္ဓာ နှင့်ယှဉ်သော။ ဝေဒနာ၊ ဝေဒနာသည်။ ဝေဒနာက္ခန္ဓော၊ ဝေဒ နာက္ခန္ဓာမည်၏။ သညာ၊ သညာသည်။ သညာက္ခန္ဓော၊သညာက္ခန္ဓာ မည်၏။ ဖဿာဒိကော၊ ဖဿစသောတရားစုသည်။ သင်္ခါရက္ခန္ဓော၊ သင်္ခါရက္ခန္ဓာမည်၏။ ဧဝံ၊ ဤသို့။တေသံပဋ္ဌန်ံခန္ဓာနံ၊ထိုခန္ဓာငါးပါးတို့ ၏။သမဝါယေ၊ပေါင်းဆုံညီညွတ်ကြသောအခါ၌။အာလောကနဝိလော-ကနံ၊တည့်တည့်ကြည့်မှု,စောင်းမြောင်ကြည့်မှုသည်။ပညာယတိ၊ထင်ရှားလေ တော့သည်။ တတ္ထ၊ ထိုအရာ၌။ကောဧကော၊အဘယ်သတ္တဝါတယောက် သည်။ အာလောကေတိ၊ တည့်တည့်ကြည့်သနည်း။ ကော၊ အဘယ် သတ္တဝါသည်။ ဝိလောကေတိ၊ စောင်းမြောင်ကြည့်သနည်း။

ကြားမှုစသည်တို့မှာလည်း သောတပသာဒ,သဒ္ဒါရုံ-ဤနှစ်ပါးသည် ရူပက္ခန္ဓာ၊ကြားမှုသက်သက်သည် ဝိညာဏက္ခန္ဓာ၊ ခံစားမှုသည် ဝေဒ နာက္ခန္ဓာ၊မှတ်သားမှုသည် သညာက္ခန္ဓာ၊ဝေဒနာက္ခန္ဓာ,သညာက္ခန္ဓာ မှကြွင်းသောစေတသိက်စုသည် သင်္ခါရက္ခန္ဓာ-ဤသို့စသည်ဖြင့်သိလေ။

၂၁။ ခန္ဓာငါးပါးဥပမာ

ရူပက္ခန္ဓာသည် သူနာနှင့်တူသော ဝိညာဉ်၏မိုရာ ဒွါရ,အာရုံ၏ အစွမ်းအားဖြင့် တည်ရာအရပ်ဖြစ်သောကြောင့် နားရာ စရပ်နှင့်တူ၏။

ဝေဒနာက္ခန္ဓာသည် ပြင်းစွာ နှိပ်စက်တတ်သည်၏ အဖြစ်ကြောင့် အနာရောဂါနှင့်တူ၏။

သညာက္ခန္ဓာသည် ရာဂအစရှိသည်နှင့်ယှဉ်သော ဝေဒနာ၏ ဖြစ်ခြင်းကြောင့် အနာရောဂါဖြစ်ခြင်း၏ နိုးစွာသော အကြောင်းဖြစ်သော သလိပ်အစရှိသည်နှင့်တူ၏။

သင်္ခါရက္ခန္ဓာသည် ဝေဒနာ-ဟူသောအနာရောဂါ၏ ဝေးစွာသော အကြောင်းဖြစ်သောကြောင့် မသင့်မတင့်သောအရာကို မှီဝဲခြင်းနှင့် တူ၏။

ဝိညာဏက္ခန္ဓာသည် ဝေဒနာ-ဟူသောအနာရောဂါမှ မလွတ်သည်၏ အဖြစ်ကြောင့် သူနာနှင့်တူ၏။ ။ခန္ဓာငါးပါး၌ ဤသို့စသော ဥပမာတို့ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာစသည်တို့၌ပြဆိုသည်။

၂၂။ အာယတန ၁၂-ပါး

ခန္ဓာတို့ကိုပြဆိုပြီး၍ အာယတနတို့ကိုပြဆိုပေအုံ့-အာယတနဆိုသည်မှာ။ ။အာယတံ နယန္တိ တိ အာယတနာ။ ။အာယတံ၊ရှည်လျားလှစွာသော သံသရာသို့။ နယန္တိ၊ ဆောင်တတ်ကုန်၏။ ဇုတိတသ္မာ၊ ထို့ကြောင့်။ အာယတနာ၊ အာယတနတို့ မည်ကုန်၏။ ။အကြင်မျှလောက်သောကာလပတ်လုံး အာယတနတို့သည် ရှိကြကုန်သေး၏၊ ဖြစ်ကြကုန်သေး၏၊ ထိုမျှလောက်သောကာလပတ်လုံး သံသရာမှ မလွတ်သေးသောကြောင့် ထိုအာယတနတို့က သံသရာသို့ ဆောင်သွားသည်မည်၏။

ထိုအာယတနတို့သည် တဆယ့်နှစ်ပါးရှိကုန်၏၊ တဆယ့်နှစ်ပါးဆိုသည်မှာ—

(၁) စက္ခာယတန၊ စက္ခုပသာဒရုပ်-ဟူသော မျက်စိအကြည်။

(၂) သောတာယတန၊ သောတ ပသာဒရုပ်- ဟူသော နှားအ ကြည်။
(၃) ဃာနာယတန၊ ဃာန ပသာဒရုပ်- ဟူသော နှာခေါင်း အကြည်။
(၄) ဇိဝှါယတန၊ ဇိဝှါပသာဒရုပ်-ဟူသော လျှာအကြည်။
(၅) ကာယာယတန၊ ကာယ ပသာဒရုပ်-ဟူသောကိုယ်အကြည်။

အမှာ။ ။[ထိုပသာဒ-အကြည် ငါးပါး၏ အဓိပ္ပါယ်ကို အောက်ပသာဒ ရုပ်ငါးပါးကိုပြရာ၌ဆိုခဲ့လေပြီ။]

(၆) မနာယတန၊ စိတ် တခုယုတ်ကိုးဆယ်-ဟူသော အသိ အ မျိုးမျိုး။ ။[ထိုမနာယတနသည် ဘဝင်မနော,ဝိထိမနော ဟူ၍နှစ်မျိုးရှိ၏၊ ခန္ဓာကိုယ်ကို မသေမပျောက်ရုံမျှ စောင့် ရှောက် ချုပ်ထိန်းသော စိတ်မျိုးကို ဘဝ၏ အကြောင်း အင်္ဂါမျှသာဖြစ်၍ ဘဝင် (ဘဝင်) မနော-ဟုခေါ်၏၊ ဒွါရ ခြောက်ပါး၌ ထင်လာ, ထိခိုက်လာသော အာရုံသစ်များ ကိုဆွဲကိုင်လျက် တန်းစဉ်၍ဖြစ်သောစိတ်မျိုးကိုဝိထိမနော- ဟု ခေါ်၏၊ ဤဝိထိမနောတွင် ဇောစိတ်သည် အားအကြီး ဆုံးဖြစ်၏၊ကိုယ်အင်္ဂါလှုပ်ရှားခြင်း,နှုတ်အင်္ဂါလှုပ်ရှားခြင်း, စိတ်အင်္ဂါလှုပ်ရှား၍ ကြံဖန်ခြင်းတို့ကို ဇောစိတ်ကသာပြု နိုင်လေသည်။]

(၇) -ရူပါယတန၊ ရူပါရုံ-ဟူသောအဆင်အမျိုးမျိုး။
(၈) သဒ္ဒါယတန၊ သဒ္ဒါရုံ-ဟူသော အသံအမျိုးမျိုး။
(၉) ဂန္ဓာယတန၊ ဂန္ဓာရုံ-ဟူသော အနံ့အမျိုးမျိုး။
(၁၀) ရသာယတန၊ ရသာရုံ-ဟူသောအရသာအမျိုးမျိုး။
(၁၁) ဖောဋ္ဌဗ္ဗာယတန၊ ဖောဋ္ဌဗ္ဗာရုံ-ဟူသော အတွေ့အထိ အ မျိုးမျိုး။

အမှာ။ ။[ထိုရူပါရုံစသော ငါးပါး၏အဓိပ္ပါယ်ကို အောက်အာရုံဂေါစရ ရုပ်ငါးပါးကိုပြရာ၌ ဆိုခဲ့လေပြီ။]

(၁၂) ဓမ္မာယတန၊ ဓမ္မာရုံ-ဟူသော ကြွင်းကျန်သော ကုသိုလ်, အကုသိုလ်, အဗျာကတ တရားစု။ ။[ရှေးအာယတန တဆယ့်တပါးကို ချန်လှန်၍ ထိုတဆယ့်တပါးမှ ကြွင်းကျန်သောစေတသိက် ၅၂-ခု, သုခုမရူပ် ၁၆-ခု, နိဗ္ဗာန်-တည်းဟူသော တရားအလုံးစုံကို ဓမ္မာယတန-ဟုမှတ်၊ ဤ၌ ပဿာဒရူပ်, ဂေါစရ ရူပ်တို့မှ ကြွင်းကျန်သောရူပ်တို့ကို သုခုမ ရူပ်-ဟု ဆိုသည်]။ ။ဤတဆယ့်နှစ်ပါးကို ဆိုသည်။

၂၃။ အဋ္ဌတ္တိကာယတန, ဗာဟိရာယတန

ထိုအာယတန တဆယ့်နှစ်ပါးကို အဋ္ဌတ္တိကာယတန, ဗာဟိရာယတနအားဖြင့် ခွဲခြားပြဆိုပေအုံ့။ ။ဆအဋ္ဌတ္တိကာနိ အာယတနာနိ စက္ခာယတနံ သောတာယတနံ ဃာနာယတနံ ဇိဝှါယတနံ ကာယာ-ယတနံ မနာယတနံ–ဟူသော ထိုထိုပါဠိတော်တို့နှင့်အညီ စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန,မနာယတန-ဟူသော အာယတနခြောက်ပါးကို ငါ့မျက်စိ,ငါ့နား စသည်ဖြင့် တဏှာ,ဒိဋ္ဌိအစွဲအလမ်း အားကြီးလျှ၍ အတွင်းထားလျက် သိမ်းပိုက်အပ်သောကြောင့် အဋ္ဌတ္တိကာယတန-ခေါ်သည်ဟုမှတ်။

ဆဗာဟိရာနိအာယတနာနိ ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ ဓမ္မာယတနံ-ဟူသော ထိုထိုပါဠိတော်တို့နှင့်အညီ ရူပါယတန,သဒ္ဒါယတန, ဂန္ဓာယတန,ရသာယတန,ဖောဋ္ဌဗ္ဗာယတန,ဓမ္မာယတန- ဟူသော အာယတနခြောက်ပါးကို အတွင်းဝင် အတွင်းသားဖြစ်၍ အလွန် အသုံးကျလှသော ထိုအဋ္ဌတ္တိကာယတန ခြောက်ပါးကဲ့သို့ မျှားစွာအတွင်းထား၍ သိမ်းပိုက်မှုမရှိသောကြောင့် ဗာဟိရာယတန-ခေါ်သည်ဟုမှတ်။

၂၄။ မြင်မှုစသည်တို့မှာ အာယတနဘွဲ့စည်းပုံ

မျက်စိ၌ ကြည်လင်မှု-ဟူသော အခံဓာတ်ကို စက္ခာယတန၊ အဆင်းအမျိုးမျိုး-ဟူသော ရူပါရုံအတိုက်အခိုက်ဓာတ်ကို ရူပါယတန၊

မျက်စိအကြည်မှာ ထိုရူပါရုံထင်လာ, ထိခိုက်လာသောအခါ ဖြစ်ပေါ်၍နေသော မြင်မှုသက်သက် ဟူသော စက္ခုဝိညာဉ်ကို မနာယတန၊ ၎င်းသုံးခုတို့၏ တွေ့ထိမှု ပေါင်းဆုံမှု-ဟူသော ဖဿ,အာရုံ၏ အရသာခံစားမှု-ဟူသော ဝေဒနာ, အာရုံကိုမှတ်သားမှု-ဟူသော သညာ,ထိုတရားတို့ အစဉ်မပြတ် ထပ်ကာထပ်ကာ ဖြစ်ပေါ်မှုနှင့်ဖြစ်ပေါ်လာအောင် တိုက်တွန်း နှိုးဆော်မှု-ဟူသော စေတနာစသည်ဖြင့် အာရုံအားလျော်စွာဖြစ်ပေါ်လာကြသောစေတသိက်-ဟူသမျှကို ဓမ္မာယတန-ဟူ၍မှတ်လေ။

ဤစက္ခာယတန, ရူပါယတန,မနာယတန ဓမ္မာယတန-ဟူသော အာယတနလေးပါး ပေါင်းစုမိကြမှ မြင်မှု-ဟူ၍ ပရမတ္ထတရားတို့၏ သဘောအားလျော်စွာ ဖြစ်ပေါ်လာနိုင်လေသည်၊ ကြည့်ရှုတတ်သော ပုဂ္ဂိုလ်,သတ္တဝါ,ယောကျ်း,မိန်းမ,လူ,နတ်,ဗြဟ္မာရှိ၍ ဖြစ်ပေါ်လာသည်မဟုတ်-ဟူ၍ မှတ်ရမည်။

> စက္ခု စက္ခာယတနံ၊ ရူပံ ရူပါယတနံ၊ ဒဿနံ မနာယတနံ ဝေဒနာဒယော တံ သမ္ပယုတ္တာဓမ္မာ ဓမ္မာယတနံ၊ဝေမေတေသံ စတုန္နံ အာယတနာနံ သမဝါယေ အာလောကနဝိလောကနံ ပညာယတိ၊ တတ္ထ ကော ဧကော အာလောကေတိ ကောဝိ-လောကေတိ။
>
> [သမ္မောဟဇ္ဈကထာ။]

စက္ခု၊ စက္ခုပသာဒရုပ်သည်။ စက္ခာယတနံ၊ စက္ခာယတနမည်၏။ ရူပံ၊ ရူပါရုံသည်။ ရူပါယတနံ၊ ရူပါယတနမည်၏။ ဒဿနံ၊ မြင်တတ်သော စက္ခုဝိညာဉ်စိတ်သည်။ ဝါ၊မြင်မှုသက်သက်သည်။ မနာ-ယတနံ၊ မနာယတနမည်၏။ ဝေဒနာဒယော၊ဝေဒနာအစရှိကုန်သော။ တံသမ္ပယုတ္တာဓမ္မာ၊ ထိုစက္ခုဝိညာဉ်စိတ်နှင့် ယှဉ်ဘက်ဖြစ်ကုန်သော စေတသိက်တို့သည်။ ဓမ္မာယတနံ၊ ဓမ္မာယတနမည်၏။ ဧဝံ၊ ဤသို့။ ဧတေသံ စတုန္နံ အာယတနာနံ၊ထိုအာယတနလေးပါးတို့၏။ သမဝါ-ယေ၊ ပေါင်းဆုံညီညွတ်ကြသောအခါ၌။ အာလောကန ဝိလောကနံ၊ တည့်တည့်ကြည့်မှု, စောင်းမြဲကြည့်မှုသည်။ ပညာယတိ၊ ထင်ရှားလေ တော့သည်။ တတ္ထ၊ ထိုအရာ၌။ ကောဧကော၊ အဘယ်သတ္တဝါ တ

ယောက်သည်။အာလောကေတိ၊ တည့်တည့်ကြည့်သနည်း။ ကော၊ အ ဘယ်သင့်ဝါသည်။ ဝိလောကေတိ၊ စောင်းမျှကြည့်သနည်း။

ကြားမှုစသည်တို့မှာလည်း သောတပသာဒသည် သောတာယတန၊ သဒ္ဒါရုံသည် သဒ္ဒါယတန၊ ကြားမှုသက်သက် ဖြစ်သော သောတ ဝိညာဉ်သည် မနာယတန၊ အတူဖြစ်ဘက် စေတသိက်ဟူသမျှသည် ဓမ္မာယတနစသည်ဖြင့် သိပါလေ။

၂၅။ အာယတန ၁၂-ပါးဥပမာ

ပြဆိုအပ်ခဲ့ပြီးသောအာယတနတဆယ့်နှစ်ပါးတို့တွင် အဋ္ဌတ္တိကာ-ယတနခြောက်ပါးတို့သည် လူတယောက်မျှမရှိသော ရွာပျက်ကုန်းနှင့် တူ၏။

သုညော ဂါမော တိ ခေါ ဘိက္ခဝေ ဆန္နေတံ အဋ္ဌတ္တိကာနံ အာယတနာနံ အဓိဝစနံ။ ။[သဠာယတန သံယုတ်ပါ၊ဋ္ဌိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်။ သုညောဂါမောတိ၊ လူမရှိသော ရွာပျက်ကုန်းဟူသော။ တေံ၊ ဤအမည်စကားသည်။ ဆန္နံ၊ ခြောက်ပါးကုန်သော။ အဋ္ဌတ္တိကာနံ၊အတွင်းသန္တာန်၌ဖြစ်ကုန်သော။ အာယတနံ၊ အာယတနတို့၏။အဓိဝစနံ၊အမည်စကားပေတည်း။

ထိုအဋ္ဌတ္တိကာယတနတို့သည် ရွာပျက်ကုန်းနှင့် အဘယ်ကဲ့သို့ တူသနည်းဟူမူကား- တစုံတခုဘေးအန္တရာယ်ကြောင့် ပျက်စီးသောရွာ ဆိုးကုန်းသည်ရှိရာ၏၊ ထိုရွာဆိုးကုန်းသို့ ဝင်ရောက်ကြကုန်သော ခရီး သည်တို့သည် အလွန်စည်ပင်သာယာသော အမှုအရာနှင့် ပြည့်စုံသော ရွာပျက်ကိုမြင်သောအခါ ထမင်းအဖျော်နှင့် ပြည့်စုံသော အရပ်ဒေ သသို့ ငါတို့ရောက်ကြကုန်ပြီ-ဟု ဝမ်းမြောက်ဝမ်းသာ ဆာလောင် မွတ်သိပ် ဖြစ်ကြသည်နှင့် အကြင်အိုးခွက်ကို ကိုင်ယူသုံးသပ်ကြကုန် ၏၊ ကိုင်ယူတိုင်းသော ထိုအိုးခွက်တို့သည် တမင်းအဖျော် ဘာတခုမျှ မရှိဘဲ အချည်းနှီးသက်သက်တို့သာဖြစ်ကြကုန်၏၊ ထို့အတူ စက္ခုသည် ခိုင်မြဲ၏, တင့်တယ်၏ စသည်ဖြင့် ဝိပ္ပလ္လာသတရားတို့အတွက် သက် သက် အမှားကိုသာယူအပ်ကုန်သော ထိုအဋ္ဌတ္တိကာယတနခြောက်

ပါးကို ဝိပဿနာပညာဖြင့် သုံးသပ်ဆင်ခြင်အပ်သည်ရှိသော် ခိုင်မြဲသော သဘောစသည်မှ ကင်းကြလေသောကြောင့် ထိုအဋ္ဌတ္တိကာယတနခြောက်ပါးတို့ကို ရှာဖျက်ကုန်းနှင့်တူသည်-ဟူ၍ဟောတော်မူ၏။

အဋ္ဌတ္တိကာနိ သုညဂါမော ဝိယ ဒဋ္ဌဗ္ဗာနိ၊ ဓုဝသုဘသုခတ္တ-ဘာဝရဟိတတ္တာ။ ။[ဝိသုဒ္ဓိမဂ် အဋ္ဌကထာ စသည်။]

အဋ္ဌတ္တိကာနိ၊ အဋ္ဌတ္တိကာယတန ခြောက်ပါးတို့ကို။ ဓုဝသုဘ-သုခတ္တ ဘာဝရဟိတတ္တာ၊ ခိုင်မြဲသောသဘော, တင့်တယ်သော သဘော, ချမ်းသာသောသဘော, အတ္တဇီဝသဘောတို့မှ ကင်းလွတ်သည်၏ အဖြစ်ကြောင့်။ သုညဂါမောဝိယ၊ လူမရှိသော ရွာဖျက်ကုန်းနှင့်တူ၏-ဟူ၍။ ဒဋ္ဌဗ္ဗာနိ၊ မှတ်အပ်ကုန်၏။

ဗာဟိရာယတန ခြောက်ပါးတို့ကား-ဒမြ, သူခိုးတို့နှင့်တူကုန်၏။

ဂါမယာတကာ စောရာ တိ ခေါ ဘိက္ခဝေ ဆန္နေတံ ဗာဟိရာနံ အဓိဝစနံ။ ။[သဠာယတန သံယုတ်ပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ ဂါမယာတကာစောရာတိ၊ ရွာကိုလုယက်ဖျက်ဆီးတတ်သော ဒမြ, ခိုးသူကြီးတို့ဟူသော။ တေံ၊ ဤအမည်စကားသည်။ ဆန္နံ၊ ခြောက်ပါးကုန်သော။ ဗာဟိရာနံ အာယတနာနံ၊ ဗာဟိရာယတနတို့၏။ အဓိဝစနံ၊ အမည်စကားပေတည်း။

ထို ဗာဟိရာ ယတနတို့သည် ဒမြ,ခိုးသူတို့နှင့် အဘယ်ကဲ့သို့ တူကြသနည်းဟူမူကား-စက္ခုဒ္ဒါရ စသည်တို့၌ နှစ်သက်ဘွယ် အာရုံနှင့်တွေ့မှု မိမိပိုင်ဖြစ်ရန် ရှေးရှုကြံခြင်း, မနှစ်သက်ဘွယ် အာရုံနှင့်တွေ့မှု နှလုံးမသာယာခြင်းတို့ကို ဖြစ်စေတတ်သောကြောင့် ရူပါရုံစသော အပြင် အာယတန ခြောက်ပါးတို့သည် စက္ခုစသော အတွင်း အာယတန ခြောက်ပါးတို့ကို ညှင်းဆဲနှိပ်စက်တတ်ကုန်၏၊ ထိုသို့ ညှင်းဆဲနှိပ်စက်တတ်သည်ဖြစ်၍ ဒမြ,သူခိုး တို့နှင့်တူသောကြောင့် ထိုဗာဟိရာ ယတနခြောက်ပါးတို့ကို ဥပစာအားဖြင့် ဒမြ, သူခိုးတို့-ဟူ၍ဟောတော်မူ၏။

ဗာဟိရာနိ ဂါမဃာတက စောရာဝိယ ဒဠ္ဌဗ္ဗာနိ၊ အဗ္ဗတ္တိ-ကာနံ အဘိဃာတကတ္တာ၊ ဝုတ္တညေတံ စက္ခု ဘိက္ခဝေ ဟညတိ မနာပါမနာပေဟိ ရူပေဟိ တိ ဝိတ္ထာရော။ ။[ဝိသုဒ္ဓိမဂ် အဋ္ဌကထာ စသည်။]

ဗာဟိရာနိ၊ အပအာယတန ခြောက်ပါးတို့ကို။ ဂါမဃာတကစော-ရာဝိယ၊ ရွာကိုလုယက်ဖျက်ဆီးတတ်သော ဒမြ, ခိုးသူကြီးတို့နှင့် တူ၏ဟူ၍။ ဒဠ္ဌဗ္ဗာနိ၊ မှတ်အပ်ကုန်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူ ကား။ အဗ္ဗတ္တိကာနံ၊ အတွင်းအာယတနတို့ကို။ အဘိဃာတကတ္တာ၊ ညှင်းဆဲနှိပ်စက်တတ်သောကြောင့်တည်း။ ဟိ၊ မှန်၏။ဘိက္ခဝေ၊ ရဟန်း တို့။ စက္ခု၊ မျက်စိကို။ မနာပါမနာပေဟိ၊ နှစ်သက်ဘွယ်ရှိကုန်, မနှစ် သက်ဘွယ်ရှိကုန်သော။ ရူပေဟိ၊ ရူပါရုံတို့သည်။ ဟညတိ၊ ညှင်းဆဲနှိပ် စက်အပ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဝိတ္ထာရော၊ အကျယ်ကို။ ဒဠ္ဌဗ္ဗော၊ မှတ်အပ်၏။

၂၆။ ဓာတ် ၁၈-ပါး

အာယတနတို့ကို ပြဆိုပြီး၍ ဓာတ်တို့ကို ပြဆိုပေအုံ့-ဓာတ်ဆိုသည် မှာ တစုံတယောက်သောပုဂ္ဂိုလ်,သတ္တဝါ၏ အလိုသို့ တရုံတဆစ်မျှ မ လိုက် မပါမူ၍ မိမိတို့၏သဘောကိစ္စကိုသာလျှင် ရှက်ဆောင်တတ်သော တရားတို့ကိုဆိုသည်။ ။အတ္တနော သဘာဝံ ဓာရေန္တီ တိ ဓာတု-ယော။ ။အတ္တနော၊ မိမိ၏။ သဘာဝံ၊ သဘောကိုသာ။ ဓာရေန္တိ၊ ဆောင်တတ်ကုန်၏။ ဣတိ တဿ၊ ထို့ကြောင့်။ ဓာတုယော၊ ဓာတ်တို့ မည်ကုန်၏။ ထိုဓာတ်တို့သည် တဆယ့်ရှစ်ပါးရှိကုန်၏။

တဆယ့်ရှစ်ပါးဆိုသည်မှာ—

(၁) စက္ခုဓာတ်၊ စက္ခု ပသာဒရုပ်-ဟူသော မျက်စိအကြည်။
(၂) သောတဓာတ်၊ သောတ ပသာဒရုပ်-ဟူသော နားအကြည်။
(၃) ဃာနဓာတ်၊ ဃာန ပသာဒရုပ်-ဟူသော နှာခေါင်း အကြည်။
(၄) ဇိဝှါဓာတ်၊ ဇိဝှါ ပသာဒရုပ်-ဟူသော လျှာအကြည်။
(၅) ကာယဓာတ်၊ ကာယ ပသာဒရုပ်-ဟူသော ကိုယ်အကြည်။

(၆) ရူပခေတ်၊ ရူပါရုံ-ဟူသော အဆင်းအမျိုးမျိုး။
(၇) သဒ္ဒခေတ်၊ သဒ္ဒါရုံ-ဟူသော အသံအမျိုးမျိုး။
(၈) ဂန္ဓခေတ်၊ ဂန္ဓာရုံ-ဟူသော အနံ့အမျိုးမျိုး။
(၉) ရသခေတ်၊ ရသာရုံ-ဟူသော အရသာအမျိုးမျိုး။
(၁၀) ဖောဋ္ဌဗ္ဗခေတ်၊ဖောဋ္ဌဗ္ဗာရုံ-ဟူသောအတွေ့အထိအမျိုးမျိုး။
(၁၁) စက္ခုဝိညာဏခေတ်၊ စက္ခုဝိညာဉ်ဒွေ-ဟူသော အဆင်းအမျိုးမျိုးကို မြင်မှု။ ။[စက္ခု ဝိညာဉ်ဒွေ-ဆိုသည်မှာ ဝိညာဏကွန်ရှာကို အကျယ်ပြုရာ အဟိတ်စိတ်၌ ပါရှိသော စက္ခုဝိညာဉ်စိတ် နှစ်ခုကိုဆိုသည်၊ သောတဝိညာဉ်ဒွေ-စသည်တို့မှာလည်း နည်းတူသိပါလေ။]
(၁၂) သောတဝိညာဏခေတ်၊ သောတဝိညာဉ်ဒွေ-ဟူသောအသံအမျိုးမျိုးကို ကြားမှု။
(၁၃) ဃာနဝိညာဏခေတ်၊ ဃာနဝိညာဉ်ဒွေ-ဟူသော အနံ့အမျိုးမျိုးကို နံမှု။
(၁၄) ဇိဝှါဝိညာဏခေတ်၊ ဇိဝှါဝိညာဉ် ဒွေ-ဟူသော အရသာအမျိုးမျိုးကို လျက်မှု။
(၁၅) ကာယဝိညာဏခေတ်၊ ကာယဝိညာဉ်ဒွေ- ဟူသော ဖောဋ္ဌဗ္ဗအမျိုးမျိုးကို တွေ့ထိမှုဟူသော သိမှု။
(၁၆) မနောခေတ်၊ ဘဝင်စိတ်-ဟူသော မနောအကြည်။
(၁၇) မနောဝိညာဏခေတ်၊ ဝိထိစိတ်-ဟူသောသိမှု အမျိုးမျိုး။
(၁၈) ဓမ္မခေတ်၊ ဆိုခဲ့ပြီးသော ခေတ် ၁၇-ပါးမှ ကြွင်းကျန်သော ကုသိုလ်,အကုသိုလ်,အဗျာကတတရားစု။ ။[ဤ၌ထင်မြင်လွယ်စေခြင်းအကျိုးငှါ မဟာတဏှာသန္ဓိယသုတ်ပါဠိတော်နှင့်အညီ နောက်ခေတ်သုံးပါးကို ပြဆိုလိုက်သည်၊အဘိဓမ္မာနည်းအားဖြင့်ကား-ပဋ္ဌာန်ရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်းဒွေ၊ ဤစိတ်သုံးခုကို မနောခေတ်၊ပဋ္ဌာဝိညာဏခေတ် ၁၀-ခု,မနောခေတ်သုံးခုမှ ကြွင်းသော စိတ်ပေါင်း ၇၆-ခုကို မနောဝိညာဏခေတ်၊ စေတသိက် ၅၂-ခု, သုခုမရူပ် ၁၆-ခု, နိဗ္ဗာန်တို့ကို ဓမ္မခေတ်-ဟူ၍သိရမည်။]

၂၇။ ဓာတ်တဆယ့်ရှစ်ပါးကို သုံးပါးစိတွဲပုံ

စက္ခုဆ္ဆ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ-ဟူသော ပါဠိတော်နှင့်အညီ စက္ခုဓာတ်,ရူပဓာတ်,စက္ခုဝိညာဏဓာတ်။ ။[ဓာတ်သုံးပါးတွဲ။]

စက္ခုဆ္ဆ၊ စက္ခုဓာတ်ကိုဂုဏ်း။ ရူပေစ၊အဆင်း-ရူပဓာတ်တို့ကိုဂုဏ်း။ ပဋိစ္စ၊ စွဲမှီ၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏဓာတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

သောတဆ္ဆ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ-ဟူသော ပါဠိတော်နှင့်အညီ သောတဓာတ်,သဒ္ဒဓာတ်,သောတဝိညာဏဓာတ်။ [ဓာတ်သုံးပါးတွဲ။]

သောတဆ္ဆ၊ သောတဓာတ်ကိုဂုဏ်း။ သဒ္ဒေစ၊အသံ-သဒ္ဒါရုံတို့ကိုဂုဏ်း။ ပဋိစ္စ၊ စွဲမှီ၍။ သောတဝိညာဏံ၊သောတဝိညာဏဓာတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

ဃာနဆ္ဆ ပဋိစ္စ ဂန္ဓေ စ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ-ဟူသော ပါဠိတော်နှင့်အညီ ဃာနဓာတ်, ဂန္ဓဓာတ်,ဃာနဝိညာဏဓာတ်။ [ဓာတ်သုံးပါးတွဲ။]

ဃာနဆ္ဆ၊ ဃာနဓာတ်ကိုဂုဏ်း။ ဂန္ဓေစ၊ အနံ့-ဂန္ဓာရုံတို့ကိုဂုဏ်း။ပဋိစ္စ၊ စွဲမှီ၍။ ဃာဏဝိညာဏံ၊ဃာနဝိညာဏဓာတ်သည်။ ဥပ္ပဇ္ဇတိ၊ဖြစ်ပေါ်လာ၏။

ဇိဝှဆ္ဆ ပဋိစ္စ ရသေ စ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ-ဟူသော ပါဠိတော်နှင့်အညီဇိဝှါဝိဓာတ်,ရသဓာတ်,ဇိဝှါဝိညာဏဓာတ်။[ဓာတ်သုံးပါးတွဲ။]

ဇိဝှဆ္ဆ၊ ဇိဝှါဓာတ်ကိုဂုဏ်း။ ရသေစ၊ ရသာရုံတို့ကိုဂုဏ်း။ပဋိစ္စ၊စွဲမှီ၍။ ဇိဝှါဝိညာဏံ၊ ဇိဝှါဝိညာဏဓာတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

ကာယဆ္ဆ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ-ဟူသော ပါဠိတော်နှင့်အညီ ကာယဓာတ်,ဖောဋ္ဌဗ္ဗဓာတ်,ကာယဝိညာဏဓာတ်။ [ဓာတ်သုံးပါးတွဲ။]

ကာယဆ္ဆ၊ ကာယဓာတ်ကိုဂုဏ်း။ ဖောဋ္ဌဗ္ဗေစ၊ ဖောဋ္ဌဗ္ဗာရုံတို့ကိုဂုဏ်း။ ပဋိစ္စ၊ စွဲမှီ၍။ ကာယဝိညာဏံ၊ ကာယဝိညာဏဓာတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

မနဿ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ-ဟူသော ပါဠိတော် နှင့်အညီ မနောခေတ်,ဓမ္မခေတ်,မနောဝိညာဏခေတ်။ ။[ခေတ်သုံးပါးတွဲ။]

မနဿ၊ မနောခေတ်ကိုဎင်း။ ဓမ္မေစ၊ ဓမ္မာရုံကိုဎင်း။ ပဋိစ္စ၊ စွဲမှီ၍။ မနောဝိညာဏံ၊ မနော ဝိညာဏခေတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

၂၀။ မြင်မှုစသည်တို့မှာ ခေတ်ဘွဲ့စည်းပုံ

မျက်စိ၌ ကြည်လင်မှု-ဟူသော အခံခေတ်ကို စက္ခုခေတ်၊ အဆင်းအမျိုးမျိုးဟူသော ရူပါရုံ အတိုက်အခိုက်ခေတ်ကို ရူပခေတ်၊ မျက်စိအကြည်ဟူသော စက္ခုခေတ်မှာ အဆင်းအမျိုးမျိုးဟူသော ရူပခေတ်ထင်လာ ထိခိုက်လာသောအခါ ဖြစ်ပေါ်၍နေသော မြင်မှု သက်သက်ကို စက္ခုဝိညာဏခေတ်-ဟူ၍မှတ်အပ်၏၊ ဎင်းခေတ်သုံးခုတို့၏ တွေ့ထိမှု-ပေါင်းဆုံမှုဟူသော ဖဿ,အာရုံ၏ အရသာခံစားမှု ဟူသောဝေဒနာ, အာရုံကိုမှတ်သားမှုဟူသော သညာ, ထိုတရားတို့အစဉ်မပြတ်ထပ်ကါထပ်ကါဖြစ်ပေါ်မှု-ဖြစ်ပေါ်လာအောင် တိုက်တွန်းနှိုးဆော်မှုဟူသော စေတနာ-စသည်ဖြင့် အာရုံအားလျော်စွာ ဖြစ်ပေါ်လာကြသော စေတသိက်ဟူသမျှကို ဓမ္မခေတ်-ဟူ၍မှတ်အပ်၏။

ဤစက္ခုခေတ်, ရူပခေတ်, စက္ခုဝိညာဏခေတ်, ဓမ္မခေတ်-ခေတ်လေးပါးပေါင်းစုမိကြမှ မြင်မှု-ဟူ၍ ပရမတ္ထတရားတို့၏ သဘောအားလျော်စွာ ဖြစ်ပေါ်လာနိုင်လေသည်၊ ကြည့်ရှုတတ်သော ပုဂ္ဂိုလ်,သတ္တဝါ, ယောကျ်ား, မိန်းမ, လူ, နတ်, ဗြဟ္မာ ရှိ၍ ဖြစ်ပေါ်လာသည် မဟုတ်ဟူ၍ မှတ်ရမည်။

စက္ခု၊ စက္ခုခေတု၊ ရူပံ ရူပခေတု၊ ဒဿနံ စက္ခုဝိညာဏခေတု၊ တံသမ္ပယုတ္တာ ဝေဒနာဒယော ဓမ္မာ ဓမ္မခေတု၊ ဝေ-မေတာသံ စတုန္နံ မာတုနံ သမဝါယေ အာလောကန ဝိလောကနံ ပညာယတိ၊ တတ္ထ ကော ဧကော အာလောကေတိ-ကောဝိလောကေတိ။

[သမ္မောဟဇ္ဈကထာ။]

စက္ခု၊ စက္ခုပသာဒရုပ်သည်။ စက္ခုဓာတု၊ စက္ခုဓာတ်မည်၏။ရူပ်၊ ရူပါရုံသည်။ ရူပဓာတု၊ ရူပဓာတ်မည်၏။ ဒဿနံ၊ မြင်တတ်သော စက္ခုဝိညာဏ်စိတ်သည်။ စက္ခုဝိညာဏဓာတု၊ စက္ခုဝိညာဏဓာတ် မည်၏။ တံသမ္ပယုတ္တာ၊ ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ဘက်ဖြစ်ကုန် သော။ ဝေဒနာဒယော၊ ဝေဒနာအစရှိကုန်သော။ ဓမ္မာ၊ စေတသိက် တရားတို့သည်။ ဓမ္မဓာတု၊ဓမ္မဓာတ်မည်၏။ဝေါ၊ ဤသို့။ တောသံ စတုန္နံ ဓာတူနံ၊ ဤဓာတ်လေးပါးတို့၏။ သမဝါယေ၊ပေါင်းဆုံညီညွတ်ကြသော အခါ၌။ အာလောကနဝိလောကနံ၊ တည့်တည့်ကြည့်မှု, စောင်း၍ ကြည့်မှုသည်။ ပညာယတိ၊ ထင်ရှားလေတော့သည်။ တတ္ထ၊ ထိုအရာ၌။ ကောဇေကော၊ အဘယ်သတ္တဝါတယောက်သည်။ အာလောကေတိ၊ တည့်တည့်ကြည့်သနည်း။ ကော၊ အဘယ်သတ္တဝါသည်။ ဝိလောကေ-တိ၊ စောင်း၍ကြည့်သနည်း။

ကြားမှုစသည်တို့မှာလည်း သောတ ပသာဒသည် သောတဓာတ်, သဒ္ဒါရုံသည် သဒ္ဒဓာတ်, ကြားမှုသက်သက်သည် သောတဝိညာဏ ဓာတ်,အတူဖြစ်ဘက် စေတသိက် ဟူသမျှသည် ဓမ္မဓာတ်-စသည်ဖြင့် သိပါလေ။

၂၉။ ဓာတ် ၁၈-ပါး ဥပမာ

စက္ခုဓာတ်သည် စည်မျက်နှာပြင်နှင့် တူ၏၊ ရူပဓာတ်သည် စည် လက်ခတ်နှင့်တူ၏၊ စက္ခုဝိညာဏဓာတ်သည် စည်မျက်နှာပြင်၌ စည် လက်ခတ်၏ ထိခိုက်မှုကြောင့် ဖြစ်ပေါ်လာသော စည်သံနှင့်တူ၏။

တနည်း။ ။စက္ခုဓာတ်သည် မှန်ပြင်နှင့်တူ၏၊ ရူပဓာတ်သည် ဥပ စာတွင်တည်ရှိသော မျက်နှာနှင့်တူ၏၊ စက္ခုဝိညာဏ ဓာတ်သည် မှန် ပြင်၌ပေါ်သော မျက်နှာရိပ်နှင့်တူ၏။

တနည်း။ ။စက္ခုဓာတ်သည် ကြိုချောင်း,နှမ်းစေ့တို့နှင့်တူ၏၊ ရူပ ဓာတ်သည် ကြိုညှစ်ယန္တရားစက်,ဆီပွတ်တံ တို့နှင့်တူ၏၊စက္ခုဝိညာဏ ဓာတ်သည် ကြိုရည်,ဆီတို့နှင့်တူ၏။

တနည်း။ ။စက္ခုဓာတ်သည် ပွတ်ခုံနှင့်တူ၏၊ ရူပဓာတ်သည် ပွတ်ကျည်နှင့်တူ၏၊ စက္ခုဝိညာဏဓာတ်သည် မီးပွင့်နှင့် တူ၏။

သောတဓာတ် စသည်တို့၌လည်း ဤနည်းကိုမှီ၍ ဆိုအပ်ခဲ့ပြီးသော ဥပမာတို့နှင့် နည်းတူသုံးပါး,သုံးပါးစီ အစဉ်စပ်ဟပ်၍ သိအပ်၏။

၃၀။ ပစ္စယပရိဂ္ဂဟဥာဏ်

ပစ္စယပရိဂ္ဂဟဥာဏ်-ဆိုသည်မှာ နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်း သိမြင်နိုင်သော ဉာဏ်ကို ဆိုသည်။ ။ပစ္စယပရိဂ္ဂဟဥာဏ်ဖြင့် နာမ်ရုပ်၏ အကြောင်းသိမ်းဆည်းပုံကို အတန်ငယ်ပြဆိုပေအုံ့–

အနာဂါမြင်သော သမားလိမ်မာသည် အနာ၏ ဖြစ်ကြောင်းကို ရှာသကဲ့သို့ဝင်း၊ စဖိုသည်လိမ်မာသည် ထမင်းအိုးဆူပွက်လျှံဖိတ်သည်ကို မြင်လျှင် ဝေကြောင်းမီးတောက်ကို ဆင်ခြင်သကဲ့သို့ဝင်း၊ ချမ်းသာမဘက် သက်သက် ဆင်းရဲချည်းဖြစ်၍ စင်စစ်ထိတ်လန့်ဘွယ်ရာ အနာ၏အလား မြင်ပြီးသော နာမ်ရုပ်နှစ်ပါး၏အကြောင်းကို ရှာဖွေရာ၏။

ထိုသို့ရှာဖွေသည်ရှိသော် ဤနာမ်ရုပ်တို့သည် ဗြဟ္မာ, ဗိဿနိုးစသော တန်ခိုးကြီးသော နတ်တို့ ဘန်ဆင်း၍ ဖြစ်သည်လည်း မဟုတ်၊ အကြောင်းမရှိဖြစ်သည်လည်းမဟုတ်၊ စင်စစ်အားဖြင့် ပဋိသန္ဓေအခါ နာမ်ရုပ်တို့သည် အဝိဇ္ဇာ, တဏှာ,ဥပါဒါန်,ကံ-ဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏၊ ပဝတ္တိ အခါ ရုပ်သည် ကံ,စိတ်,ဥတု, အာဟာရကြောင့် ဖြစ်၏၊ နာမ်သည် စက္ခုပသာဒ, ရူပါရုံစသော မှီရာအာရုံတို့ကြောင့် ဖြစ်၏၊ အထူးအားဖြင့်ကား- ကုသိုလ်နာမ်ဖြစ်မူ ယောနိသောမနသိကာရ စတုစက္ကဿမ္ဘတို့ တို့ကြောင့်ဖြစ်၏၊ အကုသိုလ်နာမ်ဖြစ်မူ ထိုမှပြန်သော အကြောင်းတို့ကြောင့်ဖြစ်၏။

နဟေတ္ထု ဒေဝေါ ဗြဟ္မာဝေါ၊
သံသာရဿ တ္ထိ ကာရကော။
သုဒ္ဓမ္မာ ပဝတ္တန္တိ၊
ဟေတုသမ္ဘာရပစ္စယာ။

[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စသည်။]

ဟိ၊ မှန်၏။ ဣတ္ထ၊ ဤကံ,ကံ၏အကျိုးတရားခြေ။ သံသာရဿ၊ သံသရာကို။ ကာရကော၊ ပြုလုပ်စီမံဘန်ဆင်းတတ်သော။ ဒေဝေါဝါ၊ နတ်သည်ရင်း။ ဗြဟ္မာဝါ၊ ဗြဟ္မာသည်ရင်း။ နအတ္ထိ၊ မရှိ။ ဟေတုသမ္ဘာရ-ပစ္စယာ၊ ဟေတုသမူဟ-ဟူသော အကြောင်းကြောင့်။ ဝါ၊ ဇနကပစ္စည်း, ဥပတ္ထမ္ဘကပစ္စည်းကြောင့်။ သုဒ္ဓိဓမ္မာ၊ သတ္တဝါ အကောင်မဘက် သက်သက်သော နာမ်ရုပ်တရားတို့သည် သာလျှင်။ ပဝတ္တန္တိ၊ အစဉ်မပြက် ဆက်၍, ဆက်၍ ဖြစ်ကုန်၏။

ဤသို့စသည်ဖြင့် နာမ်ရုပ်၏ အကြောင်းသိမ်းဆည်းခြင်းကို ပစ္စယပရိဂ္ဂဟဉာဏ်-ဟုခေါ်သည်။

၃၁။ ပဋိစ္စသမုပ္ပါဒ် ပါဠိ,အနက်

ဤပစ္စယပရိဂ္ဂဟဉာဏ်အရာ၌ သိသင့် သိထိုက်သော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ထည့်သွင်းပြဆိုပေအုံ-

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊သင်္ခါရပစ္စယာ ဝိညာဏံ၊ဝိညာဏ-ပစ္စယာ နာမရူပံ၊နာမရူပပစ္စယာ သဠာယတနံ၊သဠာယတန-ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တ-ဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ဇာတိပစ္စယာ ဇရာ-မရဏ-သောက-ပရိ-ဒေဝ-ဒုက္ခ-ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

[ပဋိစ္စသမုပ္ပါဒ်ပါဠိတော်။]

အဝိဇ္ဇာပစ္စယာ၊ သစ္စာလေးပါးတရားကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာ-ဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ ကုသိုလ်,အကုသိုလ်ကံ-ဟူသော သင်္ခါရတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။

သင်္ခါရပစ္စယာ၊ သင်္ခါရ-ဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ ဘဝသစ်၌ အသစ်ဖြစ်သော ပဋိသန္ဓေစိတ် ဝိညာဏ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။

ဝိညာဏပစ္စယာ၊ ဝိညာဉ်-ဟူသော အကြောင်းကြောင့်။ နာမရူပံ၊ စေတသိက် နာမ်အစု,ရုပ် အစုသည်။ သမ္ဘဝတိ၊ ဖြစ်၏။

နာမရူပပစ္စယာ၊နာမ်ရုပ်-ဟူသောအကြောင်းကြောင့်။ သဠာယ-တနံ၊ စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန,မနာယတန-ဟူသော အဇ္ဈတ္တိကာယတန ခြောက်ပါး သည်။ သမ္ဘဝတိ၊ ဖြစ်၏။

သဠာယတနပစ္စယာ၊ သဠာယတန-ဟူသော အကြောင်း ကြောင့်။ ဖဿော၊ စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿ-တည်းဟူသော ဖဿ ခြောက်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။

ဖဿပစ္စယာ၊ ဖဿခြောက်ပါး-ဟူသောအကြောင်းကြောင့်။ ဝေ-ဒနာစ၊ စက္ခုသမ္ဖဿဇာ ဝေဒနာ, သောတသမ္ဖဿဇာ ဝေဒနာ, ဃာနသမ္ဖဿဇာ ဝေဒနာ, ဇိဝှါ သမ္ဖဿဇာ ဝေဒနာ, ကာယ-သမ္ဖဿဇာဝေဒနာ,မနောသမ္ဖဿဇာဝေဒနာ-တည်းဟူသော ဝေဒနာ ခြောက်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။

ဝေဒနာပစ္စယာ၊ ဝေဒနာခြောက်ပါး - ဟူသော အကြောင်း ကြောင့်။ တဏှာ၊ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာ–ဟူသော တဏှာ ခြောက်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။

တဏှာပစ္စယာ၊တဏှာခြောက်ပါး-ဟူသော အကြောင်းကြောင့်။ ဥပါဒါနံ၊ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်-ဟူသော ဥပါဒါန်လေးပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။

ဥပါဒါနပစ္စယာ၊ ဥပါဒါန်လေးပါး–ဟူသော အကြောင်း ကြောင့်။ ဘဝေါ၊ ကမ္မဘဝ, ဥပတ္တိဘဝနှစ်ပါးသည်။ သမ္ဘဝတိ၊ဖြစ်၏။

ဘဝပစ္စယာ၊ကမ္မဘဝ-ဟူသောအကြောင်းကြောင့်။ဇာတိ၊ပဋိသန္ဓေ နေရခြင်းသည်။ သမ္ဘဝတိ၊ ဖြစ်၏။

ဇာတိပစ္စယာ၊ ဇာတိ-ဟူသောအကြောင်းကြောင့်။ ဇရာ မရဏ-သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ၊ အိုခြင်း, သေခြင်း,

စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, ပြင်းစွာပူပန်ခြင်းတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။

ဝေါ၊ ဤသို့။ ကေဝလဿ၊ သုဒမဘက် သက်သက်သော။ တေသ-ဒုက္ခက္ခန္ဓဿ၊ ဤဆင်းရဲတုံး, ဆင်းရဲခဲ၏။ သမုဒယော၊ ဖြစ်ပွါးခြင်းသည်။ ဟောတိ၊ ထင်ရှား၏။

၃၂။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ-အစိပ္ပါယ်

အဝိဇ္ဇာပစ္စယာသင်္ခါရာ- ဟူသော စကားၭ အဝိဇ္ဇာ–ဆိုသည်မှာ။ ။ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ-ဟူသော သစ္စာလေးပါးတရားတို့ကို ဟုတ်မှန်တိုင်း မသိမမြင်နိုင်အောင် ဖုံးလွှမ်းတတ်သော မောဟကိုဆိုသည်။

သင်္ခါရ-ဆိုသည်မှာ။ ။ပစ္စုပ္ပန်,သံသရာတို့ၭ ကောင်း,မကောင်းဖြစ်ရန် စီမံပြုပြင်မှုလက္ခဏာရှိသော လောကီကုသိုလ်,အကုသိုလ်စေတနာတို့ကိုဆိုသည်၊ ထိုသင်္ခါရသည် ပုညာဘိ သင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ, ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရ-ဟူ၍ ခြောက်မျိုးရှိ၏၊ ထိုခြောက်ပါးတို့တွင်–

၁။ ပုညာဘိသင်္ခါရဆိုသည်မှာ။ ။ကာမကုသိုလ်စိတ် ၅စ်ခု,ရူပကုသိုလ်စိတ်၎င်းခု၊ ၅ုတဆယ့်သုံးခုသောကုသိုလ် စေတနာစုကို ခေါ်သည်။

၂။ အပုညဘိသင်္ခါရ ဆိုသည်မှာ။ ။အကုသိုလ်စေတနာတဆယ့်နှစ်ခုကို ခေါ်သည်။

၃။ အာနေဉ္ဇာဘိသင်္ခါရဆိုသည်မှာ။ ။အရူပကုသိုလ်စေတနာလေးခုကိုဆိုသည်။

၄။ ကာယကံစုကို ကာယသင်္ခါရ-ခေါ်သည်။

၅။ ဝစီကံစုကို ဝစီသင်္ခါရ-ခေါ်သည်။

၆။ မနောကံစုကို စိတ္တသင်္ခါရ-ခေါ်သည်။

အမိဝမ်းမှ ကန်း၍လာသော သူကန်းသည် လမ်းကောင်း, လမ်းမှန် သွားရောက်ဘို့ရန် ခရီးလမ်းညွှန် မရှိဘဲလျက် ခရီးလမ်းကို လျှောက်သွားလေရာ တရံတခါအခန့်သင့်၍ လမ်းကောင်း, လမ်းမှန်ဖြင့် သွားမိလေ၏၊ တရံတခါ လမ်းကောက်, လမ်းဆိုးဖြင့် သွားမိ

လေ၏၊ ထိုကဲ့သို့ အနုမတဂ္ဂသံသရာတည်းဟူသော ခရီးလမ်းခ္ဍသွားကြကုန်သော ပုထုဇန်သတ္တဝါတို့သည် အဝိဇ္ဇာ-တည်းဟူသော ကန်းမှုဖြင့်ကန်း၍ သာလာကြကုန်၏၊ သစ္စာလေးပါးတရားတို့ခ္ဍ ပွင့်ပွင့်လင်းလင်း သိမြင်နိုင်သော ဝိဇ္ဇာ-တည်းဟူသော ရှေဆောင်မှုမှလည်း ကင်းကြကုန်၏၊သို့ဖြစ်၍ တရုံတခါကောင်းမှု သင်္ခါရတို့ကိုဝင်း, တရုံတခါ မကောင်းမှု သင်္ခါရတို့ကိုဝင်း ပြုမိကြကုန်၏။

သစ္စာလေးပါးကို သိတတ်သော စတုသစ္စဝိဇ္ဇာဉာဏ် ဖြစ်ပေါ်လာ၍ အဝိဇ္ဇာပျောက်ငြိမ်းသောအခါ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်းလက်စသတ်ချုပ်ငြိမ်းရလေတော့၏။

ယထာ ဝိ နာမ ဇစ္စန္ဓော၊
နရော အပရိဏာယကော။
ကေဒါ ယာတိ မဂ္ဂေန၊
ကုမဂ္ဂေနာ ဝိ ကေဒါ။

သံသာရေ သံသရံ ဗာလော၊
တထာ အပရိဏာယကော။
ကရောတိ ကေဒါ ပုညံ၊
အပုညံ ဝိ စ ကေဒါ။

ယဒါ စ ဉ္ဇတ္တာ သော ဓမ္မံ၊
သစ္စာနိ အဘိသမေဿတိ။
တဒါ အဝိဇ္ဇုပသမာ၊
ဥပသန္တော စရိဿတိ။
[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စသည်။]

ယထာဝိနာမ၊ ဥပမာမည်သည်ကား။ အပရိဏာယကော၊ လမ်းကောင်း,လမ်းမှန် သွားရောက်ဘို့ရန် ခရီးလမ်းညွှန်မရှိသော။ဇစ္စန္ဓော၊ အမိဝမ်းမှကန်း၍လာသော။နရော၊လူသည်။ကေဒါ၊တရုံတခါ။မဂ္ဂေန၊ လမ်းကောင်း,လမ်းမှန်ဖြင့်။ ယာတိ၊ သွားမိ၏။ ကေဒါ၊ တရုံတခါ။ ကုမဂ္ဂေနာဝိ၊ လမ်းကောက်, လမ်းဆိုးဖြင့်လည်း။ ယာတိ၊ သွားမိ၏။

တထာ၊ ထိုအတူ။ သံသာရေ၊သံသရာထဲ၌။ သံသရံ-သံသရန္တော၊ ကျင်လည်ရသော။ အပရိဏာယကော၊ စတုသစ္စဝိဇ္ဇာဉာဏ်တည်း ဟူသော ခရီးလမ်းညွှန်မရှိသော။ ဗာလော၊ပုထုဇန်မိုက်သည်။ကေဒါ၊ တရံတခါ။ ပုညံ၊ ကောင်းမှုကို။ ကရောတိ၊ပြုမိ၏။ ကေဒါ၊ တရံတခါ၊ အပုညမ္ပိစ၊ မကောင်းမှုကိုလည်း။ ကရောတိ၊ ပြုမိ၏။

ယဒါစ၊အကြင်အခါ၌ကား။ သော၊ ထိုပုထုဇန်သည်။ဓမ္မံ၊ သံသရာဝဋ် ဘဝညွှတ်မှလွတ်ရာလွတ်ကြောင်း ကောင်းမြတ်သော ဝိဝဋ္ဋကုသိုလ် ထိုထိုပါရမီဆယ်ပါး မြတ်တရားကို။ ဥ,တွာ၊ အဟုတ်ကေန် လမ်း အမှန်သိ၍။ သစ္စာနိ၊ သစ္စာတရားတို့ကို။ အဘိသမေဿတိ၊ အဟုတ် အမှန် ထိုးထွင်းဉာဏ်ဖြင့် သိရတော့လတ္တံ့။ တဒါ၊ ထိုအခါ၌။အဝိဇ္ဇာ-ပသမာ၊ အဝိဇ္ဇာချုပ်ငြိမ်းခြင်းကြောင့်။ ဥပသန္တော၊ ညစ်နွမ်းပူဆာ ကိလေသာ ငြိမ်းပျောက်သည်ဖြစ်၍။ စရိဿတိ၊ နိဗ္ဗာန်သောင်ကမ်း ဘေးမဲ့နန်းသို့ သွားရပေတော့လတ္တံ့။

ဤပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သည် ဝဋ်လည်ပုံကိုရည်၍ ဟော တော်မူအပ်သော ဝဋ္ဋကထာဒေသနာဖြစ်သောကြောင့် အဝိဇ္ဇာကြောင့် ဖြစ်သော ပုညာဘိသင်္ခါရကုသိုလ်ကံ၌ ဝဋ္ဋနိဿိတ ကုသိုလ်မျိုးကိုသာ သွင်းအပ်လေသည်၊ ဝိဝဋ္ဋနိဿိတကုသိုလ်မျိုးကို မထည့်သွင်းအပ်-ဟူ၍ မှတ်ပါလေ။

ဝဋ္ဋနိဿိတကုသိုလ်,ဝိဝဋ္ဋနိဿိတ ကုသိုလ်နှစ်ပါးတို့၏ အထူးကား-ဝဋ်ဘုံထဲ၌ တဝဲလည်လည်ကျင်လည်စေတတ်သော ဝဋ်ဆင်းရဲကိုသာ မှီ၍ဖြစ်သော ကုသိုလ်မျိုးသည် ဝဋ္ဋနိဿိတကုသိုလ်မည်၏၊ဤမျက်မှောက် ဘဝ၌ ဂုဏ်ပကာသနကို အလိုရှိ၍ရင်း,နောင်တမလွန်ဘဝ၌ လူ,နတ်, ဗြဟ္မာ စည်းစိမ်ချမ်းသာကို အလိုရှိ၍ရင်း ပြုလုပ်အားထုတ်အပ်သော ဒါန,သီလ စသော ကုသိုလ်မျိုးပေတည်း။

ဝဋ်ကင်းရာနိဗ္ဗာန်ကို မှီ၍ဖြစ်သော လောကီဝဋ်မှထွက်မြောက်နိုင် သော ကုသိုလ်မျိုးသည် ဝိဝဋ္ဋနိဿိတ ကုသိုလ်မည်၏၊ ဗောဓိသုံးပါးတို့ တွင် တပါးပါးကိုရည်သန်၍ ပါရမီဖြည့်ဆည်းပူးသောအနေအားဖြင့် ပြုလုပ်အားထုတ်အပ်သော ပါရမီပဏ္ဍိယကုသိုလ်မျိုး၊ ထိုမှတပါးယခု

မျက်မှောက်ဘဝ၌ပင် သော်၎င်း, ဤဘုရားသာသနာတော်တွင်းမှာ သော်၎င်း၊ မဂ်,ဖိုလ်ရခြင်းငှါ ပြုလုပ်အားထုတ်အပ်သော သီလစသော ဗေဒနိပက္ခိယ ကုသိုလ်မျိုး-ဤသို့သော ကုသိုလ်မျိုးတို့ပေတည်း။

၃၃။ သင်္ခါရပစ္စယာ ဝိညာဏံ-အဓိပ္ပါယ်

သင်္ခါရပစ္စယာဝိညာဏံ-ဟူသော စကားခွဲ ဝိညာဉ်သည် စက္ခုဝိညာဉ်,သောတဝိညာဉ်,ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယဝိညာဉ်, မနောဝိညာဉ်အားဖြင့် ခြောက်ပါးအပြားရှိ၏၊ မျက်စိခွဲ ဖြစ်ပေါ်လာတတ်သော မြင်တတ်သောစိတ်ကို စက္ခုဝိညာဉ်စိတ်-ဟုခေါ်သည်၊ နားခွဲဖြစ်ပေါ်လာတတ်သောကြားတတ်သောစိတ်ကို သောတဝိညာဉ်စိတ်-ဟု ခေါ်သည်၊ နှာခေါင်းခွဲဖြစ်ပေါ်လာတတ်သော နံတတ်သောစိတ်ကို ဃာနဝိညာဉ်စိတ်-ဟုခေါ်သည်၊လျှာခွဲ ဖြစ်ပေါ်လာတတ်သော စားတတ်, လျက်တတ်သောစိတ်ကို ဇိဝှါဝိညာဉ်စိတ်-ဟု ခေါ်သည်၊ ကိုယ်တခုလုံးခွဲ အနှံ့ဖြစ်ပေါ်လာတတ်သော တွေ့ထိတတ်သောစိတ်ကို ကာယဝိညာဉ်စိတ်-ဟု ခေါ်သည်၊ နှလုံးအိမ်တွင်းခွဲ ဖြစ်ပေါ်လာတတ်သော ကြံတတ် သိတတ်သောစိတ်ကို မနောဝိညာဉ်စိတ်-ဟုခေါ်သည်။

သင်္ခါရကြောင့် ဝိညာဉ်ဖြစ်ပေါ်ပုံမှာ။ ။ရှေးဘဝ၌ ပြုအပ်သော ဒုစရိုက်ဆယ်ပါး-တည်းဟူသော အပုညာဘိသင်္ခါရကြောင့် အကုသလဝိပါက်ဝိညာဉ်တို့သည် ဖြစ်ပေါ်ကုန်၏၊ သုစရိုက်ဆယ်ပါးတည်းဟူသော ပုညာဘိသင်္ခါရကြောင့် လူ,ဘုံ,နတ်ပြည်ခြောက်ထပ်တည်းဟူသော ကာမသုဂတိခုနစ်ဘုံတို့၌ ကာမ ကုသလဝိပါက် ဝိညာဉ် တို့သည် ဖြစ်ပေါ်ကုန်၏၊ ရူပကုသိုလ်စေတနာ လေးခု-ဟူသော ပုညာဘိသင်္ခါရကြောင့် အသညသတ်ကြဉ်အပ်သော ရူပဗြဟ္မာ တဆယ့်ငါးဘုံတို့၌ ရူပါဝစရကုသလဝိပါက်ဝိညာဉ်တို့သည် ဖြစ်ပေါ်ကုန်၏၊ အရူပကုသိုလ် စေတနာလေးခု-ဟူသော အာနေဉ္စာဘိသင်္ခါရကြောင့် အရူပလေးဘုံတို့၌ အရူပါဝစရဝိပါက်ဝိညာဉ်တို့သည်ဖြစ်ပေါ်ကုန်၏။

၃၄။ ဝိညာဏ ပစ္စယာ နာမရူပံ-အဓိပ္ပါယ်

ဝိညာဏ ပစ္စယာ နာမရူပံ-ဟူသော စကားဌနာမ်-ဆိုသည်မှာ ဝေဒနာကွန္ဓာ, သညာကွန္ဓာ,သင်္ခါရကွန္ဓာ-ဟူသော စေတသိက် နာမကွန္ဓာသုံးပါးကိုဆိုသည်၊ ရူပ်ဆိုသည်မှာ–ရူပကွန္ဓာကို ဆိုသည်။

ဝိညာဉ်ကြောင့်နာမ်ရူပ် ဖြစ်ပေါ်ပုံမှာ။ ။နေဝန်းတက်၍ လာလျှင် ထိုနေဝန်းမှ အဝေး,အနီးထွက်သော အရှိန်အရောင်အဝါတို့သည် ထိုနေဝန်းနှင့် တပြိုင်နက်ထွက်ပေါ်လာသကဲ့သို့ ဝိညာဉ်-ဟူသော ပဓာနဓာတ်ဖြစ်ပေါ်လာသည်ရှိသော် နာမ်တရား, ရူပ်တရားတို့သည်လည်း ထိုဝိညာဉ်နှင့် တပြိုင်နက် ဖြစ်ပေါ်လာကြကုန်၏၊ ထိုနာမ်တရား,ရူပ်တရားနှစ်ပါးတို့တွင် အရူပလေးဘုံ၌ နာမ်တရားသာဖြစ်ပေါ်ရသည်၊ ရူပ်တရားမဖြစ်ပေါ်ပြီ၊ အသညသတ်ဘုံ၌ ပဋ္ဌမဈာန်ကုသိုလ်စေတနာ-တည်းဟူသော ပုညာဘိသင်္ခါရကြောင့် ရူပ်တရားသာဖြစ်ပေါ်ရသည်၊ ဝိညာဉ်နှင့် နာမ်တရားနှစ်ပါးမဖြစ်ပေါ်ပြီ၊ ကြွင်း ၂၆-ဘုံတို့၌ကား-ဝိညာဉ် ဖြစ်ပေါ်လျှင် ထိုဝိညာဉ်နှင့် တပြိုင်နက် နာမ်တရား,ရူပ်တရားနှစ်ပါးပင်ဖြစ်ပေါ်လာရသည်-ဟု မှတ်လေ။

ထိုသို့ တခုခုသောဘဝ၌ အဦးအစ အသစ်ဖြစ်ပေါ်လာသော ဝိညာဉ် နာမ်ရူပ်တို့ကို ပဋိသန္ဓေ-ဟု၍ ဆိုရသည်။

(၁) အဏ္ဍဇပဋိသန္ဓေ။
(၂) ဇလာဗုဇပဋိသန္ဓေ။
(၃) သံသေဒဇပဋိသန္ဓေ။
(၄) ဥပပါတ်ပဋိသန္ဓေ-ဟု၍ ပဋိသန္ဓေလေးမျိုးရှိသည်။

၁။ အဥမှ ပေါက်ဖွားကြကုန်သောသတ္တဝါတို့သည် အဏ္ဍဇသတ္တဝါတို့မည်ကုန်၏။ ။အဏ္ဍ ဇာယန္တိ တိ အဏ္ဍဇာ။ ။အဏ္ဍ၊အဥ၌။ ဇာယန္တိ၊ဖြစ်တတ်ကုန်၏။ဣတိ တသ္မာ၊ထို့ကြောင့်။ အဏ္ဍဇာ၊အဏ္ဍဇမည်ကုန်၏။ ။ကြက်,ဒက်,ငါး,လိပ်စသော သတ္တဝါတို့ပေတည်း၊ ထိုအဏ္ဍဇသတ္တဝါတို့၏ ပဋိသန္ဓေကို အဏ္ဍဇပဋိသန္ဓေ-ဟုဆိုသည်။

၂။ အချင်းအိမ်၌ဖြစ်ကြကုန်သောသတ္တဝါတို့သည်ဇလာဗုဇသတ္တဝါတို့မည်ကုန်၏။ ။ဇလာဗုမှိ ဇာယန္တိ တိ ဇလာဗုဇာ။ ။ဇလာဗုမှိ၊ အချင်းအိမ်၌။ ဇာယန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဇလာဗုဇာ၊ဇလာဗုဇမည်ကုန်၏။ ။လူ,နွားကျွဲစသော သတ္တဝါတို့ပေတည်း၊ ထိုဇလာဗုဇသတ္တဝါတို့၏ ပဋိသန္ဓေကို ဇလာဗုဇ ပဋိသန္ဓေ-ဟုဆိုသည်။ ။ ဤအဏ္ဍဇ, ဇလာဗုဇ သတ္တဝါနှစ်မျိုးကို ဂဗ္ဘသေယျက သတ္တဝါ-ဟူ၍လည်းခေါ်သည်။ ။ဂဗ္ဘ သေန္တိ တိ ဂဗ္ဘသေယျကာ။ ။ ဂဗ္ဘော၊အမိဝမ်းတိုက်၌။သေန္တိ၊ ကိန်းအောင်းတတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ဂဗ္ဘသေယျကာ၊ ဂဗ္ဘသေယျကမည်ကုန်၏။

ဤအရာ၌ ဂဗ္ဘသေယျက သတ္တဝါတို့၏ ပဋိသန္ဓေစွဲနေပုံကို ပြဆိုပေအုံ–

(က) အမိသည်လည်း ဥတုလာ၍ ပြီးစဖြစ်စေ။
(ခ) ထိုအမိဝမ်းသို့ ဝင်လတ္တံ့သောသတ္တဝါလည်း ရှေးရှု တည်သည်ဖြစ်စေ။
(ဂ) ထိုအခါ အမိ၌ ရာဂစိတ် ဖြစ်အောင် ယောက်ျား တစုံတယောက်,ဝတ္ထုတစုံတခု သွားလာထိပါးသည်လည်းဖြစ်စေ-

ဤအင်္ဂါသုံးပါး ပြည့်စုံလျှင် ပဋိသန္ဓေတည်၏၊ ထိုအကြောင်းကို မူလပဏ္ဏာသပါဠိတော် မဟာတဏှာ သင်္ခယသုတ်၌ ဟောတော်မူ-အပ်၏၊ အဓိပ္ပါယ်ကို အဋ္ဌကထာဆရာတို့သည် အောက်ပါအတိုင်း ဖွင့်ပြကြကုန်၏။

မာတာစ ဥတုနီ ဟောတိတိ ဣဒံ ဥတုသမယံ သန္ဓာယ ဝုတ္တံ၊ မာတုဂါမဿ ကိရ ယသ္မိံ ဩကာသေ ဒါရကော နိဗ္ဗတ္တတိ၊ တတ္ထ မဟတိ လောဟိတပိလကာ သဏ္ဌာဟိတ္ဝာ ဘိဇ္ဇိတ္ဝာ ပဿ္ဌရတိ၊ ဝတ္ထု သုဒ္ဓံ ဟောတိ၊ သုဒ္ဓေ ဝတ္ထုမှိ မာ-တာပိတူသု ကေဝါရံ သန္နိပတိတေသု ယာဝ သတ္တဒိဝသာနိ ခေတ္တမေဝ ဟောတိ၊ တသ္မိံ သမယေ ဟတ္ထဂါဟဝေဏိဂါ-ဟာဒိနာ အင်္ဂပရာမသနေန ပိ ဒါရကော နိဗ္ဗတ္တတိယေဝ၊ ဂဗ္ဘောတိ တတြုပဂတသတ္တော၊ ပစ္စုပဋ္ဌိတော ဟောတိ တိ နှ မာတာပိတူသန္နိပါတံ သြလောကယမာနော သမီပေ-

ဌိတော နာမ ဟောတိ၊ ကမ္မယန္တ္ဆသဏ္ဌိတော ပန ကေ သတ္တော တသ္မိံ သြကာသေ နိဗ္ဗတ္တနကော ဟောတိ တိ အ-ယမေတ္ထ အဓိပ္ပါယော။
[မူလပဏ္ဏာသ အဋ္ဌကထာ မဟာတဏှာသင်္ခယသုတ် အဖွင့်။]

မာတာစ၊ အဓိသည်လည်း။ ဥတုနိ၊ ဥတုလာသည်။ ဟောတိ၊ ဖြစ်၏။ ဣတိဣဒံ၊ ဤစကားကို။ဥတုသမယံ၊ ဥတုလာသောအခါကို။သန္ဓာ-ယ၊ ရည်၍။ဝုတ္တံ၊ ဆိုအပ်၏။ ကိရ၊ ကြားဘူးသည်ကား။ မာတုဂါမဿ၊ မာတုဂါမ၏။ ယသ္မိံ သြကာသေ၊ အကြင်အရပ်၌။ ဒါရကော၊ သူငယ်သည်။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ တတ္ထ၊ထိုသူငယ်အိမ်၌။ မဟတိ၊ များစွာသော။ လောဟိတပိလကာ၊ ကြီးစွာသောသွေးခဲသည်။ သဏ္ဌဟိတ္ဝာ၊ တည်၍။ ဘိဇ္ဇိတ္ဝာ၊ ကွဲပြို၍။ပဋ္ဌရတိ၊ ယိုစီး၏။ဝတ္ထု၊ သူငယ်တည်ရာသည်။ သုဒ္ဓံ၊ စင်ကြယ်သည်။ ဟောတိ၊ ဖြစ်၏။ ဝတ္ထုမှ၊ သူငယ်တည်ရာသည်။ သုဒ္ဓေ၊ စင်ကြယ်သည်ရှိသော်။ မာတာပိတူသု၊ အမိ,အဘတို့သည်။ ကေဝါရံ၊ တကြိမ်။ သန္ဓိပတိတေသု၊ စည်းဝေးကုန်သည်ရှိသော်။ ယာဝ၊ အကြင်မျှလောက်။ သတ္တာဒိဝသာနိ၊ ခုနစ်ရက်တို့သည်။သန္ဓိ၊ ရှိကုန်၏။ တာ-ဝ၊ ထိုမျှလောက်။ ခေတ္တမေဝ၊ပဋိသန္ဓေ တည်နိုင်သော ခေတ်သည်သာ လျှင်။ ဟောတိ၊ဖြစ်၏။တသ္မိံ သမယေ၊ ထိုဥတုလာသောအခါ၌။ဟတ္ထ-ဂါဟဝေဏိဂါဟာဒိနာ၊ လက်ကိုကိုင်ခြင်း, ဆံထုံးကို ကိုင်ခြင်းအစရှိသော။ အင်ပရာမသနေနပိ၊ အင်္ဂါကြီး,ငယ်ကို သုံးသပ်သဖြင့်လည်း။ ဒါရကော၊ သူငယ်သည်။ နိဗ္ဗတ္တတိ ယေဝ၊ ဖြစ်နိုင်သည်သာလျှင်တည်း။ ဂဗ္ဘောတိ၊ ဂဗ္ဘော-ဟူသည်ကား။တတြုပဂတသတ္တော၊ ထိုသူငယ်အိမ်သို့ကပ်သော သတ္တဝါတည်း။ ပစ္စုပဋ္ဌိတောဟောတိတိ၊ ပစ္စုပဋ္ဌိတော ဟောတိ-ဟူသည်ကား။ မာတာပိတုသန္ဓိပါတံ၊ အမိ,အဘနှစ်ပါး စည်းဝေးသည်ကို။သြလောကယမာနော၊ ကြည့်လျက်။ သမိပေ၊ အနီး၌။ ဌိတောနာမ၊ တည်သည်မည်သည်။ နဟောတိ၊ မဖြစ်။ ကမ္မယန္တ-သဏ္ဌိတောပန၊ ကံ-ဟူသော ယန္တရားစက်သည် ရှေ့ရှုတည်သော အားဖြင့်။ ကေဝ၊ တယောက်သော။သတ္တော၊ သတ္တဝါသည်။ တသ္မိံ သြကာသေ၊ ထိုအရပ်၌။နိဗ္ဗတ္တနကော၊ဖြစ်တတ်သည်။ ဟောတိ၊ဖြစ်၏။ ဣတိအယံ၊ ဤသည်လျှင်။ တတ္ထ၊ဤပုဒ်၌။ အဓိပ္ပါယော၊ အလိုတည်း။

ထိုသို့အမိဝမ်းဌ ပဋိသန္ဓေတည်နေသော ဂဗ္ဘသေယျက သတ္တဝါသည် အမိ၏ဝမ်းအိမ်တွင်းဌ အဘ၏သုက်, အမိ၏သွေးကို အမှီပြု၍ ကာယဒသက ကလာပ်တစည်း, ဝတ္ထုဒသက ကလာပ်တစည်း, ယောကျားဖြစ်အုံ-ပုမ္မာဝဒသက ကလာပ်တစည်းမိန်းမဖြစ်အုံ-ဣတ္ထိဘာဝ ဒသက ကလာပ်တစည်း၊ ဤသို့ကလာပ်သုံးစည်းအားဖြင့် ပဋိသန္ဓေတည်ရ၏၊ နပုံးဖြစ်အုံ-ဘာဝဒသက ကလာပ်ကို မရသောကြောင့် ကာယဒသက ကလာပ်, ဝတ္ထုဒသက ကလာပ် နှစ်စည်းတို့ဖြင့်သာ ပဋိသန္ဓေတည်ရ၏၊ ဤသို့ပဋိသန္ဓေတည်သော ကလာပ်သုံးစည်းကို ပညတ်အားဖြင့် ကလလရေကြည်-ဟု ခေါ်သည်၊ ဤဂဗ္ဘသေယျကသတ္တဝါတို့၏ ပဋိသန္ဓေဖြစ်ပေါ်လာပုံကို အောက်ပါ ဂါထာဖြင့် ဘုရားဟောတော်မူ၏။

ပဌမံ ကလလံ ဟောတိ၊
ကလလာ ဟောတိ အဗ္ဗုဒံ။
အဗ္ဗုဒါ ဇာယတေ ပေသိ၊
ပေသိ နိဗ္ဗတ္တတေ ဃနော။
ဃနာ ပသာခါ ဇာယန္တိ၊
ကေသာ လောမာ နခါ ပိ စ။
[သဂါထာဝဂ္ဂသံယုတ်ပါဠိတော်။]

ပဌမံ၊ ရှေးဦးစွာ။ ကလလံ၊ ကလလ ရေကြည်သည်။ ဟောတိ၊ ဖြစ်လာ၏။ ကလလာ၊ ကလလရေကြည်ဖြစ်ပြီးမှ။ အဗ္ဗုဒံ၊ အမြှုပ်နုသည်။ ဟောတိ၊ ဖြစ်လာ၏။ အဗ္ဗုဒါ၊ အမြှုပ်နုဖြစ်ပြီးမှ။ ပေသိ၊ အမြှုပ်ရင့်သွေးခဲသည်။ ဇာယတေ၊ ဖြစ်လာ၏။ ပေသိ၊ အမြှုပ်ရင့်သွေးခဲဖြစ်ပြီးမှ။ ဃနော၊ အသားဆိုင်, အသားခဲသည်။ နိဗ္ဗတ္တတေ၊ ဖြစ်လာ၏။ ဃနာ၊ အသားစိုင်, အသားခဲဖြစ်ပြီးမှ။ ပသာခါ၊ ဦးခေါင်း, ခြေ, လက်-ခက်မ ငါးဖြာတို့သည်။ ဇာယန္တိ၊ ဖြစ်လာကြကုန်၏။ ကေသာ၊ ဆံတို့သည်ဌင်း။ လောမာ၊ အမွေးတို့သည်ဌင်း။ နခါ ပိ စ၊ လက်သည်း, ခြေသည်းတို့သည်ဌင်း။ ဇာယန္တိ၊ ဖြစ်လာကြကုန်၏။

ပဋိသန္ဓေတည်စဌ ဖြစ်ပေါ်လာသော ကလလရေကြည်သည် လွန်စွာသိမ်မွေ့၏၊ ကလာပ်သုံးစည်းမျှသာဖြစ်၍ ပကတိမျက်စိဖြင့် မြင်နိုင်

လောက်အောင်ရှိမည် မဟုတ်ပေ၊ ဇာတိဥဏ္ဍာ-မည်သော သိမ်မွေ့သော သားမွေး သုံးမျင်ကိုစု၍ ကျစ်အပ်သော ကြိုးငယ်ကို ဆိုကြည်၌ နှစ်၍ ဆယ်ယူရာ ထိုကြိုးငယ်ဖျားဌပါသော ဆိုကြည်ပေါက်ငယ်မျှ ပမာဏရှိ၏-ဟု သံယုတ်အဋ္ဌကထာ၌ဆို၏၊သမ္မာအဋ္ဌကထာ၌ကား-ထိုဇာတိဥဏ္ဍာ-မည်သောသားကောင်၏ သိမ်မွေ့သောတခုသော အမွေးဖျားဌပါသော ဆိုကြည်ပေါက်ငယ်မျှ ပမာဏရှိ၏-ဟုဆို၏၊ ထိုကလလရေကြည်သည် ဆိုကြည်ပေါက်ငယ်, ဆိုကြည် ပေါက်လတ်, ဆိုကြည်ပေါက်ကြီးသဏ္ဌာန်ဖြင့် တသတ္တာဟ-ဟု ဆိုအပ်သော ခုနစ်ရက်ပတ်လုံး တခဏ တခြား ကြီးပွါးရင့်မာ၍နေလေ၏၊ထိုခုနစ်ရက်ကို ကလလသတ္တာဟ-ဟု ခေါ်သည်။

ထို့နောက် အဗ္ဗုဒမည်သော အမြှုပ်စိုင်ဖြစ်၍ ခုနစ်ရက်ပတ်လုံး တခဏ တခြား ကြီးပွါးရင့်မာ၍နေလေ၏၊ထိုအမြှုပ်စိုင် အဗ္ဗုဒသည် အသားတို့ကိုဆေး၍ကြွင်းကျန်နေရစ်သော သားဆေးရေကဲ့သို့ နီပြေပြေအဆင်းရှိ၏၊ ထိုခုနစ်ရက်ကို အဗ္ဗုဒသတ္တာဟ-ဟုခေါ်သည်။

ထို့နောက် ပေသိမည်သော အမြှုပ်ရင့်သွေးခဲဖြစ်၍ ခုနစ်ရက်ပတ်လုံး တခဏ တခြား ကြီးပွါးရင့်မာ၍နေလေ၏၊ ချိပ်ရည်ကဲ့သို့ နီသောအဆင်းရှိသော ဤအမြှုပ်ရင့် ပေသိသည် လွန်စွာမမာသေး၊ ထိုခုနစ်ရက်ကို ပေသိသတ္တာဟ-ဟု ခေါ်သည်။

ထို့နောက် ဃနမည်သော အသားစိုင်-အသားခဲဖြစ်၍ ခုနစ်ရက်ပတ်လုံး တခဏ တခြား ကြီးပွါးရင့်မာ၍ နေလေ၏၊ ထိုအသားစိုင် အသားခဲ ပေသိသည် ရင့်မာ၏၊ကြက်ဥပမာ ကောင်းစွာ ဝန်းဝိုင်းလှသော သဏ္ဌာန်ရှိ၏။

ယထာ ကုက္ကုဋိယာ အဏ္ဍံ၊
သမန္တာ ပရိမဏ္ဍလံ။
ဧဝံ ဃနသ သဏ္ဌာနံ၊
နိဗ္ဗတ္တံ ကမ္မပစ္စယာ။
[သံယုတ်အဋ္ဌကထာ။]

ကုက္ကုဋ္ဌိယာ၊ ကြက်မ၏။ အဏ္ဍံ၊ ဥသည်။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ပရိမဏ္ဍလံ၊ လုံးသည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဧवံ၊ ဤအတူ။ ကမ္မပစ္စယာ၊ ကံ-ဟူသော အကြောင်းကြောင့်။ ယနသ၊ ယနမည်သော အသားခဲ၏။ သဏ္ဌာနံ၊ လုံးဝန်းသော သဏ္ဌာန်သည်။ နိဗ္ဗတ္တံ၊ ဖြစ်၏။

ထိုအသားခဲ ယန-ဖြစ်ပွါး၍နေသောခုနစ်ရက်ကို ယနသတ္တာဟ-ဟု ခေါ်သည်။

ထို့နောက် လက်နှစ်ဘက်,ခြေနှစ်ဘက်, ဦးခေါင်းဖြစ်ဘို့ရာ ခက်မငါးဖြာ အစွန်းအစ ငါးခုထွက်ပေါ်လာ၍ ခုနစ်ရက်ပတ်လုံး တခဏတခြား ကြီးပွါးရင့်မာ၍ နေလေ၏၊ ထိုခုနစ်ရက်ကို ပသာခသတ္တာဟ-ဟု ခေါ်သည်။

ထို့နောက် ငါးသတ္တာဟ-ဟုဆိုအပ်သော ၃၅-ရက်ပတ်လုံးဖြစ်ပြီးသော ထိုအားလုံးဝတ္ထုတို့ တဖြည်းဖြည်းရင့်၍ပွါးစီး၍ နေကြကုန်၏၊ ထိုငါးသတ္တာဟကို ပရိပါက ငါးသတ္တာဟ-ဟု ခေါ်သည်။

ကလလသတ္တာဟကစ၍ ပရိပါက ငါးသတ္တာဟသို့ရောက်ပြီးသောအခါ သတ္တာဟပေါင်း ၁၀-ခုရှိ၏၊ရက်ပေါင်း ၇၀-ဖြစ်၏၊ ထို့နောက် ဧကာဒသမသတ္တာဟ-ဟုဆိုအပ်သော တဆယ့်တသတ္တာဟ မြောက်၌ စက္ခု, သောတ,ဃာန, ဇိဝှါ- ဟူသော ပသာဒရုပ်လေးခုတို့သည် တပြိုင်နက်ဖြစ်ကြကုန်၏။

သေသာနိ စတ္တာရိ သတ္တသတ္တတိရတ္တိမှိ။ ။[ကထာဝတ္ထုအဋ္ဌကထာ။]

သေသာနိ၊ ကြွင်းကုန်သော။ စတ္တာရိ၊ စက္ခု, သောတ, ဃာန, ဇိဝှါ-ဟုဆိုအပ်ကုန်သော အာယတနလေးပါးတို့သည်။ သတ္တသတ္တတိရတ္တိမှိ၊ခုနစ်ဆယ့် ခုနစ်ရက်-ဟု ဆိုအပ်သော ဧကာဒသမ သတ္တာဟ၌။ ဇာယန္တိ၊ ဖြစ်ကြကုန်၏။

သတ္တသတ္တတိရတ္တိမှိ-ဟုဆိုခြင်းကြောင့် စက္ခုစသည်တို့သည် ဧကာဒသမသတ္တာဟ၏ အဆုံးဖြစ်သော ၇၇-ရက်မြောက်သောနေ့၌ဖြစ်ပေါ်ကြကုန်၏-ဟုမှတ်သားအပ်၏၊ဤဧကာဒသမသတ္တာဟကို စက္ခာဒိသတ္တာဟ-ဟု ခေါ်သည်။

ထို့နောက် သတ္တာဟ သုံးဆယ်-ဟု ဆိုအပ်သော ရက်ပေါင်း ၂၁၀-ပတ်လုံးဖြစ်ပြီးသော ထိုအားလုံးဝတ္ထုတို့အား ကြီးရင့်၍ပွါးစီး၍နေကြကုန်၏၊ထိုသတ္တာဟ သုံးဆယ်ကို ပရိပါက သတ္တာဟသုံးဆယ် ဟုခေါ်သည်၊ ကလလသတ္တာဟကစ၍ ဤပရိပါကသတ္တာဟ သုံးဆယ် သို့ရောက်ပြီးသောအခါ သတ္တာဟပေါင်း၄၁-ရှိ၏၊ရက်ပေါင်း ၂၈၇-ရက်ဖြစ်၏။

ထို့နောက် ဒွါစတ္တာလီသမသတ္တာဟ-ဟု ဆိုအပ်သော လေးဆယ့်နှစ်သတ္တာဟမြောက်၌ ဆံ,အမွေး,ခြေသည်း,လက်သည်းတို့သည် ဖြစ်ကြကုန်၏၊ ဤဒွါစတ္တာလီသမသတ္တာဟကို ကေသာဒိသတ္တာဟ-ဟု ခေါ်သည်။

ဣတော ပရံ ဆဋ္ဌသတ္တမာဒီနိ သတ္တာဟာနိ အတိက္ကမ္မ ဒေသနံ သံခိပိတ္တာ ဒွါစတ္တာလီသမေ သတ္တာဟေ ပရိဏတ-ကာလံ ဂဟေတ္တာ ဒသေဿန္တော ကေသာတိအာဒိမာဟ။ ။
[သံယုတ်အဋ္ဌကထာ။]

ဣတော၊ ဤခက်မငါးဖြာဖြစ်ရာ ပဋ္ဌမသတ္တာဟ-ဟု ဆိုအပ်သော ၃၅-ရက်မှ။ ပရံ၊ နောက်၌။ ဆဋ္ဌသတ္တမာဒီနိ၊ ခြောက်ခုမြောက်သော သတ္တာဟ,ခုနစ်ခုမြောက်သောသတ္တာဟ အစရှိကုန်သော။ သတ္တာ-ဟာနိ၊ သတ္တာဟတို့ကို။ အတိက္ကမ္မ၊ လွန်၍။ ဒေသနံ၊ ပဌမံကလလံ ဟောတိ-အစရှိသော ဒေသနာတော်ကို။ သံခိပိတ္တာ၊အကျဉ်းချုံးတော်မူ၍။ ဒွါစတ္တာလီသမေ သတ္တာဟေ၊ လေးဆယ့်နှစ်သတ္တာဟကာလ၌။ ပရိဏတကာလံ၊ သားငယ်တည်းဟူသော ကိုယ်ဝန်၏ ရင့်သောကာလကို။ ဂဟေတ္တာ၊ ယူ၍။ ဒသေန္တော၊ ပြတော်မူလိုသော မြတ်စွာဘုရားသည်။ ကေသာတိအာဒိ၊ ကေသာ-အစရှိသော စကားတော်မြတ်ကို။ အာဟ၊ ဟောတော်မူ၏။

ဤအရာ၌အကျဉ်းချုပ်မှတ်ရန်မှာ

ရေကြည်ခုနစ်ရက်ကို ကလလသတ္တာဟ။
အမြှုပ်ခုနစ်ရက်ကို အဗ္ဗုဒသတ္တာဟ။
သွေးခဲခုနစ်ရက်ကို ပေသိသတ္တာဟ။

အသားခဲခုနစ်ရက်ကို ယနသတ္တာဟု။
အစွန်းအစ ခက်မငါးဖြာခုနစ်ရက်ကို ပဿာဒသတ္တာဟု။
ရင့်၍နေရာ ခုနစ်ရက်ငါးလီကို ပရိပါကငါးသတ္တာဟု။
စက္ခုစသည် ဖြစ်ရာခုနစ်ရက်ကို စက္ခာဒိသတ္တာဟု။
အားလုံးဝတ္ထုတို့ ရင့်ကျက်၍နေရာ ခုနစ်ရက်အလီ ပေါင်း
သုံးဆယ်ကို ပရိပါကသတ္တာဟသုံးဆယ်။
ဆံစသည် ဖြစ်ရာခုနစ်ရက်ကို ကေသာဒိသတ္တာဟ-ဟု မှတ်လေ။

ဤမျှလောက်ဖြင့် ရက်ပေါင်း ၂၉၄–ရက်၊ လ,အားဖြင့် ၉-လ နှင့် ၂၄-ရက်ရသည် ဖြစ်သောကြောင့် မျှားရာသို့လိုက်၍ ဆယ်လ ဘွားကို ဆိုသည်၊ ၇-လ, ၈-လ, ၉-လ, ၁၁-လ, ၁၂-လ ဘွားမျှား လည်းရှိသေးသည်။

ဤ၌ ဇလာဗုဇ ဂဗ္ဘသေယျက-ပဋိသန္ဓေကို ပဓာနပြု၍ ပြဆို အပ်သည်၊ အဏ္ဍဇဂဗ္ဘသေယျက-ပဋိသန္ဓေကိုလည်း အစဉ် ကလလ ရေကြည်ပမာဏဖြင့် မှတ်သားအပ်ကြောင်းကို သမ္မောဒဉ္ဇကထာ၌ မိန့်ဆိုသည်။

ကြာတိုက်,သစ်ခေါင်း, ရွှံ့ထဲ, ရေထဲ, သားပုပ်, ငါးပုပ်, အနာပုပ် စသော စိုစွတ် စေးခွဲသော ဌာနများ၌ဖြစ်ကုန်သော သတ္တဝါတို့သည် သံသေဒဇ သတ္တဝါတို့မည်ကုန်၏။ ။သံသေဒေ ဇာယန္တိတိ သံသေ-ဒဇာ။ ။သံသေဒေ၊ စိုစွတ်စေးခွဲသော ဌာန၌။ ဇာယန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သံသေဒဇာ၊ သံသေဒဇမည်ကုန်၏။ ။ထိုသံသေဒဇ သတ္တဝါတို့တွင် ပေါက္ခရသာတိ ပုဏ္ဏား,ပဒုမ ဒေဝိမင်းသမီး, အာသက်ဒေဝိမင်းသမီးတို့သည် ကြာတိုက်သံသေဒဇ တည်း၊ ပဒုမဒေဝိမင်းသမီး၏ သားတော်မဟာပဒုမမင်းသားကြီးမှ တပါး ကြွင်း လေးရာ့,ကိုးကျိပ်,ကိုးယောက်သော မင်းသားတို့ကား ဝမ်း၏ အညစ်အကြေးသုက်သွေးခွဲ ဖြစ်ကြသည်၊ အမ္ဗပါလိကာ ပြည့်တန်းဆာမကား သရက်ပင်ခွဲ ဖြစ်သည်၊ စိဉ္စမာန မိန်းမကား မန်ကျည်းပင်ခွဲ ဖြစ်သည်၊ ပိုး, လောက်, မှက်, ခြင်, ယင်ရဲစသည်တို့ကား

ငါးပုပ်,အမဲပုပ်,မစင်,ကျင်ကြီးစသည်တို့၌ ဖြစ်ကြသည်၊ ထိုသံသေဒဇ ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေကို သံသေဒဇ ပဋိသန္ဓေ-ဟုဆိုသည်၊ ထိုသံသေဒဇ ပုဂ္ဂိုလ်တို့မှာ ပဋိသန္ဓေ အခိုက်၌ အင်္ဂါကြီး,ငယ်တို့ ပြည့်စုံသော်လည်း လုံးရပ်သဏ္ဌာန်စသည် မပြည့်သေးသောကြောင့် အစဉ် အတိုင်း မိမိတို့ကံအလျောက် ကြီးပွါးခြင်းသို့ ရောက်ကြကုန်၏။

ကောင်းကင်ထက်မှ လျှောကြလာဘိသကဲ့သို့ ပြည့်စုံသော ကိုယ်အင်္ဂါတို့နှင့် တက္ခ တဆယ့်ခြောက်နှစ်ရွယ်ကဲ့သို့ ထင်ရှားစွာ ဖြစ်ပေါ်လာသော သတ္တဝါတို့သည် သြပပါတိကသတ္တဝါတို့မည်ကုန်၏။ ။ဥပပါတော ဧတေသမတ္ထိ တိ သြပပါတိကာ။ ။ဧတေသံ၊ထိုသတ္တဝါတို့အား။ ဥပပါတော၊ ကိုယ်တိုင် ထင်ရှား ဖြစ်ပေါ်လာခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သြပပါတိကာ၊ သြပပါတိကမည်ကုန်၏။ ။နတ်,ဗြဟ္မာ,ငရဲသူ,ငရဲသား သတ္တဝါတို့သည်။ သြပပါတိက သတ္တဝါတို့ပေတည်း၊ ထိုသြပပါတိက ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေကို သြပပါတိက ပဋိသန္ဓေ-ဟုဆိုသည်၊ထိုဥပပါတ်ပုဂ္ဂိုလ်တို့မှာ ပဋိသန္ဓေအခိုက်၌ လုံးရပ်သဏ္ဌာန်မှစ၍ သတ္တဝါတို့၏ အင်္ဂါအလုံးစုံတို့သည် အပြည့်အစုံဖြစ်ကုန်၏၊ တဘန်တဆင့်ကြီးပွါးဘွယ်ကိစ္စမရှိ။

သံသေဒဇာ မန္ဒာဒဟရာ ဟုတ္ဝာ နိဗ္ဗတ္တန္တိ၊ သြပပါတိကာ သောဠသဝဿုဒ္ဒေသိကာ ဟုတ္ဝာ။ ။[သံဂီတိသုတ်အဋ္ဌကထာ။]

သံသေဒဇာ၊သံသေဒဇ ပုဂ္ဂိုလ်တို့သည်။ မန္ဒာဒဟရာ၊ အနည်းငယ်။ ဟုတ္ဝာ၊ ဖြစ်၍။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။ သြပပါတိကာ၊ ဥပပါတ်ပုဂ္ဂိုလ်တို့သည်။ သောဠသဝဿုဒ္ဒေသိကာ၊ တဆယ့်ခြောက်နှစ်ရွယ် တို့သည်။ ဟုတ္ဝာ၊ ဖြစ်၍။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။

၃၅။ နာမရူပပစ္စယာ သဠာယတနံ-အဓိပ္ပါယ်

နာမရူပ ပစ္စယာ သဠာယတနံ-ဟူသောစကား၌ သဠာယတနဆိုသည်မှာ စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန- ဟူသော အဋ္ဌတ္တိကာယတန

ခြောက်ပါးကို ဆိုသည်။ ။ဆောက်လုပ်ပြီးသော တိုက်အိမ်စသည် တို့၌ အရောင် အလင်းကို မြင်နိုင်စေခြင်းငှါ အကြည်မှန် တံခါးတပ်သကဲ့သို့ ခန္ဓာနာမ်ရုပ်ဟူသော တိုက်အိမ်၌ ရှိသော စက္ခု-ဟူသော မြင်စရာ အကြည်ဓာတ် မှန်တံခါးကို စက္ခာယတန-ဟုခေါ်သည်၊သောတ-ဟူသော ကြားစရာ အကြည်ဓာတ် မှန်တံခါးကို သောတာယတန-ဟုခေါ်သည်၊ ဃာန-ဟူသော နံစရာ အကြည်ဓာတ် မှန်တံခါးကို ဃာနာယတန-ဟုခေါ်သည်၊ ဇိဝှါ-ဟူသော လျက်စရာအကြည်ဓာတ် မှန်တံခါးကို ဇိဝှါယတန-ဟုခေါ်သည်၊ကာယ-ဟူသောတွေ့ထိစရာ အကြည်ဓာတ်မှန်တံခါးကိုကာယာယတန-ဟုခေါ်သည်၊မနော-ဟူသော သိစရာအကြည်ဓာတ် မှန်တံခါးကို မနာယတန-ဟုခေါ်သည်။

ဤခြောက်ပါးသော အာယတနတို့တွင် ရှေအာယတန ငါးပါးတို့သည် နာမရူပံ-ဟူသော,အဂ်ါရူပံ-ဟူသောပုဒ်၌ပါဝင်ကြကုန်၏၊မနာယတနသည် ဝိညာဉ်အင်္ဂါတွင်ပါဝင်၏၊ သို့ဖြစ်၍ သဠာယတနသည် ဝိညာဉ်အင်္ဂါ,နာမ်ရုပ်အင်္ဂါတွင်ပါဝင်လေ၏။

ထိုသို့ပါဝင်သော်လည်း သတ္တဝါတို့၏ သန္တာန်၌ ဤသဠာယတနကိုအကြောင်းပြု၍ သုဂတိ,ဒုဂ္ဂတိသို့သွားစေတတ်ကုန်သောကောင်းမှု, မကောင်းမှုတို့သည် နေ့စဉ်ဖြစ်ပွါး၍နေကြကြောင်းကို သိစေလိုသည်ဖြစ်၍ သဠာယတနံ-ဟု အင်္ဂါတခု အသီးအခြားပြု၍ ဟောတော်မူလေသည်ဟုမှတ်၊ဤသဠာယတနကိုပင် အပဋ္ဌာန်ရှိသောအာရုံတို့၏ဝင်ရာ, အတွင်း၌ရှိသော စိတ်,စေတသိက်တို့၏ထွက်ရာဖြစ်၍ တံခါးနှင့်တူသော ကြောင့် ဒွါရ-ဟူ၍လည်းဆိုရသည်၊ စက္ခုဒွါရ၌ ကောင်း, မကောင်းသော ရူပါရုံလာထိခိုက်ရာ စက္ခုဝိညာဏဓာတ်စသည်ဖြစ်၍ ကုသိုလ်ကောင်းမှုဖြစ်ပွါး၍လာပုံ၊ ကိလေသာပါဏာတိပါတစသည်ဖြစ်ပွါး၍လာပုံ၊ သောတဒွါရ၌ ကောင်း,မကောင်းသောသဒ္ဒါရုံ လာထိခိုက်ရာ သောတဝိညာဏဓာတ်စသည်ဖြစ်၍ ကုသိုလ်ကောင်းမှု ဖြစ်ပွါး၍လာပုံ၊ ကိလေသာပါဏာတိပါတ စသည်ဖြစ်ပွါး၍လာပုံ-စသည်တို့ကို ဉာဏ်ဖြင့် အကျယ်ဝေဘန်၍သိပါလေ။

၃၆။ သဠာယတနပစ္စယာ ဖဿော-အဓိပ္ပါယ်

သဠာယတန ပစ္စယာ ဖဿော-ဟူသောစကားခွဲ ဖဿဆိုသည်မှာ အာရုံ၏အရသာကို ပေါ်ထွက်စိမ့်သောဌာ ကြိတ်နယ်သောအားဖြင့် တွေ့ထိတတ်သော သဘောတရားကိုဆိုသည်၊ ထို ဖဿ-သည် စက္ခု သမ္ဖဿ,သောတသမ္ဖဿ,ဃာနသမ္ဖဿ,ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿ-ဟူ၍ ခြောက်ပါးရှိ၏၊ စက္ခုဓာတ်မှန်မှာ ဆိုက်တိုက်လာသောအဆင်းကို တွေ့ထိမှုကိုစက္ခုသမ္ဖဿ-ဟုခေါ်သည်၊သောတဓာတ်မှန်မှာ ဆိုက်တိုက်လာသောအသံကို တွေ့ထိမှုကို သောတသမ္ဖဿ-ဟုခေါ်သည်၊ဃာနဓာတ်မှန်မှာ ဆိုက်တိုက်လာသောအနံ့ကို တွေ့ထိမှုကို ဃာနသမ္ဖဿ-ဟုခေါ်သည်၊ဇိဝှါဓာတ်မှန်မှာဆိုက်တိုက်လာသောအရသာကိုတွေ့ထိမှုကိုဇိဝှါသမ္ဖဿ-ဟုခေါ်သည်၊တကိုယ်လုံးရှိကာယဓာတ်မှန်မှာ တွေ့ထိလာသောအတွေ့ကို တွေ့ထိမှုကို ကာယသမ္ဖဿ-ဟုခေါ်သည်၊ စိတ်နှလုံးဟူသော မနောဓာတ်မှန်မှာ ဆိုက်တိုက်ထင်ပေါ်လာသောဓမ္မာရုံကို တွေ့ထိမှုကို မနောသမ္ဖဿ-ဟုခေါ်သည်။

၃၇။ ဖဿပစ္စယာဝေဒနာ-အဓိပ္ပါယ်

ဖဿပစ္စယာ ဝေဒနာ-ဟူသောစကားခွဲဝေဒနာ-ဆိုသည်မှာ အာရုံ၏အရသာကိုခံစားတတ်သောသဘောတရားကိုဆိုသည်၊ ထိုဝေဒနာသည် စက္ခုသမ္ဖဿဇာဝေဒနာ,သောတသမ္ဖဿဇာဝေဒနာ,ဃာနသမ္ဖဿဇာဝေဒနာ, ဇိဝှါသမ္ဖဿဇာဝေဒနာ,ကာယသမ္ဖဿဇာဝေဒနာ, မနောသမ္ဖဿဇာဝေဒနာ-ဟူ၍ ခြောက်ပါးရှိ၏၊ စက္ခုနှင့် ရူပါရုံတို့ တွေ့ဆုံမှုကြောင့်ဖြစ်ပေါ်လာရသောဝေဒနာကိုစက္ခုသမ္ဖဿဇာဝေဒနာ-ဟုခေါ်သည်၊သောတနှင့်သဒ္ဒါရုံတို့ တွေ့ဆုံမှုကြောင့်ဖြစ်ပေါ်လာရသော ဝေဒနာကိုသောတသမ္ဖဿဇာဝေဒနာ-ဟုခေါ်သည်၊ဃာနနှင့်ဂန္ဓာရုံတို့တွေ့ဆုံမှုကြောင့် ဖြစ်ပေါ်လာရသောဝေဒနာကို ဃာနသမ္ဖဿဇာဝေဒနာ ဟုခေါ်သည်၊ ဇိဝှါနှင့်ရသာရုံတို့ တွေ့ဆုံမှုကြောင့်ဖြစ်ပေါ်လာရသော ဝေဒနာကိုဇိဝှါသမ္ဖဿဇာ ဝေဒနာ-ဟုခေါ်သည်၊ ကာယနှင့်ဖောဋ္ဌဗ္ဗာရုံတို့ တွေ့ဆုံမှုကြောင့်ဖြစ်ပေါ်လာရသောဝေဒနာကို ကာယသမ္ဖဿဇာ

ဝေဒနာ-ခေါ်သည်၊ ဘဝင်-မနောနှင့် ဓမ္မာရုံတို့ တွေ့ဆုံမှုကြောင့် ဖြစ်ပေါ်လာရသောဝေဒနာကို မနောသမ္ဖဿဇာဝေဒနာ-ဟုခေါ်သည်။

၃၀။ ဝေဒနာပစ္စယာ တဏှာ-အဓိပ္ပါယ်

ဝေဒနာပစ္စယာ တဏှာ-ဟူသောစကားဌ် တဏှာ-ဆိုသည်မှာအာရုံကိုစွဲလမ်းသာယာသောသဘောတရားကိုဆိုသည်၊ ထိုတဏှာသည် ရူပတဏှာ,သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာ-ဟူ၍ ခြောက်ပါးရှိ၏၊အဆင်း-ရူပါရုံဌ်ဌင်း,အဆင်း-ရူပါရုံနှင့် ပြည့်စုံသော သက်ရှိ-သက်မဲ့ ဝတ္ထုများဌ်ဌင်း- စွဲလမ်းသာယာသော တဏှာကို ရူပတဏှာ-ဟုခေါ်သည်။

အသံ-သဒ္ဒါရုံဌ်ဌင်း,အသံ-သဒ္ဒါရုံနှင့် ပြည့်စုံသော သက်ရှိ-သက်မဲ့ ဝတ္ထုများဌ်ဌင်း- စွဲလမ်းသာယာသော တဏှာကို သဒ္ဒတဏှာ-ဟုခေါ်သည်။

အနံ့-ဂန္ဓာရုံဌ်ဌင်း, အနံ့-ဂန္ဓာရုံနှင့် ပြည့်စုံသော သက်ရှိ-သက်မဲ့ ဝတ္ထုများဌ်ဌင်း-စွဲလမ်းသာယာသော တဏှာကို ဂန္ဓတဏှာ-ဟု ခေါ်သည်။

အချို,အချဉ်စသော ရသာရုံဌ်ဌင်း, ရသာရုံနှင့် ပြည့်စုံသော သက်ရှိ-သက်မဲ့ ဝတ္ထုများဌ်ဌင်း- စွဲလမ်းသာယာသော တဏှာကို ရသတဏှာ-ဟုခေါ်သည်။

အတွေ့-ဖောဋ္ဌဗ္ဗာရုံဌ်ဌင်း,အတွေ့-ဖောဋ္ဌဗ္ဗာရုံနှင့် ပြည့်စုံသောသက်ရှိ-သက်မဲ့ ဝတ္ထုများဌ်ဌင်း- စွဲလမ်းသာယာသော တဏှာကို ဖောဋ္ဌဗ္ဗတဏှာ-ဟုခေါ်သည်။

ရူပါရုံစသော ကာမဂုဏ်အာရုံငါးပါးတို့မှတပါး ဓမ္မာရုံဌ်ဌင်း, ဓမ္မာရုံနှင့် ပြည့်စုံသော သက်ရှိ-သက်မဲ့ အရာဌာန ဝတ္ထုများဌ်ဌင်း-စွဲလမ်းသာယာသော တဏှာကို ဓမ္မတဏှာ-ဟုခေါ်သည်။

ဝေဒနာကြောင့် တဏှာဖြစ်သည်-ဆိုရာဌ် ဝေဒနာသည် သုခဝေဒနာ, ဒုက္ခဝေဒနာ,ဥပေက္ခာဝေဒနာ-ဟူ၍အကျဉ်းအားဖြင့် သုံးပါးရှိသည်တွင် ဆင်းရဲမှု- ဒုက္ခဝေဒနာရှိသောသူသည် တဏှာတရား အတွက် ချမ်းသာမှုသုခကို တောင့်တ၏၊ ချမ်းသာမှုသုခရှိသောသူသည်

လည်း ရေငန်ကို သောက်မိသော သူကဲ့သို့ တိုးတက်၍ တောင့်တ ပူပန်ရ၏၊ ဥပေက္ခာဝေဒနာကိုမူကား ငြိမ်သက်သည်၏ အဖြစ်ကြောင့် သုခဝေဒနာ၌ပင် သွင်း၍ယူရသည်၊ ထို့ကြောင့် ဝေဒနာ သုံးပါးလုံး ကြောင့်ပင်တဏှာဖြစ်ပေါ်နိုင်လေသည်-ဟုမှတ်လေ၊ထိုသို့ဖြစ်နိုင်သော် လည်း -အနုသယ ဓာတ်မကင်းကြသေးသော ပုထုဇန်,သေက္ခပုဂ္ဂိုလ် တို့အားသာလျှင်ဖြစ်နိုင်လေသည်၊ အနုသယဓာတ် ကင်းတော်မူကြပြီး သော ဘုရား,ရဟန္တာ-ဟူသော အသေက္ခပုဂ္ဂိုလ်တို့အား ဘယ်လို ဝေဒနာနှင့်ပင် တွေ့ပါသော်လည်း တဏှာ ဖြစ်နိုင်ခွင့်မရှိကြောင်းကို လည်းမှတ်ပါလေ။

ဒုက္ခီ သုခံ ပတ္ထယတိ၊
သုခီ ဘိယျော ပိ ဣစ္ဆတိ။

ဥပေက္ခာ ပန သန္တာ၊
သုခ မိစ္ဆေ ဘာသိတာ။

တဏှာယ ပစ္စယာ တသ္မာ၊
ဟောန္တိ တိသော ပိ ဝေဒနာ။

ဝေဒနာပစ္စယာ တဏှာ၊
ဣတိ ဝုတ္တာ မဟေသိနာ။
ဝေဒနာပစ္စယာစာ ပိ၊
ယသ္မာ နာနုသယံ ဝိနာ။
ဟောတိ တသ္မာ နု သာ ဟောတိ၊
ဗြာဟ္မဏာသ ဝုသိမတော။

[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စသည်။]

ဒုက္ခီ၊ ဆင်းရဲမှုဒုက္ခဝေဒနာရှိသောသူသည်။ သုခံ၊ ချမ်းသာမှု သုခ ဝေဒနာကို။ ပတ္ထယတိ၊ တောင့်တ၏။ သုခီ၊ ချမ်းသာမှု သုခဝေဒနာ ရှိသောသူသည်။ ဘိယျောပိ၊ ထိုထက်လွန်စွာလည်း။ သုခံ၊ ချမ်းသာမှု သုခဝေဒနာကို။ ဣစ္ဆတိ၊ အလိုရှိပြန်၏။ ဥပေက္ခာပန၊ ဥပေက္ခာဝေဒ နာကိုမူကား။ သန္တာတာ၊ ငြိမ်သက်သည်၏ အဖြစ်ကြောင့်။ သုခမိစ္ဆေ၊ သုခဝေဒနာ တမျိုး-ဟူ၍သာလျှင်။ ဘာသိတာ၊ ဆိုအပ်၏။

တသ္မာ၊ ထို့ကြောင့်။ တိသောပိ၊ သုံးပါးလည်းဖြစ်ကုန်သော။ ဝေဒနာ၊ ဝေဒနာတို့သည်။ တဏှာယ၊ တဏှာအား။ ပစ္စယာ၊ ပကတူ ပနိဿယဿတ္တိဖြင့် ပစ္စည်းပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ မဟေသိနာ၊ မြတ်စွာဘုရားသည်။ ဝေဒနာပစ္စယာ၊ ဝေဒနာ ကြောင့်။ တဏှာ၊ တဏှာကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏။

ဝေဒနာပစ္စယာ၊ ဝေဒနာကြောင့်။ ဥပ္ပဇ္ဇမာနာပိစ၊ ဖြစ်သော်လည်း။ အနုသယံ၊ အနုသယဓာတ်ကို။ ဝိနာ၊ ကင်း၍ ယသ္မာ၊အ ကြင့်ကြောင့်။ နဟောတိ၊ မဖြစ်။ တသ္မာ၊ ထို့ကြောင့်။ သာတဏှာ၊ ထိုတဏှာသည်။ ဝုသိမတော၊ သုံးပြီးသောမဂ်တည်းဟူသော အကျင့်ရှိ သော။ ဗြာဟ္မဏဿ၊ ရဟန္တာပုဂ္ဂိုလ်အား။ နဟောတိ၊ မဖြစ်။

၃၉။ တဏှာပစ္စယာ ဥပါဒါနံ-အဓိပ္ပါယ်

တဏှာပစ္စယာ ဥပါဒါနံ-ဟူသော စကားခ္ဍ ဥပါဒါန် ဆိုသည်မှာ မလွတ်ရက်ဘဲ ပြင်းထန်စွာ စွဲလမ်းငြိတွယ်တတ်သော သဘောတရားကို ဆိုသည်၊ ထိုဥပါဒါန်သည် ကာမုပါဒါန်,ဒိဋ္ဌုပါဒါန်,သီလဗ္ဗတုပါဒါန်,အတ္တဝါဒုပါဒါန်-ဟူ၍ လေးပါးရှိ၏။

ရူပါရုံစသော ကာမဝတ္ထုတို့ခ္ဍ မလွတ်ရက်ဘဲ ပြန်းထန်စွာ စွဲလမ်းငြိတွယ်တတ်သော တဏှာကို ကာမုပါဒါန်-ဟုခေါ်သည်။

ဤခ္ဍ ကာမုပါဒါန်-ဟူသည်လည်း တရားကိုယ်အားဖြင့် တဏှာပင်ဖြစ်၏၊ အထူးကား—အားနည်းသောတဏှာသည် တဏှာမည်၏၊ အားကြီးသောတဏှာသည် ကာမုပါဒါန်မည်၏။

တနည်း။ ။အမိုက်မှောင်ခ္ဍ ခိုးသူတို့၏လက်လှမ်းရှာဖွေခြင်းကဲ့သို့ မရသေးသော အရာဝတ္ထုကို တောင့်တခြင်းသည် တဏှာမည်၏၊ ခိုးသူတို့လက်သို့ ရောက်ပြီးပစ္စည်းကို စွဲမြဲစွာကိုင်ခြင်းကဲ့သို့ ရပြီးသော အရာကို စွဲလမ်းခြင်းသည် ကာမုပါဒါန်မည်၏။

တနည်း။ ။အလိုနည်းခြင်း- အပ္ပိစ္ဆတာဂုဏ်၏ ဆန့်ကျင်ဘက်ကား တဏှာမည်၏၊ ရောင့်ရဲလွယ်ခြင်း-သန္တောသဂုဏ်၏ ဆန့်ကျင်ဘက်ကား ကာမုပါဒါန်မည်၏။

တနည်း။ ။ရှာမှီးခြင်းကြောင့်ဖြစ်သော ဒုက္ခ၏မူလကား တဏှာမည်၏။ စောင့်ရှောက်ရခြင်းကြောင့်ဖြစ်သော ဒုက္ခ၏မူလကား ကာမုပါဒါန်မည်၏–ဟု သမ္မောအဋ္ဌကထာ စသည်တို့၌ ထူးဟန်ကို ပြဆိုသည်။

လူအပ်သောအကျိုးသည်မရှိ-အစရှိသည်ဖြင့် မှားမှား ယွင်းယွင်း စွဲလမ်းသော ဒိဋ္ဌိကို ဒိဋ္ဌုပါဒါန်-ဟုခေါ်သည်။

နွားတို့၏ အလေ့အကျင့်, ခွေးကို၏ အလေ့အကျင့်မျိုးဖြင့် သံသရာဝဋ်မှကင်းလွတ်စင်ကြယ်နိုင်၏-ဟု စွဲလမ်းသောဒိဋ္ဌိတမျိုးကို သီလဗ္ဗတ ပါဒါန်-ဟုခေါ်သည်

အတ္တ-ဟူ၍, သတ္တဝါကောင်-ဟူ၍ စွဲလမ်းသော သက္ကာယဒိဋ္ဌိကို အတ္တဝါဒုပါဒါန်-ဟုခေါ်သည်။

ဤဥပါဒါန်တရားလေးပါးသည် တဏှာဓာတ်လျှင် အရင်းခံရှိ၏၊ တဏှာဖြင့်သာယာခြင်းကြောင့် ဖြစ်ပွားရလေသည်၊ ထို့ကြောင့် တဏှာကြောင့် ဥပါဒါန်ဖြစ်သည်-ဟုဆိုရသည်။

၄၀။ ဥပါဒါနပစ္စယာ ဘဝေါ-အဓိပ္ပါယ်

ဥပါဒါနပစ္စယာ ဘဝေါ - ဟူသောစကား၌ ဘဝ·သည် ကမ္မဘဝ, ဥပပတ္တိဘဝဟူ၍ နှစ်မျိုးရှိ၏၊ဘဝတပါးသို့ လားစေတတ်သောကုသိုလ်, အကုသိုလ်ကံတို့ကိုကမ္မဘဝ-ဟုဆိုသည်၊ဤ၌ကမ္မဘဝ-ဟူသည် ကုသိုလ်, အကုသိုလ်ကံစုပင်ဖြစ်၍ အောက်၌ပြခဲ့ပြီးသောသင်္ခါရနှင့် အဘယ်သို့ ထူးသနည်း၊ အတိတ်ဘဝ၌ဖြစ်သော စေတနာသည် သင်္ခါရမည်၏၊ ပစ္စုပ္ပန်ဘဝ၌ဖြစ်သောစေတနာသည် ကမ္မဘဝမည်၏။

တနည်း။ ။စေတနာသက်သက်သည် သင်္ခါရမည်၏၊ စေတနာနှင့် သမ္ပယုတ်ဖြစ်သော ဘဝတပါးသို့ လားစေတတ်သော တရားဟူသမျှသည် ကမ္မဘဝမည်၏။

တနည်း။ ။ဝိညာဉ်သက်သက်၏အကြောင်းတရားသည်သင်္ခါရမည်၏၊ဝိညာဉ်၏ အကြောင်းလည်းဖြစ်, အသညသတ်ဘဝ၏ အကြောင်းလည်းဖြစ်သောတရားသည် ကမ္မဘဝမည်၏၊ ဤသို့စသည်ဖြင့် အဋ္ဌကထာတို့၌ ထူးဟန်ကိုပြဆိုသည်။

ကုသိုလ်,အကုသိုလ်ကံတို့ကြောင့် ဖြစ်ပေါ်လာရသော ဝိပါက်ခန္ဓာတို့ကို ဥပပတ္တိဘဝ-ဟုဆိုသည်၊ ထိုဥပပတ္တိဘဝသည် ကိုးပါးအပြားရှိ၏၊ ကိုးပါးဆိုသည်မှာ–ကာမဘဝ, ရူပဘဝ, အရူပ ဘဝအားဖြင့် သုံးပါး၊ သညီဘဝ, အသညီဘဝ, နေ၀သညီ နာသညီဘဝအားဖြင့် သုံးပါး၊ ဧကဝေါကာရဘဝ, စတုဝေါကာရဘဝ, ပဉ္စဝေါ ကာရဘဝ အားဖြင့် သုံးပါး၊ ဤဘဝကြီးကိုးပါးကိုဆိုသည်။

ထို ဥပပတ္တိဘဝ ကိုးပါးတို့တွင်–

ကာမတဏှာဆယ့်တဘုံ၌ရှိသော သတ္တဝါတို့၏ ခန္ဓာအတ္တဘောကို ကာမဘဝ-ဟု ခေါ်သည်။

ရူပတဏှာဆယ့်ခြောက်ဘုံ၌ရှိသောဗြဟ္မာတို့၏ ခန္ဓာအတ္တဘောကို ရူပဘဝ-ခေါ်သည်။

အရူပလေးဘုံ၌ရှိသောဗြဟ္မာတို့၏ ခန္ဓာအတ္တဘောကို အရူပဘဝ–ဟုခေါ်သည်။

စိတ်သညာရှိသော ကာမတဏှာဆယ့်တဘုံ, အသညသတ်ကြဉ်သော ရူပတဏှာဆယ့်ငါးဘုံ, နေ၀သညာနာသညာယတနကြဉ်သောအရူပသုံးဘုံ၊ဤနှစ်ဆယ့်ကိုးဘုံတို့၌ ဖြစ်သောပုဂ္ဂိုလ်တို့၏ ခန္ဓာအတ္တဘောကို သညီဘဝ-ဟုခေါ်သည်။

ရုပ်ခန္ဓာရှိ၍ စိတ်သညာမရှိသော အသညသတ်ဗြဟ္မာတို့၏ ခန္ဓာအတ္တဘောကို အသညီဘဝ-ဟုခေါ်သည်။

ရုန်ရင်းသောစိတ်သညာမရှိ၍ သိမ်မွေ့သော စိတ်သညာကား မရှိသည် မဟုတ်သော နေ၀သညာနာသညယတနဗြဟ္မာတို့၏ ခန္ဓာအတ္တဘောကို နေ၀သညီနာသညီဘဝ-ဟုခေါ်သည်။

ရုပ်ခန္ဓာတပါးသာရှိသော အသညသတ်ဗြဟ္မာတို့၏ ခန္ဓာအတ္တဘောကို ဧကဝေါကာရဘဝ-ခေါ်သည်။

နာမ်ခန္ဓာလေးပါးသာရှိသော အရူပဗြဟ္မာတို့၏ ခန္ဓာအတ္တဘောကို စတုဝေါကာရဘဝ-ဟုခေါ်သည်။

ခန္ဓာ ငါးပါးလုံးရှိသော ကာမ တဆယ့်တဘုံ,အသညသတ် ကြဉ်သော ရူပတဆယ့်ငါးဘုံတို့၌ဖြစ်သော ပုဂ္ဂိုလ်တို့၏ ခန္ဓာ အတ္တဘောကို ပဠွေဝါကာရဘဝ-ဟုခေါ်သည်။

ကမ္မဘဝ,ဥပပတ္တိဘဝ-ဟု ဆိုအပ်သော ဤဘဝနှစ်ပါးသည် ပြင်းထန်စွာ စွဲလမ်းငြိတွယ်တတ်သော ဥပါဒါန်တရားကြောင့် ဖြစ်ပွါးရလေသည်၊ ထို့ကြောင့် ဥပါဒါန်ကြောင့် ဘဝဖြစ်သည်-ဟု ဆိုရသည်။

၄၁။ ဘဝပစ္စယာ ဇာတိ-အဓိပ္ပါယ်

ဘဝပစ္စယာ ဇာတိ-ဟူသောစကား၌ ဘဝ-အရ ဇာတိတရားကိုဖြစ်စေနိုင်သောတရားကိုသာယူရသည်ဖြစ်၍ ကမ္မဘဝကိုသာ ယူအပ်လေသည်၊ ဥပပတ္တိဘဝကိုမယူအပ်၊ ကမ္မဘဝကြောင့်ဖြစ်သော ဇာတိတရားဆိုသည်မှာ နောက်ဘဝတို့၌ သတ္တဝါတို့၏ ခန္ဓာအသစ်ဖြစ်ပေါ်မှုကိုဆိုသည်,ဝိညာဉ်မှစ၍ ဘဝတိုင်အောင် အလယ်အဂ်ါရှစ်ပါးနှင့်ပြည့်စုံသော ပစ္စုပ္ပန်ဘဝတခုလုံးကို ဤ၌ ဇာတိ-ဟူ၍ ဆိုရသည်ဟုမှတ်၊ ထိုဇာတိသည် ဖြစ်ပုံယောနိ အပြားအားဖြင့် အဏ္ဍဇ,ဇလာဗုဇ, သံသေဒဇ,သြပပါတိက-ဟူ၍ လေးမျိုးရှိ၏၊ထိုလေးပါးတို့၏အဓိပ္ပါယ်ကို အောက်၌ ပြဆိုခဲ့လေပြီ။

ဤဇာတိတရားသည် ကုသိုလ်ကံ,အကုသိုလ်ကံတည်းဟူသော ကမ္မဘဝကြောင့်ဖြစ်ရသည်၊ ထို့ကြောင့် ဘဝကြောင့်ဇာတိဖြစ်သည်-ဟုဆိုရလေသည်။

၄၂။ ဇာတိပစ္စယာ ဇရာမရဏစသည်-အဓိပ္ပါယ်

ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခဒေါမနဿုပ-ယာသာ သမ္ဘဝန္တိ-ဟူသောစကား၌ ဇာတိကြောင့် ဖြစ်ပေါ်လာရသော ဇရာမရဏစသည်တို့တွင် ဇရာ-ဆိုသည်မှာ ဖြစ်ဖြစ်သမျှသောခန္ဓာတို့၏ဆွေးမြေ အိုမင်းမှုကိုဆိုသည်၊ ထိုဇရာသည် ပါကဋဇရာ, ပဋိစ္ဆန္နဇရာ-ဟူ၍ နှစ်မျိုးရှိ၏၊သွားကျိုးခြင်း,ဆံဖြူခြင်း,အရေတွန့်ခြင်း စသည်တို့ကိုမြင်၍သိအပ်သောကြောင့် ရူပတရားတို့၏ ဇရာကို ပါကဋဇရာ-ဟုခေါ်သည်၊နာမ်တရားတို့၏ ဇရာကိုကား ထိုသို့ဘောက်ပြန်ခြင်းကို မမြင်အပ်သောကြောင့် ပဋိစ္ဆန္နဇရာ-ဟု ခေါ်သည်၊ ဤပဋိစ္စသမုပ္ပါဒ

ပါဠိတော်၌ကား ပါကဋေဇရာသည်သာလျှင် ဟောတော်မူလိုရင်းဇရာ ဖြစ်၏၊မရဏ-ဆိုသည်မှာ ခန္ဓာတို့၏ချုပ်ဆုံးကွယ်ပျောက်မှုကိုဆိုသည်၊ ပစ္စုပ္ပန်ဖြစ်သော ဘဝတမု၏ချုပ်ဆုံးသေပျောက်မှုကို ဤ၌ မရဏ-ဟူ၍ဆိုသည်ဟုမှတ်အပ်၏။

ထို မရဏ-သည် အာယုက္ခယမရဏ,ကမ္မက္ခယမရဏ, ဥဘယက္ခယမရဏ,ဥပစ္ဆေဒက မရဏ-ဟူ၍ လေးမျိုးရှိ၏၊ အသက်တမ်းကုန်၍ သေခြင်းကိုအာယုက္ခယမရဏ၊ကံကုန်၍ သေခြင်းကိုကမ္မက္ခယမရဏ၊ အသက်တမ်းနှင့်ကံကုန် နှစ်ပါးဆုံး၍ သေခြင်းကို ဥဘယက္ခယမရဏ၊ ဥပစ္ဆေဒကကံဟောင်းသတ်၍သေခြင်းကို ဥပစ္ဆေဒကမရဏ-ဟူ၍မှတ်အပ်၏။

ပြဆိုခဲ့ပြီးသော ဇာတိ,ဇရာ,မရဏ-တရားသုံးပါးတို့သည် သတ္တဝါတို့၏ ထက်စွာသောသန်လျက်ကိုကိုင်စွဲ၍ အမြဲလိုက်နေသော ရန်သူသုံးယောက်နှင့် တူကုန်၏၊ အဘယ်သို့တူသနည်း ဟူမူကား-တယောက်သူအား သုံးယောက်သောရန်သူတို့သည် နှိပ်စက်ရန်အခွင့်ကို ရှာလျက် အမြဲလိုက်နေကြကုန်ရာ၏၊ ထိုသုံးယောက်တို့တွင် တယောက်သောရန်သူက ဤသူကိုရှာမှထုတ်ယူ၍တောအုပ်သို့ သွင်းပေးခြင်းကို ငါ၏တာဝန် ထားတော့-ဟု ဆို၏၊ တယောက်သော ရန်သူက တောအုပ်သို့ရောက်သောကာလ ပုတ်ခတ်၍ အားကုန်ပြုလျက် မြေ၌လဲစေခြင်းကို ငါ၏ တာဝန်ထားတော့-ဟု ဆို၏၊ တယောက်သော ရန်သူက အားနည်း၍ လဲနေသောကာလ ထက်စွာသောသန်လျက်ဖြင့် ဦးခေါင်းကိုဖြတ်ခြင်းကို ငါ၏တာဝန် ထားတော့-ဟု ဆို၏၊ ဤဥပမာ၌ ထိုထို ဘဝတို့သို့ ဖြစ်စေတတ်,ရောက်စေတတ်သောကြောင့် ဇာတိကို ပဌမရန်သူနှင့်တူ၏-ဟုမှတ်၊ ဖြစ်ပြီးသောခန္ဓာတို့၏အားနည်းသည်၏အဖြစ်, သူတပါးနှင့်စပ်သည်၏အဖြစ်,သေရာညောင်စောင်းလျှင် လည်းလျောင်းရာရှိသည်၏အဖြစ်ကို ပြုတတ်သည်၏ အဖြစ်ကြောင့် ဇရာကို ဒုတိယရန်သူနှင့် တူ၏-ဟုမှတ်၊ အိုမင်းရင့်ရော် အားနည်းခြင်းသို့ ရောက်ကုန်ပြီးသော ခန္ဓာတို့၏ ဇီဝိတိန္ဒြေ ကင်းကြွေပြတ်တောက်ခြင်းသို့ ရောက်စေတတ်သည်၏ အဖြစ်ကြောင့် မရဏကို တတိယ ရန်သူနှင့်တူ၏-ဟုမှတ်၊ ဤဥပမာကို အဌသာလိနီ အဋ္ဌကထာစသည်တို့၌ မိန့်ဆို

၏၊ အကယ်၍ ဤဇာတိ, ဇရာ, မရဏတရား သုံးပါးသည် လောကဌ ထင်ရှားမရှိခဲ့လျှင် သတ္တဝါတို့ကို ကယ်တင်ရန်ကိစ္စမရှိ၍မြတ်စွာဘုရား သည်လည်းမပွင့်ရာ၊ သုတ်, အဘိဓမ္မာ, ဝိနည်း-ဟု ဆိုအပ်သော သာသနာတော်မြတ်ကြီးသည်လည်း မထွန်းပရာ၊အကြင့်ကြောင့် ဤတရား သုံးပါးတို့သည် လောကဌ အမြဲထင်ရှားရှိနေကုန်၏၊ ထို့ကြောင့်သာ လျှင် မြတ်စွာဘုရားသည်လည်း ပွင့်တော်မူ၏၊ သာသနာတော်မြတ် ကြီးသည်လည်း ထင်ရှားထွန်းပေါ်လေ၏။

> တယော ဣမေ ဘိက္ခဝေ ဓမ္မာ လောကေ နိ သံဝိဇ္ဇေယ္ယုံ၊ နတ္ထာဂတော လောကေ ဥပ္ပဇ္ဇေယ္ယ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ နိ တထာဂတပ္ပဝေဒိတော ဓမ္မဝိနယော လောကေ ဒိဋ္ဌေယ္ယ၊ ကတမေ တယော၊ ဇာတိ စ ဇရာ စ မရဏဉ္စ၊ ဣမေ ခေါ ဘိက္ခဝေ တယော ဓမ္မာ လောကေ နိ သံဝိဇ္ဇေယ္ယုံ၊နိ တထာ-ဂတော လောကေ ဥပ္ပဇ္ဇေယ္ယ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊နိ တ-ထာဂတပ္ပဝေဒိတော ဓမ္မဝိနယော လောကေ ဒိဋ္ဌေယ္ယ၊ယသ္မာ စ ခေါ ဘိက္ခဝေ ဣမေ တယော ဓမ္မာ လောကေ သံဝိဇ္ဇန္တိ၊ တသ္မာ တထာဂတော လောကေ ဥပ္ပဇ္ဇတိ အရဟံ သမ္မာ-သမ္ဗုဒ္ဓေါ၊ တသ္မာ တထာဂတပ္ပဝေဒိတော ဓမ္မဝိနယော လောကေ ဒိဋ္ဌတိ။ ။[အဂ်ုတ္တိရ်ပါဠိတော် ဒသက နိပါတ်။]

ဘိက္ခဝေ၊ ရဟန်းတို့။ တယော၊ သုံးပါးကုန်သော။ ဣမေဓမ္မာ၊ ဤ တရားတို့သည်။ လောကေ၊ သတ္တဝါလောကကြီး၌။ နသံဝိဇ္ဇေယ္ယုံ၊ ထင် ရှားမရှိကုန်ငြားအုံ့။ အရဟံ၊ ပူဇော်အထူးကိုခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေါ၊ မဘောက်မပြန် အလုံးစုံသောတရားကို ကိုယ်တော် တိုင် သိမြင်တော်မူသော။ တထာဂတော၊ မြတ်စွာဘုရားသည်။ လော-ကေ၊သတ္တဝါလောကကြီး၌။ နဥပ္ပဇ္ဇေယ္ယ၊ပွင့်တော်မမူရာ။ တထာဂတပ္ပ-ဝေဒိတော၊ မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော။ ဓမ္မဝိ-နယော၊ သုတ်, အဘိဓမ္မာ,ဝိနည်း-ဟု ဆိုအပ်သော တရားတော်သည်။ လောကေ၊ လောကဌ။နဒိဋ္ဌေယ္ယ၊မထွန်းပလေရာ။ကတမေ တယော၊ အဘယ်သုံးပါးသောတရားတို့နည်း-ဟူမူကား။ ဇာတိစ၊ ဇာတိတရား ၎င်း။ဇရာစ၊ဇရာတရား၎င်း။မရဏဉ္စ၊မရဏတရား၎င်းတည်း။ဘိက္ခဝေ၊

ရဟန်းတို့။ တယော၊ သုံးပါးကုန်သော။ဣမေဓမ္မာ၊ ဤတရားတို့သည်။ လောကေ၊ လောကဋ္ဌ။ နသံဝိဇ္ဇေယျုံ၊မရှိကုန်ငြားအုံ့။ အရဟံ၊ ပူဇော် အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေါ၊ မဘောက်မပြန် အ လုံးစုံသောတရားကို ကိုယ်တော်တိုင်သိမြင်တော်မူသော။ တထာဂ-တော၊ မြတ်စွာဘုရားသည်။ လောကေ၊ လောကဋ္ဌ။ ဥပ္ပဇ္ဇေယျ။ မပွင့်ရာ။ ။တထာဂတပ္ပဝေဒိတော၊ မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော။ ဓမ္မဝိနယော၊ သုတ်, အဘိဓမ္မာ, ဝိနည်း-ဟု ဆိုအပ်သော တရားတော်သည်။ လောကေ၊ လောကဋ္ဌ။ နဒိဇ္ဇေယျ။ မထွန်းပလေရာ။ ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မာစခေါ၊ အကြင့်ကြောင့်လျှင်။ တယော၊ သုံးပါးကုန်သော။ ဣမေဓမ္မာ၊ ဤတရားတို့သည်။ လောကေ၊ လောကဋ္ဌ။ သံဝိဇ္ဇန္တိ၊ ထင်ရှားရှိကုန်၏။ တသ္မာ၊ထို့ကြောင့်။ အရဟံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေါ၊ မဘောက်မ ပြန် အလုံးစုံသောတရားကို ကိုယ်တော်တိုင် သိမြင်တော်မူသော။ တထာဂတော၊ မြတ်စွာဘုရားသည်။ လောကေ၊ လောကဋ္ဌ။ ဥပ္ပဇ္ဇတိ၊ ပွင့်တော်မူ၏။ တသ္မာ၊ ထို့ကြောင့်။ တထာဂတပ္ပဝေဒိတော၊ မြတ်စွာ ဘုရားသည် ဟောကြားတော်မူအပ်သော။ ဓမ္မဝိနယော၊ သုတ်,အဘိ ဓမ္မာ, ဝိနည်း-ဟု ဆိုအပ်သော တရားတော်သည်။ လောကေ၊ လော ကဋ္ဌ။ ဒိဇ္ဇတိ၊ ထွန်းပလေ၏။

ဤဌ သောက-စသည်တို့ကိုကား ဇာတိ၏ မုချအကျိုးရင်းမျှား မ ဟုတ်ကြ၍ ပဋိစ္စသမုပ္ပါဒ်အင်္ဂါတို့သို့ မသွင်းအပ်ကုန်၊ ဝဋ်ဆင်းရဲ၏ အကျိုးဆက် အာနိသံ သဖလကို ပြတော်မူခြင်းငှါ ဟောတော်မူအပ် ကုန်၏။

သောက-ဆိုသည်မှာ။ ။ဗျသနတရား ငါးပါးတို့တွင် တပါးပါး ကြောင့်ဖြစ်သော စိုးရိမ်ပူဆွေးမှု-ဟူသော ဒေါမနဿ ဝေဒနာကို ဆို သည်၊ဗျသန တရားငါးပါးဆိုသည်မှာ- ဉာတိဗျသန, ဘောဂဗျသန, ရောဂဗျသန, သီလဗျသန, ဒိဋ္ဌိဗျသန-ဤငါးပါးကို ဆိုသည်၊ ဉာတိ ဗျသန ဆိုသည်မှာ–ခိုးသူဘေး, အနာရောဂါဘေး စသည်တို့ကြောင့် ဆွေးမျိုးတို့၏ သေကြေပျက်စီးခြင်းကိုဆိုသည်၊ ဘောဂဗျသန-ဆိုသည် မှာ–မင်းဘေး, ခိုးသူဘေးစသည်တို့ကြောင့် စည်းစိမ်ဥစ္စာတို့၏ပျက်စီး

ခြင်းကိုဆိုသည်၊ ရောဂဗျသန ဆိုသည်မှာ–အနာရောဂါ ဘိစီးနှိပ်စက်၍ ပျက်စီးခြင်းကို ဆိုသည်၊ သီလဗျသန ဆိုသည်မှာ–စောင့်ရှောက်ထိန်းသိမ်းအပ်သော သီလသိက္ခာ၏ ပျက်စီးခြင်းကိုဆိုသည်၊ ဒိဋ္ဌိဗျသန ဆိုသည်မှာ–ဖြောင့်မှန်စွာယူအပ်သော သမ္မာဒိဋ္ဌိအယူ၏ ပျက်စီးခြင်းကို ဆိုသည်၊ ၍ ဒေါမနဿဝေဒနာ-ဟူသော သောကသည် ဖြစ်ပေါ်လာသောအခါ စိတ်ကို ပူလောင်စေတတ်သည်။

သောကော ဥပ္ပဇ္ဇမာနော အဂ္ဂိဝိယ စိတ္တံ ဗျာပေတိ။ ။
[သမ္မောဟဝိနောဒနီအဋ္ဌကထာ။]

သောကော၊ ဒေါမနဿဝေဒနာ–ဟူသော သောကသည်။ ဥပ္ပဇ္ဇ-မာနော၊ ဖြစ်သည်ရှိသော်။ အဂ္ဂိဝိယ၊ မီးကဲ့သို့။ စိတ္တံ၊ စိတ်ကို။ ဗျာ-ပေတိ၊ပူလောင်စေ၏။ ။စိတ်,စေတသိက်ဖြစ်ကုန်သော နာမ်တရားတို့အား ရောက်ရှိသည့် ဒုက္ခသည် နိဿယပစ္စည်း ဖြစ်၍ မကင်းကောင်းသော ရူပ်တရားတို့အားလည်း ထိုက်သည့်အားလျော်စွာ ကူးဆက်တတ်လေသည်။

သောကုပ္ပါဒနေနေဝ သရီရံ သောသေန္တိ ကိသံ ကရောန္တိ အကိသမ္ပိ နိရောဇတာဂရဏေန မိလာပေန္တိ။ ။[မူလဋီကာ။]

သောကုပ္ပါဒနေနေဝ၊ စိုးရိမ်ခြင်းသောက ဖြစ်သဖြင့် သာလျှင်။ သရီရံ၊ ကိုယ်ခန္ဓာကို။ သောသေန္တိ၊ ခြောက်သွေ့စေကုန်၏။ ကိသံ၊ ကျုံ့လိုပိန်ချုံးသည်ကို။ကရောန္တိ၊ ပြုတတ်ကုန်၏။ အကိသမ္ပိ၊ မကျုံ့လို မပိန်ချုံးလျှင်လည်း။ နိရောဇတာဂရဏေန၊ ဓာတ်ဆီဩဇာ ကိုယ်မှာ မပြန့်နှံ့သည်ကို ပြုသဖြင့်။ မိလာပေန္တိ၊ ညှိုးနွမ်းစေကုန်၏။

ပရိဒေဝ-ဆိုသည်မှာ။ ။ငိုကြွေးမြည်တမ်းခြင်းကိုဆိုသည်၊အားကြီးသော သောက၏ နှိပ်စက်မှုကို ခံရသောသူသည် အောင့်အည်းသည်းခံ၍ နေခွင့်မရဘဲ ငိုကြွေးမြည်တမ်းရလေ၏! ထိုငိုကြွေးမြည်တမ်းသော အခြင်းအရာအားဖြင့် ဖြစ်ပေါ်သော ဒေါသမူ စိတ်ကြောင့် ဖြစ်သော အနိဋ္ဌာရုံစိတ္တဇသဒ္ဒရူပ်ကို ၍ဋ္ဌပရိဒေဝ ဆိုသည်-ဟုမှတ်။

ဒုက္ခ-ဆိုသည်မှာ။ ။ကိုယ်ဒုက္ခဖြစ်သော မသာယာခြင်း,ကိုယ်ဒုက္ခ ဖြစ်သော ဆင်းရဲခြင်း-ဟူသော ကာယိကဒုက္ခဝေဒနာကို ဆိုသည်။

ဒေါမနဿ-ဆိုသည်မှာ။ ။စိတ်၌ဖြစ်သော မသာယာခြင်း,စိတ်၌ဖြစ်သော ဆင်းရဲခြင်း-ဟူသော စေတသိကဒုက္ခဝေဒနာကို ဆိုသည်။

ဥပါယာသ-ဆိုသည်မှာ။ ။ပြင်းထန်စွာ ပင်ပန်းခြင်းကို ဆိုသည်၊ စိုးရိမ်ဝိုင်းကြေးမြည်တမ်းရုံမျှမက နစ်၍ သွားခြင်း,မျောမ၍ သွားခြင်း, သေယင်သေ၍ သွားခြင်း, သက်ကြီးငင်ရှိက် လိုက်လိုက်လဲလဲ ဆင်းရဲပင်ပန်းရခြင်းကို ဤ၌ဥပါယာသ-ဆိုသည်ဟုမှတ်၊ တရားကိုယ်အားဖြင့် ဒေါသစေတသိက်ပင်တည်း၊ အချို့ဆရာတို့က သခ်ါရက္ခန္ဓာ၌ အတွင်းဝင်သော စေတသိက်တမျိုး-ဟုအယူရှိကြောင်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ဆိုသည်။

ဤပါယာသ-ဆိုသည်မှာ ဝိသုဒ္ဓိမဂ်မဟာဋီကာ၌-ကော ဓမ္မောတိစုဒ္ဒသ ဟိ အကုသလစေတသိကေဟိ အညော ကော စေတသိကဓမ္မော ယံ ဝိသာဒေါ တိ စ ဝဒန္တိ–ဟူ၍ အကုသိုလ်စေတသိက် တဆယ့်လေးခုမှ တပါးဖြစ်သော စေတသိက် တရားတခုသည် ဥပါယာသမည်၏၊ ထိုစေတသိက်ကို ''ဝိသာဒစေတသိက်''ဟု ခေါ်ကြောင်းကို ဖွင့်ဆို၏၊ သောကကြီးလျှင် ပရိဒေဝ, ပရိဒေဝကြီးလျှင် ဥပါယာသ ဖြစ်၏။

ထိုသောက,ပရိဒေဝ,ဥပါယာသ သုံးပါးတို့၏ အထူးကား–

အနည်းငယ်သော မီးကြောင့် ဒယ်အိုးထဲ၌သာလျှင် ဆီစသည်တို့၏ ကျက်နေခြင်းနှင့် သောက၏ စိုးရိမ်ပုံတူ၏၊ ပြင်းသော မီးကြောင့် ကျက်ရသော ဆီ၏ ပြင်သို့ဝေလျှံ၍ ထွက်ခြင်းနှင့် ပရိဒေဝ၏ ငိုကြွေးမြည်တမ်းပုံတူ၏၊ ကျန်ရစ်သော ဆီပူ၏ပြင်သို့မထွက်လောက်သည်ဖြစ်၍ ဒယ်အိုးထဲ၌သာလျှင် ကုန်အောင်, ခန်းအောင်ကျက်နေရခြင်းနှင့် ဥပါယာသ၏ ပြင်းထန်စွာ ပင်ပန်းရပုံတူ၏။ ။ဤသို့ထူးဟန်ကို သမ္မော, ဝိသုဒ္ဓိမဂ် အဋ္ဌကထာစသည်တို့၌ ပြဆိုသည်။

ဇာတိရှိသော သတ္တဝါတို့၌သာ ဇရာ, မရဏ သဘောတရားဖြစ်ပေါ်နိုင်လေသည်၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့သည်လည်း ဇာတိရှိသောသူ၌သာ ဖြစ်ပေါ်ခွင့်ကို ရရှိနိုင်ကြ

ကုန်၏။ ။ထို့ကြောင့် ဇာတိကြောင့် ဇရာ,မရဏာ,သောက,ပရိဒေဝ, ဒုက္ခ,ဒေါမနဿ, ဥပါယာသတို့သည် ဖြစ်ပေါ်ကြကုန်၏-ဟု ဆိုရလေသည်။

ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ- ဟူသောစကားဖြင့် သတ္တလောကကြီးဆိုသည်မှာ အဝိဇ္ဇာအစ, ဥပါယာသအဆုံးရှိသော ပဋိစ္စသမုပ္ပါဒ်စက်ကြီးပင် ဖြစ်လေသည်၊ ဤပဋိစ္စသမုပ္ပါဒ်စက်ကြီးဌာလည်း သတ္တဝါ,အကောင်,အတ္တဟူ၍ ဆိုစရာမရှိ၊အကြောင်း,အကျိုးဆက်လက် ဖြစ်,ပျက်ခြင်းမျှ အနတ္တဖြစ်သော ဆင်းရဲတုံး ဆင်းရဲဒုက္ခအစုကြီးသာ ဖြစ်ကြောင်းကို ပြတော်မူလေသည်။

၄၃–ပဋိစ္စသမုပ္ပါဒ်၌ ကာလအင်္ဂါစသည်

> တတ္ထ တယော အဒ္ဓါ ဒ္ဝါဒသင်္ဂါနိ ဝီသတာကာရာ တိသန္ဓိ စတုသင်္ခေပါ တီဏိ ဝဋ္ဋာနိ ဒ္ဝေမူလာနိစ ဝေဒိတဗ္ဗာနိ။ ။ [အဘိဓမ္မတ္ထသင်္ဂဟပါဠိ။]

တတ္ထ၊ ထိုပဋိစ္စသမုပ္ပါဒ်၌။ တယော၊ သုံးပါးကုန်သော။ အဒ္ဓါစ၊ ကာလအင်္ဂန့်တို့ကိုလည်း။ ဒ္ဝါဒသ၊ တဆယ့်နှစ်ပါးကုန်သော။အင်္ဂါနိစ၊ အင်္ဂါတို့ကိုလည်း။ ဝီသတိ၊ နှစ်ဆယ်ကုန်သော။ အာကာရာစ၊ အခြင်းအရာတို့ကိုလည်း။ တိသန္ဓိစ၊ သုံးပါးသောအစပ်တို့ကိုလည်း။ စတုသင်္ခေပါစ၊ လေးပါးသော အလ္လာတို့ကိုလည်း။ တီဏိ၊ သုံးပါးကုန်သော ဝဋ္ဋာနိစ၊ဝဋ်တို့ကိုလည်း။ ဒ္ဝေ၊ နှစ်ပါးကုန်သော။မူလာနိစ၊မူလတို့ကိုလည်း။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။

ထိုစကား၌ ကာလသုံးပါးဆိုသည်မှာ–အတိတ်ကာလ, အနာဂတ်ကာလ, ပစ္စုပ္ပန်ကာလ- ၎င်သုံးပါးကိုဆိုသည်၊ ထိုသုံးပါးတို့တွင် အတိတ်ကာလဆိုသည်မှာ–အဝိဇ္ဇာ, သင်္ခါရနှစ်ပါးကိုဆိုသည်၊ [အတိတ်ဘဝ၌ဖြစ်သောတရား-ဟုဆိုလိုသည်။]။ ။အနာဂတ်ကာလဆိုသည်မှာ-ဇာတိ,ဇရာ,မရဏာနှစ်ပါးကို ဆိုသည်၊[အနာဂတ်ဘဝ၌ ဖြစ်သောတရားဟု ဆိုလိုသည်။]။ ။ပစ္စုပ္ပန်ကာလဆိုသည်မှာ–ဝိညာဉ်,နာမ်ရုပ်,

သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ-ဤအလယ် အင်္ဂါရှစ်ပါးကိုဆိုသည်၊ [ပစ္စုပ္ပန်ဘဝခန္ဓာဖြစ်ပေါ်၍နေသော တရား ဟုဆိုလိုသည်။]

အင်္ဂါတဆယ့်နှစ်ပါးဆိုသည်မှာ–အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်,နာမ်ရูပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ,ဇာတိ, ဇရာမရဏ- ဤတဆယ့်နှစ်ပါးကိုဆိုသည်။

အခြင်းအရာ နှစ်ဆယ်ဆိုသည်မှာ–အတိတ်အကြောင်း ငါးပါး, ပစ္စုပ္ပန်အကျိုးငါးပါး, ပစ္စုပ္ပန်အကြောင်းငါးပါး, အနာဂတ်အကျိုး ငါးပါး-ဤနှစ်ဆယ်ကိုဆိုသည်။

အတီတေ ဟေတေ ပဋ္ဌ၊
ဣဒါနိ ဖလပဋ္ဌကံ။
ဣဒါနိ ဟေတတေ ပဋ္ဌ၊
အာယတိံ ဖလပဋ္ဌကံ။
[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စသည်။]

အတီတေ၊အတိတ်ဘဝ၌။ပဋ္ဌဟေတတေ၊အကြောင်းငါးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣဒါနိ၊ ယခုပစ္စုပ္ပန်ဘဝ၌။ ဖလပဋ္ဌကံ၊ အကျိုး ငါးပါးအပေါင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣဒါနိ၊ ယခု ပစ္စုပ္ပန်ဘဝ၌။ ပဋ္ဌဟေတတေ၊ အကြောင်းငါးပါးတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။အာ-ယတိံ၊ နောင် အနာဂတ်ကာလ၌။ ဖလပဋ္ဌကံ၊ အကျိုးငါးပါးအ ပေါင်းသည်။ ဟောတိ၊ဖြစ်၏။

အတိတ်အကြောင်း ငါးပါးဆိုသည်မှာ–အဝိဇ္ဇာ,သင်္ခါရ,တဏှာ, ဥပါဒါန်, ဘဝ-ဤငါးပါးကိုဆိုသည်၊ ပဋိစ္စသမုပ္ပါဒ်ပါဠိတော် ကာလ သုံးပါးကို ပြရာ၌ အဝိဇ္ဇာ, သင်္ခါရနှစ်ပါးကိုသာ အတိတ်အကြောင်း အဖြစ်ဖြင့် တိုက်ရိုက်ပြတော်မူသော်လည်း အဝိဇ္ဇာကိုယူသဖြင့် ထိုအဝိဇ္ဇာနှင့် ကိလေသာ၏အဖြစ်ဖြင့်တူသော မကင်းကောင်းသော တဏှာ, ဥပါဒါန်နှစ်ပါးကိုလည်း၊ သင်္ခါရကိုယူသဖြင့် ထိုသင်္ခါရနှင့် ကံ၏အဖြစ်ဖြင့်တူသော မကင်းကောင်းသောဘဝကိုလည်း ထည့်သွင်း၍ ရေတွက်သောကြောင့် ဤ၌အတိတ် အကြောင်းငါးပါး ဖြစ်သည်၊

ပဋိသန္ဓေဒါမဂ်ပါဠိတော်၌ကား - ဤငါးပါးကို တိုက်ရိုက်ပြတော်မူသည်။

ပစ္စုပ္ပန်အကျိုးငါးပါးဆိုသည်မှာ-ဝိညာဉ်, နာမ်-ရူပ်, သဠာယတန,ဖဿ,ဝေဒနာ ဤငါးပါးကိုဆိုသည်၊ ဤပစ္စုပ္ပန်အကျိုးငါးပါးမှာ ပဋိစ္စသမုပ္ပါဒ်ပါဠိတော်၌တိုက်ရိုက်လာရှိ၏။

ပစ္စုပ္ပန်အကြောင်းငါးပါးဆိုသည်မှာ- တဏှာ, ဥပါဒါန်, ဘဝ, အဝိဇ္ဇာ, သင်္ခါရ-ဤငါးပါးကိုဆိုသည်၊ အတိတ်အကြောင်းငါးပါးကို ပြဆိုရာ၌ကဲ့သို့ တဏှာ,ဥပါဒါန်,ကမ္မဘဝတို့နှင့် မကင်းကောင်းသော အဝိဇ္ဇာ,သင်္ခါရတို့ကို ထည့်သွင်း၍ရေတွက်လျှင် အနာဂတ်အကျိုးကို ဖြစ်ပေါ်စေရန် ဤပစ္စုပ္ပန်အကြောင်းငါးပါးဖြစ်၏။

အနာဂတ်အကျိုးငါးပါးဆိုသည်မှာ-ဝိညာဉ်,နာမ်-ရူပ်, သဠာယတန,ဖဿ,ဝေဒနာ-ဤငါးပါးကိုဆိုသည်၊ ဤအနာဂတ်အကျိုးငါးပါးကိုပြရာ ပဋိစ္စသမုပ္ပါဒ်ပါဠိတော်၌ ဇာတိ,ဇရာမရဏတို့ကိုသာ တိုက်ရိုက် ဟောတော်မူသော်လည်း ဇာတိ- သဒ္ဒါတခုတည်းဖြင့်ပင်လျှင် သိမ်းချုံး၍ ဝိညာဉ်စသောအကျိုးငါးပါးတို့ကို ဟောတော်မူသည်-ဟူ၍ မှတ်ရမည်။

အာယတိ ဖလပဋ္ဌကဿ ဝိညာဏာဒိနိ ပဋ္ဌ၊ တာနိ ဇာတိဂ္ဂဟနေန ဝုတ္တာနိ ဇရာမရဏံ ပန တေသံယေဝ ဇရာမရဏံ။ ။[သမ္မောဟဝိနောဒနီ အဋ္ဌကထာ။]

အာယတိ ဖလပဋ္ဌကဿ၊ အာယတိ ဖလပဋ္ဌကံ- ဟူသည်ကား။ ဝိညာဏာဒိနိ၊ ဝိညာဉ်အစရှိကုန်သော။ ပဋ္ဌ၊ ငါးပါးကုန်သော အကျိုးတို့တည်း။တာနိ၊ ထိုငါးပါးသောအကျိုးတို့ကို။ ဇာတိဂ္ဂဟဏေ-နေ၊ဇာတိ-သဒ္ဒါဖြင့်။ ဝုတ္တာနိ၊ သိမ်းချုံး၍ဟောအပ်ကုန်၏။ဇရာမရဏံ-ပန၊ ဇရာမရဏသည်ကား။ တေသံယေဝ၊ ထိုဝိညာဉ်အစရှိကုန်သော ငါးပါးကုန်သောအကျိုးတို့၏သာလျှင်။ ဇရာမရဏံ၊ ရင့်ခြင်း,ပျက်ခြင်းတည်း။

ဤပြဆိုခဲ့ပြီးသော အခြင်းအရာနှစ်ဆယ်ကို ကာလသုံးပါးနှင့်ပိုင်းခြားရေတွက်သည်ရှိသော် အတိတ်အကြောင်းငါးပါးသည် အတိတ်

ကာလမည်၏၊ ပစ္စုပ္ပန်အကျိုးငါးပါးနှင့် ပစ္စုပ္ပန်အကြောင်းငါးပါးတို့သည် ပစ္စုပ္ပန်ကာလ မည်ကုန်၏၊ အနာဂတ်အကျိုးငါးပါးသည် အနာဂတ်ကာလမည်၏။

အတိတ်အကြောင်းငါးပါးနှင့် ပစ္စပ္ပုန်အကျိုးငါးပါးကို ပြတော်မူသဖြင့် ယခုပစ္စပ္ပုန်ဘဝခန္ဓာကို တစုံတယောက်သောသူ ဘန်ဆင်း၍ ဖြစ်သည်မဟုတ်၊ အကြောင်းမရှိဘဲဖြစ်သည်လည်းမဟုတ်၊ စင်စစ်အားဖြင့် အတိတ်အကြောင်းငါးပါးကြောင့် ပစ္စုပ္ပန်အကျိုးငါးပါးဖြစ်သော ဤဘဝခန္ဓာဖြစ်ပေါ်၍နေကြောင်းကို သိစေတော်မူသည်။

ဤပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာတော်သည် အနမတဂ္ဂသံသရာ၌ကျင်လည်၍နေကြကုန်သောသတ္တဝါတို့၏ တခု,တခုသော ဘဝ၏ ဖြစ်,ပျက်၍လာခဲ့ပုံကိုနမူနာစံထုတ်၍ ဟောပြတော်မူသော ဒေသနာတော်တည်း၊ အနမတဂ္ဂ အတိတ်သံသရာ၌ ဘဝခန္ဓာ,ဖြစ်ပျက်၍လာခဲ့ပုံကို ဤနည်းကိုမှီ၍ အကျယ်ဝေဘန်၍သိရမည်။

အကျယ်ဝေဘန်၍ သိရပုံမှာ-အကျိုးငါးပါးနှင့်ပြည့်စုံသော ယခုဘဝခန္ဓာကို ရှေးဘဝခန္ဓာ၌ ရှိနှင့်ခဲ့သော အကြောင်းငါးပါးကြောင့်ဖြစ်ပေါ်ရသည်၊ ရှေးဘဝခန္ဓာကိုလည်း ထိုမှ ရှေးဘဝ ခန္ဓာ၌ ရှိနှင့်ခဲ့သော အကြောင်းငါးပါးကြောင့်ဖြစ်ပေါ်ရသည်၊ ဤသို့စသည်ဖြင့် အနမတဂ္ဂ အတိတ်သံသရာသွားပုံကိုမြင်၍ တယောက်, တယောက်သော သတ္တဝါ၏သံသရာအစမရှိကြောင်းကို သိလေ။

အကြောင်း ငါးပါးသည်လည်း အကျိုးငါးပါးနှင့် ပြည့်စုံသော ဘဝခန္ဓာမှတပါး တခြားဗဟိဒ္ဓသန္တာန်၌ရှိသည်မဟုတ်၍ အစဆုံးဖြစ်သောအကြောင်းငါးပါး ဘယ်မှာဖြစ်သနည်း-ဟု ယုံမှားဖြစ်စရာမရှိကြောင်းကိုရိပ်မိရမည်။

ကတမာ ပုဗ္ဗကောဋိ တိ ကေနစိ ကတံ ပုစ္ဆနံ အဝိသဇ္ဇနိ-ယံ၊ကဿ သံသာရဿ ပုရိမာယ ကောဋိယာ အဘာဝတော။ ။
[နေတ္တိ အဋ္ဌကထာ။]

ပုဗ္ဗကောဋိ၊ သံသရာ၏ ရှေအစွန်းအစသည်။ ကတမာ၊ အဘယ်နည်း။ ဣတိ၊ ဤသို့။ ကေနစိ၊ တစုံတယောက်သည်။ ကတံ၊ ပြုအပ်သော။ ပုစ္ဆနံ၊ အမေးကို။ အဝိသဇ္ဇနိယံ၊ မဖြေဆိုအပ်။ ကဿ၊

အဘယ့်ကြောင့်နည်း။ သံသာရဿ၊ သံသရာ၏။ ပုရိမာယ၊ ရှေးဦးဖြစ်သော။ ကောဋိယာ၊ အစွန်းအစ၏။ အဘာဝတော၊ မရှိသောကြောင့်တည်း။

နပညာယတိ တိ နဒိဿတိ နဥပလဗ္ဘ တိ တိ အတ္ထော။ ။
[ဂုဏ်း အဋ္ဌကထာ။]

နပညာယတိတိ၊ နပညာယတိ-ဟူသည်ကား။ နဒိဿတိ၊ မထင်။ နဥပလဗ္ဘတိ၊ မရအပ်။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ လိုအပ်သော အနက်တည်း။

ဤပဋိစ္စသမုပ္ပါဒ်နည်းဌ နေရာကျကျ ဉာဏ်ဖြင့် မသက်ဝင်နိုင်ကြကုန်သော အချို့သောသူတို့သည် သံသရာရှေ့အစွန်းသည် ရှိတန်ရာ၏၊ အလွန်ရှည်လျားသောကြောင့် မြတ်စွာဘုရား၏ ရှေ့ဉာဏ်တော်ကြီးမှာ ပင် မထင်နိုင်ဟူ၍ ပြောဆိုမှားတတ်ကြကုန်၏၊ အချို့သောသူတို့သည်လည်း သတ္တဝါ အသစ်, အသစ် တိုးကြကုန်၏ဟူ၍ ရမ်းဆကြကုန်၏၊ ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ကင်းကြကုန်သော ထိုသူတို့သည် အကြောင်းမရှိဘဲ စ၍ဖြစ်ပေါ်လာသည်-ဟူသော အဟေတုကဒိဋ္ဌိ အယူသို့ဝင်း၊ လောကကို တယောက်ယောက်က ဘန်ဆင်းသည်ဟူသော ဣဿရနိမ္မာနဒိဋ္ဌိ အယူသို့ဝင်း-သက်ဝင်နိုင်ကြကုန်၏၊ ထိုသို့မသက်ဝင်ကြကုန်သော်လည်း ပစ္စယပရိဂ္ဂဟဉာဏ်ကို နေရာကျကျ မရကြသောကြောင့် အမြဲ ဝိစိကိစ္ဆာသမားတွေသာ ဖြစ်နေကြကုန်၏-ဟူ၍သိပါလေ။

ပစ္စုပ္ပန်အကြောင်းငါးပါးနှင့် အနာဂတ်အကျိုး ငါးပါးကိုပြတော်မူသဖြင့် ယခုပစ္စုပ္ပန်ဘဝ၌ အကြောင်းငါးပါးကို မပယ်နိုင်ဘဲ ကျန်ရှိ၍နေသမျှ ကာလပတ်လုံး ဘဝခန္ဓာ အဆုံးသတ်သည်ဟူ၍ မရှိဘဲ အနာဂတ် အကျိုးငါးပါးတည်းဟူသော ဇာတိသို့ အမြဲဆိုက်ကြောင်းကို သိစေတော်မူသည်။

ကမ္မ ဝိပါကာ ဝတ္တန္တိ၊
ဝိပါကော ကမ္မသမ္ဘဝေါ။
ကမ္မာ ပုနဗ္ဘဝေါ ဟောတိ၊
ဧवံ လောကော ပဝတ္တတိ။
[ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။]

ကမ္မဝိပါကာ၊ အဝိဇ္ဇာ-သင်္ခါရ စသောကံ, ဝိညာဉ်-နာမ် ရူပ စသော အကျိုးတရားတို့သည်သာလျှင်။ဝတ္တန်၊ဖြစ်ကြကုန်၏။ဝိပါကော၊ အကျိုးတရားသည်။ ကမ္မသမ္ဘဝေါ၊ ကံလျှင်ဖြစ်ကြောင်းရှိ၏။ ကမ္မာ၊ ကံကြောင့်။ ပုနဗ္ဘဝေါ၊ တဘန်ဘဝသစ်သည်။ ဟောတိ၊ ဖြစ်၏။ ဧवं၊ ဤသို့။ လောကော၊ သတ္တလောကသည်။ ပဝတ္တတိ၊ အဆင့်ဆင့်ဖြစ်၍နေ၏။

အစပ်သုံးပါးဆိုသည်မှာ-သင်္ခါရနှင့် ဝိညာဉ်အကြားတစပ်၊ ဝေဒနာနှင့် တဏှာအကြား တစပ်၊ ဘဝနှင့် ဇာတိအကြား တစပ်-ဤသုံးပါးကိုဆိုသည်။ ။ပဌမအစပ်မှာ အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးစပ်သည်၊ ဒုတိယ အစပ်မှာ ပစ္စုပ္ပန် အကျိုးနှင့် ပစ္စုပ္ပန်အကြောင်းစပ်သည်၊ တတိယ အစပ်မှာ ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ် အကျိုးစပ်သည်-ဟုမှတ်ပါလေ။

အခြင်းအရာနှစ်ဆယ် ရေတွက်ပုံဖြင့် အစပ်သုံးပါးကိုပြဆိုလျှင် အတိတ် အကြောင်းငါးပါးနှင့် ပစ္စုပ္ပန် အကျိုးငါးပါးအကြားမှာ အကြောင်း, အကျိုးအစပ်တခု၊ ပစ္စုပ္ပန်အကျိုးငါးပါးနှင့် ပစ္စုပ္ပန် အကြောင်းငါးပါး အကြားမှာ အကျိုး,အကြောင်း အစပ်တခု၊ပစ္စုပ္ပန် အကြောင်းငါးပါးနှင့် အနာဂတ် အကျိုးငါးပါး အကြားမှာ အကြောင်း, အကျိုးအစပ်တခု-ဤသို့အစပ် သုံးပါးဖြစ်၏။

အလွှာလေးရပ် ဆိုသည်မှာ-အဝိဇ္ဇာ, သင်္ခါရ-ဤ နှစ်ပါးသည် တလွှာ၊ ဝိညာဉ်, နာမ်ရူပ်, သဠာယတန,ဖဿ,ဝေဒနာ- ဤငါးပါးသည် တလွှာ၊တဏှာ,ဥပါဒါန်,ဘဝ-ဤသုံးပါးသည် တလွှာ၊ ဇာတိ, ဇရာမရဏ- ဤနှစ်ပါးသည် တလွှာ-ဤလေးပါးကိုဆိုသည်။

ပဌမ အလွှာကို အတိတ် အကြောင်း အလွှာ၊ ဒုတိယအလွှာကို ပစ္စုပ္ပန်အကျိုးအလွှာ၊ တတိယအလွှာကို ပစ္စုပ္ပန်အကြောင်းအလွှာ၊ စတုတ္ထအလွှာကို အနာဂတ် အကျိုးအလွှာ-ဟုမှတ်ပါလေ။

အခြင်းအရာ နှစ်ဆယ်ရေတွက်ပုံဖြင့် အလွှာလေးပါးကို ပြဆိုလျှင် အတိတ်အကြောင်း ငါးပါးသည် တလွှာ၊ပစ္စုပ္ပန် အကျိုးငါးပါးသည် တလွှာ၊ ပစ္စုပ္ပန်အကြောင်းငါးပါးသည် တလွှာ၊ အနာဂတ်အကျိုးငါးပါးသည် တလွှာ-ဤသို့အလွှာ လေးပါးဖြစ်၏။

ဤအလွှာလေးပါးသည် ပဋိစ္စသမုပ္ပါဒ်ကို အကျဉ်းချုံး၍ယူရာ ဖြစ်သောကြောင့် သင်္ဘာလေးပါးမည်၏၊ အကျဉ်းချုံးရာ ဖြစ်သောကြောင့် သခ်ေပလေးပါးလည်းမည်၏။

ဝဋ်သုံးပါးဆိုသည်မှာ—ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်-ဤသုံးပါးကိုဆိုသည်၊ တရားကိုယ်အားဖြင့် အဝိဇ္ဇာ,တဏှာ,ဥပါဒါန်-ဤသုံးပါးကို ကိလေသဝဋ်ဆိုသည်၊ သင်္ခါရ,ဘဝ-ဤနှစ်ပါးကို ကမ္မဝဋ်-ဟုဆိုသည်၊ဝိညာဉ်,နာမ်ရူပ်,သဠာယတန,ဖဿ,ဝေဒနာ,ဇာတိ,ဇရာမရဏ-ဤခုနစ်ပါးကို ဝိပါက ဝဋ်-ဟုဆိုသည်။

ဘဝသည် ကမ္မဘဝ,ဥပပတ္တိဘဝ-ဟူ၍နှစ်ပါးရှိ၏၊ ထိုနှစ်ပါးတို့တွင် ကမ္မဘဝကိုသာ ကမ္မဝဋ်၌ သွင်းရသည်၊ ဥပပတ္တိဘဝကို ဝိပါကဝဋ်၌ သွင်း၍ယူပါလေ။

ဤသုံးပါးကို ချာချာပတ်ပတ် အချင်းချင်း စပ်ဟပ်၍ အထပ်ထပ် အလည်လည် မပြတ်ဖြစ်၍ နေသောကြောင့် ဝဋ်-ဟူ၍ဆိုရသည်၊ ထိုဝဋ်သုံးပါးတို့တွင် ကိလေသဝဋ်ရှိခြင်းကြောင့် လူ့ကာမဂုဏ်,နတ်ကာမဂုဏ်စသည်တို့ကို ခံစားခြင်းငှာ ဆင့်ကာဆင့်ကာ ထပ်ကာထပ်ကာ ကုသိုလ်,အကုသိုလ်-တည်းဟူသော ကမ္မဝဋ်ကို ပြုရသည်၊ ကမ္မဝဋ်ကို ပြုသောကြောင့် တဘန်ဘဝသစ်၌ ဝိပါက ဝဋ်-တည်းဟူသော ခန္ဓာအသစ် ဖြစ်ပေါ်ရ၏၊ တဘန်ထိုဘဝခန္ဓာ၌ ရှိသော ကိလေသဝဋ်၏ တိုက်တွန်းမှုကြောင့် ကမ္မဝဋ်ကို ပြုပြန်လေ၏၊ ကမ္မဝဋ်ကြောင့် ဘဝတခု၌ ဝိပါကဝဋ်-တည်းဟူသောဘဝ ခန္ဓာအသစ်ဖြစ်ပေါ်ပြန်လေ၏၊ ဤနည်းဖြင့် ဝဋ်သုံးပါးရှိသမျှ သတ္တဝါတို့သည် သံသရာ၌ တချာချာစက်ရဟတ်ကဲ့သို့ အထပ်ထပ် အရှည်ကျင်လည်မျောပါး၍ နေကြရကြောင်းကိုသိပါလေ။

အမြစ် မူလနှစ်ပါးဆိုသည်မှာ- အဝိဇ္ဇာ,တဏှာ-ဤနှစ်ပါးကို ဆိုသည်၊ ဤပဋိစ္စသမုပ္ပါဒ်ကို အဝိဇ္ဇာအစ,ဝေဒနာ တိုင်အောင်တပိုင်း၊ တဏှာအစ ဇရာမရဏာ တိုင်အောင် တပိုင်း၊ ဤသို့နှစ်ပိုင်းဖြင့် ဝေဘန် ပိုင်းခြားအပ်၏၊ အဝိဇ္ဇာအစ ဝေဒနာအဆုံးရှိသော ပဋိစ္စသမုပ္ပါဒ်ရှေ့ပိုင်း၌ အဝိဇ္ဇာကို အကြောင်းရင်း,အကြောင်းစ မူလ-ဟူ

၍မှတ်အပ်၏၊ တဏှာအစ,ဇရာမရဏာ အဆုံးရှိသော ပဋိစ္စသမုပ္ပါဒ် နောက်ပိုင်း၌ တဏှာကိုအကြောင်းရင်း,အကြောင်းစ မူလ-ဟူ၍မှတ် အပ်၏။

ထိုအမြစ်မူလ,နှစ်ပါးတို့တွင် အဝိဇ္ဇာ၏ အမြစ်ကား တဏှာတည်း၊ တဏှာ၏ အမြစ်ကား အဝိဇ္ဇာတည်း။

အဝိဇ္ဇာ တဏှာယ မူလံ၊တဏှာ အဝိဇ္ဇာယ။ ။[သံယုတ်အဋ္ဌကထာ။]

အဝိဇ္ဇာ၊ မောဟ-အဝိဇ္ဇာသည်။ တဏှာယ၊ လောဘ-တဏှာ၏။ မူလံ၊ ဖြစ်ပေါ်ကြီးပွါးရာ အမြစ်မူလတည်း။ တဏှာ၊ လောဘ-တဏှာသည်၊ အဝိဇ္ဇာယ၊ မောဟ-အဝိဇ္ဇာ၏။ မူလံ၊ ဖြစ်ပေါ်ကြီး ပွါးရာ အမြစ်မူလတည်း။

အဝိဇ္ဇာလျှင် အရင်းမူလရှိသော ပဋိစ္စသမုပ္ပါဒ် ရှေပိုင်းကို ဒိဋ္ဌိ စရိုက်ရှိသော ပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် ဟောတော်မူသည်၊ တဏှာလျှင် အရင်းမူလရှိသော နောက်ပိုင်းကို တဏှာစရိုက်ရှိသော ပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် ဟောတော်မူသည်။

တနည်း။ ။ဥစ္ဆေဒဒိဋ္ဌိကိုပယ်ခြင်းငှါရှေပိုင်းကို,သဿတဒိဋ္ဌိကိုပယ် ခြင်းငှါနောက်ပိုင်းကို ဟောတော်မူသည်။ ။ဤသို့စသည်ဖြင့် ခွဲခြား၍ အဋ္ဌကထာတို့၌ ပြဆိုသည်။

၄၄။ နည်း ၄-ပါး

ဤ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၌နည်းလေးပါးကိုသိရာ၏။

(၁) ကေတ္တာနည်း
(၂) နာနတ္တနည်း
(၃) အဗျာပါရနည်း
(၄) ဧဝံမမ္ဘဝနည်း

} နည်းလေးပါးတည်း။

၁။ ကေတ္တာနည်း- ဆိုသည်မှာ။ ။အဝိဇ္ဇာစသော အကြောင်း တရားစုသည် သင်္ခါရစသောအကျိုးတရားစုနှင့် အစဉ်သန္တာန်မပြတ် ဆက်စပ်၍ ဖြစ်ခြင်းကြောင့် တခုတည်းကဲ့သို့ ဖြစ်မှု သဘောကို ဆို

သည်။ ။ဤနည်းကိုပိုင်နိုင်စွာသိလျှင် အကြောင်းနှင့်အကျိုး ဆက်စပ်၍သာမပြတ်ဖြစ်နေရသော ရုပ်နာမ် ခန္ဓာအစဉ်၏ အကြောင်းတရားရှိခဲ့လျှင် အကျိုးတရားမပြတ်ကြောင်းသိမြင်ခြင်းကြောင့် သေလျှင်ပျောက်၏-ဟု အယူရှိသော ဥစ္ဆေဒဒိဋ္ဌိ အယူမှားကို ပယ်ရှားစွန့်ပစ်နိုင်၏၊ ဤနည်းကိုမရိပ်မိလျှင် အကြောင်း,အကျိုး စပ်ရမှ ဖြစ်တတ်သော ခန္ဓာအစဉ်၏ အဟောင်းဖြစ်သော အကြောင်းတရားကြောင့် အသစ်ဖြစ်သော အကျိုးခန္ဓာ၏ တခါဖြစ်ပေါ်လာမှုကို တခုတည်းသာ-ဟု ယူမိခြင်းကြောင့် သဿတဒိဋ္ဌိအယူဖြစ်တတ်သည်။

၂။ နာနတ္တနည်း-ဆိုသည်မှာ။ ။အဝိဇ္ဇာ,သင်္ခါရစသည်တို့သည် အစဉ်မပြတ် ဆက်ကာ ဆက်ကာ တခုတည်းကဲ့သို့ ဖြစ်ကြကုန်သော်လည်း သဘောလက္ခဏာမတူ ထူးခြားကွဲလွဲ၍ ရှိနေမှုသဘောကိုဆိုသည်။ ။ဤနည်းကိုပိုင်နိုင်စွာသိလျှင် အဟောင်းဖြစ်သော အကြောင်းအဝိဇ္ဇာကြောင့် အသစ်ဖြစ်သော အကျိုးသင်္ခါရတို့၏ ဖြစ်ပေါ်လာရခြင်း စသည်တို့ကို သိမြင်လေတော့သည်ဖြစ်၍ အဟောင်း,အသစ်ဟူ၍ မပိုင်းခြားတတ်သော သဿတဒိဋ္ဌိအယူမှားကို ပယ်ရှား စွန့်ပစ်နိုင်၏၊ ဤနည်းကိုမရိပ်မိလျှင် အကြောင်း,အကျိုးအစဉ်သဖြင့် အမျှင်မပြတ်သော ခန္ဓာအစဉ်၌ ကျသော အဝိဇ္ဇာ,သင်္ခါရစသော တရားအစုတို့၌ တခု,တခုစီ သက်သက် ယူပြီးလျှင် အကြောင်းနှင့် အကျိုးမဆက်မစပ်မှု၍ ရောက်တတ်ရာရာ တပိုင်းတစနှင့် သန္ဓာန်ပြတ်လျက် ယူတတ်သောကြောင့် ဥစ္ဆေဒဒိဋ္ဌိအယူ ဖြစ်တတ်သည်။

၃။ အဗျာပါရနည်း-ဆိုသည်မှာ။ ။အဝိဇ္ဇာစသော အကြောင်းတရား,သင်္ခါရစသော အကျိုးတရားတို့သည် စပ်လျဉ်းလျက် ရှိနေကြသော်လည်း''အဝိဇ္ဇာ က-ငါသည်သင်္ခါရကို ဖြစ်အောင်လုပ်မည်၊သင်္ခါရကလည်း ငါသည် အဝိဇ္ဇာကြောင့်ဖြစ်ရပေသည်''စသည်ဖြင့် ကြောင့်ကြစိုက်ခြင်း,အားထုတ်ခြင်း၏မရှိမှုသဘောကို ဆိုသည်။ ။ဤနည်းကိုပိုင်နိုင်စွာသိလျှင် ဆိုး,ကောင်း,ယုတ်,မြတ် ဖြစ်အောင်ပြုလုပ်တတ်သော ပုဂ္ဂိုလ်,သတ္တဝါ,လူ,နတ်,ဗြဟ္မာ စသည်တို့၏ မရှိကြောင်းကို သိမြင်နိုင်သောကြောင့် ပုဂ္ဂိုလ်,သတ္တဝါ,လူ,နတ်,ဗြဟ္မာစသည်ဖြင့် ထင်မှတ်တတ်သော အတ္တဒိဋ္ဌိခေါ်သော သက္ကာယဒိဋ္ဌိတရားကို ပယ်ရှားစွန့်

ပစ်နိုင်၏၊ ဤနည်းကိုမရိပ်မိလျှင် ဆိုး,ကောင်း,ယုတ်,မြတ် ဖြစ်အောင် ပြုလုပ်တတ်သော ပုဂ္ဂိုလ်,သတ္တဝါ,လူ,နတ်,ဗြဟ္မာစသော အကောင်, သတ္တဝါ-ဟူ၍ မြွေမျှလောက်မရှိပါသော်လည်း ဓမ္မနိယာမ ဟူသော ပရမတ္ထ သဘောတရားတို့၏ ထုံးစံအတိုင်း အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ပေါ်လာရခြင်းစသည်တို့ကို မမှတ်နိုင်,မယူနိုင် ခြင်းကြောင့် အကြိယဒိဋ္ဌိအယူမှားကို စွဲလမ်း၍ ယူတတ်၏။

၄။ ဝေဝံဓမ္မတာနည်း-ဆိုသည်မှာ။ ။ထိုသို့ ကြောင့်ကြ ဗျာပါရမရှိ ကြကုန်သော်လည်း အမှတ်မရှိသော အကြောင်းကြောင့် အမှတ်မရှိ သောအကျိုး ဖြစ်ပေါ်လာသည် မဟုတ်၊ သူ့အကြောင်းတရားနှင့် သူ့အကျိုးတရားတို့၏ ထုံးစံဓမ္မတာအားလျော်စွာ ဖြစ်နေမှုသဘော ကို ဆိုသည်။ ။ဤနည်းကိုပိုင်နိုင်စွာသိလျှင် အကြောင်း အားလျော် စွာ အကျိုးတရားတို့၏ ဖြစ်ပေါ်လာမှုကို သိမြင်နိုင်သောကြောင့် အ ကြောင်း, အကျိုး တရားတို့ကို မဆက်မစပ်ဘဲ ရောက်တတ်ရာရာ အယူရှိသော အဟေတုကဒိဋ္ဌိ,အကြိယဒိဋ္ဌိ အယူမှားတို့ကို ပယ်ရှား စွန့်ပစ်နိုင်၏၊ ဤနည်းကိုမရိပ်မိလျှင် အကြောင်း,အကျိုး နှစ်ရပ်တို့၏ ဆက်စပ် ဖြစ်နေကြပုံ အရာကို ကောင်းစွာမသက်ဝင် မဆင်ခြင်နိုင်ဘဲ တစုံတခုသောအကြောင်းတရားနှင့် အကျိုးတရားတို့ကို မစပ် မဟတ် ရောက်တတ်ရာရာယူမိခြင်းကြောင့် အဟေတုကဒိဋ္ဌိ, နိယတမိစ္ဆာဒိဋ္ဌိ အယူများကို စွဲလမ်း၍ယူတတ်၏။

၄၅။ နိယတမိစ္ဆာဒိဋ္ဌိအယူများ

နိယတမိစ္ဆာဒိဋ္ဌိအယူများကို-ဟူ၍ ဆိုလိုက်သောစကား၌ နိယတ မိစ္ဆာဒိဋ္ဌိသည် သုံးပါးရှိ၏၊ သုံးပါးဆိုသည်မှာ–နတ္ထိကဒိဋ္ဌိ, အကြိယ ဒိဋ္ဌိ,အဟေတုကဒိဋ္ဌိ-ဤသုံးပါးကိုဆိုသည်၊ ဤဒိဋ္ဌိကြီးသုံးပါးမှ တခြား တပါးသောဒိဋ္ဌိတို့သည် ကမ္မပထမမြောက်။

နတ္ထိကာ ဟေတုက အကြိယဒိဋ္ဌိဟိ ဝေ ကမ္မပထဘေဒေါ၊ နာ အညဒိဋ္ဌိဟိ။ ။[အဋ္ဌသာလိနီအဋ္ဌကထာ။]

နတ္ထိကာဟေတုကအကြိယဒိဋ္ဌိဟိုဝေ၊ နတ္ထိကဒိဋ္ဌ, အဟေတုကဒိဋ္ဌ, အကြိယဒိဋ္ဌတို့ဖြင့်သာလျှင်။ ကမ္မပထဘေဒေါ၊ အပါယ်လားကြောင်း မကောင်းမှုကံမြောက်သည်။ ဟောတိ၊ ဖြစ်၏။ အညဒိဋ္ဌိဟိ၊ တပါးသော ဒိဋ္ဌတို့ဖြင့်။ ကမ္မပထဘေဒေါ၊ အပါယ်လားကြောင်း မကောင်းမှုကံမြောက်သည်။ နဟောတိ၊ မဖြစ်။

ထိုသုံးပါးတို့တွင်—

(၁) နတ္ထိကဒိဋ္ဌ ဆိုသည်မှာ။ ။ကုသိုလ်ကံ,အကုသိုလ်ကံနှစ်ပါးတို့၏ အကျိုးမရှိ-ဟု အကျိုးကို ပစ်ပယ်တတ်သော ဒိဋ္ဌကို ဆိုသည်။

(၂) အကြိယဒိဋ္ဌ ဆိုသည်မှာ။ ။ကုသိုလ်ကိုပြုသော်လည်း ကုသိုလ်-ဟူ၍မဖြစ်၊ အကုသိုလ်ကိုပြုသော်လည်း အကုသိုလ်ဟူ၍ မဖြစ်၊ ဤသို့ကုသိုလ်ကံ,အကုသိုလ်ကံ-တည်းဟူသော အကြောင်းကိုပစ်ပယ်တတ်သော ဒိဋ္ဌကိုဆိုသည်။

(၃) အဟေတုကဒိဋ္ဌဆိုသည်မှာ။ ။ကုသိုလ်ကံ, အကုသိုလ်ကံတည်းဟူသောအကြောင်းတရားနှင့် ကောင်းကျိုး,မကောင်းကျိုး-ဟူသော အကျိုးတရားကို ပစ်ပယ်တတ်သော ဒိဋ္ဌကို ဆိုသည်။

နတ္ထိကဒိဋ္ဌ ဝိပါကံ ပဋိဗာဟတိ၊ အကြိယဒိဋ္ဌ ကမ္မံ ပဋိ-ဗာဟတိ၊ အဟေတုကဒိဋ္ဌ ဥဘယံ ပဋိဗာဟတိ။ ။[မဇ္ဈိမ ပဏ္ဏာသ အပဏ္ဏက သုတ်အဋ္ဌကထာ။]

နတ္ထိကဒိဋ္ဌ၊ နတ္ထိကဒိဋ္ဌသည်။ဝိပါကံ၊ အကျိုးတရားကို။ပဋိဗာဟတိ၊ ပစ်ပယ်၏။ အကြိယဒိဋ္ဌ၊ အကြိယဒိဋ္ဌသည်။ ကမ္မံ၊ ကုသိုလ်ကံ, အကုသိုလ်ကံကို။ ပဋိဗာဟတိ၊ ပစ်ပယ်၏။ အဟေတုကဒိဋ္ဌ၊ အဟေတုကဒိဋ္ဌသည်။ ဥဘယံ၊အကျိုး,အကြောင်းဟူသော နှစ်ပါးစုံကို။ပဋိဗာဟတိ၊ ပစ်ပယ်၏။

ထိုသုံးမျိုးတို့တွင်-နတ္ထိကဒိဋ္ဌ အယူသည် အဇိတ အယူမျိုးတည်း၊ အကြိယ ဒိဋ္ဌအယူမျိုးသည် ပုရာဏကဿပ အယူမျိုးတည်း၊ အဟေတုက ဒိဋ္ဌအယူမျိုးသည် မက္ခလိဂေါသာလအယူမျိုးတည်း၊ ထိုအကြောင်းကို သီလက္ခန်အဋ္ဌကထာစသည်တို့၌ ပြဆိုသည်။

ဤ၌ ကံကိုပစ်ပယ်သည်သာ-ဟူ၍ဆိုလျှင် အကျိုးကိုလည်း ပစ်ပယ်သည်မည်၏၊ အကျိုးကိုပစ်ပယ်သည်-ဟူ၍ ဆိုလျှင် ကံကိုလည်း ပစ်ပယ်သည်မည်၏၊ ဤအဓိပ္ပါယ်ယူအပ်သောကြောင့် ထိုအလုံးစုံသော ဒိဋ္ဌိတို့သည် အဟေတုက, အကြိယ, နတ္ထိကမည်သည်ချည်းဟူ၍မှတ်အပ်၏။

> တတ္ထ ကမ္မံ ပဋိဗာဟန္တွေနာပိ ဝိပါကော ပဋိဗာဟိတော ဟောတိ၊ ဝိပါကံ ပဋိဗာဟန္တွေနာပိ ကမ္မံ ပဋိဗာဟိတံ ဟောတိ၊ ဣတိ တေ သဗ္ဗေပိ အတ္ထတော ဥဘယံ ပဋိဗာဟကာ အဟေတုကဝါဒါ စေဝ အကြိယဝါဒါ စ နတ္ထိကဝါဒါ စ ဟောန္တိယေဝ။ ။[သီလက္ခန်အဋ္ဌကထာ။]

တတ္ထ၊ ထိုသုံးယောက်တို့တွင်။ ကမ္မံ၊ ကံကို။ ပဋိဗာဟန္တွေနာပိ၊ မြစ်သောသူသည်လည်း။ ဝိပါကော၊ အကျိုးကို။ ပဋိဗာဟိတော၊ မြစ်သည်။ ဟောတိ၊ ဖြစ်၏။ ဝိပါကံ၊ အကျိုးကို။ ပဋိဗာဟန္တွေနာပိ၊ မြစ်သောသူသည်လည်း။ ကမ္မံ၊ ကံကို။ ပဋိဗာဟိတံ၊ မြစ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တေသဗ္ဗေပိ၊ ထိုအလုံးစုံသောဒိဋ္ဌိတို့သည်လည်း။ အတ္ထတော၊ အနက်အားဖြင့်။ ဥဘယံ၊ နှစ်ပါးစုံကို။ ပဋိဗာဟကာ၊ မြစ်ကုန်သည်ဖြစ်၍။ အဟေတုကဝါဒါစေဝ၊ အဟေတုက အယူ ရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ အကြိယဝါဒါစ၊ အကြိယအယူရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ နတ္ထိကဝါဒါစ၊ နတ္ထိကအယူရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

၄၆။ ပဋိစ္စသမုပ္ပါဒ်ဖြင့် ဒိဋ္ဌိကွာပုံ

ပဋိစ္စသမုပ္ပါဒ်ဖြင့် ဒိဋ္ဌိအမြင်ပစ်ပယ်တော်မူပုံကို သိမှတ်ရာ၏၊ အဘယ်သို့ ဒိဋ္ဌိအမြင်ကိုပစ်ပယ်တော်မူသနည်း-ဟူမူကား–

(၁) အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏-ဟု ပြတော်မူသဖြင့် ကုသိုလ်, အကုသိုလ်ကိုပြုတတ်သောသတ္တဝါ,အကောင်,အတ္တရှိ၏-ဟူသောအယူကို ပစ်ပယ်တော်မူ၏။

(၂) သင်္ခါရကြောင့် ဝိညာဉ် အသစ်ဖြစ်ပေါ်၏-ဟု ပြတော်မူသဖြင့် သတ္တဝါ,အကောင်,အတ္တသည် ဘဝတပါးသို့ပြောင်း၍ဖြစ်၏-ဟူသော သဿတဒိဋ္ဌိအယူမျိုးကို ပစ်ပယ်တော်မူ၏။

(၃) ဝိညာဉ်ကြောင့်နာမ်,ရုပ်ဖြစ်၏-ဟုပြတော်မူသဖြင့် သတ္တဝါ, အကောင်,အတ္တဟု ကြိုဆအပ်သောဝတ္ထု၏ အကွဲအပြားကို ပြသော အားဖြင့် တလုံးတခဲတည်းသာ မှတ်ထင်ကြသည့် ဃနသညာအထင် မှားကို ပစ်ပယ်တော်မူ၏။

(၄) နာမ်,ရုပ်ကြောင့် သဠာယတန ဖြစ်၏-ဟု ပြတော်မူသဖြင့် သတ္တဝါ,အကောင်,အတ္တသည် မြင်၏၊သတ္တဝါ,အကောင်, အတ္တသည် ကြား၏၊သတ္တဝါ,အကောင်, အတ္တသည်နမ်းရှူ၏၊ သတ္တဝါ,အကောင်, အတ္တသည် လျက်တတ်,စားတတ်၏၊ သတ္တဝါ,အကောင်, အတ္တသည် တွေ့ထိကိုင်တွယ်တတ်၏၊ သတ္တဝါ,အကောင်, အတ္တသည် သိတတ်၏-ဟူသော သဏ္ဌာယဒိဋ္ဌိအယူကို ပစ်ပယ်တော်မူ၏။

(၅) သဠာယတနကြောင့် ဖဿဖြစ်၏ - ဟု ပြတော်မူသဖြင့် သတ္တဝါ,အကောင်,အတ္တသည်တွေ့ထိ၏–ဟူသော သဏ္ဌာယဒိဋ္ဌိအယူ ကို ပစ်ပယ်တော်မူ၏။

(၆) ဖဿကြောင့် ဝေဒနာဖြစ်၏-ဟုပြ တော်မူသဖြင့် သတ္တဝါ,အ ကောင်, အတ္တသည် အာရုံ၏ အရသာကို ခံစား၏-ဟူသော သဏ္ဌာယ ဒိဋ္ဌိအယူကို ပစ်ပယ်တော်မူ၏။

(၇) ဝေဒနာကြောင့် တဏှာဖြစ်၏-ဟုပြတော်မူသဖြင့် သတ္တဝါ, အကောင်, အတ္တသည် နှစ်သက်တောင့်တတတ်၏-ဟူသော သဏ္ဌာယ ဒိဋ္ဌိအယူကို ပစ်ပယ်တော်မူ၏။

(၈) တဏှာကြောင့် ဥပါဒါန်ဖြစ်၏-ဟုပြတော်မူသဖြင့် သတ္တဝါ, အကောင်, အတ္တသည် ပြင်းစွာစွဲလမ်း၏-ဟူသော သဏ္ဌာယဒိဋ္ဌိကို ပစ်ပယ်တော်မူ၏။

(၉) ဥပါဒါန်ကြောင့် ဘဝဖြစ်၏-ဟုပြတော်မူသဖြင့် သတ္တဝါ,အ ကောင်, အတ္တသည် ကုသိုလ်ကံ,အကုသိုလ်ကံနှစ်ပါးကို ဖြစ်ပွါးစေ၏၊ သတ္တဝါ,အကောင်, အတ္တသည် ဖြစ်၏-ဟူသော သဏ္ဌာယ ဒိဋ္ဌိ အ ယူကို ပစ်ပယ်တော်မူ၏။

(၁၀) ဘဝကြောင့် ဇာတိဖြစ်၏-ဟုပြတော်မူသဖြင့် သတ္တဝါ, အ ကောင်, အတ္တသည် ဘဝအသစ်မှာ ဖြစ်ပေါ်၍ လာပြန်၏-ဟူသော သဏ္ဌာယ ဒိဋ္ဌိအယူကို ပစ်ပယ်တော်မူ၏။

(၁၁) ဇာတိကြောင့် ဇရာမရဏသောကပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသတို့ ဖြစ်လာကုန်၏-ဟူပြတော်မူသဖြင့် သတ္တဝါ,အကောင်, အတ္တသည် အိုရ၏၊သတ္တဝါ,အကောင်,အတ္တသည် သေရ၏၊ သတ္တဝါ, အကောင် ,အတ္တသည် စိုးရိမ်ပူဆွေးရ၏၊ သတ္တဝါ,အကောင်, အတ္တသည် ငိုကြွေးမြည်တမ်းရ၏၊ သတ္တဝါ,အကောင်, အတ္တသည် ကိုယ်စိတ်နှစ်တန် ပူပန်ဆင်းရဲရ၏၊သတ္တဝါ,အကောင်,အတ္တသည် သက်ကြီးငင်ရှိုက် လှိုက်လှိုက်လဲလဲ ဆင်းရဲပင်ပန်းရ၏-ဟူသော သက္ကာယဒိဋ္ဌိ အယူကို ပစ်ပယ်တော်မူ၏။ ။ဤဒိဋ္ဌိအမြင် ပစ်ပယ်တော်မူပုံကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာစသည်တို့၌ ပြဆို၏။

၄၇။ ပဋ္ဌာန်စွသမုပ္ပါဒ်ဥပမာ

(၁) အဝိဇ္ဇာ-သည် ရူပ်တရား,နာမ်တရား,သစ္စာလေးပါးတရား တို့ကို မသိမမြင်နိုင်အောင် ဖုံးလွှမ်းခြင်းကြောင့် မျက်စိနှစ်ဘက် စုံလုံး ပျက်သော သူကန်းမျက်မမြင်နှင့် တူ၏။

(၂) သင်္ခါရ-သည် မညီမညွှတ်သောအရပ်၌ သူကန်းမျက်မမြင်၏ ခွေတ်ချော်ဝဲမိုးယိမ်းခြင်းနှင့်တူ၏။

(၃) ဝိညာဉ်-သည် ခွေတ်ချော်တိမ်းယိမ်းခြင်းကြောင့် သူကန်းမျက်မမြင်၏ မှောက်ခုံပက်လက် လဲပြိုခြင်းနှင့်တူ၏။

(၄) နာမ်ရူပ်-သည်မှောက်ခုံပက်လက် လဲပြိုခြင်းကြောင့် သူကန်းမျက်မမြင်၏ ကိုယ်မှာ အိုင်းအမာဖြစ်လာသည်နှင့်တူ၏။

(၅) သဠာယတန-သည် ရှေးဦးစွာဖြစ်သော အိုင်းအမာရင့်သည့်နောက် အဖူးငယ်ထပ်၍ ပေါက်လာသည်နှင့်တူ၏။

(၆) ဖဿ-သည် အိုင်းအမာအဖူးတို့၏ တစုံတခုသော ဝတ္ထုနှင့် တိုက်ခိုက်ထိမိသည်နှင့်တူ၏။

(၇) ဝေဒနာ-သည် အိုင်းအမာအဖူးတို့၏ တိုက်ခိုက်ထိမိခြင်းကြောင့်ဖြစ်သော ဆင်းရဲကြီးစွာ နာကျင်သည်နှင့်တူ၏။

(၈) တဏှာ-သည် ထိုနာကျင်သော သူကန်းမျက်မမြင်၏ ကုသရန်ဆေးကို တောင့်တခြင်းနှင့်တူ၏။

(၉) ဥပါဒါန်-သည် ဆေးဝါးကုစားလို၍ မသင့်တင့်သောဆေးကို ယူငင်ကိုင်တွယ်မိခြင်းနှင့်တူ၏။

(၁၀) ဘဝ-သည် မသင့်မတင့်သော ဆေးကိုယူမိ၍ သုတ်လိမ်းမိခြင်းနှင့်တူ၏။

(၁၁) ဇာတိ-သည် မသင့်မတင့်သောဆေးကို သုတ်လိမ်းမိသောကြောင့် အိုင်းအမာ ဖောက်ပြန်ခြင်းနှင့်တူ၏။

(၁၂) ဇရာမရဏ-သည် ဖောက်ပြန်ခြင်းကြောင့် အိုင်းအမာ ပေါက်ကွဲခြင်းနှင့်တူ၏။

ပဋိစ္စသမုပ္ပါဒ်၌ ဤသို့စသည် ဥပမာတို့ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, သမ္မောဟဝိနောဒနီအဋ္ဌကထာစသည်တို့၌ ပြဆိုသည်၊ ထိုမှတပါး သစ္စာဖွဲ့နည်းစသည်တို့ကိုလည်း အဋ္ဌကထာတို့၌ ပြဆိုသေးသည်၊ ကျယ်အုံ့စိုး၍ ဤ၌ မပြပြီ။

၄၈။ သံသရာစက်ချုပ်ငြိမ်းပုံ

အဝိဇ္ဇာယ တွေ့ဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊နာမရူပနိရောဓာ သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာမရဏ-သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿုပါယာသာ နိ-ရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။ ။[ပဋိစ္စသမုပ္ပါဒ် ပဋိလောမပါဠိတော်။]

အဝိဇ္ဇာယတွေ့ဝ၊အဝိဇ္ဇာ-ဟူသော မောဟ၏သာလျှင်။အသေသဝိ-ရာဂနိရောဓာ၊ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းမှုကြောင့်။ သင်္ခါရနိရော-ဓော၊ သင်္ခါရတို့၏ချုပ်ငြိမ်းမှုသည်။ ဟောတိ၊ဖြစ်၏။ သင်္ခါရနိရောဓာ၊

သခ်ါရတို့၏ ချုပ်ငြိမ်းမှုကြောင့်။ ဝိညာဏနိရောဓော၊ ဝိညာဉ်၏ ချုပ်ငြိမ်းမှုသည်။ ဟောတိ၊ ဖြစ်၏။ ဝိညာဏနိရောဓာ၊ ဝိညာဉ်၏ ချုပ်ငြိမ်းမှုကြောင့်။ နာမရူပနိရောဓော၊ နာမ်,ရူပ်တို့၏ ချုပ်ငြိမ်းမှုသည်။ ဟောတိ၊ ဖြစ်၏။နာမရူပနိရောဓာ၊ နာမ်,ရူပ်တို့၏ ချုပ်ငြိမ်းမှုကြောင့်။ သဠာယတန နိရောဓော၊ အာယတနခြောက်ပါးတို့၏ ချုပ်ငြိမ်းမှုသည်။ ဟောတိ၊ ဖြစ်၏။ သဠာယတန နိရောဓာ၊ အာယတန ခြောက်ပါးတို့၏ ချုပ်ငြိမ်းမှုကြောင့်။ ဖဿနိရောဓော၊ ဖဿ၏ ချုပ်ငြိမ်းမှုသည်။ ဟောတိ၊ ဖြစ်၏။ ဖဿနိရောဓာ၊ ဖဿ၏ ချုပ်ငြိမ်းမှုကြောင့်။ ဝေဒနာနိရောဓော၊ ဝေဒနာ၏ ချုပ်ငြိမ်းမှုသည်။ ဟောတိ၊ ဖြစ်၏။ ဝေဒနာနိရောဓာ၊ ဝေဒနာ၏ ချုပ်ငြိမ်းမှုကြောင့်။ တဏှာနိရောဓော၊ တဏှာ၏ ချုပ်ငြိမ်းမှုသည်။ ဟောတိ၊ဖြစ်၏။ တဏှာနိရောဓာ၊ တဏှာ၏ ချုပ်ငြိမ်းမှုကြောင့်။ ဥပါဒါနနိရောဓော၊ ဥပါဒါန်တို့၏ ချုပ်ငြိမ်းမှုသည်။ ဟောတိ၊ ဖြစ်၏။ ဥပါဒါနနိရောဓာ၊ ဥပါဒါန်တို့၏ ချုပ်ငြိမ်းမှုကြောင့်။ ဘဝနိရောဓော၊ ဘဝနှစ်ပါး၏ ချုပ်ငြိမ်းမှုသည်။ ဟောတိ၊ ဖြစ်၏။ ဘဝနိရောဓာ၊ ကမ္မဘဝ၏ ချုပ်ငြိမ်းမှုကြောင့်။ ဇာတိနိရောဓော၊ ဇာတိ၏ ချုပ်ငြိမ်းမှုသည်။ ဟောတိ၊ ဖြစ်၏။ ဇာတိနိ-ရောဓာ၊ ဇာတိ၏ချုပ်ငြိမ်းမှုကြောင့်။ဇရာမရဏ-သောက- ပရိဒေဝ-ဒုက္ခ-ဒေါမနဿုပါယာသာ၊ အိုခြင်း, သေခြင်း, စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း,နှလုံးမသာယာခြင်း, သက်ကြီးရိုက်တင်ငင် ပင်ပန်းခြင်းတို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ငြိမ်းကြကုန်၏။ ဧवं၊ ဤသို့။ ကေဝလဿ၊ အလုံးစုံသော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ဤဆင်းရဲတုံး ဆင်းရဲခဲကြီး၏။ နိရောဓော၊ အရှင်းချုပ်ငြိမ်းမှုသည်။ ဟောတိ၊ ဖြစ်၏။

ဤပါဠိတော်၌ ချုပ်ငြိမ်းမှု အမျိုးမျိုးတို့ကို ဟောတော်မူအပ်ကုန်သော်လည်း ပဋိစ္စသမုပ္ပါဒ်ရှေအပိုင်း၌ ဝဋ်မြစ်မူလဖြစ်သော အဝိဇ္ဇာ, နောက်အပိုင်း၌ ဝဋ်မြစ် မူလဖြစ်သော တဏှာ၊ ဤဝဋ်မြစ်နှစ်ပါး၏ ချုပ်ငြိမ်းမှုသည်သာ လိုရင်းပဓာနဖြစ်သည်-ဟု မှတ်ရမည်၊ ယင်း သို့ဖြစ်၍ ထိုနှစ်ပါးကို ဝိပဿနာပညာဖြင့် အကြွမ်းမဲ့ ချုပ်ငြိမ်းစေရမည်။

မူလံ ပညာယ ဆိန္ဒထ။ ။[ဓမ္မပဒပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ တုမ္မေ၊ သင်တို့သည်။ မူလံ၊ သံသရာဝဋ်ဆင်းရဲ၏ အမြစ်မူလဖြစ်သော အဝိဇ္ဇာနှင့် တဏှာကို။ ပညာယ၊ ပညာဖြင့်။ ဆိန္ဒထ၊ ဖြတ်ကြကုန်လော။

သစ်ပင်ကို သေစေလိုလျှင် သစ်မြစ်ကို ဖြတ်အပ်သကဲ့သို့ ထိုအတူ သံသရာကို ကုန်စေလိုလျှင် အဝိဇ္ဇာနှင့် တဏှာ-တည်းဟူသော အမြစ်ကို ဝိပဿနာပညာသန်လျက်ဖြင့် ခုတ်ဖြတ်ရမည်-ဟု ဆိုလိုသည်။

ထိုစကားခ္ဍ သံသရာဆိုသည်မှာ-ခန္ဓာ, အာယတန, ဓာတ်တို့၏ မပြတ် ဆက်ကာ,ဆက်ကာ ဖြစ်နေမှုကိုဆိုသည်။

ခန္ဓာနဉ္စ ပဋိပါဋိ၊
ဓာတုအာယတနာနစ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊
သံသာရောတိ ပဝုစ္စတိ။
[အဌသာလိနီ အဌကထာ စသည်။]

ခန္ဓာနဉ္စ၊ ခန္ဓာတရားတို့၏ဂုဏ်း။ ဓာတုအာယတနာနံစ၊ ဓာတ်အာယတနတရားတို့၏ဂုဏ်း။ အဗ္ဗောစ္ဆိန္နံ၊ မပြတ်မလပ်။ ဝတ္တမာနာ၊ ဖြစ်၍နေသော။ ပဋိပါဋိ၊ အစီအစဉ်ကို။ သံသာရောတိ၊ သံသရာဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ထိုဂါထာခ္ဍ ခန္ဓာ, အာယတန, ဓာတ်-ဟူသည်လည်း ပဋိစ္စသမုပ္ပါဒ်ခ္ဍ အတွင်းဝင်သော တရားတို့ပေတည်း၊ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ ဆက်ကာ,ဆက်ကာ ဖြစ်နေမှုကိုပင် သံသရာဆိုသည်ဟုမှတ်လေ၊ငါတခြား,သံသရာတခြား,ပဋိစ္စသမုပ္ပါဒ်တခြား-ဟူ၍ မမှတ်လင့်၊ပြဆိုအပ်ပြီးသော သံသရာ၏ အမြစ်မူလဖြစ်သော အဝိဇ္ဇာ, တဏှာ နှစ်ပါးတို့တွင်လည်း အဝိဇ္ဇာ၏ အကြင်းမဲ့ ချုပ်ငြိမ်းမှုတခုသည် သာ၍ပင် လိုရင်းပဓာန အချုပ်အချာဖြစ်၏-ဟူ၍ မှတ်ရမည်၊ ထိုအဝိဇ္ဇာကို ဝိဇ္ဇာတရားမှသာလျှင် ချုပ်ငြိမ်းစေနိုင်သည်၊ ဝိဇ္ဇာဆိုသည်မှာ ပညာကိုဆိုသည်၊ ထိုပညာအလုပ်ကို အားထုတ်၍နေသော သူတို့သည် အဝိဇ္ဇာကို နေ့စဉ်မပြတ် သတ်ဖြတ်ကြသောကြောင့် သံသ

ရာစက်၏ ချုပ်ငြိမ်းရာဖြစ်သော အသင်္ခတ ဓာတ် နိဗ္ဗာန်မြတ်သို့ ဆိုက်ရောက်ရန် တနေ့ထက်တနေ့ နီးကပ်လှသောသူတို့ မည်ကုန်၏။

ပညာယ ပရိဟီနေန၊
ပဿ လောကံ သဒေဝကံ။
နိဝိဋ္ဌံ နာမရူပသ္မိံ၊
ဣဒံ သစ္စန္တိ မညတိ။

ပညာဟိ သေဋ္ဌာ လောကသ္မိံ၊
ယာယံ နိဗ္ဗေဓဂါမိနီ။
ယာယ သမ္မာ ပဇာနာတိ၊
ဇာတိ ဘဝ ပရိက္ခယံ။
[ဣတိဝုတ်ပါဠိတော်။]

ပညာယ၊ ဉာဏ်ပညာမှ။ ပရိဟီနေန၊ ဆုတ်ယုတ်လျက်နေခြင်းကြောင့်။ နာမရူပသ္မိံ၊ နာမ်,ရူပနှစ်ပါး၌။ နိဝိဋ္ဌံ၊ သတ္တဝါကောင်ဟု မှတ်ထင်စွဲဝင်၍ နေသော။ သဒေဝကံ၊ နတ်,ဗြဟ္မာနှင့် တကွသော။ လောကံ၊ လူအပေါင်းကို။ ပဿ၊ ဉာဏ်ပညာဖြင့် ကောင်းစွာရှုစမ်းပါလော၊ ဣဒံ၊ ဤ၏အယူဝါဒသည်သာလျှင်။ သစ္စံ ဣတိ၊ မှန်၏ဟူ၍။ မညတိ၊ မှတ်ထင်၏။ လောကသ္မိံ၊ လောကသုံးပါး၌။ ပညာဟိ၊ ဉာဏ်ပညာသည်သာလျှင်။ သေဋ္ဌာ၊ အမြတ်ဆုံးပေတည်း။ ယာယံ ပညာ၊ အကြင်ဉာဏ်ပညာသည်။ နိဗ္ဗေဓဂါမိနီ၊ သတ္တဝါ,အကောင်-ဟု မှတ်ထင်၍နေသော နာမ်,ရူပနှစ်ခုကို ဖေါက်ခွဲ၍သွားနိုင်၏။ ယာယ၊ ယင်းပညာဖြင့်။ ဇာတိဘဝ ပရိက္ခယံ၊ ဇာတိဘဝတို့၏ ကုန်ခန်းရာဖြစ်သော နိဗ္ဗာန်တရားမြတ်ကို။ သမ္မာ၊ ကောင်းစွာ။ ပဇာနာတိ၊ ပေါက်ရောက်အောင်သိမြင်နိုင်လေ၏။

၄၉။ ပဋ္ဌိစ္စသมุပ္ပါဒ်မသိရခြင်း၏အပြစ်

ဤပဋ္ဌိစ္စသมุပ္ပါဒ်ကို မသိရခြင်း၏ အပြစ် အာဒီနဝတို့ကို အောက်ပါအတိုင်း မြတ်စွာဘုရားဟောကြားတော်မူသည်။

ဇေယ္ယ အာနန္ဒ ဓမ္မယ္ယ အညာဏာ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမယံ ပဇာ တန္တာကုလကဇာတာ ကုလ-ဂဏ္ဌိကဇာတာ မုဉ္ဇပဗ္ဗဇာဘူတာ အပါယံ ဒုဂ္ဂတိ ဝိနိပါတံ သံသာရံ နာတိဝတ္တတိ။ ။[နိဒါနဝဂ္ဂသံယုတ်ပါဠိတော်။]

အာနန္ဒ၊ ညီတော် အာနန္ဒာ။ ဇေယ္ယဓမ္မယ္ယ၊ ဤပဋိစ္စသမုပ္ပါဒ် တရားမြတ်ကို။ အညာဏာ၊ ဉာတပရိညာဖြင့် မသိ မမြင်ခြင်း ကြောင့်။ အနနုဗောဓာ၊ တီရဏပရိညာဖြင့် ပိုင်းခြား၍ မသိမမြင် ခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ ပဟာနပရိညာဖြင့် ဖေါက်ထွင်း၍ မသိမမြင် ခြင်းကြောင့်။ ဧဝံ၊ ဤသို့။ အယံပဇာ၊ ဤသတ္တဝါများအ ပေါင်းသည်။ တန္တာကုလကဇာတာ၊ ချည်ခင်ထွေးကဲ့သို့ ထွေးရှက် သည်ဖြစ်၍။ ကုလဂဏ္ဌိကဇာတာ၊ စာပေါင်းသိုက်ကဲ့သို့ ထွေးရှက် သည်ဖြစ်၍။ မုဉ္ဇပဗ္ဗဇာဘူတာ၊ ဖြူဆံမြက်တော, ပြိန်းမြက်တောကဲ့သို့ ထူထပ် ရှုပ်ထွေးသည်ဖြစ်၍။အပါယံ၊ကြီးပွါးခြင်းကင်းသော။ ဒုဂ္ဂတိ၊ မကောင်းသူတို့၏ လားရာဖြစ်သော။ ဝိနိပါတံ၊ ထောက်ရာ,တည်ရာ မရ ဖရိုဖရဲကျရာ ဖြစ်သော။ သံသာရံ၊ သံသရာဝဋ်ဆင်းရဲကို။ နာတိ-ဝတ္တတိ၊ မလွန်မြောက်နိုင်ချေ။

ဤကား ပဋိစ္စသမုပ္ပါဒ်ကို မသိရခြင်း၏ အပြစ် အာဒီနဝကို ပြ တော်မူသော ဒေသနာပါဠိ, အနက်ကိုပြဆိုခြင်းတည်း။

၅၀။ ပဋိစ္စသမုပ္ပါဒ်သိရခြင်း၏အကျိုး

ပဋိစ္စသမုပ္ပါဒ်၏ ဖြစ်ပုံ,ချုပ်ပုံကို သိမြင်ရခြင်း၏ အကျိုးအာနိ သင်တို့ကိုလည်း အောက်ပါအတိုင်း မြတ်စွာဘုရား ဟောကြားတော် မူသည်။

အယံ ဝုစ္စတိ ဘိက္ခဝေ အရိယသာဝကော ဒိဋ္ဌိသမ္ပန္နော ဣတိပိ၊ ဒဿနသမ္ပန္နော ဣတိပိ၊အာဂတော ဣမံ သဒ္ဓမ္မံ ဣတိပိ၊ ပဿတိ ဣမံသဒ္ဓမ္မံ ဣတိပိ၊သေက္ခေန ဉာဏေန သမန္နာဂတော

ဣတိပိ၊သေက္ခာယ ဝိဇ္ဇာယ သမန္နာဂတော ဣတိပိ၊ဓမ္မသောတံ သမာပန္နော ဣတိပိ၊အရိယော နိဗ္ဗေဓိကပညော ဣတိပိ၊အမ-တဒ္ဓါရုံ အာဟစ္စ တိဋ္ဌတိ ဣတိဝိ တိ။ ။ [နိဒါနဝဏ္ဏသံယုတ် ပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤပဋိစ္စသမုပ္ပါဒ်၏ ဖြစ်ပုံ,ချုပ်ပုံကို သိသော။ အရိယသာဝကော၊ငါဘုရား၏ တပည့်သားကို။ဒီဋ္ဌိသမ္ပန္နော-ဣတိပိ၊ မှန်သော အယူနှင့်ပြည့်စုံပြီ-ဟူ၍ရင်း။ ဒဿနသမ္ပန္နော ဣတိ-ပိ၊ မှန်သော အမြင်နှင့်ပြည့်စုံပြီ-ဟူ၍ရင်း။ ဣမံသဒ္ဓမ္မံ၊ ဤဗုဒ္ဓဘာသာ တရားမှန်အတွင်းသို့။ အာဂတော ဣတိပိ၊ ဝင်ရောက်လာပြီ-ဟူ၍ရင်း။ ဣမံသဒ္ဓမ္မံ၊ ဤဗုဒ္ဓဘာသာ တရားမှန်ကို။ ပဿတိ ဣတိပိ၊ ကောင်း စွာ မြင်ပြီ-ဟူ၍ရင်း။ သေက္ခေန ဉာဏေန၊ အကျင့်မှန်သော သေက္ခ ဉာဏ်နှင့်။ သမန္နာဂတော ဣတိပိ၊ ပြည့်စုံပြီ-ဟူ၍ရင်း။ သေက္ခာယ ဝိဇ္ဇာယ၊ အကျင့်မှန်သော သေက္ခဝိဇ္ဇာနှင့်။ သမန္နာဂတော ဣတိပိ၊ ပြည့်စုံပြီ- ဟူ၍ရင်း။ ဓမ္မသောတံ၊ ဗေဒမိပဂ္ဂိယတရားအယဉ်သို့။ သမာပန္နောဣတိပိ၊ ဆိုက်ရောက်လေပြီ-ဟူ၍ရင်း။ အရိယော၊ မြတ်သော ။ နိဗ္ဗေဓိကပညောဣတိပိ၊ ထိုးထွင်း သိမြင်နိုင်သော ဉာဏ်ပညာနှင့် ပြည့်စုံပြီ-ဟူ၍ရင်း။အမတဒ္ဓါရုံ၊|အမြိုက်နိဗ္ဗာန်တံခါးဝ သို့။ အာဟစ္စ။ ဆိုက်ရောက်၍။ တိဋ္ဌတိဣတိပိ၊ တည်နေပြီ-ဟူ၍ရင်း။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤကားပဋိစ္စသမုပ္ပါဒ်၏ ဖြစ်ပုံ,ချုပ်ပုံကို သိမြင်ရခြင်း၏ အကျိုး အာနိသင်တို့ကို ပြတော်မူသော ဒေသနာပါဋ္ဌ,အနက်ကို ပြဆိုခြင်း တည်း။

၅၁။ ပဋ္ဌာန်း ၂၄-ပစ္စည်း

ပဋ္ဌာန်းတရားတော်မြတ်ကိုသိခြင်းသည်လည်း ပစ္စယပရိဂ္ဂဟဉာဏ် ပင်ဖြစ်၏၊ ထို့ကြောင့် ဤဌပဋ္ဌာန်း နှစ်ဆယ့်လေး ပစ္စည်းတို့ကို ထည့် သွင်း ပြဆိုပေအုံ-

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊

အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စ-ယော၊ ကမ္မပစ္စယော၊ ဝိပါက ပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စ-ယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊အဝိဂတပစ္စယောတိ။ [ပဋ္ဌာန်းဥဒ္ဒေသပါဠိတော်။]

[ဟေတုပစ္စယော၊ ဟေတုပစ္စည်းရင်း။ ဤသို့စသည်ဖြင့် နှစ်ဆယ့်လေးပစ္စည်းလုံး အနက်ပေးလေ။]

ထိုနှစ်ဆယ့်လေးပစ္စည်းကို တွင်–

(၁) ဟေတုပစ္စည်း-ဆိုသည်မှာ။ ။ရုပ်နာမ်ခန္ဓာတို့အား ခိုင်ခိုင်မြဲမြဲ ကြီးပွါးရအောင် အမြစ်မူလကိစ္စကို ရွက်ဆောင်သောအားဖြင့် ဟိတ်ခြောက်ပါးတရားတို့၏ ကျေးဇူးပြုမှုကို ဆိုသည်။ ။ဤအရာ၌ ဟေတု-သဒ္ဒါသည် မူလအနက်ရှိ၏ ဟုမှတ်လေ။

မူလဌေန ဥပကာရကော ဓမ္မော ဟေတုပစ္စယောနာမာတိ ဝေဒိတဗ္ဗော။ ။[ပဋ္ဌာန်းအဋ္ဌကထာ။]

မူလဌေန၊ မူလအနက်အားဖြင့်။ဥပကာရကော၊ ကျေးဇူးပြုတတ်သော။ ဓမ္မော၊ ဟိတ်ခြောက်ပါးတရားသည်။ ဟေတုပစ္စယောနာမ၊ ဟေတုပစ္စည်း မည်၏။ ဤတို၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဟိတ်ခြောက်ပါးဆိုသည်မှာ-လောဘ,ဒေါသ,မောဟ,အလောဘ, အဒေါသ, အမောဟ-ဤခြောက်ပါးကို ဆိုသည်၊ လိုချင်မက်မောမှု, အမျက်ထွက်မှု,မသိမမြင်မှု,မလိုချင်မှု,အမျက်မထွက်မှု,သိမြင်မှု-တို့ပေတည်း။ ။ဤဟိတ်ခြောက်ပါးတရားတို့၏ ကျေးဇူးပြုမှုကို ခံကြရကုန်သော ရုပ်နာမ်ခန္ဓာတို့သည် သစ်ပင်တို့နှင့်တူကုန်၏၊ ဟိတ်ခြောက်ပါးတရားတို့သည် ထိုသစ်ပင်တို့၏အမြစ်တွေနှင့်တူကုန်၏၊ အမြစ်ကြီးတွေ ထင်ရှားရှိနေခြင်းကြောင့်သာလျှင် သစ်ပင်တို့သည် ခိုင်ခိုင်မြဲမြဲ ကြီးပွါးနိုင်ကြကုန်၏၊ထို့အတူ ဟိတ်ခြောက်ပါး တရားရှိနေခြင်း ကြောင့်သာလျှင် မိမိတို့နှင့်သဟဇာတ်ဖြစ်ကုန်သော ရုပ်,နာမ်ခန္ဓာတရားတို့သည်

အမျိုးမျိုးသော ကြီးပွါးခြင်းဖြင့် ကြီးပွါးနိုင်ကြကုန်လေသည်၊ ဒုဂ္ဂတိ သံသရာဖြစ်သောရုပ်,နာမ်ခန္ဓာတရားတို့၏ အမြစ်ကြီးတွေကား-လောဘ,ဒေါသ, မောဟ-ဟူသော အကုသိုလ် ဟိတ်သုံးပါးတို့ ပေတည်း၊ သုဂတိ သံသရာဖြစ်သော ရုပ်,နာမ်ခန္ဓာတို့၏ အမြစ်ကြီးတွေကား-အလောဘ,အဒေါသ,အမောဟ-ဟူသော ကုသိုလ်ဟိတ် သုံးပါးတို့ပေတည်း။

(၂) အာရမ္မဏပစ္စည်း-ဆိုသည်မှာ။ ။စိတ်,စေတသိက်ဖြစ်ကုန်သောနာမဂ္ဂန္ဓာတို့အား အာရုံကိစ္စကို ရွက်ဆောင်သောအားဖြင့် ရူပ, သဒ္ဒ,ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗ,ဓမ္မ-ဟု ဆိုအပ်သော ခြောက်ပါးသောတရားတို့၏ ကျေးဇူးပြုမှုကိုဆိုသည်၊ ထိုတရားခြောက်ပါးကို အာရုံကိစ္စကိုရွက်ဆောင်တတ်သောကြောင့်သာလျှင် အာရုံခြောက်ပါး-ဟူ၍ ဆိုအပ်လေသည်၊အားနည်းသောသူသည် တောင်ဝှေး,ကြိုးတန်းစသည်ကို ဆွဲကိုင်ရမှ ထနိုင်သကဲ့သို့ စိတ်,စေတသိက်ဖြစ်ကုန်သော နာမဂ္ဂန္ဓာတို့သည်လည်း ထိုအာရုံခြောက်ပါးတရားတို့ကို ဆွဲကိုင်ရမှ အာရုံခြောက်ပါးတရားတို့၏ ထိခိုက်မှုရှိမှသာ ဖြစ်ပေါ်နိုင်ကုန်၏၊ အာရုံနှင့်ကင်းမဲ့ တရုံတဆစ်မျှ မဖြစ်ပေါ်နိုင်ကုန်။

စိတ်,စေတသိက်ဖြစ်ကုန်သော နာမဂ္ဂန္ဓာတရားတို့၏ အာရုံအဖြစ်သို့ ထိုက်သည့်အားလျော်စွာ မရောက်ကောင်းသော တရားဟူ၍ တစုံတရာမျှမရှိစကောင်းသောကြောင့် ဤအာရမ္မဏပစ္စည်းသည် နှစ်ဆယ့်လေးပစ္စည်းတို့တွင် အရာအကျယ်ဆုံးသောပစ္စည်းကြီးဟူ၍မှတ်ရမည်။

(၃) အဓိပတိပစ္စည်းသည် အာရမ္မဏာဓိပတိပစ္စည်း, သဟဇာတာဓိပတိပစ္စည်း-ဟူ၍ နှစ်မျိုးရှိ၏။

အာရမ္မဏာဓိပတိပစ္စည်းဆိုသည်မှာ-အဓိပတိအာရုံမျိုးကိုဆိုသည်၊ အာရုံသည် သာမညအာရုံ,အဓိပတိအာရုံ-ဟူ၍နှစ်မျိုးရှိ၏၊ထိုနှစ်မျိုးတို့တွင် သာမညအာရုံမျိုးကို အာရမ္မဏပစ္စည်းသို့သွင်းရသည်၊အဓိပတိအာရုံမျိုးကို ဤ အာရမ္မဏာဓိပတိပစ္စည်းသို့ သွင်းရသည်၊ အဓိပတိအာရုံမျိုးဆိုသည်မှာ စိတ်,စေတသိက် နာမဂ္ဂန္ဓာတို့ကို အလိုရှိတိုင်းဆွဲငင်နိုင်သော အထူးအားဖြင့် ခင်မင်ကြသောအာရုံမျိုးကိုဆိုသည်။

ကုသဇာတ်၌ မဒ္ဒရာဇ်တိုင်းသူ-ပဘာဝတီ၏ရူပါရုံသည် ကုသမင်း၏ စိတ်,စေတသိက် နာမကွန္ဓာတို့အား အာရမ္မဏာဓိပတိပစ္စည်းဖြစ်၍ နေ၏၊အာရမ္မဏာဓိပတိပစ္စည်းဖြစ်သော ပဘာဝတီ၏ ရူပါရုံ၏ ဆွဲငင်မှုကြောင့် ကုသာဝတီနေပြည်တော်ကြီးကို စွန့်ပစ်၍ ယူဇနာတရာရှိသော ခရီးကိုပင် နေ့ချင်းပေါက်အောင်သွားရရှာ၏၊ထိုသို့သွားရောက်၍ များပြားသော ဆင်းရဲဒုက္ခကို ရသော်လည်း ထိုပဘာဝတီကို မစွန့်လွှတ်နိုင်ဘဲ ထိုဆင်းရဲဒုက္ခကိုပင် မြိန်မြိန်ရှက်ရှက် ခံရရှာ၏။

ဤကုသဇာတ်တော်ဖြင့် အာရမ္မဏာဓိပတိပစ္စည်း၏ ကြီးမားသော သတ္တိကိုသိနိုင်၏၊ အာရမ္မဏာဓိပတိပစ္စည်းတပ်သော သဒ္ဒါရုံစသည် များကိုလည်းနည်းမှီ၍သိပါလေ။

သဟဇာတဓိပတိ ပစ္စည်းဆိုသည်မှာ-အတူဖြစ်ဘက်ဖြစ်သောတရားတို့၏အပေါ်၌ လွန်ကဲစွာအစိုးရသောအားဖြင့် ဆန္ဒ, ဝီရိယ, စိတ္တ, ဝိမံသတို့၏ကျေးဇူးပြုမှုကိုဆိုသည်၊ ဝိမံသဆိုသည်မှာ ပညာကိုဆိုသည်၊ ဤအဓိပတိပစ္စည်း၏ကျေးဇူးပြုမှုကိုခံကြရကုန်သောပစ္စယုပ္ပန်တရားတို့အား ဆန္ဒအကြီးအမှူးပြု၍ ဆန္ဒာဓိပတိ၊ ဝီရိယအကြီးအမှူးပြု၍ ဝီရိယာဓိပတိ၊ စိတ်အကြီးအမှူးပြု၍ စိတ္တာဓိပတိ၊ ပညာအကြီးအမှူးပြု၍ ဝိမံသာဓိပတိသတ္တိအားဖြင့် ကျေးဇူးပြုကုန်၏၊ အဓိပတိပစ္စည်းတပ်ကြကုန်သော ထိုတရားတို့သည် မည်သည့်အလုပ်ကိုမဆို မပြီးမနေရ၊ ထမြောက်အောင်မြင်စွာ ရွက်ဆောင်ကြကုန်၏၊ ဆန္ဒသည် အဓိပတိပစ္စည်းတပ်၍ ဆန္ဒအစွမ်းထက်သန်၍နေလျှင် ဆန္ဒရှိသော ဝါ့အား အဘယ်မည်သောအမှု,အဘယ်မည်သောအကျိုးသည်မပြီးဘဲရှိအံ့နည်း၊ ဤသို့ ထိုဆန္ဒကို အကြီးအမှူးပြု၍ ရုပ်,နာမ်ခန္ဓာတို့သည် ပြုလိုသောအမှုကို,ရလိုသောအကျိုးကို ပြီးစီးရအောင်,ရလေရအောင် ဆောင်ရွက်နိုင်ကုန်၏၊ စိတ္တ,ဝီရိယ,ပညာတို့ကိုလည်းနည်းတူ သိပါလေ။

ကဿပမြတ်စွာဘုရား၏တရားတော် တပုဒ်,တဂါထာကိုမျှမကြားမနာရလျှင် ဗာရာဏသီပြည်ကြီးမှာ မင်းလုပ်၍နေသဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု ထီးနန်းကို စွန့်ပစ်၍ တရားဟောနိုင်သောသူကို အရရှာခြင်းငှါ တိုင်းပြည်မှ ထွက်သွားသော အလွန်အားကြီးသော

ဆန္ဒရှိသောဓမ္မသောဏ္ဍာမင်းကြီး၏ဝတ္ထု၊ ဇနကဇာတ်၌ ပင်လယ်အပြင်မှာ လက်ပစ်ကူး၍နေရာ မဏိမေခလာနတ်သမီးနှင့်တွေ့သော်လည်း ၎င်းနတ်သမီး၏ကယ်ဆယ်မှုကို မတောင့်တဘဲ ငါ့မှာဝိရိယစွမ်းအင်ရှိပါ၏၊ကိုယ်ပိုင်စွမ်းအားဖြင့် ယောက်ျားပြိုပြို ကူးပေအုံ-ဟု၍ ဆိုလိုက်သောအလွန်အားကြီးသော ဝိရိယရှိသော ဇနကမင်း၏ ဝတ္ထု-ဤသို့စသောဝတ္ထုများကို ထောက်စာ၍ သဟဇာတာဓိပတိပစ္စည်း၏ ကြီးမားသောသတ္တိကို သိပါလေ။

(၄-၅) အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်း-ဆိုသည်မှာ။ ။ စိတ်, စေတသိက်တို့ အာရုံခြောက်ပါးတို့၏ ထိခိုက်မှုရှိမှသာ ဖြစ်ပေါ်နိုင်သော်လည်း မျက်စိ, နား, နှာ, လျှာ, ကိုယ်, နှလုံး-ဟု ဆိုအပ်သော အအိမ်ခြောက်ခုတို့၌ ပြိုင်၍မဖြစ်ကောင်း၊ တအိမ်၌ဖြစ်ပြီးမှ တအိမ်၌ ဖြစ်ပေါ်နိုင်ကြသည်ကို ဆိုသည်၊ ※ထင်ရှားစေဦးအုံ-အဖြစ်,အပျက်တွေလျင်မြန်လှသောကြောင့်သာလျှင် တပြိုင်ထဲဖြစ်သကဲ့သို့ ထင်ရသည်။

ကေစ္ဆရက္ခဏော ကောဋိသတသဟဿသင်္ခါ ဥပ္ပဇ္ဇိတ္ထာ နိရုဇ္ဈန္တိ။ ။[ဝိဘင်းအဋ္ဌကထာ။]

ကေ စ္ဆရက္ခဏော၊ လက်ဖျစ်တတွက်,လျှပ်တပျက်ခန့်ခဏာ၌။ ကောဋိသတသဟဿသင်္ခါ၊ ကုဋေတသိန်းမျကုန်သော စိတ်, စေတသိက်နာမက္ခန္ဓာတို့သည်။ ဥပ္ပဇ္ဇိတ္ထာ၊ ဖြစ်၍။ နိရုဇ္ဈန္တိ၊ ချုပ်ပျက်ကုန်၏။ ။ ဤသို့ အဋ္ဌကထာဆရာမြတ်တို့ မိန့်ဆိုအပ်သည်ကို ထောက်၍ အဖြစ်, အပျက်တွေ၏ လျင်မြန်ပုံကိုသိလေ၊ ဤသို့အဖြစ်, အပျက်တွေ လျင်မြန်သောကြောင့်သာလျှင် မျက်စိဖြင့် ရူပါရုံကို မြင်သောခဏာ၌ပင် နားဖြင့်လည်း သဒ္ဒါရုံကိုကြားရသည် စသည်ဖြင့် ထင်ရသည်၊ စင်စစ်သော်ကား-တယောက်သောသူ၏ သန္တာန်၌တပြိုင်ထဲ စိတ်နှစ်ခု, သုံးခုစသည် ပြိုင်၍ဖြစ်ရိုးမရှိ-ဟု၍မှတ်ပါလေ။

ပုရိမံ ဘိဇ္ဇတေ စိတ္တံ၊
ပစ္ဆိမံ ဇာယတေ တတော။
[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။]

ပုရိမံ၊ ရှေ့ဖြစ်သော။ စိတ္တံ၊ စိတ်သည်။ ဘိဇ္ဇတေ၊ ချုပ်လေ၏။ တတော၊ ထိုရှေ့စိတ်ချုပ်ပြီးမှ။ ပစ္ဆိမံ၊ နောက်စိတ်သည်။ ဇာယတေ၊ အသစ်ဖြစ်ပေါ်လာလေ၏။

အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်း-ဟူသော ဤနှစ်ပစ္စည်းသည် သဒ္ဒါသာထူးတော့သည်၊ အနက်သဘောအထူးမရှိပြီ၊ ပုဂ္ဂလဗျာသယ, ဒေသနာဝိလာသအားဖြင့်ဟောတော်မူသည်ဟုမှတ်ပါ၊ကေစိဆရာတို့ကား တရားကိုယ် မခြားသည်၏အဖြစ်ဖြင့် အနန္တရပစ္စည်းဖြစ်သည်၊ ကာလမခြားသည်၏ အဖြစ်ဖြင့် သမနန္တရပစ္စည်းဖြစ်သည် - ဟု အထူးကိုဆိုကြကုန်၏၊ နိရောဓသမာပတ်မှ ကာလခြား၍ ကျသော ဖိုလ်ဇောအား သမနန္တရပစ္စည်းတပ်သော နေဝသညာနာသညာယတနအဆုံးဇောကို ပဋ္ဌာန်း၌ဟောတော်မူသည့် ပါဠိနှင့် ဆန့်ကျင်သောကြောင့် ထိုကေစိဆရာတို့၏စကားကို ပဋ္ဌာန်းအဋ္ဌကထာ၌ပယ်တော်မူ၏။

(၆-၇) သဟဇာတပစ္စည်းနှင့် အညမညပစ္စည်း-ဆိုသည်မှာ။ ။ ရူပက္ခန္ဓာလျှင်ရူပက္ခန္ဓာချင်း-နာမက္ခန္ဓာလျှင် နာမက္ခန္ဓာချင်း ပြိုင်းခနဲ, ပြိုင်းခနဲ အတူတကွ ဖြစ်ပေါ်ကြသည်ကို ဆိုသည်။

အညမညပစ္စည်းဟူသည်လည်း သဟဇာတပစ္စည်းကြီးထဲကပင် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုသော အချက်ကြီးများကိုသာ ကွက်ခြား၍ပြုသော ပစ္စည်းတခုဖြစ်၍ ဤ၌ သဟဇာတပစ္စည်းနှင့်အတူ ထား၍ပြုဆိုလိုက်သည်။

ထိုနှစ်ပါးတို့၏အထူးကား—

တကွ ဖြစ်ကာမျှဖြင့် ကျေးဇူးပြုမှုကား သဟဇာတ၏ သဘောတည်း၊ တကွဖြစ်ရုံမျှ ကျေးဇူးမပြုမှုကား အညမည၏ သဘောတည်း။

တနည်း။ ။မိမိနှင့်တကွဖြစ်ကုန်သောပစ္စယုပ္ပန်တရားတို့အား တကွ ဖြစ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သည်၏ အဖြစ်သည် သဟဇာတ၏သဘောတည်း၊ အချင်းချင်း အပြန်အလှန်ကျေးဇူးပြုတတ်သည်၏ အစွမ်းဖြင့်သာလျှင် မိမိအား ကျေးဇူးပြု

တတ်ကုန်သော တရားတို့အား ကျေးဇူးပြုတတ်သည်၏အဖြစ်သည် အညမည၏သဘောတည်း။

တနည်း။ သဟဇာတပစ္စည်းနှင့်ကင်း၍ မဖြစ်နိုင်သည်ကား အညမည၏ သဘောတည်း၊ ထိုအညမည ပစ္စည်းနှင့် ကင်း၍လည်း ဖြစ်နိုင်သည်ကားသဟဇာတ၏သဘောတည်း၊အညမည်ပစ္စည်းနှင့်ကင်းသောအရာကား အရူပဝိပါက်လေးခု, ဒွေပဋ္ဌဝိညာဉ် တဆယ်ကြဉ်သောနာမက္ခန္ဓာတို့သည် စိတ္တဇရုပ်တို့အား,မဟာဘုတ်တို့သည် ဥပါဒါယရုပ်တို့အား ကျေးဇူးပြုသောအခါ သဟဇာတပစ္စည်းသာဖြစ်သည်၊ အညမည ပစ္စည်းမဖြစ်၊ဤသို့ ပစ္စည်းနှစ်ပါးတို့၏အထူးကို မှတ်သားအပ်၏။

(၈) နိဿယပစ္စည်း-ဆိုသည်မှာ။ ရူပက္ခန္ဓာလျှင်ရူပက္ခန္ဓာချင်း, နာမက္ခန္ဓာလျှင် နာမက္ခန္ဓာချင်း မှီကြရသည်ကိုဝင်း၊နာမက္ခန္ဓာတို့၏ ရူပက္ခန္ဓာတို့၌ မှီကြရသည်ကိုဝင်း ဆိုသည်၊ ဤနိဿယပစ္စည်းသည် သဟဇာတနိဿယ, ပုရေဇာတနိဿယအားဖြင့် နှစ်ပါး အပြားရှိ၏၊ ပုရေဇာတနိဿယပစ္စည်းသည်လည်း ဝတ္ထုပုရေဇာတနိဿယ, ဝတ္ထုဟာရမ္မဏ ပုရေဇာတနိဿယ-ဟူ၍ နှစ်ပါးရှိပြန်၏၊ထိုပစ္စည်းဘို့၏အထူးကို ကျယ်အံ့စိုး၍ ဤ၌မရေးပြီ၊ နောက်ပစ္စည်းများ၌လည်း အပြားအထူးကိုမပြဘဲ အဓိပ္ပါယ်အကျဉ်းမျှကိုသာ ရေးသားပေအံ့–

(၉) ဥပနိဿယပစ္စည်း-ဆိုသည်မှာ၊ ။ထိုထို့သို့သော အကျိုးတို့ကိုပြီးမြောက်ဘို့ရန် အားကြီးစွာသော အကြောင်းဖြစ်သော ဘုရားကျေးဇူး,တရားကျေးဇူး,သံဃာ့ကျေးဇူး, မိဘကျေးဇူး, ဆရာ့ကျေးဇူး, အစာအဟာရကျေးဇူး- အစရှိသော လောကာ၌ရှိသမျှသော ကျေးဇူးတို့ကိုဆိုသည်။

(၁၀) ပုရေဇာတပစ္စည်း-ဆိုသည်မှာ။ ။စက္ခုဒ္ဒါရစသော ဒ္ဒါရငါးပါး၌ နာမက္ခန္ဓာလေးပါးတို့ ဖြစ်ပေါ်လာအောင် အာရုံတို့က အနည်းငယ်ရှေးကျလျက် အလျင်တင်ကူး၍ဖြစ်သည်ကိုဆိုသည်။

(၁၁) ပစ္ဆာဇာတပစ္စည်း-ဆိုသည်မှာ။ ။ရှေး၌ ဖြစ်နှင့်ကြကုန်သော ရူပက္ခန္ဓာတို့အား ထောက်ပံ့ခိုင်ခံ့စေခြင်းငှါ ကျေးဇူးပြုသော

အားဖြင့် နောက်နောက်၌ စိတ်,စေတသိက် နာမကွန္ဓာလေးပွါးတို့၏ ဖြစ်ပေါ်မှုကိုဆိုသည်။

(၁၂) အာသေဝနပစ္စည်း-ဆိုသည်မှာ။ ။ရှေ့ရှေ့ဖြစ်သော ဇော နာမကွန္ဓာတို့သည် နောက်နောက်ဖြစ်သောဇောနာမကွန္ဓာတို့အား မိမိ သဘောကို ယူစေသောအားဖြင့် အဆင့်ဆင့်အားပေးမှုကို ဆိုသည်။

(၁၃) ကမ္မပစ္စည်း-ဆိုသည်မှာ။ ။သစ်ပင်တည်းဟူသောအကျိုး ကိုပြီးစေတတ်သော မျိုးစေ့ကဲ့သို့ အလုံးစုံ သုဂတိ,ဒုဂ္ဂတိဘုံတို့၌ ဖြစ်ပွါး စေတတ်သော ကုသိုလ်,အကုသိုလ်စေတနာကိုဆိုသည်။

(၁၄) ဝိပါကပစ္စည်း-ဆိုသည်မှာ။ ။ဝိပါက်နာမကွန္ဓာတရားတို့ ၏ ငြိမ်သက်မှုကိုဆိုသည်။

နိရုဿာဟသန္တာဘာဝေန နိရုဿာဟသန္တာဘာဝါယ ဥပ-
ကာရကော ဝိပါကဓမ္မော ဝိပါကပစ္စယော။ ။[ပဋ္ဌာန်း
အဋ္ဌကထာ။]

နိရုဿာဟသန္တာဘာဝေန၊ အားထုတ်ခြင်းမရှိသော ငြိမ်သက်သော သဘောရှိသည်၏ အဖြစ်ဖြင့်။နိရုဿာဟသန္တာဘာဝါယ၊အားထုတ်ခြင်း မရှိသော ငြိမ်သက်သောသဘောဖြစ်ခြင်းငှါ။ ဥပကာရကော၊ သဟ ဇာတ်ဖြစ်သော နာမ်,ရုပ်တို့အားကျေးဇူးပြုတတ်သော။ ဝိပါကဓမ္မော၊ ဝိပါက်နာမကွန္ဓာတရားသည်။ ဝိပါကပစ္စယော၊ဝိပါကပစ္စည်းမည်၏။

ဤသို့အဋ္ဌကထာ၌ မိန့်ဆိုအပ်သည်နှင့်အညီ အားထုတ်ခြင်း ဗျာပါ ရမရှိမှု,ငြိမ်သက်မှုသဘောနှင့် ပြည့်စုံသော ဝိပါက်စိတ်တို့သည် သဟ ဇာတ်ဖြစ်သော ပစ္စယုပ္ပန်တရားတို့အား မိမိတို့နှင့်သဘောတူစွာ အား ထုတ်ခြင်း ဗျာပါရမရှိမှု, ငြိမ်သက်မှုသဘောနှင့် ပြည့်စုံလေအောင် ကျေးဇူးပြုတတ်ကြသည်ကို ဤ၌ဝိပါကပစ္စည်းဆိုသည်၊ အားထုတ်ခြင်း ဗျာပါရမရှိမှု,ငြိမ်သက်မှုသဘောကို ဝိပါက်နာမကွန္ဓာဖြစ်သော ဘဝင် သက်သက်ဖြစ်လျက် အိပ်ပျော်၍နေသောအခါ ထင်ရှားသိသာ၏။

(၁၅) အာဟာရပစ္စည်း-ဆိုသည်မှာ။ ။သတ္တဝါတို့၏ ရူပကွန္ဓာ အစဉ်ကို တသက်ပတ်လုံး ကောင်းစွာတည်နိုင်အောင် အစာအာဟာရ

သြဇာ၏ ထောက်ပံ့မှု,ဝေဒနာ-ဟု ဆိုအပ်သောခံစားမှု အမျိုးမျိုးဖြစ်ပေါ်အောင် ဖဿ၏ထောက်ပံ့မှု, ပဋိသန္ဓေဝိညာဉ် ဖြစ်ပေါ်အောင် စေတနာ၏ထောက်ပံ့မှု, မိမိနှင့်တပြိုင်ထဲ ဖြစ်ပေါ်သော စေတသိက်နာမကွန္ဓာနှင့် ရူပကွန္ဓာတို့အား မိမိဖြစ်ပေါ်သောအားဖြင့် ဝိညာဏကွန္ဓာ၏ ထောက်ပံ့မှုတို့ကို ဆိုသည်။

(၁၆) ဣန္ဒြိယပစ္စည်း-ဆိုသည်မှာ။ ။ပဿာဒရူပဝါးပါး,ရူပဇီဝိတ-နာမ်ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဈာန်, ပညာတို့၏ မိမိနှင့်စပ်သော တရားတို့၏အပေါ်၌ အသီး,အသီးသော ကိစ္စဖြင့် အစိုးရမှုကိုဆိုသည်၊ ထိုသို့အစိုးရခြင်း၌ မိမိတို့ထက်လျင် ထက်ကြကုန်၏၊ မိမိတို့ နှုံ့လျင်နှုံ့ကြကုန်၏၊ ※ထင်ရှားစေဦးအုံ့-စက္ခုပသာဒတည်းဟူသော စက္ခုန္ဒြေသည် မြင်ခြင်းကိစ္စ၌ အစိုးရ၏၊ စက္ခုပသာဒ ထက်သန်လျင် ထက်သန်၏၊ မျက်စိကြည်လင်၏။စက္ခုပသာဒ နှုံ့လျင်နှုံ့၏၊ မျက်စိမှုန်၏၊ သောတ,ဃာန,ဇိဝှါ,ကာယပသာဒ တို့၌လည်းနည်းတူသိပါလေ၊ ရူပဇီဝိတိန္ဒြေသည် သဟဇာတ်ရူပတရားတို့၏ အပေါ်၌ ပဋိသန္ဓေမှစ၍ သေသည့်တိုင်အောင် မြစ်ရေအယဉ်ကဲ့သို့ အစဉ်မပြတ် ဖြစ်ပွါးခြင်း-ဟုဆိုအပ်သော အသက်ရှင်စေခြင်းကိစ္စဖြင့် အစိုးရ၏၊ နာမ်ဇီဝိတိန္ဒြေသည် နာမကွန္ဓာလေးပါးတို့၏ အပေါ်၌ နိဗ္ဗာန်သို့ မရောက်သမျှကာလပတ်လုံး မပြတ်ဖြစ်စေခြင်း-ဟုဆိုအပ်သော အသက်ရှင်စေခြင်းကိစ္စဖြင့် အစိုးရ၏၊ စိတ်-ဟုဆိုအပ်သော မနိန္ဒြေသည် သိခြင်းကိစ္စ၌ရင်း၊ ဝေဒနာ-ဟုဆိုအပ်သော ဝေဒနိန္ဒြေသည် အာရုံ၏ အရသာကို ခံစားခြင်း ကိစ္စ၌ရင်း၊ သဒ္ဓိန္ဒြေသည် အာရုံ၌ ယုံကြည်သက်ဝင်ခြင်းကိစ္စ၌ရင်း၊ ဝီရိယိန္ဒြေသည် အမှုအမျိုးမျိုးတို့၌ မတွန့်မဆုတ်ခြင်းကိစ္စ၌ရင်း၊ သတိန္ဒြေသည် အာရုံကို အောက်မေ့ခြင်းကိစ္စ၌ရင်း၊ ဈာန်တာ-ဟုဆိုအပ်သော သမာဓိန္ဒြေသည် အာရုံ၌ တည်တံ့ခြင်းကိစ္စ၌ရင်း၊ ပညိန္ဒြေသည် မတွေ့မဝေခြင်းကိစ္စ၌ရင်း၊ အသီး,အသီး သမ္ပယုတ်တရားတို့ကို အစိုးရ၏။

(၁၇) ဈာနပစ္စည်း-ဆိုသည်မှာ။ ။စိတ်,စေတသိက် နာမကွန္ဓာလေးပါးတို့ကို ကောင်းသော အာရုံ,မကောင်းသော အာရုံတို့၌ စူးစူး

စိုက်စိုက် နေနိုင်ကြအောင် ဝိတက်,ဝိစာရ,ပီတိ,ဝေဒနာ, ကေဋ္ဌတာ တည်းဟူသော ဈာန်အင်္ဂါတရား ငါးပါးတို့၏ ကျေးဇူးပြုမှုကိုဆို သည်။

(၁၈) မဂ္ဂပစ္စည်း-ဆိုသည်မှာ။ ။ဒုဋ္ဌတိဘုံ, သုဂတိဘုံ,နိဗ္ဗာန်သို့ ရောက်ကြောင်း၏ အဖြစ်ဖြင့် နာမကွန္ဓာတရားလေးပါးတို့အား ပညာ, ဝိတက်, ဝိရတီသုံးပါး, သတိ, ဝိရိယ,ဧကဋ္ဌတာ, ဒိဋ္ဌိ-တည်းဟူ သော မဂ္ဂင်-တရား ကိုးပါးတို့၏ ကျေးဇူးပြုမှုကို ဆိုသည်။

(၁၉) သမ္မယုတ္တပစ္စည်း-ဆိုသည်မှာ။ ။နာမကွန္ဓာတရား လေး ပါးတို့၏ တခုတည်း,တသားတည်း,တလုံးတည်းဖြစ်သကဲ့သို့ ဖြစ်အတူ, ပျက်အတူ,အာရုံတူ,မှီရာတူဖြစ်သည်ကို ဆိုသည်။

(၂၀) ဝိပ္ပယုတ္တပစ္စည်း-ဆိုသည်မှာ။ ။မျက်စိအိမ်,နားအိမ်,နှာ အိမ်,လျှာအိမ်,ကိုယ်အိမ်,နှလုံးအိမ်-ဟုဆိုအပ်သောအအိမ်ခြောက်ခု တို့၌ နာမကွန္ဓာတို့ တသုတ်ပြီးတသုတ် မပြတ် ဖြစ်ပေါ်၍ နေကြကုန် သော်လည်း နာမ်လည်းတမျိုးတခြား, ရူပ်လည်းတမျိုးတခြားဖြစ်၍ ဝတ္ထုအအိမ်ခြောက်ခုဖြစ်သော ရူပ်တရားတို့၏ စိတ်, စေတသိက်ဖြစ် သော နာမကွန္ဓာတို့နှင့် ငြိတွယ်ခြင်းမရှိမှုကို ဆိုသည်။

(၂၁) အတ္ထိပစ္စည်း-ဆိုသည်မှာ။ ။ပြဆိုခဲ့ပြီးသော ပစ္စည်းတရား တို့တွင် အကျိုးဖြစ်သော ပစ္စယုပ္ပန်တရားတို့နှင့် ခဏပစ္စယုပ္ပန် အပြင် ရကောင်းသော သဟဇာတပစ္စည်း, ပုရေဇာတပစ္စည်း,ပစ္ဆာဇာတ ပစ္စည်း, အာဟာရပစ္စည်း, ဣန္ဒြိယ ပစ္စည်းတို့ကိုပင် ဆိုသည်။

(၂၂-၂၃) နတ္ထိပစ္စည်း,ဝိဂတပစ္စည်းနှစ်ပါး၏ သဘောအဓိပ္ပါယ် မှာ။ ။အနန္တရပစ္စည်း,သမနန္တရ ပစ္စည်းတို့နှင့် တူ၏။

(၂၄) အဝိဂတပစ္စည်း၏ သဘော အဓိပ္ပါယ်မှာ။ ။အတ္ထိပစ္စည်း နှင့်တူ၏။

ပဋ္ဌာန်း နှစ်ဆယ့်လေးပစ္စည်းတို့၏အဓိပ္ပါယ် အကျဉ်း ပြကား ပြီး၏။

၅၂။ ယုံမှားခြင်း ၁၆-ပါး

ဤသို့နာမ်,ရူပ်၏ ဖြစ်ကြောင်းကို တပ်တပ်ထင်ထင် သိမြင်၍ ဤနာမ်,ရူပ်တို့သည် တစုံတယောက်သောသူ ဘန်ဆင်း၍ဖြစ်သည်မဟုတ်၊ အကြောင်းမရှိဘဲ ဖြစ်သည်လည်းမဟုတ်၊ ပြဆိုခဲ့ပြီးသောအကြောင်းတို့ကြောင့်သာဖြစ်ကုန်၏-ဟု အကြောင်းကို သိမ်းဆည်းရမည်၊ပစ္စုပ္ပန်အကြောင်းကိုမြင်လျှင်လည်း–

ယထာ ယိဒံ နာမရူပံ၊
ပစ္စယတော ပဝတ္တတိ။
ဧဝံ တီတေ ပိ နာဂတေ၊
အဘာဝိတ္တ ဘဝိသတိ။

ဟု ကာလသုံးပါးခ္ဍပင် မြင်တော့သည်။

ဣဒံနာမရူပံ၊ ဤပစ္စုပ္ပန်,နာမ်ရူပ်နှစ်ပါးသည်။ ပစ္စယတော၊ အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံ,အာဟာရ,စက္ခု,ရူပ စသော အကြောင်းကြောင့်။ ပဝတ္တိယထာ၊ ယခုဖြစ်၍နေသကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ အတီတေပိ၊ အနုမတဂ္ဂ-ရှေးရှေးဘဝ၌လည်း။ ပစ္စယတော၊အကြောင်းကြောင့်။ အဘာဝိတ္တ၊ ဖြစ်ဘူးလှလေပြီ။ အနာဂတေပိ၊ မကျွတ်သေးသမျှ နောက်ကာလ၌လည်း။ပစ္စယတော၊အကြောင်းကြောင့်။ဘဝိသ-တိ၊ ဖြစ်ရလတ္တံ့။

ဤသို့ပစ္စယပရိဂ္ဂဟဉာဏ် ထင်မြင်သောအခါ ၁၆-ပါးသော ယုံမှားခြင်းတို့သည် ပျောက်ကင်းကုန်တော့သည်၊ ယုံမှားခြင်း ရှစ်ပါးလည်း တုံ့စားရာမရ ပျောက်ပတော့သည်။

ယုံမှားခြင်း တဆယ့်ခြောက်ပါးဆိုသည်မှာ။ ။အတိတ်ဘဝ၌ ယုံမှားခြင်း၁ါးပါး, အနာဂတ်ဘဝ၌ ယုံမှားခြင်း၁ါးပါး, ပစ္စုပ္ပန်ဘဝ၌ ယုံမှားခြင်းခြောက်ပါး-ဤတဆယ့်ခြောက်ပါးကိုဆိုသည်၊ ထိုတဆယ့်ခြောက်ပါးတို့တွင် အတိတ်ဘဝ၌ ယုံမှားခြင်း ၁ါးပါး ဆိုသည်မှာ–

(၁) သဿတဒိဋ္ဌိ အယူကိုမှီ၍ ၁ါသည် အတိတ်ဘဝ, အတိတ်ကာလက ဖြစ်ဘူးပြီလော-ဟု ယုံမှားခြင်းလည်းတပါး။

(၂) ဥစ္ဆေဒဒိဋ္ဌိအယူကိုမှီ၍ ငါသည် အတိတ်ဘဝ,အတိတ်ကာလက မဖြစ်ဘူးလေသလော-ဟု ယုံမှားခြင်းလည်းတပါး။
(၃) ဇာတ်,လိင်,ပဋိသန္ဓေတို့ကို အမှီပြု၍ ငါသည်အတိတ်ဘဝ, အတိတ်ကာလက မင်းဖြစ်ဘူးသလော, ပုဏ္ဏားဖြစ်ဘူးသလော-အစရှိသည်ဖြင့် ယုံမှားခြင်းလည်းတပါး။
(၄) သဏ္ဌာန်ကို အမှီပြု၍ ငါသည် အတိတ်ဘဝ,အတိတ်ကာလက မြင့်သောသူ,နိမ့်သောသူ ဖြစ်ဘူးသလော-ဟုယုံမှားခြင်းလည်းတပါး။
(၅) ဇာတ်ကိုအမှီပြု၍ ငါသည်အတိတ်ဘဝ, အတိတ်ကာလက မင်းဖြစ်၍ပုဏ္ဏားဖြစ်သလော- အစရှိသည်ဖြင့် ယုံမှားခြင်းလည်းတပါး။

၅၂ငါးပါးကိုဆိုသည်။

အနာဂတ်ဘဝ၌ ယုံမှားခြင်း ငါးပါးဆိုသည်မှာ–

(၁) သဿတဒိဋ္ဌိ အားဖြင့် ငါသည် အနာဂတ်ဘဝ၌ ဖြစ်လတ္တံ့လော-ဟု ယုံမှားခြင်းလည်းတပါး။
(၂) ဥစ္ဆေဒဒိဋ္ဌိအားဖြင့် ငါသည် အနာဂတ်ဘဝ၌ မဖြစ်လတ္တံ့လော-ဟု ယုံမှားခြင်းလည်းတပါး။
(၃) ငါသည် အနာဂတ်ဘဝ၌ မင်းဖြစ် လတ္တံ့လော, ပုဏ္ဏားဖြစ်လတ္တံ့လော-ဟု ယုံမှားခြင်းလည်းတပါး။
(၄) ငါသည် အနာဂတ်ဘဝ၌ မြင့်သောသူ, နိမ့်သောသူ ဖြစ်လတ္တံ့လော-ဟု ယုံမှားခြင်းလည်းတပါး။
(၅) ငါသည် အနာဂတ်ဘဝ၌ ပုဏ္ဏားဖြစ်၍ မင်းဖြစ်လတ္တံ့လော-ဟု ယုံမှားခြင်းလည်းတပါး။

၅၂ငါးပါးကိုဆိုသည်။

ပစ္စုပ္ပန်ဘဝ၌ ယုံမှားခြင်း ခြောက်ပါးဆိုသည်မှာ–

(၁) ငါဟုတ်လေသလော-ဟု ယုံမှားခြင်းလည်းတပါး။
(၂) ငါမဟုတ်လေသလော-ဟု ယုံမှားခြင်းလည်းတပါး။

(၃) ငါသည် အဘယ်သို့သောသူ ဖြစ်သနည်း-ဟု ယုံမှားခြင်းလည်းတပါး။
(၄) ငါသည် မြင့်သလော,နိမ့်သလော-အစရှိသည်ဖြင့် ယုံမှားခြင်းလည်း တပါး။
(၅) ငါသည် အဘယ်က လာခဲ့သနည်း-ဟု ယုံမှားခြင်းလည်း တပါး။
(၆) ငါသည် အဘယ်သို့သွားအံ့နည်း-ဟု ယုံမှားခြင်းလည်း တပါး။ ။ဤခြောက်ပါးကို ဆိုသည်။

ဤသို့အားဖြင့် ယုံမှားခြင်း တဆယ့်ခြောက်ပါးဖြစ်၏၊ ယုံမှားခြင်းရှစ်ပါးကိုကား-အောက်၌ပြဆိုခဲ့လေပြီ။

၅၃။ ဂုဏ္ဍေသေတာပန်

ပြဆိုခဲ့ပြီးသော နာမရူပ ပရိစ္ဆေဒဉာဏ်,ပစ္စယ ပရိဂ္ဂဟဉာဏ် နှစ်ပါးသည် သမထ,ဝိပဿနာ နှစ်ပါးတွင် ဝိပဿနာဖြစ်သင့်၏၊ ဝိပဿနာ ဉာဏ်ဆယ်ပါး၌ မပါမဝင်သောကြောင့်လည်း ဝိပဿနာအစစ်မဟုတ်၊ဝိပဿနာ၏ အခြေပါဒကဖြစ်၍ ပရိကံ,ဥပစာ အရာ၌ တည်၏၊ ဒါန,သီလတို့ထက် လွန်စွာထက်မြက်၏၊ မဂ်,ဖိုလ်၏ အခြေစင်စစ်ဖြစ်၏၊ ထို ဉာဏ်နှစ်ပါးကိုရလျှင် မဂ်-တည်းဟူသော ထောက်တည်ရာ,ဖိုလ်-တည်းဟူသော သက်သာရာကိုရသကဲ့သို့ဖြစ်၍ ယခုဘဝမဂ်,ဖိုလ်မရ စုတိကျသည်ရှိသော် သုဂတိဘဝသို့ မုချလားရသည်ဖြစ်၍ နိယတဂတိရှိရကား သောတာပန်နှင့်အလားတူ၏၊ စူဠဇေသောတာပန်မည်၏။

ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓ-သာသနေ လဒ္ဓဿာသော လဒ္ဓပတိट္ဌော နိယတဂတိကော စူဠဇေသောတာပန္နောနာမ။ ။[ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။]

ပန၊ အကျိုးကြီးသည်ကို ပြဆိုပေအံ့။ ဣမိနာဉာဏေန၊ ဤဆိုအပ်ခဲ့ပြီးသော နာမရူပ ပရိစ္ဆေဒဉာဏ်,ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးနှင့်။သ-မန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာကို အားထုတ်သော ယောဂိပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာ

တော်၌။ လဒ္ဓဿာသေ၊ ရအပ်သော သက်သာရာရှိသည်။ လဒ္ဓပတိ-ဌေ၊ရအပ်သော ထောက်တည်ရာရှိသည်။ နိယတဂတိကော၊ မြဲသော သုဂတိ အလားရှိသည်။ ဟုတ္တာ၊ ဖြစ်၍။ စူဠသောတာပန္နောနာမ၊စူဠသောတာပန်မည်သည်။ ဟောတိ၊ ဖြစ်၏။

တသ္မံ ဘိက္ခု သဒါ သတော၊
နာမရူပဿ သဗ္ဗသော။
ပစ္စယေ ပရိဂ္ဂဏ္ဍေယျ၊
ကင်္ခါဝိတရဏတ္ထိကော။
[ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။]

တသ္မာ၊ ထိုသို့ စူဠသောတာပန်မည်ရသောကြောင့်။ ကင်္ခါဝိတရ-ဏတ္ထိကော၊ တဆယ့်ခြောက်ပါးသော ယုံမှားခြင်းကို လွန်မြောက်ခြင်းဖြင့် အလိုရှိသော။ ဘိက္ခု၊ သံသရာဘေးကိုရှုသော ယောဂီပုဂ္ဂိုလ်သည်။ သဒါ၊ အခါခပ်သိမ်း။ သတော၊ သတိနှင့်ပြည့်စုံလျက်။ သဗ္ဗ-သော-သဗ္ဗသ၊ အလုံးစုံသော။ နာမရူပဿ၊ နာမ်,ရူပ်တရား၏။ ပစ္စယေ၊ အကြောင်းတို့ကို။ ပရိဂ္ဂဏ္ဍေယျ၊ ပညာဖြင့် သိမ်းဆည်းဆင်ခြင်ရာ၏။

ဤသို့ပြဆိုခဲ့ပြီးသော နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးသည် ဉာတပရိညာ၏ ဖြစ်ရာဘုံ မည်၏။

ဉာတ ပရိညာပြီး၏။

၅၄။ တီရဏ ပရိညာ-သမ္မသနဉာဏ်

တီရဏပရိညာ၌ သမ္မသနဉာဏ်ဆိုသည်မှာ-ခန္ဓာငါးပါး နာမ်,ရူပ်တရားတို့၏ မမြဲသော အနိစ္စသဘော,ဆင်းရဲသော ဒုက္ခသဘော,အစိုးမရသော အနတ္တသဘော-ဟူသော လက္ခဏာရေး သုံးပါးထင်မြင်လာအောင် သုံးသပ်ဆင်ခြင်သော ဉာဏ်ကိုဆိုသည်၊ခန္ဓာငါးပါး နာမ်,ရူပ်တရားတို့သည် မျက်တောင်တခတ်, လျှပ်တပြက်ခန့်ကာလမျှ ခိုင်မြဲစွာတည်နေနိုင်သော တရားမျိုးမဟုတ်ကုန်၊ မျက်တောင်တခတ်,လျှပ်တပြက်ခန့် ကာလအတွင်းမှာပင် အကြိမ်ပေါင်းများစွာ ချုပ်ဆုံးကွယ်ပျောက်ရသော အနိစ္စမျိုး, ဒုက္ခမျိုး, အနတ္တမျိုး တို့သာတည်း၊

ဤသို့မျက်စိဖြင့် မြင်သကဲ့သို့ ဉာဏ်၌မထင်လျှင် ထင်အောင်,မမြင်လျှင် မြင်အောင် သုံးသပ်ဆင်ခြင်သောဉာဏ်ကို သမ္မသနဉာဏ်ဆိုသည်-ဟူ၍ မှတ်၊ ဤတီရဏပရိညာ အခဏ်း၌ သဘာဝလက္ခဏာ,သာမညလက္ခ-ဏာ နှစ်ပါးကိုခွဲခြား၍သိအပ်သည်၊ထိုနှစ်ပါးတို့တွင် သဘာဝလက္ခဏာ ဆိုသည်မှာ-ပထဝီဓာတ်၏ ကြမ်းထမ်းခက်မာမှုသဘော, ဖဿစေတ သိက်၏ အာရုံကို တွေ့ထိမှု သဘောစသော မိမိတို့၏အသီးသီးသော သဘောလက္ခဏာကိုဆိုသည်၊ နာမရူပပရိစ္ဆေဒဉာဏ်အခဏ်း၌ ပြဆို ခဲ့ပြီးသော နာမ်,ရူပ်တရားတို့၏ သဘောလက္ခဏာတို့ပေတည်း၊ သာ မညလက္ခဏာဆိုသည်မှာ–ယင်း နာမ်,ရူပ်တရားအလုံးစုံတို့နှင့် ဆက် ဆံသော မမြဲသော အနိစ္စသဘော,ဆင်းရဲသော ဒုက္ခသဘော, အစိုး မရသော အနတ္တသဘော-ဤသဘောသုံးခုကိုဆိုသည်။

သဘာဝေါ ကက္ခဋဖုသနာဒိကော အသာဓာရဏော သာမညံ သာဓာရဏော အနိစ္စာဒိသဘာဝေါ။ ။[မူလဋီကာ။]

ကက္ခဋဖုသနာဒိကော၊ပထဝီဓာတ်၏ကြမ်းထမ်းခက်မာခြင်း,ဖဿ၏အာရုံကို တွေ့ထိခြင်းစသော။ အသာဓာရဏော၊ ရူပ်, နာမ်အ များနှင့် မဆက်ဆံသော သဘောသည်။သဘာဝေါ၊မိမိတို့၏ သဘော မည်၏။ သာဓာရဏော၊ ရူပ်, နာမ်တရားအများနှင့် ဆက်ဆံသော။ အနိစ္စဒိသဘာဝေါ၊ အနိစ္စစသောသဘောသည်။ သာမညံ၊ ရူပ်, နာမ် တရားတို့၏ တူမျှသော သဘောမည်၏။

ဤလက္ခဏာနှစ်ပါးကို မသိက ဒိဋ္ဌ,တဏှာတို့ဖြင့် ငြိတတ်ကြောင်း ကို အဋ္ဌကထာတို့၌ ပြဆိုကြသည်။

သင်္ခါရာနံ လက္ခဏော ဝိမုဋ္ဌော သင်္ခါရာနံ သဘာဝလက္ခဏံ သာမညလက္ခဏဿ အဂဏှန္တော သင်္ခါရေ အတ္တတော အတ္တနိယတော ဓုဝတော သုခတော သုဘတောတိ ဝိကပ္ပေတိ။

[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စသည်။]

သင်္ခါရာနံ၊ ရူပ်, နာမ်ဓမ္မ သင်္ခါရတရားတို့၏။ လက္ခဏော၊လက္ခဏာ ၌။ ဝိမုဋ္ဌော၊ တွေ့ဝေသော သူသည်။ သင်္ခါရာနံ၊ရူပ်, နာမ်ဓမ္မ သင်္ခါရ တရားတို့၏။ သဘာဝလက္ခဏဿ၊ မိမိတို့၏ အသီးသီးသော သဘာဝ

လက္ခဏာကိုဝင်း။ သမညလက္ခဏာ၌ရုပ်, နာမ်ဓမ္မ သန်ဿရတရားတို့၏ အများနှင့်ဆက်ဆံသော အနိစ္စစသော သာမညလက္ခဏာကိုဝင်း။အ-ဂဏ္ဍန္တော၊ မမ္မတ်မယူနိုင်သည်ဖြစ်၍။ သန်ဿရေ၊ ရုပ်, နာမ်ဓမ္မ သန်ဿရတရားတို့ကို။ အတ္တာတော၊ငါ-ဟူ၍။ အတ္တာနိယတော၊ ငါ၏ဥစ္စာ-ဟူ၍။ ဓုဝတော၊ ခိုင်မြဲ၏-ဟူ၍။သုခတော၊ ချမ်းသာ၏-ဟူ၍။သုဘတော၊ တင့်တယ်လှပ၏-ဟူ၍။ ဝိကပ္ပေတိ၊ အလွဲကိုကြံဆမိတတ်၏။

၅၅။ ရှုတ်ဘတ်သရဇ္ဈာယမှု

ခန္ဓာငါးပါး ရုပ်, နာမ်တရားတို့၏ သမညလက္ခဏာဖြစ်သော အနိစ္စ, ဒုက္ခ, အနတ္တ ပါရှိသော ပုဒ်အနက်တို့ကို ရှေးဦးစွာ နှုတ်ဖြင့်ရှုတ်ဘတ်သရဇ္ဈာယ်ရမည်၊ ထိုစကားသင့်၏၊နှုတ်ဖြင့်ရှုတ်ဘတ်သရဇ္ဈာယ်မှုသည် စိတ်ဖြင့်ကြံစည်မှုကို အားပေးကူညီနိုင်၏၊ စိတ်ဖြင့် ဆင်ခြင်ကြံစည်မှုသည် အနိစ္စလက္ခဏာစသည်များကို ကောင်းစွာထိုးထွင်း၍ သိပြီးလျှင် မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရရန်ကို အားပေးကူညီနိုင်၏။

> ဝစသာ သဇ္ဈာယော ဟိ မနသာ သဇ္ဈာယသ္မ ပစ္စယော ဟောတိ၊မနသာ သဇ္ဈာယော လက္ခဏပဋိဝေဓသ္မ ပစ္စယော ဟောတိ၊ လက္ခဏပဋိဝေဓော မဂ္ဂဖလပဋိဝေဓသ္မ ပစ္စယော ဟောတိ။ ။[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စသည်။]

ဟိ၊ ထိုစကားသင့်၏။ ဝစသာ၊ နှုတ်ဖြင့်။ သဇ္ဈာယော၊ ရှုတ်ဘတ်သရဇ္ဈာယ်မှုသည်။ မနသာသဇ္ဈာယသ္မ၊ စိတ်ဖြင့်ကပ်၍ အထပ်ထပ် ရှုတ်ဘတ်ကြံစည်မှုအား။ ပစ္စယော၊ ကျေးဇူးပြုနိုင်သည်။ ဟောတိ၊ဖြစ်၏။ မနသာသဇ္ဈာယော၊ စိတ်ဖြင့်ကပ်၍ အထပ်ထပ် ရှုတ်ဘတ်ကြံစည်မှုသည်။ လက္ခဏပဋိဝေဓသ္မ၊ အနိစ္စစသော လက္ခဏာကို ထိုးထွင်း၍သိမှုအား။ ပစ္စယော၊ ကျေးဇူးပြုနိုင်သည်။ ဟောတိ၊ ဖြစ်၏။ လက္ခဏပဋိဝေဓော၊အနိစ္စစသော လက္ခဏာကိုထိုးထွင်း၍ သိမှုသည်။ မဂ္ဂဖလပဋိဝေဓသ္မ၊ မဂ်,ဖိုလ်ကိုထိုးထွင်း၍သိမှုအား။ ပစ္စယော၊ကျေးဇူးပြုနိုင်သည်။ ဟောတိ၊ ဖြစ်၏။

သီဟိုဠ်ကျွန်း မလယအရပ်၌ သီတင်းသုံးသော မဟာဒေဝ မထေရ်ထံ ကျမ်းဂန်တတ်ဖြစ်ကြကုန်သော မထေရ်နှစ်ပါးတို့သည်

ကမ္မဋ္ဌာန်းယူကြကုန်၏၊ ကမ္မဋ္ဌာန်းကိုပေးသော မဟာဒေဝ မထေရ်က လေးလပတ်လုံး ရွတ်ဘတ်သရဇ္ဈာယ်ရမည်-ဟု ဆိုခဲ့ပေး၏၊ ထိုစကားကို လိုက်နာလျက် လေးလပတ်လုံးကမ္မဋ္ဌာန်းကို ရွတ်ဘတ်နေကြစဉ်အခါမှာပင် ထိုမထေရ်နှစ်ပါး သောတာပန် ဖြစ်သွားကြလေသည်၊ ထိုအကြောင်းသည်လည်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စသည်မှာပင် လာရှိ၏၊ သို့ဖြစ်၍ ရှေးဦးစွာ ကမ္မဋ္ဌာန်းကို ရွတ်ဘတ် သရဇ္ဈာယ်ရမည်။

၅၆။ ရွတ်ဘတ်သရဇ္ဈာယ်ရန် ပါဠိ

ဤသမ္မသနဉာဏ်အရာ၌ ရွတ်ဘတ်သရဇ္ဈာယ်ရန် ပါဠိပါဌ်များနှင့် ၎င်းတို့၏ အနက်တို့ကို ထည့်သွင်းပြဆိုပေအုံ-

> ရူပံ ဘိက္ခဝေ အနိစ္စံ၊ ဝေဒနာ အနိစ္စာ၊ သညာ အနိစ္စာ သင်္ခါရာ အနိစ္စာ၊ ဝိညာဏံ အနိစ္စံ။ ။[ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရူပသည်။ အနိစ္စံ၊ ဖြစ်ပေါ်လာပြီးနောက် ချက်ခြင်းပင် ချုပ်ပျောက်တတ်သောကြောင့် အမြဲမရှိ။ ဝေဒနာ၊ ခံသာ,မခံသာသော ဝေဒနာသည်။ အနိစ္စာ၊ အမြဲမရှိ။ သညာ၊ အမှတ်သညာသည်။ အနိစ္စာ၊ အမြဲမရှိ။ သင်္ခါရာ၊ အပြုအပြင် စေတနာ သင်္ခါရတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဝိညာဏံ၊ အသိဝိညာဉ်သည်။ အနိစ္စံ၊ အမြဲမရှိ။

> ရူပံ ဘိက္ခဝေ ဒုက္ခံ၊ ဝေဒနာ ဒုက္ခာ၊သညာ ဒုက္ခာ၊ သင်္ခါရာ ဒုက္ခာ၊ ဝိညာဏံ ဒုက္ခံ။ ။[ဌာနပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရူပသည်။ ဒုက္ခံ၊ ဖြစ်ခြင်း,ပျက်ခြင်းတို့သည် အမြဲမပြတ် နှိပ်စက်အပ်သည်ဖြစ်၍ နာကျင် ဆင်းရဲသော ဒုက္ခတရားသာ ဖြစ်၏။ ဝေဒနာ၊ ခံသာ,မခံသာသော ဝေဒနာသည်။ဒုက္ခာ၊ နာကျင်ဆင်းရဲသော ဒုက္ခတရားသာဖြစ်၏။ သညာ၊ အမှတ်သညာသည်။ဒုက္ခာ၊ နာကျင်ဆင်းရဲသော ဒုက္ခတရားသာဖြစ်၏။ သင်္ခါရာ၊

အပြုအပြင်စေတနာသခ်ါရတို့သည်။ ဒုက္ခာ၊ နာကျင်ဆင်းရဲသော ဒုက္ခ တရားတို့သာ ဖြစ်ကုန်၏။ ဝိညာဏံ၊ အသိဝိညာဉ်သည်။ ဒုက္ခံ၊ နာကျင်ဆင်းရဲသော ဒုက္ခ တရားသာဖြစ်၏။

ရူပံ ဘိက္ခဝေ အနတ္တာ၊ဝေဒနာ အနတ္တာ၊သညာ အနတ္တာ၊ သခ်ါရာ အနတ္တာ၊ ဝိညာဏံ အနတ္တာ။။ [ဂင်းပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်သည်။ အနတ္တာ၊ အစိုးမရ အနှစ်သာရမဲ့သော သဘောကြောင့် ကိုယ်မဟုတ်၊ ဝေဒနာ၊ ခံသာ,မခံသာသော ဝေဒနာသည်။ အနတ္တာ၊ ကိုယ်မဟုတ်။ သညာ၊ အမှတ်သညာသည်။ အနတ္တာ၊ ကိုယ်မဟုတ်၊ သခ်ါရာ၊ အပြုအပြင် စေတနာ သခ်ါရတို့သည်။ အနတ္တာ၊ ကိုယ်မဟုတ်ကုန်။ ဝိညာဏံ၊ အသိဝိညာဉ်သည်။ အနတ္တာ၊ ကိုယ်မဟုတ်။

ရူပံ ဘိက္ခဝေ အနိစ္စံ၊ ယဒနိစ္စံ တံ ဒုက္ခံ၊ ယံ ဒုက္ခံ တဒ-နတ္တာ၊ ယဒနတ္တာ တံ နေတံ မမ နေသောဟမသ္မိ နမေသော အတ္တာတိ ဝေမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ ။ [ဂင်းပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်သည်။ အနိစ္စံ၊ ဖြစ်ပေါ်လာပြီးနောက်၊ ချက်ခြင်းပင် ချုပ်ပျောက်တတ်သောကြောင့် အမြဲမရှိ။ ယံ၊ အကြင်ရုပ်သည်။ အနိစ္စံ၊ အမြဲမရှိ။ တံ၊ ထိုအမြဲမရှိသော ရုပ်သည်။ ဒုက္ခံ၊ ဖြစ်ခြင်း,ပျက်ခြင်းတို့သည် အမြဲမပြတ် နှိပ်စက် အပ်သည်ဖြစ်၍ နာကျင်ဆင်းရဲသော ဒုက္ခတရားသာဖြစ်၏။ ယံ၊ အကြင်ရုပ်သည်။ ဒုက္ခံ၊ နာကျင်ဆင်းရဲသော ဒုက္ခတရားဖြစ်၏။ တံ၊ ထိုနာကျင်ဆင်းရဲသော ဒုက္ခတရားဖြစ်သောရုပ်သည်။ အနတ္တာ၊ အစိုးမရ-အနှစ်သာရမဲ့သော ကြောင့် ကိုယ်မဟုတ်၊ တံတော်၊ ထိုရုပ်သည်။ နမမ၊ ငါ၏ရုပ် မဟုတ်၊ သော၊ ဤရုပ်သည်။ နဟမသ္မိ၊ ငါမဟုတ်။ သော၊ဤရုပ်သည်။ နမေ အတ္တာ၊ ငါ၏ကိုယ်မဟုတ်။ ဣတိ ဝေ၊ဤသို့အနိစ္စ,ဒုက္ခ,အနတ္တ-ဟူ၍။ယထာဘူတံ၊ ဟုတ်မှန်သည်အားလျော်စွာ။သမ္မာ၊ ကောင်းစွာ။ ပညာယ၊ ဝိပဿနာ ပညာ,မဂ်ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ရှုအပ်၏။

ဝေဒနာ,သညာ,သခ်ါရ,ဝိညာဉ်တို့၌လည်း နည်းတူလာ၏။

ရူပံ ဘိက္ခဝေ ဒုက္ခံ၊ ယံ ဒုက္ခံ တဒနတ္တာ၊ ယဒနတ္တာ တံ နေတံ မမ၊ နေသောဟမသ္မိ၊နေ မေ သော အတ္တာတိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ ။[ၦဍားပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်သည်။ ဒုက္ခံ၊ ဖြစ်ခြင်း,ပျက်ခြင်းတို့သည် အမြဲမပြတ်နှိပ်စက်အပ်သည်ဖြစ်၍ နာကျင်ဆင်းရဲသော ဒုက္ခတရားသာဖြစ်၏။ ယံ၊ အကြင်ရုပ်သည်။ ဒုက္ခံ၊ နာကျင်ဆင်းရဲသော ဒုက္ခတရားသာဖြစ်၏။ တံ၊ ထိုနာကျင်ဆင်းရဲသော ဒုက္ခတရားဖြစ်သော ရုပ်သည်။ အနတ္တာ၊ အစိုးမရ အနှစ်သာရမဲ့သောကြောင့်ကိုယ်မဟုတ်။ ယံ၊ အကြင်ရုပ်သည်။ အနတ္တာ၊ အစိုးမရ အနှစ်သာရ မဲ့သော အနတ္တတရားသာဖြစ်၏။ တံဧတံ၊ထိုရုပ်အစုသည်။ နမမ၊ငါ၏ရုပ်အစု် မဟုတ်။ ဧသော၊ ဤရုပ်အစုသည်။ နဟမသ္မိ၊ ငါမဟုတ်။ ဧသော၊ ဤရုပ်အစုသည်။ နမေအတ္တာ၊ ငါ၏ကိုယ်မဟုတ်။ ဧဝံ ဣတိ ဧတံ၊ ဤသို့ အနိစ္စ, ဒုက္ခ, အနတ္တ-ဟူ၍။ ယထာဘူတံ၊ ဟုတ်မှန်သည် အားလျော်စွာ။ သမ္မာ၊ ကောင်းစွာ။ ပညာယ၊ဝိပဿနာပညာ,မဂ်ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဉ်တို့၌လည်း နည်းတူပင်လာ၏။

ရူပံ ဘိက္ခဝေ အနတ္တာ၊ ယဒနတ္တာ တံ နေတံ မမ၊ နေ-သောဟမသ္မိ၊ နေ မေ သော အတ္တာတိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ ။[ၦဍားပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ရုပ်သည်။အနတ္တာ၊အစိုးမရ အနှစ်သာရမဲ့သောကြောင့် ကိုယ်မဟုတ်။ ယံ၊ အကြင်ရုပ်သည်။ အနတ္တာ၊ အနှစ်သာရမဲ့သောအနတ္တတရားသာဖြစ်၏။တံဧတံ၊ထိုရုပ်သည်။နမမ၊ငါ၏ရုပ်မဟုတ်။ ဧသော၊ ဤရုပ်သည်။ နဟမသ္မိ၊ ငါမဟုတ်။ ဧသော၊ ဤရုပ်သည်။ နမေအတ္တာ၊ ငါ၏ကိုယ်မဟုတ်။ ဧဝံ ဣတိ ဧတံ၊ ဤသို့ အနိစ္စ, ဒုက္ခ, အနတ္တ-ဟူ၍။ ယထာဘူတံ၊ ဟုတ်မှန်သည်အားလျော်စွာ။ သမ္မာ၊ ကောင်းစွာ။ ပညာယ၊ ဝိပဿနာပညာ,မဂ်ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဉ်တို့၌လည်း နည်းတူပင်လာ၏။

ရူပံ ဘိက္ခဝေ အနိစ္စံ၊ ယော ဝိ ဟေတု ယော ဝိ ပစ္စယော ရူပဿ ဥပ္ပါဒါယ၊သော ဝိ အနိစ္စော။အနိစ္စသမ္ဘူတံ ဘိက္ခဝေ၊ ရူပံ ကုတော နိစ္စံ ဘဝိဿတိ။ ။[ၦဍားပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်သည်။ အနိစ္စံ၊ ဖြစ်ပေါ်လာပြီးနောက် ချက်ခြင်းပင် ချုပ်ပျောက်တတ်သောကြောင့်အမြဲမရှိ။ ရူပဿ၊ ရုပ်၏။ ဥပ္ပါဒါယ၊ ဖြစ်ပေါ်လာခြင်းမှ။ ယောပိဟေတု၊ အကြင်ဖြစ်စေတတ်သော ဇနကအကြောင်းသည်ရင်း။ ယောပိပစ္စယော၊ အကြင်ထောက်ပံ့တတ်သော ဥပတ္ထမ္ဘက အကြောင်းသည်ရင်း။ အတ္ထိ၊ ရှိ၏။ သောပိ၊ ထိုနှစ်ပါးစုံသော အကြောင်းသည်လည်း။ အနိစ္စော၊ အမြဲမရှိ။ ။ဘိက္ခဝေ၊ ရဟန်းတို့။ အနိစ္စသမ္ဘူတံ၊ အမြဲမရှိသော အကြောင်းတရားကြောင့်ဖြစ်ပေါ်လာရသော။ ရူပံ၊ ရုပ်သည်။ နိစ္စံ၊ မြဲသည်။ ကုတော ဘဝိဿတိ၊ အဘယ်မှာဖြစ်နိုင်ဝေဘုံနည်း။

ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဉ်တို့၌လည်း နည်းတူပင်လာ၏။

ရူပံ ဘိက္ခဝေ ဒုက္ခံ၊ ယော ပိ ဟေတု ယော ပိ ပစ္စယော ရူပဿ ဥပ္ပါဒါယ၊ သော ပိ ဒုက္ခော။ ဒုက္ခသမ္ဘူတံ ဘိက္ခဝေ ရူပံ ကုတော သုခံ ဘဝိဿတိ။ ။[ၜင်းပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်သည်။ ဒုက္ခံ၊ ဖြစ်ခြင်း, ပျက်ခြင်းတို့သည် အမြဲမပြတ်နှိပ်စက်အပ်သည်ဖြစ်၍ နာကျင် ဆင်းရဲသော ဒုက္ခတရားသာဖြစ်၏။ ရူပဿ၊ ရုပ်၏။ ဥပ္ပါဒါယ၊ ဖြစ်ပေါ်လာရခြင်းမှ။ ယောပိဟေတု၊ အကြင်ဖြစ်စေတတ်သော ဇနကအကြောင်းသည်ရင်း။ ယောပိပစ္စယော၊ အကြင်ထောက်ပံ့တတ်သော ဥပတ္ထမ္ဘကအကြောင်းသည်ရင်း။ အတ္ထိ၊ ရှိ၏။ သောပိ၊ ထိုနှစ်ပါးစုံသော အကြောင်းသည်လည်း။ ဒုက္ခော၊ နာကျင်ဆင်းရဲသောဒုက္ခတရားသာဖြစ်၏။ ။ဘိက္ခ-ဝေ၊ ရဟန်းတို့။ ဒုက္ခသမ္ဘူတံ၊ နာကျင်ဆင်းရဲသော ဒုက္ခတရားကြောင့်ဖြစ်သော။ ရူပံ၊ ရုပ်သည်။ သုခံ၊ ချမ်းသာသုခတရားသည်။ ကုတော-ဘဝိဿတိ၊ အဘယ်မှာဖြစ်နိုင်တော့မည်နည်း။

ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဉ်တို့၌လည်း နည်းတူပင်လာ၏။

ရူပံ ဘိက္ခဝေ အနတ္တာ၊ ယောပိဟေတု ယောပိပစ္စယော ရူပဿ ဥပ္ပါဒါယ၊ သော ပိ အနတ္တာ။ အနတ္တသမ္ဘူတံ ဘိက္ခဝေ ရူပံ ကုတော အတ္တာ ဘဝိဿတိ။ ။[ၜင်းပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်သည်။ အနတ္တာ၊ အစိုးမရ-အနှစ်သာရမဲ့သောကြောင့် ကိုယ်မဟုတ်။ ရူပဿ၊ ရုပ်၏။ ဥပ္ပါဒါယ၊

ဖြစ်ပေါ်လာခြင်း၌။ ယောဝိဟေတု၊ အကြင်ဖြစ်စေတတ်သော ဇနက အကြောင်းသည်ရင်း။ ယောဝိပစ္စယော၊ အကြင်ထောက်ပံ့တတ်သော ဥပတ္ထမ္ဘက အကြောင်းသည်ရင်း။ အတ္ထိ၊ ရှိ၏။ သောပိ၊ ထိုနှစ်ပါး စုံသော အကြောင်းသည်လည်း။ အနတ္တာ၊ ကိုယ်မဟုတ်။ ။ဘိက္ခဝေ၊ ရဟန်းတို့။ အနတ္တာသမ္ဘူတံ၊ ကိုယ်မဟုတ်သော အကြောင်းကြောင့် ဖြစ်သော။ ရူပံ၊ ရူပ်သည်။ အတ္တာ၊ ကိုယ်သည်။ ကုတော ဘဝိဿတိ၊ အဘယ်မှာဖြစ်နိုင်တော့မည်နည်း။

ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဉ်တို့လည်း နည်းတူပင်လာ၏။

ယံ ဘိက္ခဝေ နတုမှာကံ၊တံ ပဇဟထ၊တံ ဝေါ ပဟီနံ ဟိ-တာယ သုခါယ ဘဝိဿတိ။ ကိဉ္စ ဘိက္ခဝေ နတုမှာကံ၊ ရူပံ ဘိက္ခဝေ နတုမှာကံ၊ တံ ပဇဟထ၊ တံ ဝေါ ပဟီနံ ဟိတာယ သုခါယ ဘဝိဿတိ၊သေယျထာ ပိ ဘိက္ခဝေ ယံ ဣမသ္မိံ ဇေ-တဝနေ တိဏကဋ္ဌသာခါပလာသံ၊ တံ ဇနော ဟရေယျ၀ါ ဒဟေယျ ၀ါ ယထာ ပစ္စယံ ၀ါ ကရေယျ၊အပိနု တုမှာကံ ဝေ-မယ၊ အမှေ ဇနော ဟရတိ ၀ါ ဒဟတိ ၀ါ ယထာပစ္စယံ ၀ါ ကရောတိ တိ၊ နောဟေတံ ဘန္တေ၊တံ ကိဿဟေတု၊ နဟိ ဇေတံ ဘန္တေ အတ္တာ၀ါ အတ္တနိယံ ၀ါ တိ၊ဝေမေ၀ခေါ ဘိက္ခဝေ ရူပံ နတုမှာကံ!တံ ပဇဟထ၊တံ ဝေါ ပဟီနံ ဟိတာယ သုခါယ ဘဝိဿတိ။ ။[ဂင်းပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ ယံ၊ အကြင်တရားသည်။ နတုမှာကံ၊ သင်တို့၏ ဥစ္စာမဟုတ်။ တံ၊ ထိုသင်တို့ဥစ္စာမဟုတ်သောတရားကို။ ပဇဟထ၊ စွန့်ပစ်ကြကုန်လော့။ တံ၊ ထိုတရားကို။ ပဟီနံ၊ စွန့်ပစ်အပ်သည် ရှိသော်။ ဝေါ၊ သင်တို့အား။ ဟိတာယ၊ စီးပွါးခြင်းငှါ။ သုခါယ၊ ချမ်းသာခြင်းငှါ။ ဘဝိဿတိ၊ ဖြစ်လတ္တံ့၊ ဘိက္ခဝေ၊ ရဟန်းတို့။ ကိဉ္စ၊ အဘယ်တရားသည်သာလျှင်။ နတုမှာကံ၊ သင်တို့၏ ဥစ္စာမဟုတ်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရူပ်သည်။ နတုမှာကံ၊ သင်တို့၏ ဥစ္စာမဟုတ်။ တံ၊ ထိုသင်တို့၏ ဥစ္စာမဟုတ်သော ရူပ်တရားကို။ ပဇဟထ၊ တဏှာ,မာန,ဒိဋ္ဌ-တည်းဟူသော စွဲလမ်းခြင်းမှ စွန့်ပစ်ကြကုန်လော့။ တံ၊ ထိုရူပ်တရားကို။ ပဟီနံ၊ စွန့်ပစ်အပ်သည်ရှိသော်။ ဝေါ၊ သင်တို့

အား။ ဟိတာယ၊ စီးပွါးခြင်းငှါ။ သုခါယ၊ ချမ်းသာခြင်းငှါ။ ဘဝိသ-တိ၊ ဖြစ်လတ္တံ့။

ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ဣမသ္မိं ဇေတဝနေ၊ ဤဇေတဝန်ကျောင်းတော်၏ အတွင်း၌။ယံ တိ-ဏကဋ္ဌသာခါပလာသံ၊အကြင်မြက်,ထင်း,သစ်ခက်,သစ်ရွက်,အမှိုက် စုသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုမြက်,ထင်း, သစ်ခက်,သစ်ရွက်,အမှိုက် စုကို။ ဇနော၊ လူအပေါင်းသည်။ ဟရေယျဝါ၊ ဆောင်ယူသွားမူ လည်း ဆောင်ယူသွားရာ၏။ ဒဟေယျဝါ၊ မီးဖြင့်မူလည်း၍ မြှိုက်ရာ ၏။ ယထာပစ္စယံဝါ၊ အကြောင်းအားလျော်စွာ သူတို့အလိုရှိတိုင်း မူလည်း။ ကရေယျ၊ပြုရာ၏။

အထ၊ ထိုသို့ပြုကြသော အခါ၌။ တုမှာကံ၊ သင်တို့အား။ အ-မှေ၊ ငါတို့ကို။ ဇနော၊ လူအပေါင်းသည်။ ဟရတိဝါ၊ ဆောင်ယူ လည်း ဆောင်ယူသွား၏။ဒဟတိဝါ၊မီးမြှိုက်လည်း မီးမြှိုက်၏။ ယထာ-ပစ္စယံဝါ၊ အကြောင်းအားလျော်စွာ သူတို့အလိုရှိတိုင်းမူလည်း။ က-ရောတိ၊ ပြု၏။ ဣတိဧဝံ၊ ဤသို့မှတ်ထင်ခြင်းသည်။ အပိနုအသ၊ ဖြစ် ရာမည်လော။ ဘန္တေ၊ အရှင်ဘုရား။ ဧတံ၊ ဤသို့မှတ်ထင်ခြင်းသည်။ နောဟိ၊ မဖြစ်နိုင်ပါဘုရား။ တံ ၊ထိုသို့မဖြစ်ခြင်းသည်။ကိသဟေတု၊အ ဘယ်ကြောင့်နည်း-ဟူမူကား။ ဘန္တေ၊ အရှင်ဘုရား။ ဧတံ၊ ဤမြက်, ထင်း, သစ်ခက်, သစ်ရွက်, အမှိုက်စုသည်။ အတ္တာဝဝါ၊ အနှစ်သာရ ကိုယ်အတ္တသည်ရင်း။ အတ္တနိယံဝါ၊ အနှစ်သာရ ကိုယ်အတ္တ၏ ဥစ္စာ သည်ရင်း။ နဟိဟောတိ၊ မဟုတ်ပါဘုရား။ ဘိက္ခဝေ၊ ရဟန်းတို့။ဝေ-မေဝခေါ၊ ဤအတူသာလျှင်။ ရူပံ၊ ရူပ်သည်။ နတုမှာကံ၊ သင်တို့၏ ဥစ္စာမဟုတ်။ တံ၊ ထိုသင်တို့၏ ဥစ္စာမဟုတ်သော ရူပ်တရားကို။ ပဇ-ဟထ၊တဏှာ,မာန,ဒိဋ္ဌိ-တည်းဟူသော စွဲလမ်းခြင်းမှ စွန့်ပစ်ကြကုန် လော။ တံ၊ ထိုရူပ်တရားကို။ ပဟီနံ၊ စွန့်ပစ်အပ်သည်ရှိသော်။ ဝေါ၊ သင်တို့အား။ ဟိတာယ၊ စီးပွါးခြင်းငှါ။ သုခါယ၊ ချမ်းသာခြင်းငှါ။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဉ်တို့၌လည်း နည်းတူပင်လာ၏။

အမှာ။ ။[ဤနေရာ၌ အနတ္တလက္ခဏာ သုတ်ပါဠိ, အနက်အစုံနှင့် ထည့်သွင်းဘိုရန် ကောင်း၏၊သို့သော်လည်း ကျမ်းကြီးနေမည် ဖြစ်သောကြောင့် မထည့်လိုက်ပြီ။]

ဖေဏပိဏ္ဍူပမံ ရူပံ၊
ဝေဒနာ ပုပ္ပဖုဋ္ဌူပမာ။
မရီစိ ကူပမာ သညာ၊
သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊
ဒေသိတာဒိစ္စဗန္ဓုနာ။

ယထာ ယထာ နိဇ္ဈာယတိ၊
ယောနိသော ဥပပရိက္ခတိ။
ရိတ္တကံ တုစ္ဆကံ ဟောတိ၊
ယော နံ ပသ္သတိ ယောနိသော။

ဣမဉ္စ ကာယံ အာရဗ္ဘ၊
ဘူရိပညေန ဒေသိတံ။
ပဟာနံ တိဏ္ဏံ ဓမ္မာနံ၊
ရူပံ ပသ္သထ ဆဋ္ဌိတံ။

အာယု ဥသ္မာစ ဝိညာဏံ၊
ယဒါ ကာယံ ဇဟန္တိ မံ။
အပဝိဒ္ဓေါ တဒါ သေတိ၊
ပရဘတ္တံ အစေတနံ။

တော ဒိသာ ယံ သန္တာနော၊
မာယာ ယံ ဗာလလာပိနီ။
ဝဓကော သော အက္ခာတော၊
သာရော ဘော္ဇ နဝိဇ္ဇတိ။

ဧဝံ ခန္ဓေ ပဝေက္ခေယျ၊
ဘိက္ခု အာရဒ္ဓ ဝီရိယော။
ဒိဝါဝါ ယဒိ ဝါ ရတ္တိံ၊
သမ္ပဇာနော ပတိဿတော။

ဇဟေယျ သဗ္ဗသညောဂံ၊
ကရေယျ သရဏတ္တနော။
စရေယျာ ဒိတ္တသီသော၀၊
ပတ္ထယံ အစ္စုတံ ပဒံ။
[ၦင်းပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ဖောက်ပြန်တတ်သောရုပ်သည်။ ဖေဏ-ပိဏ္ဍူပမံ၊ ရေမြှုပ်စိုင်နှင့်အလားတူ၏။ ဝေဒနာ၊ ခံစားတတ်သော ဝေဒနာသည်။ ပုပ္ဖုဠူပမာ၊ ရေပွက်နှင့်အလားတူ၏။ သညာ၊ မှတ်သားတတ်သော သညာသည်။ မရိစိကူပမာ၊ တောသမင်တို့ ရေထင်မှတ်သော တံလျှပ်နှင့်အလားတူ၏။ သင်္ခါရာ၊ အပင်းအသင်းနှင့်တကွ စေတနာသင်္ခါရတို့သည်။ ကဒလူပမာ၊ ငှက်ပျောတုံးနှင့်အလားတူကုန်၏။ ဝိညာဏံ၊ အသိဝိညာဉ်သည်။မာယူပမံ၊ မျက်လှည့်သမားတို့ပြုလုပ်အပ်သော ဝတ္ထုနှင့်အလားတူ၏။ ဣတိ၊ ဤသို့။ အာဒိစ္စဗန္ဓုနာ၊ နေမင်းနွယ်ဘွား မြတ်ဘုရားသည်။ ဒေသိတံ၊ ဟောကြားတော်မူအပ်၏။

ယော၊အကြင်ပညာရှိသည်။ ယထာယထာ၊ အကြင်အကြင်သို့သော အခြင်းအရာအားဖြင့်။ ယောနိသော၊ သင့်မြတ်လျောက်ပတ်စွာ။ နံ၊ ထိုခန္ဓာငါးပါး ရုပ်,နာမ်တရားကို။ နိဗ္ဗျာယတိ၊ ဘန်ဘန် ထပ်ထပ် အတတ်မြင်သိ စိုက်ရှုကြည့်၏။ ဥပပရိက္ခတိ၊ စေ့စေ့စပ်စပ် ကပ်ရှုဝန်းကျင် ရှုဆင်ခြင်၏။ ယောနိသော၊ အသင့်အားဖြင့်။ ပဿတိ၊ ဘန်ဘန် ထပ်ထပ် မပြတ်စေ့ဌ မြင်အောင်ရှု၏။ တဒါ၊ ထိုအခါ၌။ နံ၊ ထိုခန္ဓာငါးပါး ရုပ်,နာမ်တရားသည်။ ရိတ္တကံ၊ အနှစ်သာရ မြှုမျှမယှဉ် အစဉ်ဆိတ်ကင်းလေသည်။တုစ္ဆကံ၊ အနှစ်သာရမဟုတ်ပါလျက် အချည်းနှီးသည်။ ဟောတိ၊ ဖြစ်၏။

ဣမဇ္ဇကာယံ၊ ဤကိုယ်ခန္ဓာကိုပင်လျှင်။ အာဝရဇ္ဇ၊ အကြောင်းပြု၍။ ဘူရိပညေန၊မြေထုသဘွယ် ပညာကျယ်တော်မူသော မြတ်စွာဘုရား သည်။ဒေသိတံ၊ ရေမြှုပ်အလား စသည်များဖြင့် ဟောကြား မိန့်မြွက် တော်မူအပ်၏။ တိဏ္ဍံဓမ္မာနံ၊ ဇီဝိတရုပ်,ကမ္မဇတေဇော ကိုယ်ငွေ့, ဝိ ညာဉ်-ဟူသော သုံးပါးသောတရားတို့သည်။ ပဟာနံ၊စွန့်ပစ်ကင်းပြတ် ပယ်လေအပ်သည်ရှိသော်။ဆဋ္ဌံတံ၊သုသာန်၌ စွန့်ပစ်အပ်သော။ ရူပံ၊ ရူပ်ကောင်ကြီးကို။ ပဿထ၊ ရှုစမ်းကြကုန်လော့။

အာယုစ၊ ဇီဝိတရုပ်ရင်း။ ဥသ္မာစ၊ ကမ္မဇတေဇောကိုယ်ငွေ့ရင်း။ ဝိညာဏဉ္စ၊ ဝိညာဉ်ရင်း။ ဇဟေယော၊ သုံးပါးသောတရားတို့သည်။ ယဒါ၊ အကြင်အခါ၌။ ဣမံကာယံ၊ ဤကိုယ်ကောင်ကြီးကို။ ဇဟန္တိ၊ စွန့် ပစ်ကြကုန်၏။ တဒါ၊ ထိုအခါ၌။ အပဝိဒ္ဓေါ၊ ဆွေမျိုးတို့သည်စွန့်ပစ် အပ်သည်ဖြစ်၍။ အစေတနံ၊ စေ့ဆော် လှုပ်ရှားခြင်း မရှိဘဲ။ ပရ- ဘတ္တံ၊ ပိုးလောက်ယင်မ ကျိုးလင်းတို့၏ အစာဖြစ်၍သာလျှင်။သေ- တိ၊ စင်းစင်းအိပ်ရလေ၏။

အယံသန္ဓာနော၊ ဤရုပ်အစဉ်အဆက်ကြီးသည်ကား။ တောဒိ- သော၊ဤသို့သ ဒေါဘာရှိ၏။အယံ၊ဤဝိညာဉ်တရားသည်ကား။ဗာလလာ- ပိနိ၊မလိမ်မာခြား လူအများကို လှည့်စားပေမူပြောဆိုပြုတတ်သော။ မာယာ၊ မျက်လှည့်သမားကြီးပေတည်း။ ဧသော၊ ဤနာမ်ခန္ဓာရုပ် အကောင်ပုပ်ကြီးကို။ ဝဓကော၊ သူသတ်ယောက်ျား အာဏာသား ကြီး-ဟူ၍။ အဂ္ဂါတော၊ ဟောကြားတော်မူအပ်၏။ ဘွေ့၊ ဤနာမ် ခန္ဓာရုပ် အကောင်ပုပ်ကြီး၌။ သာရော၊ တစုံတခုသော အနှစ်သာရ သည်။ နဝိဇ္ဇတိ၊ မရှိသည်သာလျှင်တည်း။

သမ္ပဇာနော၊ လေးဖြာသမ္ပဇဉ် ဉာဏ်နှင့်ယှဉ်သော။ပတိဿတော၊ မမ္မေမပျောက်ကောင်းစွာထင်သော သတိလည်းရှိထသော။ အာရဒ္ဓ- ဝီရိယော၊ ပြင်းထန်သောလုံ့လဝီရိယနှင့် ပြည့်စုံသော။ ဘိက္ခု၊ သံသ ရာဘေးကို ရှုသောယောဂိပုဂ္ဂိုလ်သည်။ ဒိဝါဝါ၊ နေ့အခါ၌ရင်း။ ယဒိ၊ ထိုအတူ။ ရတ္တိ ံဝါ၊ ညဉ့်အခါ၌ရင်း။ ဧဝံ၊ ဤသို့။ ခန္ဓေ၊ ခန္ဓာငါး ပါး ရုပ်နာမ်တရားတို့ကို။ ပဝေဏ္ဍေယျ၊ ကြည့်ရှုရာ၏။

သဗ္ဗသညောဂံ၊ အလုံးစုံသော အတွယ်အတာ သံယောဇဉ်အ ပေါင်းကို။ ဇဟေယျ၊ ဖြတ်တောက်ပယ်စွန့်ရာ၏၊ အဘ္ဘနော၊ မိမိ၏။ သရဏံ၊ ကိုးကွယ်ရာကို။ ကရေယျ၊ ပြုရာ၏။ အစ္ဆုတံ၊ သေကြွေ့ လျောခြင်း ကင်းသော။ ပဒံ၊ အရိယာတို့သည် ရောက်အပ်သော ကြောင့် ပဒမည်သော နိဗ္ဗာန်တရားကို။ ပတ္ထယံ၊ တောင့်တလျက်။ အာဒိတ္တာသီသော၀၊ ဦးခေါင်းမီးကောက်လောင်၍ နေသော့သူကဲ့သို့။ စရေယျ၊ ကျင့်ရာ၏။

အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္ လတော အဃတော အာဗာဓတော ပရတော ပလောက- တော ဣတိကော ဥပဒ္ဒ၀တော ဘယတော ဥပသဂ္ဂတော စလတော ပဘင်္ဂုတော အ၀ုတ၀တော အတာဏတော အလေ- ဏတော အသရဏတော ရိတ္တတော တုစ္ဆတော သုညတော အနတ္တတော အာဒီနဝတော ဝိပရိဏာမ၀ေ၀္ဗတော အသာ- ရကတော အဃမူလတော ဝ၀ကတော ဝိဘ၀တော သာသ၀တော သင်္ခတတော မာရာမိသတော ဇာတိ ဓ၀ မ္မ- တော ဇရာ၀ေ၀္ဗတော ဗျာဓိ၀ေ၀္ဗတော မရဏ၀ေ၀္ဗတော သော- က၀ေ၀္ဗတော ပရိဒေ၀၀ေ၀္ဗတော ဥပါယာသ၀ေ၀္ဗတော သံ- ကိလေသ၀ေ၀္ဗတော။ ။[ပဋိသမ္ဘိဒါမဂ်ပါဠိတော်။]

အနိစ္စတော၊ အမြဲမရှိသောအားဖြင့်။ ဒုက္ခတော၊ ဆင်းရဲသော အားဖြင့်။ ရောဂတော၊ ကျင်နာညစ်ဆိုး ရောဂါမျိုးတို့နှင့် ဆက်ဆံ သောအားဖြင့်။ ဂဏ္ဍတော၊ အိုင်းအမာနှင့်တူသောအားဖြင့်။ သလ္ လတော၊ ငြောင့်တသင်းနှင့်တူသောအားဖြင့်။ အဃတော၊ အကျိုးယုတ် အကျိုးမဲ့ကို ဆောင်တတ်သောအားဖြင့်။ အာဗာ၀တော၊ နှိပ်စက် ညစ်ဆိုး အနာမျိုးတို့နှင့်တူသောအားဖြင့်။ ပရတော၊ သူစိမ်းပြင်ပနှင့် တူသောအားဖြင့်။ ပလောကတော၊ ဇရာ,ဗျာဓိ,မရဏတို့သည် ဖျက် ဆီးတတ်သောအားဖြင့်။ ဣတိကော၊ များစွာပျက်စီးခြင်းကို ဆောင် တတ်သောအားဖြင့်။ ဥပဒ္ဒ၀တော၊ ကပ်၍နှိပ်စက်ခြင်း၏ အကြောင်း အားဖြင့်။ ဘယတော၊ ဘေးတို့၏တည်ရာအားဖြင့်။ ဥပသဂ္ဂတော၊ များပြားစွာခဲ့ အကျိုးမဲ့တို့သည် အစဉ်လိုက်သောအားဖြင့်။ စလ-

တော၊ တုန်လှုပ်တတ်သောအားဖြင့်။ ပဘင်္ဂတော၊ ပျက်စီးခြင်း သဘောသို့ ရောက်တတ်သောအားဖြင့်။ အဝုဝတော၊ ခိုင်မြဲခြင်း မရှိသောအားဖြင့်။ အတာဏတော၊ ဘေးရန်အပေါင်းကို မစောင့် ရှောက်တတ်သောအားဖြင့်။ အလေဏတော၊ မှီခိုပုန်းအောင်းရာ မ ဟုတ်သောအားဖြင့်။ အသရဏတော၊ ကိုးကွယ်ရာမဟုတ်သောအား ဖြင့်။ ရိတ္တတော၊ ကုန်တတ်, ပျက်တတ်သောအားဖြင့်။ တုစ္ဆတော၊ အ ချည်းနှီးသောအားဖြင့်။ သုညတော၊ အစိုးရခြင်း အစရှိသည်မှ ဆိတ် သောအားဖြင့်။အနတ္တတော၊ အလိုသို့မလိုက်သောအားဖြင့်။ အာဒီ- နဝတော၊ ကြီးစွာသော အပြစ်အားဖြင့်။ ဝိပရိဏာမတော၊ ဖောက်ပြန်တတ်သော သဘောအားဖြင့်။ အသာရကတော၊ အ နှစ်မရှိ အကာအတိသာဖြစ်သောအားဖြင့်။ အဃမူလတော၊ မ ကောင်းမှု အကုသိုလ်တရား၏ မူလဖြစ်သောအားဖြင့်။ ဝဓကတော၊ သူသတ် မျိုးရိုးနှင့်တူသောအားဖြင့်။ ဝိဘဝတော၊ အစီးအပွါးမှ ကင်း သောအားဖြင့်။ သာသဝတော၊အာသဝေါတရား လေးပါးတို့နှင့်တကွ ဖြစ်သောအားဖြင့်။သန္တာပတော၊ အကြောင်းတရားတို့သည် ပြုပြင်အပ် သောအားဖြင့်။ မာရာမိသတော၊ ကိလေသာ, မစ္စု, မာရ်နှစ်ခုတို့၏ ဝတ္ထုပစ္စယပြစ်၍ အစာသဘွယ် ဖြစ်သောအားဖြင့်။ ဇာတိဓမ္မတော၊ ဖြစ်တတ်သော သဘောအားဖြင့်။ ဇရာ ဓမ္မတော၊ ရင့်တတ်သော သဘောအားဖြင့်။ ဗျာဓိဓမ္မတော၊ ကျင်နာ နှိပ်စက်တတ်သော သဘောအားဖြင့်။ မရဏ ဓမ္မတော၊ သေတတ်သော သဘောအား ဖြင့်။ သောက ဓမ္မတော၊ စိုးရိမ်ပူပန်ရခြင်း၏ အကြောင်းအားဖြင့်။ ပရိဒေဝ ဓမ္မတော၊ ငိုကြွေးမြည်တမ်းရခြင်း၏ အကြောင်းအားဖြင့်။ ဥပါယာသ ဓမ္မတော၊ သက်ကြီးရွက်ငင် ပင်ပန်းရခြင်း၏ အကြောင်း အားဖြင့်။ သံကိလေသ ဓမ္မတော၊ တဏှာ,ဒိဋ္ဌိ ဒုစ္စရိုက်တို့၏ အာရုံဖြစ် ၍ ညစ်ညူးခြင်း သဘောရှိသောအားဖြင့်။ ပသေယျ၊ ခန္ဓာငါးပါး ရုပ်,နာမ်တရားကို သုံးသပ်ဆင်ခြင် ရှုမြင်ရာ၏။

ဤဝိပဿနာ ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် အနိစ္စတော, ပလော- ကတော, စလတော,ပဘင်္ဂတော,အဝုဝတော, ဝိပရိဏာမဓမ္မတော, အသာရတော, ဝိဘဝတော, သန္တာပတော,မရဏ ဓမ္မတော-ဤဆယ်

ပါးတို့ကို အနိစ္စာနုပဿနာအားဖြင့် သုံးသပ်ဆင်ခြင် ရှုမြင်ရမည်-ဟု၍ဂုဏ်း၊ ပရတော, ရိတ္တတော,တုစ္ဆတော, သုညတော, အနတ္တတော-ဤငါးပါးကို အနတ္တာနုပဿနာအားဖြင့် သုံးသပ်ဆင်ခြင် ရှုမြင်ရမည်-ဟု၍ဂုဏ်း၊ ကြင်းနှစ်ဆယ့်ငါးပါးကို ဒုက္ခနုပဿနာအားဖြင့် သုံးသပ်ဆင်ခြင် ရှုမြင်ရမည်-ဟု၍ဂုဏ်း မှတ်ရမည်။

၅၇။ စဉ်းစား ဆင်ခြင်ရန်

ပြဆိုခဲ့ပြီးသောအတိုင်း ပါဠိ, အနက်တို့ကို ရှုတ်ဘတ် သရဇ္ဈာယ်ပြီးလျှင် စိတ်ဖြင့်မထင်လျှင် ထင်အောင် မမြင်လျှင် မြင်အောင် စဉ်းစားဆင်ခြင်ရသည်။

ခန္ဓာ·နိစ္စာ ခယဋ္ဌေန၊
ဘယဋ္ဌေနစ ဒုက္ခာ တေ။
အနတ္တာ·သာ ရကဋ္ဌေန၊
ဣတိ ပဿေ ပုနပ္ပုနံ။
[သစ္စသံခိပ် အဋ္ဌကထာ။]

ခန္ဓာ၊ ခန္ဓာငါးပါး ရုပ်,နာမ်တရားတို့သည်။ ခယဋ္ဌေန၊ ကုန်တတ်, ပျက်တတ်သော အနက်သဘောကြောင့်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဘယဋ္ဌေန၊ ကြောက် ထိပ်လန့်ဘွယ်ဖြစ်သော အနက်သဘောကြောင့်။ တေ၊ ထိုခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ ဒုက္ခာ၊ ဆင်းရဲတို့သာတည်း။ အသာရကဋ္ဌေန၊ အနှစ်သာရမရှိသော အနက်သဘောကြောင့်။ တေ၊ ထိုခန္ဓာငါးပါး ရုပ်, နာမ်တရားတို့သည်။ အနတ္တာ၊ အစိုးမရကုန်။ ဣတိ၊ ဤသို့။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ပဿေ၊ မထင်လျှင်ထင်အောင် မမြင်လျှင် မြင်အောင် ရှုဆင်ခြင်ရာ၏။

ထိုသို့အဘန်တလဲလဲ စဉ်းစားဆင်ခြင်သော ယောဂိပုဂ္ဂိုလ်အား ရုပ်, နာမ်ဓမ္မ သင်္ခါရတရားတို့၏ အလွန်တိုသော ခဏရှိသည် အဖြစ်တည်းဟူသော အနက်သဘောသည် ထင်ရှားလာတတ်လေသည်၊ သမ္မသနဉာဏ်ဖြင့် သုံးသပ်ဆင်ခြင်အပ်သော ထိုခန္ဓာငါးပါး ရုပ်,နာမ်

တရားတို့သည် တစုံတခုသောအရပ်ဌာနဌ် နောက်တဘန်ဖြစ်ပေါ်လာ ရန်ဘို့ စုပုံ၍ နေကြကုန်သည်မဟုတ်၊ဖြစ်ခွင့်သင့်ခါ နောက်အနာဂတ် ကာလဌ်လာ၍ ဖြစ်ပေါ်ရာအစုအပုံသည် တစိုးတစိမျှ ရှိနှင့်သည် လည်း မဟုတ်၊ စုံဖျားပေါ်ဌ် တင်ထားလိုက်သည်နှင့်တပြိုင်နက် တ ချက်တည်း လိမ့်ကျ၍သွားတတ်ကုန်သော မုန်ညင်းစေ့တို့နှင့် ပမာတူ ကုန်သည်ဖြစ်၍ ဖြစ်ခွင့်သင့်လေ၍ ဖြစ်နေသည့်အခိုက်အတန့်သာလျှင် အကြောင်းသင်္ခါရတို့ မချုပ်နိုင်သည့်အတွက် တလှုပ်လှုပ်တရွရွ တည် နေကြရကုန်၏။

အနိစ္စာနဂတာ ဘဂ္ဂါ၊
ပုဗ္ဗော နတ္ထိ အနာဂတေ။
နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ၊
အာရဂ္ဂေ သာသပူပမာ။
[မဟာနိဒ္ဒေသပါဠိတော် စသည်။]

ဘဂ္ဂါ၊ ဖြစ်ပေါ်လာပြီးနောက် ချက်ခြင်းပင် ချုပ်ကြကုန်သော နာမ်,ရူပ် နှစ်ပါးတို့သည်။အနိစ္စာနဂတာ၊ငြိမ်းလေပြီးသည့် ဆီမီးပမာ သိမ့်ဒိုးရာမရှိသော အဖြစ်သို့ရောက်လေကုန်ပြီ။ အနာဂတေ၊ မဖြစ်သေး မီ အနာဂတ်ဌ်။ ပုဗ္ဗော၊ လာ၍ ဖြစ်ဘို့ရာ အပုံအစုသည်။ နတ္ထိ၊ မရှိနှင့် လေ။ ယေပိ၊ အကြင်ပစ္စုပ္ပန် ခန္ဓာနာမ်ရူပ်တို့သည်လည်း။ နိဗ္ဗတ္တာ၊ ဖြစ်ပေါ်လာကုန်သည်ဖြစ်၍။ တိဋ္ဌန္တိ၊ တည်ကုန်၏။ တေပိ၊ ထိုပစ္စုပ္ပန် ခန္ဓာနာမ်ရူပ်တို့သည်လည်း။ အာရဂ္ဂေ၊အပ်သွားပွတ်ဆောက်ဖျားဌ် သာသပူပမာ၊ တင်ထားလိုက်သော မုန်ညင်းစေ့တို့နှင့်တူသော ဥပမာ ရှိကုန်သည်ဖြစ်၍။ တိဋ္ဌန္တိ၊ တည်နေကြကုန်၏။

ထိုခန္ဓာငါးပါး ရူပ်,နာမ်တရားတို့သည် ကောင်းကင်ဌ် တိမ်လွှာ, တိမ်ထပ် နှစ်ခုဆပ်ရာ လျှပ်ရောင်၏ ဖြစ်ပေါ်လာခြင်းကဲ့သို့ ဖြစ်ခွင့် သင့်ခါ လာ၍အသစ်ဖြစ်ပေါ်ကြကုန်၏၊ဖြစ်ပေါ်ပြီးသည့်နောက် ဘယ် ကိုမှ ပြောင်းရွှေ့၍သွားသည်မဟုတ်၊ ချုပ်ကွယ်သေဆုံး၍သာ သွား ကုန်၏။

အဒဿနတော အာယန္တိ၊
ဘင်္ဂါ ဂစ္ဆန္တိ့ဒဿနံ။
ဝိဇ္ဇုပ္ပါဒေါ အာကာသေ၊
ဥပ္ပဇ္ဇန္တိ ဝယန္တိစ။
[မဟာနိဒ္ဒေသပါဠိတော် စသည်။]

အဒဿနတော၊မရှိ,မထင်,မမြင်ရာက။ အာယန္တိ၊ အသစ်,အသစ် ပေါ်ဖြစ်လာကုန်၏။ဘင်္ဂါ၊ချုပ်ကုန်ပြီးသော'နာမ်,ရုပ်တရားတို့သည်။ အဒဿနံ၊ မမြင်ရရာ အဘာဝဝစစ် အတိတ်အဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်ကြလေကုန်၏။ အာကာသေ၊ ရေးခြစ်မထင် မိုယ်းကောင်းကင်၌။ ဝိဇ္ဇုပ္ပါဒေါ၊ ပြိုးပြက်ရောင်သွယ် လျှပ်နွယ်ကဲ့သို့။ဥပ္ပဇ္ဇန္တိစ၊ဖြစ်လည်း ဖြစ်ကုန်၏။ ဝယန္တိစ၊ ပျက်လည်း ပျက်ကုန်၏။

၅၇။ ဥဒယဗ္ဗယဉာဏ်

ဥဒယဗ္ဗယဉာဏ်—ဆိုသည်မှာ။ ။လက္ခဏာရေးသုံးပါး အဟုတ် ထင်မြင်လာ၍ အဖြစ်,အပျက်တွေကို မြင်နိုင်သောဉာဏ်ကိုဆိုသည်။

ဥဒယဗ္ဗယဆိုသည်၌ ဥဒယ-တပုဒ်,ဝယ-တပုဒ် ၎င်းသို့နှစ်ပုဒ်ခွဲခြား၍ သိအပ်၏၊ဥဒယ-ဆိုသည်မှာ အသစ်,အသစ်ဖြစ်ပေါ်မှုကိုဆိုသည်၊ဝယ-ဆိုသည်မှာအဟောင်း,အဟောင်းချုပ်ကွယ်မှုကိုဆိုသည်၊၎င်း ဥဒယဗ္ဗယ ဉာဏ်၌ ပွါးပုံဘာဝနာ အထူးမရှိ၊ သမ္မသနဉာဏ်ဖြင့် သုံးသပ်ဆင်ခြင်သော ယောဂီပုဂ္ဂိုလ်အား ရုပ်,နာမ်ဓမ္မ သင်္ခါရတရားတို့၏ အလွန်တိုသောခဏရှိသည်အဖြစ်တည်းဟူသော အနက်သဘောသည် အကြမ်းအားဖြင့် ထင်ရှားလာတော့၏၊ ထိုနောက်တဘန် အဘန်တလဲလဲ စဉ်းစားဆင်ခြင်သောအခါ ခန္ဓာငါးပါး ရုပ်,နာမ်တရားတို့သည် ယခုချက်ခြင်းပင် ဖြစ်၍,ဖြစ်၍ ယခုချက်ခြင်းပင် ပျက်၍,ပျက်၍ ငြိမ်းကြလေကုန်၏-ဟု ပိုင်းပိုင်းခြားခြား ထင်မြင်ခြင်းသည် အလိုလိုပေါ်၍ လာတတ်လေသည်။

ထိုသို့နာမ်,ရုပ်တရားတို့၏ ခဏမစဲ တသဲသဲဖြစ်ပေါ်မှု,ချုပ်ကွယ်မှုတို့ကို ပိုင်းပိုင်းခြားခြား ထင်မြင်နိုင်သောဉာဏ်ကိုပင်'ဥဒယဗ္ဗယဉာဏ်ဆိုသည်ဟုမှတ်။ ။ဆိုခဲ့ပြီးသောအတိုင်း လက္ခဏာရေး မထင်ရှားနိုင်၍

ဥဒယဗ္ဗယဉာဏ်အလိုလိုမဖြစ်ပေါ်လာနိုင်ရှိခဲ့လျှင် ရှေးဖြစ်သော သမ္ဘသနဉာဏ်က ချီ၍,ချီ၍ရှင်းလင်း ပွါးများရသည်၊သို့ဖြစ်၍ ရှေးဖြစ်သော သမ္ဘသနဉာဏ်ကိုသာ လိုရင်းကြီးဟုမှတ်။

လက္ခဏာရေးတို့သည် အဘယ်တရားကို နှလုံးမသွင်းခြင်းကြောင့်, အဘယ်တရားဖြင့် ဖုံးလွှမ်းသောကြောင့် သတ္တဝါတို့၏ဉာဏ်၌ မထင်မြင်နိုင်သနည်း။ ။ဖြစ်မှု,ပျက်မှုကို နှလုံးမသွင်းခြင်းကြောင့်, သန္တတိပညတ်ဖုံးလွှမ်းသောကြောင့် အနိစ္စလက္ခဏာ မထင်မြင်နိုင်၊ ဖြစ်မှု, ပျက်မှုကို ထင်ရှားအောင်ဉာဏ်နှင့် သိမ်းဆည်း၍ သန္တတိပညတ်ကို ဉာဏ်နှင့်ပယ်ရှားသည်ရှိသော် အနိစ္စလက္ခဏာသည် ဟုတ်မှန်တိုင်းသော မိမိကိစ္စနှင့်တကွ ထင်မြင်လာတော့၏၊သန္တတိပညတ်ဆိုသည်မှာ အသီးအသီးတခြားစီဖြစ်ပြီး,ဖြစ်ဆဲ ရှေ့နောက်ဖြစ်သောရုပ်တရားတွေ, နာမ်တရားတွေကို တသားထဲ,တစပ်ထဲ ထင်မြင်ခေါ်ဝေါ်ကြရသော သဘောကိုဆိုသည်၊ မပြတ် အဘန်တလဲလဲနိုပ်စက်ခြင်းကို နှလုံးမသွင်းခြင်းကြောင့်,ဇုရိယာပုထ်တို့ဖြင့် ဖုံးလွှမ်းသောကြောင့် ဒုက္ခလက္ခဏာ မထင်မြင်နိုင်၊ အဖြစ်,အပျက်အားဖြင့် မပြတ် နှိပ်စက်ခြင်းကို ဉာဏ်နှင့် သိမ်းဆည်း၍ ဇုရိယာပုထ်ကို ဉာဏ်နှင့်ပယ်ရှား၍ ကြည့်သည်ရှိသော် ဒုက္ခလက္ခဏာသည် ဟုတ်မှန်တိုင်းသော မိမိကိစ္စနှင့်တကွ ထင်မြင်လာတော့၏၊ ပထဝီဓာတ်စသော အထူးထူးအပြားပြားသော သဘောတရားအကွဲ အပြားကို နှလုံးမသွင်းခြင်းကြောင့်, သမူဟကိစ္စ အာရုံအားဖြင့်ထင်သော တခဲနက်ဖြင့် ဖုံးလွှမ်းသောကြောင့် အနတ္တလက္ခဏာမထင်မြင်နိုင်၊ ပထဝီဓာတ်စသော အထူးထူးသောဓာတ်တို့ကို ဉာဏ်ဖြင့်ခွဲခြမ်းဝေဘန်၍ တခဲနက်ဟူသော ဃနပညတ်ကို ခွာဖျက်သည်ရှိသော် အနတ္တလက္ခဏာသည် ဟုတ်မှန်တိုင်းသော မိမိကိစ္စနှင့်တကွ ထင်မြင်လာတော့၏၊ ထိုအကြောင်းကို ဝိသုဒ္ဓိမဂ် အဌကထာစသည်တို့၌ ပြဆိုအပ်၏။

လက္ခဏာရေးသုံးပါး အဟုတ်ထင်မြင်လာ၍ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာသည်ရှိသော် ထိုဥဒယဗ္ဗယဉာဏ်၏ မြန်မြန်ဝိုင်ခုံ သန့်ရှင်းခြင်းအကျိုးငါ-

အဝိဇ္ဇာသမုဒယာ၊ အဝိဇ္ဇာဖြစ်၍ နေခြင်းကြောင့်။ ရူပ သမုဒ-ယော၊ ရူပ၏ဖြစ်၍နေခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဏှာသမုဒယာ၊ တဏှာဖြစ်၍နေခြင်းကြောင့်။ ကမ္မသမုဒယာ၊ ကံ၏ ဖြစ်၍နေခြင်း ကြောင့်။ အာဟာရ သမုဒယာ၊ အာဟာရ၏ ဖြစ်၍နေခြင်းကြောင့်။ ရူပသမုဒယော၊ ရူပ၏ ဖြစ်၍နေခြင်းသည်။ ဟောတိ၊ ဖြစ်၏။ နိဗ္ဗတ္တိ-လက္ခဏမ္ပိ၊ ပေါ်စ, ဖြစ်စ, ဥပါဒိစ လက္ခဏာသည်လည်း။ ဥဒယော-နာမ၊ ဥဒယမည်၏။ ။ဤသို့အကြောင်းအားဖြင့် ဥဒယဇလေးပါး, ခဏအားဖြင့် ဥဒယတပါး၊ ပေါင်း ဥဒယ လက္ခဏာငါးပါးကို ပိုင်း ခြားမှတ်ရမည်၊ထို့အတူ အဝိဇ္ဇာနိရောဓာ၊အဝိဇ္ဇာ၏ချုပ်ခြင်းကြောင့်။ တဏှာနိရောဓာ၊တဏှာ၏ ချုပ်ခြင်းကြောင့်။ ကမ္မနိရောဓာ၊ ကံ၏ချုပ် ခြင်းကြောင့်။ အာဟာရနိရောဓာ၊ အာဟာရ၏ ချုပ်ခြင်းကြောင့်။ ရူပနိရောဓော၊ ရူပ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝိပရိဏာမ-လက္ခဏမ္ပိ၊ ဖောက်ပြန်ခြင်း လက္ခဏာသည်လည်း။ ရူပဿ၊ ရူပ၏။ ဝယောနာမ၊ ဝယမည်၏။ ဤသို့ ဝယလက္ခဏာငါးပါး။ ။ဤသို့လျှင် ရူပ၌ ဥဒယဗ္ဗယလက္ခဏာ ဆယ်ပါး။ ။ထို့အတူ ဝေဒနာ,သညာ, သင်္ခါရတို့၌ အာဟာရသမုဒယာ, အာဟာရနိရောဓာတို့ကို နုတ်၍ ဖဿ သမုဒယာ, ဖဿနိရောဓာတို့ကို ထည့်ပြီးလျှင် ဆယ်ပါး, ဆယ် ပါးစီဖြစ်၏၊ ဝိညာဏက္ခန္ဓာ၌ကား-နာမရူပ သမုဒယာ, နာမရူပနိ ရောဓာတို့ကို ထည့်၍ ဆယ်ပါး၊ ဤသို့ တပါး, တပါးသော ခန္ဓာ၌ ဆယ်ပါးစီအားဖြင့် ခန္ဓာငါးပါးတို့၌ ဥဒယဗ္ဗယလက္ခဏာ ငါးဆယ် ကို ပိုင်းခြားမှတ်ရမည်၊ ထိုသို့ ရှုမြင်သောပုဂ္ဂိုလ်သည် ဥဒယဗ္ဗယဉာဏ် ထက်သန် သန့်ရှင်းခြင်းသို့ ရောက်သဖြင့် ဥဒယဗ္ဗယဉာဏ်ဟူသော တရု ဏဝိပဿနာကိုရ၍ အာရဒ္ဓ ဝိပဿက ပုဂ္ဂိုလ်တယောက် ဖြစ်မြောက် တော့လေသည်။

ထိုအာရဒ္ဓ ဝိပဿကပုဂ္ဂိုလ်အား ဥဒယဗ္ဗယဉာဏ် ကောင်းကောင်း ဖြစ်ပေါ်၍ မြဲမြံခိုင်ခဲ့ သန့်ရှင်းလာသောကြောင့် မကြုံမတွေ့စဘူး သော အန္တရာယ်ဆယ်ပါး ဖြစ်ပေါ်လာတတ်လေသည်။

အန္တရာယ် ဆယ်ပါးဆိုသည်မှာ-

(၁) ကိုယ်မှ အရောင်အဆင်းထွက်ခြင်း ဩဘာသ,

(၂) အလွန်နှစ်သက်သော ဝိတိ,
(၃) ကိုယ်-စိတ်၏ပူပန်ခြင်းငြိမ်းသော ကာယပဿဒ္ဓိ-စိတ္တပဿဒ္ဓိ,
(၄) အားကြီးစွာသော သဒ္ဓါတရားဟူသော အဓိမောက္ခ,
(၅) မတင်းလွန်း,မလျော့လွန်းသော ဝီရိယဟူသော ပဂ္ဂဟ,
(၆) အလွန်မွန်မြတ်သော ဝိပဿနာ ချမ်းသာဟူသော သုခ,
(၇) အလွန်ထက်မြက်သော ဉာဏ်,
(၈) ကြာမြင့်စွာက ပြုအပ်သောအမှုကိုပင် အောက်မေ့နိုင်သော သတိဟူသော ဥပဋ္ဌာန,
(၉) သင်္ခါရ တရားတို့၌ လျစ်လျူ၊ရှုခြင်း ဝိပဿနုပေက္ခာဟူသော ဥပေက္ခာ,
(၁၀) ထိုသြဘာသ စသည်တို့၌ တပ်နှစ်သက်သော သိမ်မွေ့သော တဏှာဟူသော နိကန္တိ။ ။ဤဆယ်ပါးကိုဆိုသည်။

ထိုအန္တရာယ် ဆယ်ပါးတို့တွင် တပါးပါး ဖြစ်ပေါ်လာသည်ကို မဂ်ဖြစ်ပေါ်လာပြီ-ဟု ထင်မှတ်၍ ဝိရိယကိုလျော့လျှင် ဤနေရာမှာ ယောဂီပုဂ္ဂိုလ်သည် မှောက်မှား နစ်မြုပ်တတ်၏၊ ထိုအရောင်အဆင်း စသည်ကို "မဂ်မဟုတ်ချေတကား-ငါ၏ ဝိပဿနာဉာဏ်ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်"ဟု ဆင်ခြင်လျက် တဏှာ,မာန, ဒိဋ္ဌိအားဖြင့် မစွဲလမ်းဘဲ"အနိစ္စံ, ဒုက္ခံ, အနတ္တာ၊ အနိစ္စံ, ဒုက္ခံ, အနတ္တာ"ဟုရှု၍ ဥဒယဗ္ဗယဉာဏ်-ဟူသောလမ်းမှန်သို့သာသွား၍ပွါး များရသည်။

ဤဥဒယဗ္ဗယဉာဏ်နှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည် လူ;နတ် စည်းစိမ်ထက် လွန်ကဲသော တရားစည်းစိမ်ကို စံစား ခံစားရ၏။

သုညာဂါရံ ပဝိဋ္ဌဿ၊
သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသိ ရတိ ဟောတိ၊
သမ္မာ ဓမ္မံ ဝိပဿတော။

ယတော ယတော သမ္မသတိ၊
ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတေ ပီတိပါမောဇ္ဇံ၊
အမတံ တံ ဝိဇာနတံ။
[ဓမ္မပဒပါဠိတော်။]

သုညာဂါရံ၊ ဆိတ်ငြိမ်သောအရပ်သို့။ ပဝိဋ္ဌသ၊ ဝင်ပြီးသော။ သန္တစိတ္တသ၊ ငြိမ်းချမ်းသော စိတ်ရှိသော။ သမ္မာ၊ အသင့်အားဖြင့်။ ဓမ္မံ၊ ရုပ်,နာမ်တရားကို။ ဝိပဿတော၊ ဥဒယဗ္ဗယာနုပဿနာ စသည်တို့၏ အစွမ်းအားဖြင့် ရှုသော။ ဘိက္ခုနော၊ သံသရာဘေးကို ရှုသော ယောဂီပုဂ္ဂိုလ်အား။ အမာနုဿီ၊ ဝိပဿနာကို အားထုတ်သူ လူတို့ အရာမဟုတ်သော။ ရတိ၊ ဝိပဿနာ ပီတိသုခ-ဟူသော မွေ့လျော်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ယတော ယတော၊အကြင်အကြင် ရုပ်အားဖြင့်ရင်း,နာမ်အားဖြင့်ရင်း။ ခန္ဓာနံ၊ ခန္ဓာတို့၏။ ဥဒယဗ္ဗယံ၊ အဖြစ်,အပျက်ကို။ သမ္မသတိ၊ သုံးသပ်ဆင်ခြင်၏။ အမတံ၊ အမြိုက်နိဗ္ဗာန်ကို။ ဝိဇာနတံ၊ သိကုန်သော အရိယာသူမြတ်တို့၏။ ယံပီတိပါမောဇ္ဇံ၊ အကြင်နှစ်သက်ဝမ်းမြောက်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံတာဒိသံ၊ ထိုအရိယာတို့၏ နှစ်သက်ဝမ်းမြောက်ခြင်းနှင့်တူသော။ ပီတိပါမောဇ္ဇံ၊ နှစ်သက်ဝမ်းမြောက်ခြင်းကို။ တတော တတော၊ထိုထိုရုပ်အားဖြင့်ရင်း,နာမ်အားဖြင့်ရင်း။လဘတေ၊ ရ၏။

ဤသို့ပြဆိုခဲ့ပြီးသော သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်နှစ်ပါးသည် တိရဏပရိညာ၏ဖြစ်ရာဘုံမည်၏။

တိရဏပဋ္ဌိညာပြီး၏။

၅၉။ ပဟာနပရိညာ—ဘင်္ဂဉာဏ်

ပဟာန ပရိညာ၌ ဘင်္ဂဉာဏ်ဆိုသည်မှာ။ ။ဖြစ်မှုကိုလွှတ်၍ ပျက်မှုသက်သက်ကို ကွက်ခြားမှ ရှုသော ဉာဏ်ကို ဆိုသည်၊※ထင်ရှားစေဦးအုံ့-ဥဒယဗ္ဗယဉာဏ်ဖြင့် ထင်မြင်လာသော နာမ်ရုပ်တို့၏ ဖြစ်

ပေါ်မှ,ချုပ်ကွယ်မှု နှစ်ပါးတို့တွင် အနိစ္စလက္ခဏာ၌ ချုပ်ကွယ်မှု သည်သာလိုရင်းပဓာန အချုပ်အချာဖြစ်၏၊ ဖြစ်ပေါ်မှု, ချုပ်ကွယ်မှု နှစ်ပါးတို့တွင် ဖြစ်ပေါ်မှုထက် ချုပ်ကွယ်မှုကသာ၍ ထင်မြင်နိုင်ခဲ့၏၊ ထို့ကြောင့် ထင်ရှားလွယ်သော ဖြစ်ပေါ်မှု-ဥဒယကိုလွှတ်၍ အံ့ထင်အမြင် အားနည်းသော လိုရင်းအချုပ်အချာဖြစ်သော ပျက်မှု-ဝယဟူသော ဘင်ကိုသာ ကွက်ခြားမှ အထူးစဉ်စားဆင်ခြင်ရသည်၊ ထိုသို့စဉ်စားဆင်ခြင်သော ယောဂိပုဂ္ဂိုလ်အား လျှပ်စစ်ကိုမော်၍ကြည့်သောသူအား လျှပ်စစ်၏ လျင်မြန်ခြင်းကြောင့် ဖြစ်မှုကို မမြင်လိုက်ရဘဲ ပျက်ဆဲတွင်သာမြင်ရ၍ အပျက်သာ ထင်သကဲ့သို့ ဘင်-ဟူသော အပျက်ကို ထင်လာတော့၏၊ ပျက်စီးခြင်းဘင်၌သာ သတိဉာဏ် တည်တော့သည်၊ ထိုအခါ ဘင်ဉာဏ်ဖြစ်၏-ဟု မှတ်လေ။

ယထာ ပုဗ္ဗူဠကံ ပသေ၊
ယထာ ပသေ မရိစိကံ။
ဧवံ လောကံ အဝေက္ခန္တံ၊
မစ္စုရာဇာ နပဿတိ။ ။
[ဓမ္မပဒပါဠိတော်။]

ပုဗ္ဗူဠကံ၊ ရေပွက်ကို။ ပသေယထာ၊ မြင်သကဲ့သို့ဉာဏ်။ မရိစိကံ၊ တံလျှပ်ကို။ ပသေယထာ၊ ရှု၏သို့ဉာဏ်။ ဧवံကထာ၊ ဤအတူ။ လောကံ၊ ရုပ်,နာမ်-ဟူသော ခန္ဓာလောကကို။ အဝေက္ခန္တံ၊ ဉာဏ်ဖြင့်သက်၍ ပျက်မှု ဘင်ကိုသာ ရှုသော ယောဂိပုဂ္ဂိုလ်ကို။ မစ္စုရာဇာ၊ သေမင်းသည်။ နပဿတိ၊ မမြင်နိုင်။ ။[ဤကားအပျက်ကိုသာ ရှုသော ယောဂိပုဂ္ဂိုလ်ကို သေမင်းမမြင်နိုင်ကြောင်းကိုပြသောဂါထာတည်း။]

ထိုဘင်ဂါနုပဿနာဉာဏ်ကိုရသော ယောဂိပုဂ္ဂိုလ်အား ရှစ်ပါးသော အကျိုးတို့သည် ဖြစ်ကုန်၏၊ ထိုရှစ်ပါးကို ဆိုလတ္တံ့သောအတိုင်းသိပါလေ။

ဘဝဒိဋ္ဌိပ္ပဟာနံ,ဇိဝိတနိကန္တိ ပရိစ္စာဂေါ, သဒါပယုတ္တ-တာ, ဝိသုद္ဓါဇိဝိတာ, ဥဿုက္ကပ္ပဟာနံ, ဝိဂတဘယတာ,ခန္တိ-သောရစ္စပဋိလာဘော, အရတိ-ရတိသဟနတာတိ။ ။
[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။]

ဘဝဒိဋ္ဌိပ္ပဟာနံ၊ ဘဝသည်မြို့၏-ဟူသော သဿတဒိဋ္ဌိကိုပယ်ရခြင်းလည်းတပါး။ ဇီဝိတနိကန္တိ ပရိစ္စာဂေါ၊ အသက်၌တပ်သော နိကန္တိကိုစွန့်ရခြင်းလည်းတပါး၊ သဒါပယုတ္တတာ၊ အခါခပ်သိမ်း ဘာဝနာနှင့်ယှဉ်ခြင်းလည်းတပါး။ ဝိသုဒ္ဓါဇီဝိတာ၊ စင်ကြယ်သော အသက်မွေးခြင်းရှိသည်လည်းတပါး၊ဥဿုက္ကပ္ပဟာနံ၊ အမှုကြီး,ငယ်၌ လုံ့လမပြုခြင်းလည်းတပါး။ ဝိဂတဘယတာ၊ ကြောက်လန့်ခြင်း ကင်းသည်လည်း တပါး။ ခန္တိသောရစ္စ ပဋိလာဘော၊ သည်းခံခြင်း, ကောင်းသောအမှု၌ မွေ့လျော်ခြင်းနှင့် ပြည့်စုံသည်လည်းတပါး။ အရတိ-ရတိ သဟနတာ၊ ကုသိုလ်၌ မမွေ့လျော်ခြင်း, ကာမဂုဏ်၌ မွေ့လျော်ခြင်းတို့ကို နှိပ်နင်းခြင်းလည်းတပါး။ ဣတိအယံ၊ ဤသည်လျှင်။ အဌာနိ-သံသာ၊ ရှစ်ပါးသော အကျိုးတို့တည်း။

၆၀။ ဘယဉာဏ်

ဘယဉာဏ်ဆိုသည်မှာ။ ။အပျက်တွေကို မြင်သောကြောင့်အလုံးစုံသော သင်္ခါရတရားတို့ကို ဘေးကြီး-ဟုထင်မြင်လာသောဉာဏ်ကို ဆိုသည်၊ ဘယဉာဏ်ဟူသော်လည်း ကြောက်သည်-ဟူ၍ မမှတ်လင့်၊ ကြောက်လျှင် ဉာဏ်မဟုတ်၊ ဒေါသမူစိတ်သာဖြစ်သည်၊ ကာမ, ရူပ, အရူပ-ဟူသော ဘဝသုံးပါး၌ ဖြစ်ကုန်သော သင်္ခါရတရားတို့ကို ကြောက်မက်ဘွယ်ရာတကား-ဟု ဘယဉာဏ်စက်သွားဖြင့်ပိုင်းခြားဆုံးဖြတ်ရုံမျှသာတည်း။

※ထင်ရှားစေဦးအုံ–နာမ်, ရုပ်နှစ်ပါး သင်္ခါရတရားတို့၏ အမြဲမတည် ပျက်စီးခြင်း-ဘင်္ဂသဘောဖြင့် အဟုတ်ထင်မြင်သော ယောဂီပုဂ္ဂိုလ်အား ထိုနာမ်, ရုပ်နှစ်ပါး သင်္ခါရတရားတို့ကို ယခုဘဝတွင် မိမိကိုယ်, မိမိဥစ္စာပြုလုပ်၍ နေမှုနှင့်တကွ မိမိကိုယ်, မိမိဥစ္စာပြုလုပ်၍ နောက်သံသရာ၌ကျင်လည်ရမည့်အခွင့်ကို ကြောက်မက်ဘွယ်, ထိတ်လန့်ဘွယ်အတိထင်မြင်လေတော့သည်၊ထိုသို့ ထင်မြင်သောဉာဏ်ကိုပင် ဘယဉာဏ်ဟုဆိုသည်၊ ၎င်းဘယဉာဏ်ဖြစ်စေရန် သီးခြား ပွါးအပ်သော ဘာဝနာ-ဟူ၍ အထူးမရှိ။

၆၁။ အာဒီနဝဥာဏ်

အာဒီနဝဉာဏ်ဆိုသည်မှာ။ ။ဘေးအားဖြင့်မြင်ပြီးသောရူပ်,နာမ်နှစ်ပါး သင်္ခါရတရားတို့၏အပြစ်ကိုသာ မြင်သောဉာဏ်ကို ဆိုသည်၊ ရူပ်,နာမ်နှစ်ပါး သင်္ခါရတရားတို့၏ ပျက်စီးခြင်း-ဘင်စွန်းကိုမြင်သဖြင့် ရူပ်,နာမ်နှစ်ပါး သင်္ခါရတရားတို့ကို ကြောက်မက်ဘွယ်ရာတကား-ဟု ပိုင်းခြားဆုံးဖြတ်ပြီးသော ယောဂီပုဂ္ဂိုလ်အား ကာမ, ရူပ, အရူပ-ဟုဆိုအပ်သော ဘုံသုံးပါးတို့၌ မီးသင့်လောင်သော မီးလောင်ပြင်ကွင်းကြီးကဲ့သို့ မှတ်ထင်ဆင်ခြင် အပြစ်ကိုသာ မြင်တော့သည်၊ ထိုသို့ထင်မြင်လာသော ဉာဏ်ကိုပင် အာဒီနဝဉာဏ်–ဟုဆိုသည်။

ထိုသို့ အပြစ်ထင်မြင်လာသောအခါ ငါးပါးသော ဌာနတို့၌ဖြစ်၏၊ ထိုအာဒီနဝ ဉာဏ်၏ ပဋိပက္ခဖြစ်သော သန္တိပဒဉာဏ်သည်လည်း ငါးပါးသောဌာနတို့၌ဖြစ်၏။

ထိုအကြောင်းကို ဆိုလတ္တံ့သော ပါဠိတော်ဖြင့်သိပါလေ။

ဥပ္ပါဒဉ္စ ပဝတ္တဉ္စ၊
နိမိတ္တံ ဒုက္ခန္တိ ပဿတိ။
အာယူဟနံ ပဋိသန္ဓिं၊
ဉာဏံ အာဒီနဝေ ဣဒံ။

အနုပ္ပါဒံ အပ္ပဝတ္တံ၊
အနိမိတ္တံ သုခန္တိစ။
အနာယူဟနံ အပ္ပဋိသန္ဓिं၊
ဉာဏံ သန္တိပဒေ ဣဒံ။

ဣဒံ အာဒီနဝေ ဉာဏံ၊
ပဉ္စဌာနေသု ဇာယတိ။
ပဉ္စဌာနေ သန္တိပဒေ၊
ဒသဌာနေ ပဇာနာတိ။
ဒ္ဝိန္နံ ဉာဏာနံ ကုသလတာ၊
နာနာဒိဋ္ဌိသု နကမ္ပတိ။
[ပဋိသမ္ภိဒါမဂ်ပါဠိတော်။]

ဥပ္ပါဒဠ္ဆ၊ ဤဘဝပဋိသန္ဓေကိုဂင်း။ ပဝတ္တဠ္ဆ၊ ပဝတ္တိခန္ဓာဝါးပါးကိုဂင်း။ နိမိတ္တဠ္ဆ၊ သဏ္ဌာန်အားဖြင့်ထင်သော သင်္ခါရနိမိတ်ကိုဂင်း။ အာယူဟနဠ္ဆ၊ ဤဘဝပြုအပ်သောကံကိုဂင်း။ ပဋိသန္ဓိံစ၊နောက်ဘဝ် ပဋိသန္ဓေကိုဂင်း။ ဒုက္ခန္တိ၊ ဆင်းရဲအစုသာတည်းဟူ၍။ ပဿတိ၊ ရှုမြင်၏။ ဣဒံ၊ ဤဝါးပါးသည်။အာဒီနဝေ၊အပြစ်ဒေါသ အာဒီနဝ၌။ဉာဏံ၊ သိသောဉာဏ်မည်၏။

အနုပ္ပါဒဠ္ဆ၊ ဤဘဝ**ပ**ဋိသန္ဓေမနေခြင်းကိုဂင်း။ အပ္ပဝတ္တဠ္ဆ၊ ပဝတ္တိခန္ဓာဝါးပါး၏မဖြစ်ခြင်းကိုဂင်း။ အနိမိတ္တဠ္ဆ၊ သဏ္ဌာန်အားဖြင့် ထင်သောသင်္ခါရနိမိတ်၏ မဖြစ်ခြင်းကိုဂင်း။ အနာယူဟနဠ္ဆ၊ နောက်ပဋိသန္ဓေ၏ အကြောင်းဖြစ်သောကံကို ဤဘဝအားမထုတ်ခြင်းကိုဂင်း။ အပ္ပဋိသန္ဓိံစ၊ နောက်ဘဝ ပဋိသန္ဓေမနေခြင်းတည်းဟူသောနိဗ္ဗာန်ကိုဂင်း။ သုခန္တိ၊ ချမ်းသာသုခ-ဟူ၍။ ပဿတိ၊ ရှုမြင်၏။ ဣဒံ၊ ဤဝါးပါးသည်။သန္တိပဒေ၊ သင်္ခါရခပ်သိမ်း ကုန်ငြိမ်းရာ နိဗ္ဗာန်ဟူသောအာရုံ၌။ ဉာဏံ၊ ဖြစ်သောဉာဏ်မည်၏။

ဣဒံအာဒီနဝေဉာဏံ၊ ဤအာဒီနဝဉာဏ်သည်။ ပဠုဌာနေသု၊ ဝါးပါးသောအကြောင်းတို့၌။ ဇာယတိ၊ ဖြစ်၏။ ဣဒံသန္တိပဒေဉာဏံ၊ ဤသန္တိပဒဉာဏ်သည်။ ပဠုဌာနေ၊ ဝါးပါးသောအကြောင်း၌။ ဇာယတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒသဉာဏေ၊ ဆယ်ပါးသောဉာဏ်တို့ကို။ပဇာနာ-တိ၊ အပြားအားဖြင့်သိ၏။ ဒ္ဝိန္နံဉာဏာနံ-ဒ္ဝိသုဉာဏေသု၊ နှစ်ပါးသောဉာဏ်တို့၌။ ကုသလတာ၊ လိမ်မာသည်၏အဖြစ်ကြောင့်။ နာနာဒိဋ္ဌိသု၊ အထူးထူးသောဒိဋ္ဌိတို့ကြောင့်။ နကမ္ပတိ၊ မတုန်လှုပ်။

၆၂။ နိဗ္ဗိန္ဒဉာဏ်

နိဗ္ဗိန္ဒဉာဏ် ဆိုသည်မှာ။ ။မြင်ပြီးသောအပြစ်ရှိသော သင်္ခါရတရားတို့၌ ငြီးငွေ့သောဉာဏ်ကိုဆိုသည်၊ မီးလောင်ပြင်ကွင်းကြီးကဲ့သို့ မှတ်ထင်လျက် မြင်အပ်ပြီးသော အပြစ်ရှိသော ခန္ဓာဝါးပါး ရုပ်,နာမ်နှစ်ပါး ဘုံသုံးပါးတို့၌ မခင်မတွယ်,မပျော်မမွေ့ စိတ်ကုန်ခန်းခြင်း ငြီးငွေ့ခြင်းဖြစ်လာတော့၏၊ ထိုသို့စိတ်ကုန်ခန်းငြီးငွေ့သောဉာဏ်ကို နိဗ္ဗိန္ဒဉာဏ်ဟု ဆိုသည်၊ ဤနိဗ္ဗိန္ဒဉာဏ်၌နှလုံးသွင်းရန်တရားကား—

သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
သေ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
သေ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေဓမ္မာ အနတ္တာတိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
သေ မဂ္ဂေါ ဝိသုဒ္ဓိယာ။
[ဓမ္မပဒပါဠိတော်။]

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ ဘုံသုံးပါးဌာနဆန္ဒာဝါးပါး ရှိ၏, နာမ်တရားတို့သည်။ အနိစ္စာ၊ ဖြစ်လာပြီးနောက် ချက်ခြင်းပင် ချုပ်ပျောက်တတ်သောကြောင့် အမြဲမရှိကုန်။ ဣတိ၊ ဤသို့။ ယဒါ! အကြင်အခါ၌။ ပညာယ၊ ဝိပဿနာပညာဖြင့်။ ပဿတိ၊ ရှုမြင်၏။ အထ၊ ထိုသို့ရှုသောအခါ၌။ သေ၊ ထိုသံသရာဘေးကို ရှုသော ယောဂိပုဂ္ဂိုလ်သည်။ ဒုက္ခေ၊ သံသရာဝဋ်ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ၊ငြီးငွေ့၏။ သေ-သော၊ ဤသို့ငြီးငွေ့ခြင်းသည်။ ဝိသုဒ္ဓိယာ၊ စင်ကြယ်ခြင်း၏။ မဂ္ဂေါ၊ အကြောင်းတည်း။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ဘုံသုံးပါး၌ ခန္ဓာဝါးပါး ရှိ၏, နာမ်တရားတို့သည်။ဒုက္ခာ၊ ဖြစ်ခြင်း,ပျက်ခြင်းတို့သည် အမြဲမပြတ် နှိပ်စက်အပ်သည်ဖြစ်၍ နာကျင်ဆင်းရဲကုန်၏။ ။[ကြင်းသောအနက်တို့မှာ ပဌမ ဂါထာအနက်အတိုင်းဖြစ်သည်။]

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ ခန္ဓာဝါးပါး ရှိ၏,နာမ်တရားတို့သည်။ အနတ္တာ၊ အစိုးမရ အနှစ်သာရမဲ့သောကြောင့် ကိုယ်မဟုတ်ကုန်။ ။[ကြင်းသောအနက်တို့မှာ ပဌမဂါထာ အနက်အတိုင်းဖြစ်သည်။]

ဘယဉ္ဇာဏ်, အာဒီနဝဉ္ဇာဏ်, နိဗ္ဗိန္ဒဉ္ဇာဏ်-ဤဉ္ဇာဏ် သုံးပါးကား သဒ္ဒါသာထူးသည်၊ သဘောကားမထူး။

၆၃။ မုဉ္စိတုကမျတာ ဉာဏ်

မုဉ္စိတုကမျတာ ဉာဏ် ဆိုသည်မှာ။ ။ငြိုးငွေ့၍ သင်္ခါရတရားတို့မှ လွတ်လို, ထွက်လိုသောဉာဏ်ကို ဆိုသည်၊ ပိုက်ကွန်မိသော ငါးသတ္တဝါသည် ပိုက်ကွန်ဟွင်းမှ လွတ်ထွက်ခြင်းငှါ အလိုရှိသကဲ့သို့ရှင်း၊ ညှောက်ကွင်းမိသော ကြက်သတ္တဝါသည် ညှောက်ကွင်းမှ လွတ်ထွက်ခြင်းငှါ အလိုရှိသကဲ့သို့ရှင်း၊ ထောင်တန်း အချုပ်အနှောင် ခံရသောသူသည် ထောင်တန်း အနှောင်အဖွဲ့မှ လွတ်ထွက်ခြင်းငှါ အလိုရှိသကဲ့သို့ရှင်း၊ ဘုံသုံးပါး, သင်္ခါရတရား တည်းဟူသော နှောင်အိမ်ကြီးအတွင်း၌ စိတ်ကုန်ခန်းမှ,ငြိုးငွေ့မှုရှိသောသူအား မြန်မြန်ကြီး လွတ်ထွက်လိုသော ဆန္ဒဖြစ်လာတော့၏၊ ထိုသို့လွတ်ထွက်လိုသော ဆန္ဒနှင့်တကွ ဖြစ်သောဉာဏ်ကို မုဉ္စိတုကမျတာ ဉာဏ်-ဟုဆိုသည်၊ ဤမုဉ္စိတုကမျတာ ဉာဏ်၌ ပွါးပုံဘာဝနာ-ဟူ၍ အထူးမရှိ။

၆၄။ ပဋိသင်္ခါ ဉာဏ်

ပဋိသင်္ခါဉာဏ် ဆိုသည်မှာ။ ။သင်္ခါရတရားတို့မှ လွတ်ထွက်ရန် လက္ခဏာရေးသုံးတန်ကို ထပ်မံ၍ ဆင်ခြင်ပြန်သောဉာဏ်ကို ဆိုသည်။

ဘုံသုံးပါး သင်္ခါရတရား တည်းဟူသော နှောင်အိမ်ကြီးမှ မြန်မြန်ကြီးလွတ်ထွက်ရအောင် သမ္မသနဉာဏ်၌ ပြဆိုခဲ့ပြီးသော အနိစ္စတော, ဒုက္ခတော-အစရှိသော ဘာဝနာလေးဆယ်တို့နှင့် ဉာဏ်ကုန်လွတ်၍ အဘန်ဘန်သုံးသပ် ဆင်ခြင်ပွါးများသော ဉာဏ်ကို ပဋိသင်္ခါဉာဏ်-ဟု ဆိုသည်။

၆၅။ သင်္ခါ ရုပေက္ခာဉာဏ်

သင်္ခါရုပေက္ခာဉာဏ် ဆိုသည်မှာ။ ။ဉာဏ်ကုန်လွတ်၍ အဘန်ဘန် သုံးသပ်ဆင်ခြင်သဖြင့် မြင်အပ်ပြီးသော အပြစ်ရှိသော တောဘူမက ရုပ်,နာမ်နှစ်ဝ သင်္ခါရဝမ္မတို့၌ ငြီတွယ်မပြု လျစ်လျူ။ရှုသောဉာဏ်ကို ဆိုသည်။

တေဘူမက ရူပ,နာမ် နှစ်ဝ သင်္ခါရဓမ္မတို့၌ လက္ခဏာရေးသုံးပါး ကို ဉာဏ်ကုန်လွှတ်၍ ဆင်ခြင်ပွါးများပြန်သောအခါ အစွမ်းကုန်ထင် မြင်သည့်အတွက် ထိုသင်္ခါရတရားတို့၌ ငါတည်း, ငါ့ဥစ္စာတည်း-ဟု ငြိတွယ်မပြု လျစ်လျူရှုခြင်းဖြစ်လာတော့၏၊ သာယာသော နိကန္တီ တဏှာ အရှင်းကွာလေ၍ ကျွတ်လွတ်တော့မည်ကား မဒ္ဓတ်ကေန် တည်း-ဟု သန္နိဋ္ဌာန်ချနိုင်လေ၏၊ထိုအခါ ယခင်က ဘယဉာဏ်,အာဒီ နဝဉာဏ် တို့ဖြစ်သော အခါမှစ၍ ကြောက်ဘွယ်,ထိတ်လန့်ဘွယ် အတိ ထင်မြင်၍နေသော သင်္ခါရတရားတို့မှ ကျွတ်လွတ်တော့မည်-ဟု စိတ်၏ ငြိမ်းအေးခြင်းကိုရလေသည်၊ သင်္ခါရတရားတို့၌ ကြောက်ထိတ်လန့် ခြင်း, နှစ်သက်ခြင်းတို့ကို စွန့်လွှတ်၍ လျစ်လျူရှုခြင်း ဖြစ်လာတော့၏၊ ထိုသို့ဖြစ်လာသောဉာဏ်ကို သင်္ခါရုပေက္ခာဉာဏ်-ဟု ဆိုသည်။

မုဠိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်-၌ ဉာဏ်သုံးပါးလည်း အမည်နာမ-အန,အရင့်သာကွဲပြားသည်၊သဘော ကားမထူး။

၆၆။ အနုလောမ ဉာဏ်

အနုလောမဉာဏ် ဆိုသည်မှာ။ ။ပရိကံ,ဥပစာ, အနုလုံ ဇောတို့ ကို ဆိုသည်။

※ထင်ရှားစေဦးအံ့-သင်္ခါရုပေက္ခာဉာဏ်သို့ရောက်ပြီးသော ယော ဂီပုဂ္ဂိုလ်အား မဂ်ဖြစ်ခါနီးသည်ရှိသော် သင်္ခါရုပေက္ခာဉာဏ် အာရုံ ပြုအပ်သော အနိစ္စကိုသော်၎င်း, ဒုက္ခကိုသော်၎င်း, အနတ္တကိုသော် ၎င်း တပါးပါးကို အာရုံပြု၍ ပရိကံ, ဥပစာ, အနုလုံ-ဟု ဇောသုံး ကြိမ်ဖြစ်၏၊ တိကွဗပညာပုဂ္ဂိုလ်အားကား ပရိကံကိုပယ်၍ နှစ်ကြိမ် သာဖြစ်၏၊ ထိုပရိကံ, ဥပစာ, အနုလုံ-ဟူသော ဇောသုံးကြိမ်၌ပါရှိ သော ဉာဏ်ကိုပင် အနုလောမဉာဏ်ဆိုသည်-ဟုမှတ်။ ။ဤဇောသုံး ကြိမ်ကို သာမညအားဖြင့် အာသေဝန-ဟူ၍၎င်း, ပရိကံ-ဟူ၍၎င်း, ဥပစာ-ဟူ၍၎င်း, အနုလုံ-ဟူ၍၎င်း ခေါ်ဝေါ်အပ်သည်ချည်းသာ တည်း၊ ဤ၌အနုလောမဆိုသည်မှာ သင့်လျော်လျောက်ပတ်သည်ကို

ဆိုသည်၊အဘယ်အား သင့်လျော်လျောက်ပတ်သနည်း ဟူမူကား ဥဒ-ယဗ္ဗယ စသော အောက်ဥာဏ်ရှစ်ပါးတို့အား မဖောက်မပြန်မှန်သော ကိစ္စရှိသည်၏အဖြစ်ဖြင့်ရင်း၊အထက်ဖြစ်သောမဂ်ခဏ၌ ဗောဓိပက္ခိယ တရား သုံးဆယ့်ခုနစ်ပါးတို့အား မှန်သောကိစ္စအားဖြင့်ရင်း၊ သင့်လျော်လျောက်ပတ်လေသည်။

ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးဆိုသည်မှာ။ ။သတိပဋ္ဌာန်လေးပါး,သမ္မပ္ပဓာန်လေးပါး,ဣဒ္ဓိပါဒ်လေးပါး,ဣန္ဒြေငါးပါး, ဗိုလ်ငါးပါး,ဗောဇ္ဈင်ခုနစ်ပါး,မဂ္ဂင်ရှစ်ပါး၊ ဤသုံးဆယ့်ခုနစ်ပါးကိုဆိုသည်။

သတိပဋ္ဌာန် လေးပါးဆိုသည်မှာ–

(၁) ကာယာနုပဿနာ သတိပဋ္ဌာန်,
(၂) ဝေဒနာနုပဿနာ သတိပဋ္ဌာန်,
(၃) စိတ္တာနုပဿနာ သတိပဋ္ဌာန်,
(၄) ဓမ္မာနုပဿနာ သတိပဋ္ဌာန်။ ။ဤလေးပါးကိုဆိုသည်။

သမ္မပ္ပဓာန် လေးပါးဆိုသည်မှာ–

(၁) ဖြစ်ကုန်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ လုံ့လပြုခြင်းကိစ္စ,
(၂) မဖြစ်ကုန်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှါ လုံ့လပြုခြင်းကိစ္စ,
(၃) မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှါ လုံ့လပြုခြင်းကိစ္စ,
(၄) ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို လွန်စွာပွါးများစေခြင်းငှါ လုံ့လပြုခြင်းကိစ္စ။ ။ဤလေးပါးကိုဆိုသည်။

ဣဒ္ဓိပါဒ် လေးပါးဆိုသည်မှာ–

(၁) ဆန္ဒိဒ္ဓိပါဒ်,
(၂) စိတ္တိဒ္ဓိပါဒ်,
(၃) ဝီရိယိဒ္ဓိပါဒ်,
(၄) ဝိမံသိဒ္ဓိပါဒ်။ ။ဤလေးပါးကိုဆိုသည်။

ဣန္ဒြေ ငါးပါးဆိုသည်မှာ–
(၁) သဒ္ဓိန္ဒြေ,
(၂) ဝီရိယိန္ဒြေ,
(၃) သတိန္ဒြေ,
(၄) သမာဓိန္ဒြေ,
(၅) ပညိန္ဒြေ။ ။ဤငါးပါးကိုဆိုသည်။

ဗိုလ် ငါးပါးဆိုသည်မှာ–
(၁) သဒ္ဓါဗိုလ်,
(၂) ဝီရိယဗိုလ်,
(၃) သတိဗိုလ်,
(၄) သမာဓိဗိုလ်,
(၅) ပညာဗိုလ်။ ။ဤငါးပါးကိုဆိုသည်။

ဗောဇ္ဈင် ခုနစ်ပါးဆိုသည်မှာ–
(၁) သတိသမ္ဗောဇ္ဈင်,
(၂) ဓမ္မဝိစယ သမ္ဗောဇ္ဈင်,
(၃) ဝီရိယသမ္ဗောဇ္ဈင်,
(၄) ပီတိသမ္ဗောဇ္ဈင်,
(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်,
(၆) သမာဓိသမ္ဗောဇ္ဈင်,
(၇) ဥပေက္ခာသမ္ဗောဇ္ဈင်။ ။ဤခုနစ်ပါးကိုဆိုသည်။

မဂ္ဂင် ရှစ်ပါးဆိုသည်မှာ–
(၁) သမ္မာဒိဋ္ဌိ,
(၂) သမ္မာသင်္ကပ္ပ,
(၃) သမ္မာဝါစာ,
(၄) သမ္မာကမ္မန္တ,
(၅) သမ္မာအာဇီဝ,
(၆) သမ္မာဝါယာမ,

(၇) သမ္မာသတိ,
(၈) သမ္မာသမာဓိ။ ။ဤရှစ်ပါးကိုဆိုသည်။
ဤကား-ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတည်း။

ဤ၌ ဥဒယဗ္ဗယ-စသော အောက်ဥာဏ်ရှစ်ပါးသည် အမတ်ကြီးရှစ်ယောက်နှင့် တူ၏၊ အနုလောမဥာဏ်သည် ဘုရင်ကောင်းနှင့် တူ၏၊ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့သည် ရှေးမင်းကောင်းတို့၏ ဓမ္မသတ်ထုံးစည်နှင့်တူ၏၊ အဘယ်သို့ တူသနည်းဟူမူကား-နိုင်ငံကို လွှဲအပ်၍ ထားအပ်သော တရားစောင့်သော အမတ်ကြီးရှစ်ယောက်တို့ ဆုံးဖြတ်စီရင်သည်ကို မင်းကောင်းကတရားသဖြင့် တိုင်းရေး ပြည်မှုများတို့ ဆုံးဖြတ်စီရင်သည်-ဟု အမတ်ကြီးရှစ်ယောက်တို့၏ အဆုံးအဖြတ်အားဝင်း, ရှေးမင်းကောင်းတို့၏ ထုံးစည်အားသင့်လှပေသည်-ဟူ၍ဝင်းလိုက်လျော်၏၊ ထို့အတူ ဤအနုလောမဥာဏ်သည် မိမိ၏အောက်၌ဖြစ်သော ဥဒယဗ္ဗယဥာဏ်မှစ၍ သင်္ခါရုပေက္ခာ ဥာဏ်တိုင်အောင်သော ရှစ်ပါးသောဥာဏ်တို့အား မဖောက်မပြန် မှန်ကန်သောကိစ္စရှိသည်၏ အဖြစ်ဖြင့်ဝင်း, အထက်၌ ဗောဓိပက္ခိယတရားသုံးခုနစ်ပါးတို့အား ထို ဗောဓိပက္ခိယတရားတို့ကို ဤဝိပဿနာဥာဏ် အဆင့်ဆင့်တို့ဖြင့် ရအပ်သည်၏အဖြစ်ဖြင့်ဝင်း လိုက်လျော်၏။

ဤအနုလောမဥာဏ်သည် သင်္ခါရလျှင် အာရုံရှိသော ဝိပဿနာ အရာ၌အတွင်တ်အထိပ်အဆုံးစွန်ဖြစ်၏၊သင်္ခါရုပေက္ခာဥာဏ်နှင့် ဤအနုလောမဥာဏ်ကို ဝုဋ္ဌာနဂါမိနီဝိပဿနာ-ဟု ခေါ်သည်၊ ဝဋ်သုံးပါးမှ ကျွတ်လွတ်ထမြောက်ခြင်းအနက်ကြောင့် မဂ်ကို ဝုဋ္ဌာနဆိုသည်၊ ထိုမဂ်သို့ မချွတ်မယွင်းရောက်စေတတ်သော အနက်ကြောင့် ထိုဥာဏ်နှစ်ပါးကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာ-ခေါ်သည်ဟုမှတ်၊ ဤဝုဋ္ဌာနဂါမိနီ ဝိပဿနာကို ဝိမောက္ခမုခ-ဟူ၍လည်း ခေါ်သည်၊ ဝိမောက္ခ-ဆိုသည်မှာ သံသရာမှ ကျွတ်လွတ်မှုကိုဆိုသည်၊ မုခ-ဆိုသည်မှာ တံခါးဝကို ဆိုသည်၊ ဤဝုဋ္ဌာနဂါမိနီ ဝိပဿနာဖြစ်သောဥာဏ်နှစ်ပါးသို့ ဆိုက်ရောက်သော လက္ခဏာရေး သုံးပါးတည်းဟူသော အနုပဿနာဥာဏ်သုံးပါးသည် သံသရာမှ ကျွတ်လွတ်ရာဖြစ်သော မဂ်,ဖိုလ်၏တံခါးဝသဘွယ်ဖြစ်သည်-ဟု ဆိုလိုသည်။

ထိုဝိမောက္ခမုခသည် အနိမိတ္တ ဝိမောက္ခမုခ, အပ္ပဏိဟိတ ဝိ-မောက္ခမုခ,သုညတ ဝိမောက္ခမုခ-ဟူ၍ သုံးပါးရှိ၏။

ဝုဋ္ဌာနဂါမိနိဝိပဿနာအခိုက်၌ နာမ်, ရူပ်တရားတို့၏ ချုပ်ပျက်မှုကို ရှုသောအားဖြင့် အနိစ္စာနုပဿနာဉာဏ်ဖြစ်အံ့- ထိုဉာဏ်သည် သတ္တဝါတို့၏ ပကတိစိတ်တွင်ထင်မြင်၍နေသော သဏ္ဌာန်, နိမိတ်, အရိပ်,အသွင်တို့ကို ပယ်ဖျောက်တတ်၏၊သို့ဖြစ်၍ ယင်းအနိစ္စာနုပဿနာဉာဏ်သည် အနိမိတ္တဝိမောက္ခမုခ-မည်၏။

ဝုဋ္ဌာနဂါမိနိဝိပဿနာ အခိုက်၌ နာမ်,ရူပ်တရားတို့၏ ဆင်းရဲမှုကို ရှုသောအားဖြင့် ဒုက္ခာနုပဿနာဉာဏ်ဖြစ်အံ့-ထိုဉာဏ်သည် သတ္တဝါတို့၏ ပကတိ စိတ်တွင်တည်ရှိ၍ နေသော တောင့်တမှု ပဏိဟိတမျိုးတို့ကို ပယ်ဖျောက်တတ်၏၊ သို့ဖြစ်၍ ယင်းဒုက္ခာနုပဿနာဉာဏ်သည် အပ္ပဏိဟိတဝိမောက္ခမုခ-မည်၏။

ဝုဋ္ဌာနဂါမိနိ ဝိပဿနာအခိုက်၌ နာမ်,ရူပ်တရားတို့၏ အစိုးမရ အနှစ်သာရ မရှိမှုကို ရှုသောအားဖြင့် အနတ္တာနုပဿနာဉာဏ်ဖြစ်အံ့-ထိုဉာဏ်သည် သတ္တဝါတို့၏ ပကတိစိတ်တွင် ထင်မြင်၍ နေသော ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ,ဇီဝ, အတုံးအခဲတို့ကို ပယ်ဖျောက်တတ်၏၊ သို့ဖြစ်၍ ယင်းအနတ္တာနုပဿနာ ဉာဏ်သည် သုညတ ဝိမောက္ခမုခ-မည်၏။

ထိုဝိမောက္ခမုခ သုံးပါးကိုစွဲ၍ မဂ်ဖိုလ်တို့သည်လည်း အနိမိတ္တ မဂ်ဖိုလ်, အပ္ပဏိဟိတမဂ်ဖိုလ်, သုညတမဂ်ဖိုလ်-ဟူ၍ သုံးပါးစီရှိပြန်ကြောင်းကိုလည်းသိလေဦး။

၅ဝိမောက္ခမုခ-ဟုဆိုအပ်သော ဝုဋ္ဌာနဂါမိနိ ဝိပဿနာကို သဠာယတန ဝိဘင်းသုတ်၌ အတမ္မယတာ-ဟူ၍ရင်း၊အလဂဒ္ဒသုတ်၌နိဗ္ဗိဒါ-ဟူ၍ရင်း၊သဂါထာဝဂ္ဂ သံယုတ် သုသီမသုတ်၌ ဓမ္မဋ္ဌိတိဉာဏ်-ဟူ၍ရင်း၊ ပေါဋ္ဌပါဒသုတ်၌ သညဂ္ဂ-ဟူ၍ရင်း၊ဒသုတ္တရသုတ်၌ ပါရိသုဒ္ဓိ ပဓာနိ ယဂ်-ဟူ၍ရင်း၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ မုဋ္ဌိတုကမျုတာဉာဏ်, ပဋိသန်ဓိဉာဏ်, သန်ဓိ ရူပေက္ခာဉာဏ်-ဟူ၍ အမည်သုံးခုတို့ဖြင့်ရင်း၊ ပဋ္ဌာန်းကျမ်းကြီး၌ အနုလောမ, ဂေါတြဘု, ဝေါဒါန်-ဟူ၍အမည်သုံးခုတို့ဖြင့်ရင်း၊ ၅ါသို့အထူးထူးသော အမည်တို့ဖြင့် ဟောတော်မူအပ်၏။

ဣတိ နေကေဟိ နာမေဟိ၊
ကိတ္တိတာ ယာ မဟေသိနာ။
ဝုဋ္ဌာနဂါမိနီ သန္တာ၊
ပရိသုဒ္ဓါ ဝိပဿနာ။

ဝုဋ္ဌာတုကာမော သံသာရ၊
ဒုက္ခပက်ာ မဟဘ္ဘယာ။
ကရေယျ သတတံ တတ္ထ၊
ယောဂံ ပဏ္ဍိတဇာတိကော။
[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။]

ဣတိ၊ဤသို့။ အနေကေဟိ နာမေဟိ၊ များစွာသော အမည်တို့ဖြင့်။ ဝုဋ္ဌာနဂါမိနီ၊ မဂ်သို့ ရောက်ကြောင်းဖြစ်သော။ သန္တာ၊ ကိလေသာဟူ မီးပူခပ်သိမ်းကို ငြိမ်းအေးစေတတ်သော။ ပရိသုဒ္ဓါ၊ ထက်ဝန်းကျင် စင်ကြယ်စွာသော။ ယာဝိပဿနာ၊ မဂ်၏တည်ရာ အကြင်ဝိပဿနာ ကို။ မဟေသိနာ၊ သီလကွန္ဓစသည်ကျေးဇူး ဂုဏ်အထူးကိုဆည်းပူးရှာ ပြီးတော်မူသော ဘုရားမြတ်သည်။ ကိတ္တိတာ၊ ဟောပြောချီးမွမ်း တော်မူအပ်ပြီ။

မဟဘ္ဘယာ၊ကြောက်ဘွယ်ခမန်း ဘေးဘေးကြီးစွာသော။သံသာရ-ဒုက္ခပက်ာ၊ သံသရာညွှန်ပျောင်း ဆင်းရဲအပေါင်းမှ။ ဝုဋ္ဌာတုကာ-မော၊ ထမြောက်ခြင်းငှါ အလိုရှိသော။ ပဏ္ဍိတဇာတိကော၊ ပညာ ရှိသော အမျိုးကောင်းသားသည်။ တတ္ထ၊ ထိုဝုဋ္ဌာနဂါမိနီ ဝိပဿနာ ၌။ သတတံ၊ နေ့,ညဉ့်မပြတ်။ ယောဂံ၊ ပွါးများစီးဖြန်းခြင်းကို။ ကရေယျ၊ ပြုရာ၏။

ဤသို့ပြဆိုခဲ့ပြီးသော ဘဂ်ဉာဏ်,ဘယဉာဏ်, အာဒီနဝဉာဏ်,နိဗ္ဗိန္ဒ ဉာဏ်, မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ် ၅-ဉာဏ်ရှစ်ပါးသည် ပဟာနပရိညာ၏ ဖြစ်ရာဘုံ မည်၏။

ပဟာနပရိညာပြီး၏။

၆၇။ ဂေါတြဘုဥာဏ်

ပရိညာသုံးပါးကို ပွါးများပြီးသောယောဂိပုဂ္ဂိုလ်အား အနုလောမဉာဏ်နှင့်တစပ်တည်း ပုထုဇန်အန္တယ်ကို လွန်မြောက်လျက်,အရိယာတို့၏ အန္တယ်သို့ ရောက်စေလျက်, နိဗ္ဗာန်ကို အာရုံပြုလျက် ဂေါတြဘူဟူသော အဗ္ဘေါဟာရိကဉာဏ်ဖြစ်၏၊ ဤဂေါတြဘူဉာဏ်သည် ဝုဋ္ဌာနဂါမိနီ ဝိပဿနာအရာ၌ အထွတ်အထိပ် အဆုံးစွန်ဖြစ်၏။

၆၈။ သောတာပတ္တိမဂ်ဖိုလ်

ထို့နောက် ဂေါတြဘူဉာဏ်သည် ယူအပ်သောနိဗ္ဗာန်ဟူသော အာရုံကိုပင် အာရုံပြုလျက် ဂေါတြဘူဉာဏ်နှင့် တစပ်တည်း ရုပ်, နာမ်ဓမ္မ သင်္ခါရတရားတို့၏ ဒုက္ခအဖြစ်ကို စင်စစ်သိမြင်ခြင်း၊ သမုဒယသစ္စာ၏ အပင်းအသင်းဖြစ်သောဒိဋ္ဌိ, ဝိစိကိစ္ဆာတည်းဟူသော ကိလေသာနှစ်ပါးကို ပယ်ခွာခြင်း၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာတည်းဟူသောကိလေသာနှစ်ပါး၏ ကုန်ငြိမ်းမှုဟူသောနိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်း၊မဂ္ဂင်ရှစ်ပါးကိုပွါးများခြင်း-ဟူသော ကိစ္စလေးပါးကို တပြိုင်နက် တချက်တည်းပြီးစီးအောင် ဆောင်ရွက်လျက် သောတာပတ္တိမဂ်ဉာဏ် ပေါ်ပေါက်၍လာ၏၊ သောတာပတ္တိမဂ္ဂဋ္ဌာန်အရိယာပုဂ္ဂိုလ်ဖြစ်၏၊ ထို့နောက် သောတာပတ္တိမဂ်စိတ်နှင့် အကြားမရှိ တစပ်တည်း သောတာပတ္တိဖိုလ်စိတ် နှစ်ကြိမ်သော်၎င်း,သုံးကြိမ်သော်၎င်း ဖြစ်၏၊ သောတာပတ္တိဖလဋ္ဌာန်မည်သော နှစ်ယောက်မြောက်သော အရိယာပုဂ္ဂိုလ်ဖြစ်၏။

စတူဟာပါယေဟိစ ဝိပ္ပမုတ္တော-ဟူသော သုတ္တန်ပါတ် ရတနသုတ် ပါဠိတော်။ ။သောတာပန္နော ပိဟိတာပါယဒ္ဓါရော-ဟူသော ဓမ္မပဒအဋ္ဌကထာ-စသည်တို့နှင့်အညီ သောတာပတ္တိမဂ်ဖိုလ်ကို ရကြသောသူတို့သည် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်- ဟူသော အပါယ်လေးပါးမှ အပြီးတိုင်လွတ်ကြကုန်၏။

ထိုသောတပန်သည်–
(၁) သတ္တက္ခတ္တုပရမသောတာပန်,
(၂) ကောလံကောလ သောတာပန်,
(၃) ဧကဗီဇီသောတာပန်-ဟူ၍ သုံးမျိုးရှိ၏။
ထိုသုံးမျိုးတို့တွင်–
(၁) သတ္တက္ခတ္တုပရမသောတာပန် ဆိုသည်မှာ။ ။လူ့ပြည်, နတ်ပြည်တို့၌ ချမ်းသာစွာ ခုနစ်ဘဝတိုင်တိုင် ကျင်လည်ခံစားပြီးမှ ပရိနိဗ္ဗာန်ပြုရသော ပုဂ္ဂိုလ်မျိုးကိုဆိုသည်။
(၂) ကောလံကောလ သောတာပန်ဆိုသည်မှာ။ ။လူ့ပြည်, နတ်ပြည်တို့၌ ခုနစ်ဘဝထက်နည်းသော ခြောက်ဘဝ, ၎င်းဘဝ, လေးဘဝ, သုံးဘဝ,နှစ်ဘဝတိုင်တိုင် ကျင်လည်ခံစားပြီးမှ ပရိနိဗ္ဗာန်ပြုရသော ပုဂ္ဂိုလ်မျိုးကိုဆိုသည်။
(၃) ဧကဗီဇီသောတာပန်ဆိုသည်မှာ။ ။လူ့ပြည်၌ ဖြစ်စေ, နတ်ပြည်၌ဖြစ်စေ တဘဝတိုင်တိုင် ကျင်လည်ခံစားပြီးမှ ပရိနိဗ္ဗာန်ပြုရသောပုဂ္ဂိုလ်မျိုးကိုဆိုသည်။
ထိုသောတာပန်တို့တွင် အညံ့ဆုံးဖြစ်သော သတ္တက္ခတ္တုပရမသောတာပန်ဖြစ်ရလျှင်ပင် လွန်စွာအကျိုးကြီးဂျယ်၏၊ ထိုစကားမှန်၏၊ တနေ့သ၌ မြတ်စွာဘုရားသည် လက်သည်းတော်ဖျားပေါ်၌ အနည်းငယ်မျှသော မြေမှုန့်တို့ကို တင်ထားတော်မူ၍–

"ချစ်သားရဟန်းတို့....ငါဘုရား၏ လက်သည်းတော်ဖျားပေါ်၌ တင်ထားအပ်သောမြေမှုန့်နှင့် ဤမဟာပထဝီမြေကြီးဟူသော နှစ်ပါးတို့တွင် အဘယ်အရာကများသနည်း"–

ဟု မေးတော်မူ၏။
ထိုအခါ ရဟန်းများက–

"အရှင်ဘုရား....အကြင်မဟာပထဝီမြေကြီးသည်ရှိ၏၊ ထိုမဟာပထဝီမြေကြီးသည်သာလျှင် များပြားပါသည်၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ လက်သည်းတော်ဖျားပေါ်၌တင်ထားအပ်သော ဤမြေမှုန့်သည်ကား အနည်းငယ်မျှသာဖြစ်ပါသည်"–

ဟု လျှောက်ထားကြကုန်၏။

"အို ချစ်သားရဟန်းတို့....ထို့အတူပင်လျှင် သောတာပန်ပုဂ္ဂိုလ်အား အကြင်ကုန်လေပြီးသော ဝဋ်ဆင်းရဲသည်ရှိ၏၊ ထိုကုန်လေပြီးသော ဝဋ်ဆင်းရဲသည်သာလျှင် အလွန်များပြားလှစွာ၏၊ ကြွင်းကျန်သေးသော ဝဋ်ဆင်းရဲသည်ကား အနည်းငယ်မျှသာ ဖြစ်၏"–

ဟု မဟာဝဂ္ဂသံယုတ်ပါဠိတော်၌ ဟောတော်မူချက်ရှိ၏။

ပထဝျာ ဧကရဇ္ဇေန၊
သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊
သောတာပတ္တိဖလံ ဝရံ။
[မွေပဒပါဠိတော်။]

ပထဝျာ၊ မြေအပြင်၌။ ဧကရဇ္ဇေနဝါ၊ တယောက်ထည်းသော စကြာမင်းပြုရခြင်းထက်၎င်း။ သဂ္ဂဿ၊ နတ်ပြည်သို့။ ဂမနေနဝါ၊ ရောက်ရခြင်းထက်၎င်း။ သဗ္ဗလောကာဓိပစ္စေန၊ အလုံးစုံသောလူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်လောကကို လွှမ်းမိုးပိုင်သ အစိုးရခြင်းထက်၎င်း။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သည်။ ဝရံ၊ မြတ်လှပေ၏။

သောတာပတ္တိဖိုလ်စိတ် နှစ်ကြိမ်သော်၎င်း, သုံးကြိမ်သော်၎င်း ဖြစ်၍ သောတာပတ္တိဖလဌာန်အမည်ရသော နှစ်ယောက်မြောက်သော အရိယာဖြစ်သော ထိုပုဂ္ဂိုလ်အား ထိုဖိုလ်စိတ်၏ အခြားမဲ့၌ ဘဝင်ကျ၍ တဘန်ဘဝင်ကိုဖြတ်၍ ပစ္စဝေက္ခဏာဉာဏ်တို့သည် ဖြစ်ကုန်၏။

ပစ္စဝေက္ခဏာဉာဏ်ဆိုသည်မှာ။ ။ဆင်ခြင်စိတ်၊ အေးကြီးအေးရသောဉာဏ်ကိုဆိုသည်၊ ထိုသောတာပန်ပုဂ္ဂိုလ်သည် ပစ္စဝေက္ခဏာဉာဏ်ဖြင့် မဂ်ကိုရင်း, ဖိုလ်ကိုရင်း, နိဗ္ဗာန်ကိုရင်း, ပယ်အပ်ပြီးသော ကိလေသာကိုရင်း,မပယ်ရသေးဘဲ ကြွင်းကျန်သောကိလေသာကိုရင်း ဆင်ခြင်၏။

ထိုသောတာပန်ပုဂ္ဂိုလ်သည် အထက်ဖြစ်သော သကဒါဂါမိမဂ်ကို မရသေးလျှင် မိမိ၏သောတာပတ္တိဖိုလ်လျှင် လည်းလျှောင်း မှီခိုရာဖြစ်၏၊ သောတာပတ္တိဖိုလ်ကိုဝင်စားခြင်းအမှုဖြင့် နေရ၏-ဟု ဆိုလိုသည်၊ သောတာပတ္တိဖိုလ်ချမ်းသာကို ဝင်စားလိုသောပုဂ္ဂိုလ်သည် ဥဒယဗ္ဗယစသော ဝိပဿနာဉာဏ်ကိုးပါးဖြင့် သင်္ခါရတရားကို ရှုဆင်ခြင်သော အခါ ဘဝင်အယဉ်ကိုဖြတ်၍ အနုလုံဇောတို့နောင် ဖိုလ်ဇော အကြိမ်များစွာဖြစ်၏၊ ထိုသို့ဖိုလ်ဇောဖြင့် နိဗ္ဗာန်ချမ်းသာကို အာရုံပြုနေသည်ကို ဖိုလ်ဝင်စားသည်-ဟု ခေါ်သည်။

အဘယ့်ကြောင့် ဝင်စားရသနည်းဟူမူကား-မင်းသည် မင်း၏စည်းစိမ်ချမ်းသာကို, နတ်သည်နတ်၏စည်းစိမ်ချမ်းသာကို, ဗြဟ္မာသည် ဗြဟ္မာ၏စည်းချမ်းသာကို ခံစားစံစားရဘိသကဲ့သို့ ဖိုလ်ချမ်းသာ လောကုတ္တရာအရသာကို ခံစားစံစားတော်မူလိုရကား- ဝင်စားရဘိသည်၊ သောတာပတ္တိဖလဌာန်ပုဂ္ဂိုလ်တယောက်သာ မဟုတ်သေး၊ ဖလဌာန်ပုဂ္ဂိုလ်လေးယောက်တို့သည်ပင် မိမိတို့၏ ဖိုလ်ကိုဝင်စားကြရ ကုန်သည် ချည်းသာတည်း၊ ဤဖိုလ်ချမ်းသာကို ဝင်စားခြင်းသည် အတုမရှိ မွန်မြတ်သောအရသာကို ခံစားစံစားခြင်းပင်ဖြစ်လေသည်။

ပဋိပဿဒ္ဓ ဒရထံ၊
အမတာရမ္မဏံ သုဘံ။
ဝန္တလောကာမိသံ သန္တံ၊
သာမညဖလ မုတ္တမံ။

သြဇဝန္တေန သုစိနာ၊
သုခေန အဘိသန္ဒိတံ။
ယေန သာတာတိသာတေန၊
အမတေန မဓုဝိယ။

တံ သုခံ တဿ အရိယဿ၊
ရသဘူတ မ နုတ္တရံ။
ဖလဿ ပညံ ဘာဝေတ္မာ၊
ယသ္မာ ဝိန္ဒတိ ပဏ္ဍိတော။

တသ္မာ အရိယဖလသေတံ၊
ရသာနုဘဝနံ ဣဒ။
ဝိပဿနာ ဘာဝနာယ၊
အာနိသံသော တိ ဝုစ္စတိ။
[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။]

ပဋိပသ္သဒ္ဓဒရထံ၊ ကိလေသာပူပန်ခြင်းတို့မှ အလျင်းငြိမ်းစဲပြီး ထသော။ အမတာရမ္မဏံ၊ အမြိုက်နိဗ္ဗာန်လျှင်အာရုံရှိသော။ သုဘံ၊ တင့်တင့်စွာသော။ ဝန္တလောကာမိသံ၊ ထွေးအန်အပ်ပြီးသော လောကာမိသရှိသော။ သန္တံ၊ ငြိမ်သက်စွာသော။ ဥတ္တမံ၊မြတ်သော။သာမညဖလံ၊ မဂ်၏အကျိုးဖြစ်သော ဖိုလ်ကို။ အမတေန၊အမြိုက်ဆေးဖြင့်။အဘိသန္ဒိ-တံ၊ စိုစွတ်စိမ့်ထုံအပ်သော။ မဓုဝိယ၊ ပျားသကာကဲ့သို့။ သြဇဝန္တေန၊ နှစ်ဆီသြဇာရှိသော။ သုစိနာ၊ ကောင်းမွန်စင်ကြယ်သော။ သာတာတိ-သာတေန၊ နှစ်သက်သာယာဘွယ်တကာတို့ထက် လွန်စွာနှစ်သက် သာယာသော။ ယေနသုခေန၊ အကြင်ဖိုလ်ချမ်းသာဖြင့်။ အဘိသ န္ဒိတံ၊ အချင်းခပ်သိမ်း စိုစွတ်စိမ့်ထုံအပ်၏။

တဿ အရိယဿ ဖလဿ၊ ထိုအရိယာဖိုလ်၏။ ရသဘူတံ၊ အရသာနှစ် အဆီဖြစ်၍ဖြစ်သော။ အနုတ္တရံ၊ မိမိထက်လွန်မြတ်သော အရသာမျိုးလည်းမရှိသော။ တံသုခံ၊ ထိုဖိုလ်ချမ်းသာကို။ ယသ္မာ၊ အကြင့်ကြောင့်။ ပဠာ္ဂိတော၊ ပညာရှိပုဂ္ဂိုလ်မြတ်သည်။ ပညံ၊ ဝိပဿနာပညာကို။ ဘာဝေတွာ၊ ပွါးများအားထုတ်၍။ ဝိန္ဒတိ၊ ရလေ၏။

တသ္မာ၊ ထို့ကြောင့်။ အရိယဖလဿ၊ အရိယာဖိုလ်၏။တံရသာ-နုဘဝနံ၊ဤအဆီ,အနှစ် အရသာကို ခံစားခြင်းကို။ ဣဒ၊ ဤသာသနာ အရာ၌။ ဝိပဿနာဘာဝနာယ၊ ဝိပဿနာ ပွါးရခြင်း၏။ အာနိသံ-သောတိ၊ အကျိုးအာနိသင်-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၆၉။ သကဒါဂါမိ မဂ်ဖိုလ်

သောတာပန် ပုဂ္ဂိုလ်သည် သကဒါဂါမိ မဂ်ဖိုလ်ကိုရခြင်းငှါ သမ္မသနဉာဏ်-စသော ဝိပဿနာဉာဏ် ဆယ်ပါးဖြင့် တဘန်အားထုတ်ပြန်သည်ရှိသော် ကာမရာဂတရားနှင့် ဗျာပါဒ-ဟူသော ဒေါသတရား

နည်းပါး၍ လူ့ပြည်,နတ်ပြည်-ဟူသော ဤကာမဘုံသို့ တကြိမ်တခါသာ ပဋိသန္ဓေအားဖြင့် ဖြစ်လာရပြီးမှ အနုပါဒိသေသ ခန္ဓာပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်းရခြင်း သဘောရှိသော သကဒါဂါမိ မဂ်ဖိုလ်သို့ ရောက်ပြန်လေသည်။

ကေဒီဇီ သောတာပန်နှင့် ယခုပြဆိုအပ်သော သကဒါဂါမ်သည် အဘယ်သို့ ထူးခြားသနည်း ဟူမူကား—ကေဒီဇီသ ကော၀ ပဋိသန္ဓိ၊ သကဒါဂါမိသ ဒွေ ပဋိသန္ဓိယော၊ ဣဒံ တေသံ နာနာကာရဏံ-ဟူသော ပုဂ္ဂလပညတ်အဋ္ဌကထာ စသည်တို့နှင့်အညီ ကေဒီဇီသော တာပန်သည် သောတာပန်ဖြစ်၍ ဒုတိယဘ၀၌ ပရိနိဗ္ဗာန်၀င်စံရခြင်းကြောင့် တကြိမ်တခါသာ ပဋိသန္ဓေနေရ၏၊ သကဒါဂါမ် ပုဂ္ဂိုလ်သည်ကား-လူ့ပြည်၌ သကဒါဂါမ်ဖြစ်၍ နတ်ပြည်၌ဖြစ်ပြီးမှ လူ့ပြည်သို့ တဘန်ပြန်၍ ပရိနိဗ္ဗာန်၀င်စံရခြင်းကြောင့် လူ့ပြည်မှာ တကြိမ်, နတ်ပြည်မှာ တကြိမ်အားဖြင့် နှစ်ကြိမ် ပဋိသန္ဓေနေရလေသည်၊ ဤသို့ခြားနားကြောင်းကို ပြဆိုအပ်သည်။

သကဒါဂါမ်ပုဂ္ဂိုလ်သည် အထက်ဖြစ်သော အနာဂါမိမဂ်ကို မရနိုင်သေးလျှင် ဖိုလ်စိတ်နောက် ပစ္စဝေက္ခဏာဉာဏ်ဖြစ်၍ မိမိဖိုလ်သာလျှင် လည်းလျှောင်းမှီခိုရာ ရှိသည်ဖြစ်၍ နေရ၏၊ သောတာပန်၌ ပြဆိုခဲ့သည့်အတိုင်း ဖိုလ်ကိုဝင်စားမှုဖြင့် နေရလေသည်-ဟု ဆိုလိုသည်။

၇၀။ အနာဂါမိ မဂ်ဖိုလ်

သကဒါဂါမ်ပုဂ္ဂိုလ်သည် အာနာဂါမိမဂ်ဖိုလ်ကို ရခြင်းငှါ သမ္မသနစသော ဝိပဿနာ ဉာဏ်ဆယ်ပါးဖြင့် တဘန်အားထုတ်ပြန်သည် ရှိသော် ကာမရာဂနှင့် ဗျာပါဒ-ဟူသော ဒေါသတရားတို့ကို အကြွင်းအကျန်မရှိရအောင် သတ်ဖြတ်ပယ်ရှားမ်ု လူ့ပြည်,နတ်ပြည်-ဟူသော ဤကာမဘုံသို့ ပဋိသန္ဓေအားဖြင့် လာရောက်ခြင်းသဘောမရှိသော အနာဂါမိ မဂ်ဖိုလ်သို့ ရောက်ပြန်လေသည်၊ ဤအနာဂါမ်ပုဂ္ဂိုလ်သည် အထက်ဖြစ်သော အရဟတ္တမဂ်ကို မရနိုင်သေးလျှင် ဖိုလ်စိတ်နောက် ပစ္စဝေက္ခဏာ ဉာဏ်ဖြစ်၍ မိမိဖိုလ်သာလျှင် လည်းလျှောင်းမှီခိုရာရှိ

သည်ဖြစ်၍ နေရလေ၏၊ ဖိုလ်ကိုဝင်စားမှုဖြင့် နေရလေသည်-ဟု ဆိုလိုသည်။ ။ဤဘဝ၌ ရဟန္တာမဖြစ်ရသေးလျှင် ဗြဟ္မာပြည်သို့သွားရလေသည်။

၇၁။ အရဟတ္တ မဂ်ဖိုလ်

အနာဂါမ်ပုဂ္ဂိုလ်သည် ဝိပဿနာဉာဏ်ဆယ်ပါးဖြင့် တဘန်အား ထုတ်ပြန်သည်ရှိသော် အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့ ရောက်၍ ကိလေသာကုန်ခန်းသော ရဟန္တာဖြစ်ရလေ၏၊ ဤရဟန္တာပုဂ္ဂိုလ်မှာ မူကား-ကြင်းကျန်သော ကိလေသာမရှိ၍ မဂ်,ဖိုလ်,နိဗ္ဗာန်,ပယ်အပ်ပြီးသော ကိလေသာအားဖြင့် လေးပါးကိုဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်တို့သာ ဖြစ်ကုန်၏။

သေက္ခသ သိက္ခမာနသ၊
ဥဇုမဂ္ဂါနု သာရိနော။
ခယသ္မိံ ပဌမံ ဉာဏံ၊
တတော အညာ အနန္တရာ။

တတော အညာ ဝိမုတ္တသ၊
ဝိမုတ္တိဉာဏ မုတ္တမံ။
ဥပ္ပဇ္ဇတိ ခယေ ဉာဏံ၊
ဒိဋ္ဌံ သံယောဇနံ ဣတိ။
[ဣတိဓုတ် ပါဠိတော်။]

ဘိက္ခဝေ၊ ရဟန်းတို့။ ဥဇုမဂ္ဂါနုသာရိနော၊ ဖြောင့်မတ်သော နိဗ္ဗာန်ရောက်ကြောင်း လမ်းမွန်လမ်းကောင်းသို့ အစဉ်လိုက်သော။ သိက္ခမာနသ၊ ပြကျင့်သော။ သေက္ခသ၊ ယခုတင်ပင် ပြကျင့်ဆဲဖြစ်၍ သေက္ခဟူ၍ပင် ခေါ်ဆိုအပ်သော ရဟန္တာပုဂ္ဂိုလ်အား။ ပဌမံ၊ ရှေးဦးစွာ။ ခယသ္မိံ၊ မဂ်၌။ ဉာဏံ၊ ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တတော အနန္တရာ၊ ထိုမှနောက်၌။အ-ညာညဏံ၊ အရဟတ္တဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ။ဝိမုတ္တသ၊ ကိလေသာတို့မှ ကျွတ်လွတ်ရသော

ရဟန္တာပုဂ္ဂိုလ်အား။တတော အညာ၊ထိုအရဟတ္တဖိုလ်ကို ဆင်ခြင်ပြီး သည်မှ။ ပရံ၊ နောက်၌။ ဥတ္တမံ၊ မြတ်သော။ ဝိမုတ္တိဉာဏံ၊ နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တတော၊ ထိုနိဗ္ဗာန်ကို ဆင်ခြင်ပြီးသည်မှနောက်၌။ သံယောဇနံ၊ ကိလေသာ သံယောဇဉ်အပေါင်းသည်။ ဒိဋ္ဌိ၊ ကုန်လေပြီ။ ဣတိ၊ ဤသို့။ ခယေ-ဉာဏံ၊ ကုန်လေပြီးသော ကိလေသာ၌ ဆင်ခြင်သောပစ္စဝေက္ခဏာ ဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤပုဂ္ဂိုလ်မှာ ကိလေသာမရှိသဖြင့် တဘန်ပဒိုသန္တေ နေဘွယ်မရှိ တော့ပြီ၊ နိဗ္ဗာန်သာလျှင် လည်းလျှောင်းရာရှိတော့၏။

နိဗ္ဗာန်

နိဗ္ဗာန်ဆိုသည်မှာ။ ။သန္ဓိသဘော လက္ခဏာရှိသော အသင်္ခတ ဓာတ် မြတ်သောတရားကြီးတခုကို ဆိုသည်။

သန္ဓိလက္ခဏာအားဖြင့် တပါးတည်းသာ ဖြစ်သော ထိုနိဗ္ဗာန် သည် သိစေတတ်သော အကြောင်း၏ အမြိုက်-ဟူသော ကာရဏ ပရိယာယအားဖြင့် သဉပါဒိသေသ နိဗ္ဗာန်, အနုပါဒိသေသ နိဗ္ဗာန် ဟူ၍ နှစ်မျိုးရှိ၏။

ထိုနှစ်မျိုးတို့တွင်—

(၁) သဉပါဒိသေသနိဗ္ဗာန်ဆိုသည်မှာ။ ။ဥပါဒိသေသမည် သော ခန္ဓာကြွင်းရှိစဉ်အခါ ရအပ်,ရောက်အပ်သောနိဗ္ဗာန်ကို ဆိုသည်၊ ထိုသဉပါဒိသေသ နိဗ္ဗာန်သည် ကိလေသာတို့၏ နောက်တဘန်ဖြစ်ပေါ်ခြင်းမရှိသောအားဖြင့် ချုပ်ငြိမ်းမှုဖြစ်၍ ကိလေသနိဗ္ဗာန်လည်းမည်၏၊မျက်မှောက်ဘဝ၌ ရအပ်,ရောက် အပ်သောကြောင့် ဒိဋ္ဌဓမ္မိက နိဗ္ဗာန်လည်းမည်၏။

(၂) အနုပါဒိသေသနိဗ္ဗာန် ဆိုသည်မှာ။ ။ဥပါဒိသေသ မည်သော ခန္ဓာအလျဉ်းမရှိစေဘဲ ရအပ်, ရောက်အပ်သော နိဗ္ဗာန်ကိုဆိုသည်၊ ထိုအနုပါဒိသေသ နိဗ္ဗာန်သည် ခန္ဓာတို့၏

နောက်တဘန်ဖြစ်ပေါ်ခြင်းမရှိသောအားဖြင့် ချုပ်ငြိမ်းမှုဖြစ်၍ ခန္ဓနိဗ္ဗာန်လည်း မည်၏၊ စုတိသည်မှနောက်၌ ရအာပ်, ရောက်အပ်သောကြောင့် သမ္မရာယိကနိဗ္ဗာန်လည်းမည်၏။

ဒုဝေ ဣမာ စက္ခုမတာ ပကာသိတာ၊
နိဗ္ဗာနဓာတူ အနိသိတေန တာဒိနာ။
ကောဟိ ဓာတု ဣဓ ဒိဋ္ဌဓမ္မိကာ၊
သဥပါဒိသေသာ ဘဝနေတ္တိ သဒ္ဓယာ။
အနုပါဒိသေသာ ပန သမ္မရာယိကာ၊
ယမ္မိ နိရုဇ္ဈန္တိ ဘဝါနိ သဗ္ဗသော။
[ဣတိဝုတ်ပါဠိတော်။]

ဘဝနေတ္တိသဒ္ဓယာ၊ ဘဝသို့ဆွဲငင်တတ်သော သံယောဇဉ်ကြိုးတို့၏ ကုန်ခန်းရာဖြစ်သော။ သဥပါဒိသေသာ၊ သဥပါဒိသေသ မည်သော နိဗ္ဗာန်သည်။ ဣဓဒိဋ္ဌဓမ္မိကာ၊ ဤမျက်မှောက်သော ဘဝ၌ ရအာပ်, ရောက်အပ်သော။ ကောဟိ ဓာတု၊ တခုသော နိဗ္ဗာနဓာတ်တည်း။ ယမ္မိ၊ အကြင်နိဗ္ဗာန်၌။ ဘဝါနိ၊ ဘဝတို့သည်။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ နိရုဇ္ဈန္တိ၊ ချုပ်ဆုံးကြကုန်၏။ သာပန အနုပါဒိသေသာ၊ ထို အနုပါဒိသေသ နိဗ္ဗာန်သည်ကား။ သမ္မရာယိကာ၊ စုတိသည်မှ နောက်၌ ရအာပ်သော။ ကောဟိဓာတု၊ တခုသော နိဗ္ဗာနဓာတ်တည်း။ ဣတိ၊ ဤသို့။ ဒုဝေ၊ နှစ်ပါးကုန်သော။ ဣမာနိဗ္ဗာနဓာတူ၊ ဤနိဗ္ဗာနဓာတ်တို့ကို။ အနိသိတေန၊ ဘာဝတဏှာကိုမျှ တဏှာ,ဒိဋ္ဌအားဖြင့် မှီတွယ်ခြင်းမရှိသော။ တာဒိနာ၊ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော။စက္ခုမတာ၊ မြတ်စွာဘုရားသည်။ ပကာသိတာ၊ ဟောပြတော်မူအာပ်ကုန်၏။

တပါးတည်းသာဖြစ်သော ထိုနိဗ္ဗာန်သည် အခြင်းအရာ အာကာရဘေဒအားဖြင့် သုညတနိဗ္ဗာန်,အနိမိတ္တနိဗ္ဗာန်,အပ္ပဏိဟိတ နိဗ္ဗာန်ဟူ၍ သုံးမျိုးပြားပြန်၏။

(၁) သုညတဆိုသည်မှာ။ ။ကြောင့်ကြစိုက်ခြင်း ဗလိပေါဓတို့ ကင်းရှင်းမှုကိုဆိုသည်၊ အလုံးစုံသော သဒ္ဓတတရားတို့သည်

ကြောင့်ကြစိုက်မှု ဗလိဗောဓတို့နှင့်မကင်းကျကုန်၊ နိဗ္ဗာန်မှာမူကား-အသင်္ခတတရားမျိုးဖြစ်၍ အလုံးစုံသောကြောင့်ကြစိုက်ခြင်း ဗလိဗောဓတို့မှ ကင်းဆိတ်၏၊ ထို့ကြောင့် ထိုနိဗ္ဗာန်သည် သုညတမည်လေသည်။

(၂) အနိမိတ္တဆိုသည်မှာ။ ။ရုန်ရင်းသော အရိပ်နိမိတ်မရှိမှုကို ဆိုသည်၊ အလုံးစုံသော သင်္ခတတရားတို့သည် ဇာတိရှိသော တရားမျိုးဖြစ်ကြကုန်၍ ရုန်ရင်းသော အရိပ်နိမိတ်နှင့်မကင်းကြကုန်၊ ထိုသို့ အရိပ်နိမိတ်ရှိသောကြောင့် ထိုသင်္ခတတရားတို့သည် ဘေးအပေါင်း, ရန်အပေါင်းနှင့်လည်း ဆက်ဆံကြကုန်၏၊နိဗ္ဗာန်မှာမူကား-အရိပ်နိမိတ်ဟူ၍ တစုံတရာမျှ-မရှိ၊ သို့ဖြစ်၍ ထိုနိဗ္ဗာန်သည် တစုံတခုသော ဘေးရန်နှင့် အလျဉ်းမဆက်ဆံသော တရားဖြစ်၏၊ ထို့ကြောင့် အနိမိတ္တမည်လေသည်။

(၃) အပ္ပဏိဟိတ ဆိုသည်မှာ။ ။တောင့်တခြင်း မရှိမှုကိုဆိုသည်၊ သင်္ခတတရားတို့မည်သည် ရရှိသော်လည်း ကုန်ခန်းခြင်းသဘော ရှိပြန်သောကြောင့် တောင့်တမှုနှင့် မကင်းကြကုန်သည်သာတည်း၊ နိဗ္ဗာန်မှာမူကား-အစဉ်ထာဝရမြဲခိုင်သောငြိမ်းအေးမှုတည်းဟူသော သန္တိသဘောမျိုးသာရှိ၏၊ သုခသည်လည်း သန္တိသုခမျိုးသာရှိ၏၊ ထိုသန္တိသဘောသည် အစဉ်ထာဝရ မြဲခိုင်သောသဘောမျိုးဖြစ်၍ တခါရရှိပြီးနောက် တောင့်တရပြန်သည်ဟူ၍မရှိ၊ထို့ကြောင့် ထိုနိဗ္ဗာန်သည် အပ္ပဏိဟိတမည်လေသည်။

ဤအရာ၌ ဝေဒယိတသုခ, သန္တိသုခနှစ်ပါးကိုခွဲခြား၍ သိအပ်၏။

ထိုနှစ်ပါးတို့တွင်–

(က) ဝေဒယိတသုခ ဆိုသည်မှာ။ ။ခံစားအပ်သော ချမ်းသာသုခကိုဆိုသည်။

(ခ) သန္တိသုခဆိုသည်မှာ။ ။မခံစားအပ်သော ချမ်းသာသုခတည်း၊ ဆင်းရဲဒုက္ခအမျိုးမျိုးမှ ကင်းငြိမ်းသော ချမ်းသာသုခကို ဆိုသည်။

ဝေဒယိတသုခသည် တဏှာမျက်စိ ကျယ်သောသူတို့၏ အားရပျော်ပိုက် အကြိုက်ချမ်းသာတည်း၊ သန္တိသုခသည် ဉာဏ်မျက်စိကျယ်သောသူတို့၏ အားရပျော်ပိုက် အကြိုက်ချမ်းသာတည်း၊ ဉာဏ်မျက်စိအားဖြင့်ကြည့်သည်ရှိသော် ဝေဒယိတသုခကိုလည်း ဒုက္ခဟူ၍ပင် ထင်မြင်လာ၏တဲ့။

ဉာဏ်မျက်စိနှင့် ပြည့်စုံတော်မူကြကုန်သော ဘုရား-အစရှိသော ပုဂ္ဂိုလ်မြတ်တို့က သံသရာ၀ဋ် ကင်းလွတ်ရာမှန် နိဗ္ဗာန်တရားတော်မြတ်သည်သာလျှင် သန္တိသဘော ရှိသောကြောင့် လွန်စွာမြတ်သော ချမ်းသာကြီးအစစ် ဖြစ်ကြောင်းကို ဟောကြားတော်မူကြကုန်၏၊ ထိုသို့ဟောကြားတော်မူကြပုံကို ပါဠိ,အနက်နှင့်တကွ ထည့်သွင်းပြဆိုပေအုံ့–

နိဗ္ဗာနံ ပရမံ သုခံ။ [ဓမ္မပဒပါဠိတော်]။ ။နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ပရမံ၊ လွန်မြတ်သော။ သုခံ၊ ချမ်းသာကြီးမည်၏။

သုသုခံ ဝတ နိဗ္ဗာနံ၊
သမ္မာသမ္ဗုဒ္ဓ ဒေသိတံ။
အသောကံ ဝိရဇံ ခေမံ၊
ယတ္ထ ဒုက္ခံ နိရုဇ္ဈတိ။
[ထေရဂါထာပါဠိတော်။]

ယတ္ထ၊ အကြင်နိဗ္ဗာန်၌။ ဒုက္ခံ၊ ဆင်းရဲဒုက္ခ ဟူသမျှသည်။နိရုဇ္ဈတိ၊ အကုန်ငြိမ်း၍ ဇာတ်သိမ်းချုပ်ပျောက်လေတဲ့၏၊ အသောကံ၊ စိုးရိမ်ပူဆွေးရခြင်းလည်းမရှိသော။ ဝိရဇံ၊ ရာဂ, ဒေါသ-စသော အညစ်အကြေးတို့မှ ကင်းဝေး ဖြူစင်ရာလည်းဖြစ်သော။ ခေမံ၊ ဘေးပေါင်းများစွာတို့၏ ကုန်ရာလည်းဖြစ်သော။ သမ္မာသမ္ဗုဒ္ဓဒေသိတံ၊ မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော။တံနိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်။ သုသုခံဝတ၊ ချမ်းသာ တကာတို့ထက် သာလွန်၍ ချမ်းသာပေစွတကား။

အပိ ဒိဗ္ဗေသု ကာမေသု၊
ရတိ$^{\circ}$ သော နာဓိဂစ္ဆတိ။
တဏှာက္ခယ ရတော ဟောတိ၊
သမ္မာသမ္ဗုဒ္ဓ သာဝကော။
[ဓမ္မပဒပါဠိတော်။]

သမ္မာသမ္ဗုဒ္ဓသာဝကော၊ မြတ်စွာဘုရား၏ တပည့်ဖြစ်သော။သော၊ ထိုပညာရှိသည်။ ဒိဗ္ဗေသု၊ နတ်၌ဖြစ်ကုန်သော။ ကာမေသုအပိ၊ ကာမဂုဏ်တို့၌သော်လည်း။ ရတိ$^{\circ}$၊ မွေ့လျော်ခြင်းသို့။ နာဓိဂစ္ဆတိ၊ မရောက်။ တဏှာက္ခယရတော၊ တဏှာ၏ကုန်ခန်းရာ နိဗ္ဗာန်၌ မွေ့လျော်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ယဉ္စ ကာမသုခံ လောကေ၊
ယဉ္စိဒံ ဒိဋ္ဌိယံ သုခံ။
တဏှက္ခယ သုခသေတော၊
ကလံ နာဃ္ဃတိ သောဠသိ$^{\circ}$။
[ဥဒါနိုးပါဠိတော်။]

လောကေ၊ လောက၌။ ယဉ္စကာမသုခံ၊ အကြင်ကာမသုဂတိ ခုနှစ်ဘုံ၌ရှိသော ချမ်းသာတည်းဟူသော ဝေဒယိတသုခသည်ရင်း။ ယဉ္စိဒံ-ဒိဋ္ဌိယံ သုခံ၊ အကြင်ဖြဟ္မာနှစ်ဆယ်၌ရှိသော ချမ်းသာတည်း ဟူသော ဝေဒယိတသုခသည်ရင်း။ အတ္ထိ၊ ရှိ၏။ ဧတေ၊ ထိုဆိုခဲ့ပြီးသော ဝေဒယိတသုခတို့သည်။ တဏှာက္ခယသုခဿ၊ တဏှာ၏ ကုန်ခန်းရာ နိဗ္ဗာန်၌ရှိသော ချမ်းသာတည်း ဟူသော သန္တိသုခ၏။ သောဠသိ$^{\circ}$၊ တဆယ့်ခြောက်စိတ် စိတ်၍။ ကလံ၊ တစိတ်ကိုမျှ။ နာဃ္ဃန္တိ၊ အဘိုးမထိုက်ကုန်။

ရူပါ သဒ္ဒါ ဂန္ဓာ ရသာ၊
ဖဿ ဓမ္မာစ ကေဝလာ။
ဣဋ္ဌာ ကန္တာ မနာပါစ၊
ယာဝ တတ္ထိ တိ ဝုစ္စတိ။

သဒေဝကဿ လောကဿ၊
တေခေါ် သုခသမ္မတာ။
ယတ္ထစေတေ နိရုဇ္ဈန္တိ၊
တံ တေသံ ဒုက္ခသမ္မတံ။
သုခံ ဒိဋ္ဌ မရိယေဘိ၊
သင်္ကာယသ္သုပရောဓနံ။
ပစ္စနီကမိဒံ ဟောတိ၊
သဗ္ဗလောကေန ပဿတံ။
ယံ ပရေ သုခတော အာဟု၊
တဒရိယာ အာဟု ဒုက္ခတော။
ယံ ပရေ ဒုက္ခတော အာဟု၊
တဒရိယာ သုခတော ဝိဒု။
[သင်္ခါယတနဝဂ္ဂ သံယုတ်ပါဠိတော်။]

ဇရာဒုက္ခ၊အလိုရှိအပ်သည်လည်းဖြစ်ကုန်သော။ ကန္ဓာဝစ၊ နှစ်သက်အပ်သည်လည်းဖြစ်ကုန်သော။ မနာပါစ၊ စိတ်နှလုံးကိုပွါးစေတတ်သည်လည်း ဖြစ်ကုန်သော။ ကေဝလာ၊ အလုံးစုံကုန်သော။ ရူပါစ၊ ရူပါရုံတို့သည်ရင်း။ သဒ္ဒါစ၊ သဒ္ဒါရုံတို့သည်ရင်း။ ဂန္ဓာဝစ၊ ဂန္ဓာရုံတို့သည်ရင်း။ ရသာစ၊ ရသာရုံတို့သည်ရင်း။ ဖဿာစ၊ဖောဋ္ဌဗ္ဗာရုံတို့သည်ရင်း။ ဓမ္မာစ၊ နိဗ္ဗာန်မှကြင်းကုန်သောဓမ္မာရုံတို့သည်ရင်း။ ယာဝတာ၊ အကြင်မျှလောက်။ အတ္ထိတိ၊ရှိ၏-ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

သဒေဝကဿ၊ နတ်, ဗြဟ္မာနှင့်တကွသော။ လောကဿ၊ လူအပေါင်းသည်။ ဧတေခေါ်၊ ဤအာရုံ ခြောက်ပါး တရားတို့ကိုသာလျှင်။ သုခသမ္မတာ၊ချမ်းသာသုခ-ဟူ၍သမုတ်အပ်ကုန်၏။ယတ္ထ၊အကြင်အရပ်၌။ ဧတေ၊ ဤအာရုံခြောက်ပါးတရားတို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ငြိမ်းကုန်၏။ တံ၊ ထိုအာရုံခြောက်ပါး ဒုက္ခတရားတို့၏ ချုပ်ဆုံးရာဖြစ်သော နိဗ္ဗာန်ကို။ တေသံ၊ ထိုအနွဓာလ ဖြစ်ကုန်သော လူ, နတ်, ဗြဟ္မာတို့သည်။ ဒုက္ခသမ္မတံ၊ ဆင်းရဲဒုက္ခ-ဟူ၍ သမုတ်အပ်၏။

သင်္ကာယသ္သ၊ သင်္ကာယတရား၏။ ဥပရောဓနံ၊ ချုပ်ဆုံးရာ ဖြစ်သော နိဗ္ဗာန်ကို။ အရိယေဘိ၊ အရိယာ အရှင်မြတ်တို့သည်။ သုခံ၊

ချမ်းသာ သုခ-ဟူ၍။ ဒိဋ္ဌိ၊ သိမြင်အပ်၏။ သဗ္ဗလောကေန၊ အန္ဓဗာလ ဖြစ်သော တလောကလုံးနှင့်။ ပဿတံ၊ ဉာဏ်အမြင်နှင့် ပြည့်စုံကြကုန်သော အရိယာ အရှင်မြတ်တို့၏။ ဣဒံ၊ဤအရာသည်။ ပစ္စနီကံ ဟောတိ၊ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်၏။

ပရေ၊ အရိယာမှ တပါးသော သူတို့သည်။ ယံ၊ အကြင်တရားကို။ သုခတော၊ ချမ်းသာသုခ-ဟူ၍။ အာဟု၊ ဆိုကြကုန်၏။ တံ၊ ထိုတရားကို။ အရိယာ၊ အရိယာအရှင်မြတ်တို့သည်။ ဒုက္ခတော၊ ဆင်းရဲဒုက္ခ ဟူ၍။ အာဟု၊ ဆိုကြကုန်၏။ ယံ၊ အကြင်တရားကို။ ပရေ၊ အရိယာမှ တပါးသောသူတို့သည်။ ဒုက္ခတော၊ ဆင်းရဲဒုက္ခ-ဟူ၍။ အာဟု၊ ဆိုကြကုန်၏။ တံ၊ ထိုတရားကို။ အရိယာ၊ အရိယာအရှင်မြတ်တို့သည်။ သုခတော၊ ချမ်းသာသုခ-ဟူ၍။ ဝိဒု၊ သိမြင်တော်မူကြကုန်၏။

ယတ္ထ အာပေါစ ပထဝီ၊
တေဇော ဝါယော နဂါဓတိ။
နု တတ္ထ သုက္ကာ ဇောတန္တိ၊
အာဒိစ္စော နပကာသတိ။
နု တတ္ထ စန္ဒိမာ ဘာတိ၊
တမော တတ္ထ နဝိဇ္ဇတိ။
ယဒါ စ အတ္တနာ ဝေဒိ၊
မုနိ မောနေန ဗြာဟ္မဏော။
အထ ရူပါ အရူပါစ။
သုခဒုက္ခာ ပမုစ္စတိ။
[ဥဒါန်း ပါဠိတော်။]

ယတ္ထ၊ အကြင်နိဗ္ဗာန်တည်းဟူသော အရပ်၌။ အာပေါစ၊ ရေဓာတ်ရင်း။ ပထဝီစ၊ မြေဓာတ်ရင်း။ တေဇောစ၊ မီးဓာတ်ရင်း။ ဝါယောစ၊ လေဓာတ်ရင်း။ နဂါဓတိ၊ မတည်။ တတ္ထ၊ ထိုနိဗ္ဗာန်တည်းဟူသော အရပ်၌။ သုက္ကာ၊ သောက်ရှုးဝင်းပြောင် ဂြိုဟ်ကြယ်ရောင်တို့သည်လည်း။ နဇောတန္တိ၊ မထွန်းတောက်နိုင်ကုန်။ အာဒိစ္စော၊ နေမင်းသည်။ နပကာသတိ၊ မထွန်းလင်းနိုင်။ တတ္ထ၊ ထိုနိဗ္ဗာန်တည်း

ဟူသော အရပ်၌။ စန္ဒိမာ၊ လမင်းသည်။ နဘာတိ၊ မထွန်းလင်းနိုင်။ တတ္ထ၊ ထိုနိဗ္ဗာန်တည်းဟူသော အရပ်၌။ တမော၊ အမိုက်မှောင်သည်။ နဝိဇ္ဇတိ၊ မရှိ။

ယဒါစ၊ အကြင်အခါ၌ကား။ဗြာဟ္မဏော၊ မကောင်းမှုကို အပယ်ပြီးသော။ မုနိ၊ တရားကိုသိသော ပုဂ္ဂိုလ်သည်။ ဝါ၊ ရဟန္တာပုဂ္ဂိုလ်သည်။ မောနေန၊ မိမိသိသော တရားဖြင့်။ ဝါ၊ အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့်။ အတ္တာနာ၊ မိမိကိုယ်တိုင်။ ဝေဒိ၊ ထိုနိဗ္ဗာန်ကို သိရလေ၏။ အထ၊ ထိုသို့သိပြီးသောအခါ၌။ ရူပါစ၊ ရူပတဆယ့်ခြောက်ဘုံ၌ ပဋိသန္ဓေ နေခြင်းမှ၎င်း။အရူပါစ၊ အရူပလေးဘုံ၌ ပဋိသန္ဓေ နေခြင်းမှ၎င်း။ သုခဒုက္ခာစ၊ ချမ်းသာ,ဆင်းရဲရောပြွမ်းသော ကာမတဆယ့်တဘုံ၌ ပဋိသန္ဓေ နေခြင်းမှ၎င်း။ ပမုစ္စတိ၊ လွတ်ငြိမ်းရလေ၏။

ဇာတံ ဘူတံ သမုပ္ပန္နံ၊
ကတံ သင်္ခတ မဒ္ဓုဝံ။
ဇရာမရဏသံယုတ္တံ၊
ရောဂနိဋ္ဌံ ပဘင်္ဂုနံ။
အာဟာရနေတ္တိပ္ပဘဝံ၊
နာလံ တံ အဘိနန္ဒိတုံ။
တဿ နိဿရဏံ သန္တံ၊
အတက္ကာဝစရံ ဓုဝံ။
အကတံ အသမုပ္ပန္နံ၊
အသောကံ ဝိရဇံ ပဒံ။
နိရောဓော ဒုက္ခဓမ္မာနံ၊
သင်္ခါရူပသမော သုခေါ။
[ဇုတိဝုတ် ပါဠိတော်။]

ဇာတံ၊ အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်သော။ ဘူတံ၊ အကြောင်းတရားတို့ကြောင့် ထင်ထင်ရှားရှား ဖြစ်ပေါ်၍နေသော။ သမုပ္ပန္နံ၊ အကြောင်းတရားတို့ကြောင့် ကောင်းစွာဖြစ်ပေါ်၍နေသော။ ကတံ၊ အကြောင်းတရားတို့သည် အမြဲပြုပြင်အပ်သော။ သင်္ခတံ၊ ခန္ဓာ

နာမ်, ရုပ် အကောင်ပုပ်တည်းဟူသော သင်္ခါရတရား အစုသည်ကား။ အဝုဝံ၊ ခိုင်မာခြင်းသဘောမရှိ။ ဇရာမရဏာသံယဇ်၊ ဇရာမရဏာတရားတို့သည် မပြတ်ညှဉ်းဆဲအပ်၏။ ရောဂနိဇ်၊ ကိုးဆယ့်ရှစ်ဖြာ အနာရောဂါတို့၏နေရာ အိမ်လည်းဖြစ်၏။ ပဘင်္ဂုံ၊ ဖရိုဖရဲ ပြိုကွဲပျက်စီးခြင်းအလေ့ရှိ၏။အာဟာရနေတ္တိပ္ပဘဝုံ၊အစာတဏှာ စသည်ထွေပြားကြောင်းတရားလျှင် အမွန်ရှိသော။ တံ၊ ထိုခန္ဓာ နာမ်,ရုပ် အကောင်ပုပ်တည်းဟူသော သင်္ခါရတရားအစုကို။ အဘိနန္ဒိတုံ၊ ချစ်ခင်နှစ်သက်စုံမက်မြတ်နိုးခြင်းငှါ။ နာလံ၊ မသင့်မလျော်သည် သာလျှင်တည်း။

တဿ၊ ထိုခန္ဓာ နာမ်, ရုပ် အကောင်ပုပ်တည်းဟူသော သင်္ခါရတရားအစု၏။ နိဿရဏံ၊ ထွက်မြောက်ရာဖြစ်သော။ သန္တံ၊ သိမ်မွေ့သော။ အတက္ကာဝစရံ၊ ဉာဏ်ပညာမရှိ အကြံသာရှိသောသူတို့၏သက်ဝင်ကျက်စားရာ မဟုတ်သော။ ဝုဝံ၊ မြဲမြံသော။ အကတံ၊ အကြောင်းတရားတို့သည် မပြုပြင်အပ်သော။အသမုပ္ပန္နံ၊ ဥပါဒ်အားဖြင့်ဖြစ်ပေါ်ခြင်းမရှိသော။ ပဒံ၊ နိဗ္ဗာန်တရားတော်မြတ်သည်ကား။အ-သောကံ၊ စိုးရိမ်ပူဆွေးရခြင်း၏ ကင်းရာဖြစ်ပေ၏။ ဝိရဇံ၊ ရာဂ,ဒေါသ စသော အညစ်အကြေးတို့မှ ကင်းဝေးဖြူစင်ရာလည်းဖြစ်ပေ၏။ ဒုက္ခ-ဓမ္မာနံ၊ ဒုက္ခတရားတို့၏။နိရောဓော၊ ချုပ်ဆုံးရာလည်းဖြစ်ပေ၏။သင်္ခါ-ရုပသမော၊ သင်္ခါရတရားတို့၏ ကင်းငြိမ်းရာဖြစ်၍။ သုခေါ၊ ချမ်းသာကြီးအစစ်လည်းဖြစ်ပေ၏။

ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ၊
ဘာရဟာရော စ ပုဂ္ဂလော။
ဘာရာဒါနံ ဒုက္ခံ လောကေ၊
ဘာရနိက္ခေပနံ သုခံ။
နိက္ခိပိတ္ဝာ ဂရုံ ဘာရံ၊
အညံ ဘာရံ အနာဒိယ။
သမူလံ တဏှာမဗ္ဘဟ္ယ၊
နိစ္ဆာတော ပရိနိဗ္ဗုတော။
[ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။]

ပဠုက္ခန္ဓာ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ ဟဝေ၊ စင်စစ်။ ဘာရာ၊ အလွန်တရာ လေးလံလှစွာသော ဝန်ထုပ်ကြီးတို့ပေတည်း။ ပုဂ္ဂလောစ၊ ပုဂ္ဂိုလ်စုသည်ကား။ ဘာရဟာရော၊ ခန္ဓာဝန်ထုပ်ကြီးကို ထမ်းပိုးရွက်ဆောင်ကြသော ဝန်ထမ်းသမားစုပေတည်း။ လောကော၊ လောကဘ္ဘ။ ဘာရာဒါနံ၊ ခန္ဓာဝန်ထုပ်ကြီးကို ထမ်းပိုးယူဆောင်ရခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲလှစွာ၏။ ဘာရနိက္ခေပနံ၊ ခန္ဓာဝန်ထုပ်ကြီးကို စွန့်ချရခြင်းသည်။ သုခံ၊ ချမ်းသာလှပေ၏။

ဂရုံဘာရံ၊ လေးလှစွာသော ခန္ဓာဝန်ထုပ်ကြီးကို။ နိက္ခိပိတ္မာ၊စွန့်ချကြကုန်၍။အညံဘာရံ၊ တပါးသောအသစ် ခန္ဓာဝန်ထုပ်ကြီးကိုလည်း။ အနာဒိယ၊ မယူမူ၍။ တဏှံ၊ တဏှာကို။ သမူလံ၊ အနုသယအမြစ်နှင့် တကွ။ အဗ္ဘုယ္ယ၊ နုတ်ပစ်၍။ နိစ္ဆာတော၊ ဆာလောင်ခြင်းတဏှာကင်းသည်ဖြစ်၍။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန် စံဝင်လေပြီ။

ဥက္ခိတ္တာ ပုညတေဇေန၊
ကာမရူပဂတိံ ဂတာ။
ဘဝဂ္ဂန္ဓမ္ပိ သမ္ပတ္တာ၊
ပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ။
တာဝ ဒီဃာယုကာ သတ္တာ၊
စဝန္တိ အာယုသင်္ခ်ယာ။
နတ္ထိ ကောစိ ဘဝေါ နိစ္စော၊
ဣတိ ဝုတ္တံ မဟေသိနာ။
တသ္မာ ဟိ ဓီရာ နိပကာ၊
နိပုဏာ အတ္ထစိန္တကာ။
ဇရာမရဏမောက္ခာယ၊
ဘာဝေန္တိ မဂ္ဂ မုတ္တမံ။
ဘာဝယိတ္မာ သုစိံ မဂ္ဂံ၊
နိဗ္ဗာနောဂဓဂါမိနံ။
သဗ္ဗဘဝေ ပရိညာယ၊
ပရိနိဗ္ဗန္တိ အနာသဝါ။

[အဘိဓမ္မာ ဝိဘင်းပါဠိတော်။]

ပုညတေဇေန၊ ကောင်းမှုတေဇော် အာနုဘော်သည်။ ဥက္ခိတ္တာ၊ မြောက်တင်အပ်ကုန်သည်ဖြစ်၍။ကာမရူပဂတိ၊ကာမသုတိ,ရူပသုဂတိသို့။ ဂတာ၊ လားရကုန်သော။ ဘဝဂ္ဂန္တွေ့၊ ဘုံတကာတို့၏ ထိပ်ဖြာနေဝသညာနာသညာယတနဘုံသို့ဓသာ်လည်း။ သမ္ပတ္တာ၊ ရောက်ရကုန်သော ပုထုဇနသတ္တဝါတို့သည်။ ပုန၊ တဖန်။ ဒုဂ္ဂတိ၊အပါယ်လေးရွာသို့။ ဂစ္ဆန္တိ၊ ရောက်ကြရကုန်၏။

တာဝ၊ ထိုကမ္ဘာကြီး ရှစ်သောင်း, လေးထောင်မျှလောက်။ဒီဃာ-ယုကာ၊ ရှည်သောအသက်ရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်လည်း။ အာယုသင်္ခယာ၊ အသက်တမ်း၏ ကုန်ခြင်းကြောင့်။ စဝန္တိ၊ စုတေ သေဆုံးရကုန်၏။ နိစ္စော၊ မပျက်စီးဘဲ အမြဲတည်နေရသော်။ ကောစိ၊ တစုံတခုသော။ ဘဝေါ၊ဘုံဘဝသည်။ နတ္ထိ၊ မရှိ။ ဇုတိ၊ဤသို့။ မဟေသိနာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

တသ္မာဟိ၊ထို့ကြောင့်သာလျှင်။နိပကာ၊ရင့်သောသတိရှိကုန်သော။ နိပုဏာ၊ သိမ်မွေ့သော ဉာဏ်ပညာရှိကုန်သော။ အတ္တစိန္တကာ၊ မိမိအကျိုးကိုကြံစည်လေ့ရှိကြကုန်သော။ ဓီရာ၊ ပညာရှိတို့သည်။ ဇရာမရ-ဏမောက္ခာယ၊အိုခြင်း, သေခြင်း' ဒုက္ခတို့မှလွတ်ခြင်းငှါ။ ဥတ္တမံ၊ မြတ်သော။ မဂ္ဂံ၊မဂ်တရားကို။ ဘာဝေန္တိ၊ ပွါးများကြကုန်၏။

သုစီ၊ စင်ကြယ်စွာသော။ နိဗ္ဗာနောဂဓဂါမိနီ၊ နိဗ္ဗာန်သို့သက်ဝင်ဆိုက်ရောက်စေတတ်သော။ မဂ္ဂံ၊ မဂ်တရားကို။ ဘာဝယိတ္တာ၊ ပွါးများကြကုန်၍။ သဗ္ဗဘဝေ၊ အလုံးစုံသောဘုံဘဝတို့ကို။ ပရိညာယ၊ ပိုင်ပိုင်နိုင်နိုင် သိကုန်၍။ အနာသဝါ၊ အာသဝေါတရားကင်းကြကုန်သည်ဖြစ်၍။ ပရိနိဗ္ဗန္တိ၊ ပရိနိဗ္ဗာန် စံဝင်ကြလေကုန်၏။

အယောဃန ဟတသော၊
ဇလတော ဇာတဝေဒသ။
အနုပုဗ္ဗ။ပသန္တသ၊
ယထာ နဗ္ဘယတေ ဂတိ။

ဝေံ သမ္မာ ဝိမုတ္တာနံ၊
ကာမဗန္ဓောဃတာရိနံ။
ပညာပေတုံ ဂတိ နတ္ထိ၊
ပတ္တာနံ အစလံ သုခံ။
[အပဒါနပါဠိတော်။]

ဇလတော၊ရဲရဲပြောင်ပြောင် တောက်လောင်၍နေသော။ ဇာတ-ဝေဒဿ၊ မီး၏။ အယောဃနဟတသော၀၊ သံတူဖြင့်ပုတ်ခတ်အပ်သည် ဖြစ်၍သာလျှင်။ အနုပုဗ္ဗ||ပသန္တဿ၊ အစဉ်အတိုင်း တဖြေးဖြေး ငြိမ်းအေး သေပျောက်သည်ရှိသော်။ ဂတိ၊ငြိမ်းအေးသေပျောက်သော မီး တောက်၏ သွားရာအရပ်ကို။ နဉ္ဉယတေယထာ၊ မသိ မမြင် အပ်သကဲ့သို့။ ဝေံတထာ၊ ထိုအတူ။ သမ္မာ၊ ကောင်းစွာ။ ဝိမုတ္တာနံ၊ ကိလေသာမှ လွတ်ကုန်ပြီးသော။ ကာမဗန္ဓောဃတာရိနံ၊ ကာမဂုဏ်အနှောင့်အဖွဲ့တည်းဟူသော ရေယဉ်ညြဿကို ကူးမြောက်ကြကုန်ပြီးသော။ အစလံ၊ ဖောက်ပြန်တုန်လှုပ်ခြင်းမရှိသော။ သုခံ၊ ငြိမ်းအေးရာမှန် နိဗ္ဗာန်ချမ်းသာသို့။ ပတ္တာနံ၊ ရောက်ကြကုန်သော ရဟန္တာပုဂ္ဂိုလ်တို့၏။ ဂတိ၊ငြိမ်းချုပ်ပြီးနောက် ရောက်ရာ,လားရာ ဂတိသည်။ ပညာ-ပေတုံ၊ သိစေခြင်းငှါ။ နတ္ထိ၊ မရှိပေ။

ပါရဂူ အနုပါဒါနော၊
ကတ ကိစ္စော အနာသဝေါ။
တုဋ္ဌော အာယုက္ခယာ ဟောတိ၊
မုတ္တော အာယာတနာ ယထာ။
[ထေရဂါထာပါဠိတော်။]

ပါရဂူ၊ နိဗ္ဗာန်တည်းဟူသော ကမ်းတဘက်သို့ ရောက်တော်မူပြီးသော။ အနုပါဒါနော၊ တဏှာ,ဒိဋ္ဌိတို့ဖြင့် စွဲလမ်းခြင်းကင်းသော။ ကတကိစ္စော၊ ပြုအပ်ပြီးသော မဂ်ကိစ္စရှိသော။ အနာသဝေါ၊ အာသဝေါကင်းကွာရဟန္တာသည်။ အာယုက္ခယာ၊ အသက်ကုန်သည်ရှိသော်။ တုဋ္ဌော၊ အလွန်တရာနှစ်သက်သည်။ ဟောတိ၊ ဖြစ်၏။ ကောဝိယ၊ အဘယ်သူကဲ့သို့နည်းဟူမူကား။ အာယာတနာ၊ သတ်ရာ ကားတိုင်မှ။ မုတ္တောယထာ၊လွတ်လေသော သူကဲ့သို့တည်း။

ဤကား ဒေသနာတော်ကျမ်းလာ နိဗ္ဗာန်၏ လွန်စွာမြတ်သော ချမ်းသာကြီးအစစ်ဖြစ်ကြောင်းကို အမြွက်မျှပြဆိုသော စကားရပ်ပေတည်း။

၇၃။ နိုဂုံး

၁။ နာနာသမ္ပတ္တိ သမ္ပန္နေ၊ နာနာသိရိဝိရာဇိတေ။
နရနာရိဂဏာကိဏ္ဏေ၊ လက်ာဒီပေ မနောရမေ။

၂။ ဇာတေန နိဝသန္တေန၊ သုရမ္မဂုဏဘူသိတေ။
မရမ္မ ဣတိဝိချာတေ၊ ရဋ္ဌေ သာသနသောဘိတေ။

၃။ ပဋိစ္စ ပါဋိဘာသာယ၊ ပဋုတ္တံ ဘိက္ခုသံယတော။
"ပါဋိ ပါမောက္ခော" တိလဒ္ဓ၊ ဂရုနာမသမဏ်ိနာ။

၄။ အထာပရမ္မိ နိသ္သာယ၊ မဟာပညာဗလံ သကံ။
ရာဇတော လဒ္ဓလဒ္ဓေန၊ "မဟာပညာဗလော" ဣတိ။

၅။ ဂန္ထောယံ ရစိတော သမ္မာ၊ဆရာဥဏ်နာမိနာ မယာ။
သာဓုနမုပကာရာယ၊ နိဿာယ ဒေသနာနယံ။

၁။ နာနာ သမ္ပတ္တိသမ္ပန္နေ၊ အထူးထူးသော ချမ်းသာ သမ္ပတ္တိတို့နှင့် ပြည့်စုံထသော။ နာနာသိရိ ဝိရာဇိတေ၊ အထူးထူးသော ကြက်သရေတို့ဖြင့် ထွန်းလင်းတောက်ပစွာထသော။ နရနာရိဂဏာကိဏ္ဏေ၊ ကျွန်းသူ,ကျွန်းသား လူအများတို့ဖြင့်ပြိုးပြမ်းစည်ကားထသော။မနောရမေ၊ စိတ်နှလုံးကို ရွှင်ပြီးမွေ့လျော် ပျော်စေနိုင်သော။ လက်ာဒီပေ၊ လက်ာကျွန်းဟု အမည်ပြု၍ ခေါ်မှုတင့်ဆန်း သီဟိုဠ်ကျွန်း၌။

၂။ ဇာတေန၊ ဇာတိဇာစ်မြစ် ထွန်းသစ်ဖွားမြင် သန့်စင်၍လာခဲ့သော။ သုရမ္မဂုဏဘူသိတေ၊ အလွန်မွေ့လျော် ရွှင်ပျော်ဘွယ်ဂုဏ်ပြည့်စုံသွယ်သွယ် လွန်တင့်တယ်ထသော။ သာသနသောဘိတေ၊ ဗုဒ္ဓသာသနာ ကောင်းစွာပွင့်လင်း တင့်တယ်ခြင်းရှိထသော။ မရမ္မဣတိ-ဝိချာတေ၊မြန်မာဟူ၍ ကျော်စောထင်ရှားသော။ ရဋ္ဌေ၊ နိုင်ငံတော်၌။

နိဝသန္တေနေ၊ မိမိတတ်ကျွမ်း ပညာစွမ်းဖြင့် တက်လှမ်းအားကိုး ပြည်ထောင်စုအကျိုးကို သည်ပိုးဆောင်ရွက် နေထိုင်လျက်ရှိပါသော။ (မယာ-၅စပ်။)

၃။ ပါဠိဘာသာယ၊ ပါဠိဝေါဟာ မြတ်ဘာသာ၌။ ပရုတ္တံ၊ လိမ်မာ ကျွမ်းကျင်သည်၏အဖြစ်ကို။ ပဋိစ္ဆ၊ အကြောင်းတခု အစွဲပြု၍။ ဘိက္ခုသံယတော၊ သီဟိုဠ်ကျွန်း မဟာသံယအဖွဲ့ကြီးမှ။ ပါဠိ-ပါမောက္ခောတိ၊ ပါဠိပါမောက္ခ-ဟူ၍။ လဒ္ဓဂရုနာမသမဂ္ဂိနာ၊ ရအပ်သော လေးစားအပ်သည့် ဘွဲ့တံဆိပ်နာမံနှင့် ပြည့်စုံသော။ (မယာ-၅စပ်။)

၄။ အထာပရမ္မိ၊ ထိုမှတပါးလည်း။ သကံ မဟာပညာဗလံ၊ မိမိ၏ ကြီးမားသော ပညာအား အစွမ်းကို။ နိဿာယ၊ ထောက်ထားသမှု အကြောင်းပြု၍။ မဟာပညာဗလော ဣတိ၊ မဟာပညာဗလ ဟူ၍။ ရာဇတော၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရမှ။ လဒ္ဓ-လဇ္ဇေနရအပ်သော ဘွဲ့တံဆိပ်ရှိသော။ (မယာ-၅စပ်။)

၅။ ဆရာဥာဏ် နာမိနာ၊ ဆရာဥာဏ်ဟု မည်ပြီသည်ကား အမည်သာသော။ မယာ၊ အကျွန်ုပ်သည်။ သာဓုနံ၊ ဝိပဿနာလိုက်စားသူတော်ကောင်းအများတို့အား။ ဥပကာရာယ၊ ကျေးဇူးများစိမ့်သော ၄၂။ ဒေသနာနယံ၊ ဘုရားဒေသနာတော်လာ နည်းနာဥပဒေ အထွေထွေကို။ နိဿာယ၊ အားကိုးတခု မှီငြမ်းပြု၍။ အယံ ဂန္ထော၊ ဤဝိပဿနာ အလင်းပြကျမ်းကို။ ရစိတော၊ ရေးသားပြုပြင် စီရင်အပ်လေသတည်း။

ဤတွင် ဝိပဿနာ အလင်းပြကျမ်း ပြီးပြီ။